# မြန်မာ့ဂီတပညာရှင်များ

နန်းညွန့်ဆွေ

19 YEARS ANNIVERSARY

mgyoe.com

နောင်းခေတ်မြန်မာ့ဂီတပညာရှင်၊ မြန်မာ့ဂီတစာဆိုကြီးများအကြောင်း
အမှတ်ရဖွယ် ဘဝဖြတ်သန်းမှုများ၊ ဖန်တီးမှုများ၊ ထွန်းပြောင်မှုများကို
ရှေ့မှီနောက်မှီ ကွယ်လွန်သူစာရေးဆရာကြီး နန်းညွန့်ဆွေက
အစဉ်တစိုက် ပြုစုမှတ်တမ်းတင်ခဲ့သည့်
စာအုပ်များ၊ ဆောင်းပါးများအား စုစည်းခြင်း။

# မြန်မာ့ဂီတပညာရှင်များ

## နန်းညွန့်ဆွေ

ISBN 9789997111531
LLT75
9 789997 111531
8,000.00KS

မြန်မာ့ဂီတပညာရှင်များ၊ နှန်းညွှန်းဆွေ
စာမျက်နှာ ၆၇၄ မျက်နှာ၊ ၁၄ ・ ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဇိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့ဂီတပညာရှင်များ
# နန်းညွန့်ဆွေ

ဆရာကြီးနန်းညွန့်ဆွေ၏ လုံးချင်းစာအုပ်အချို့နှင့်
မိုးဂျာနယ်မှ ဆောင်းပါးများစုစည်းထုတ်ဝေခြင်း။

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


၁။ မထင်မရှားဂီတစာဆိုများ (ကုန်းဘောင်ခေတ်) ၁

၂။ ကုန်းဘောင်ခေတ်ဂီတကို မျိုးစေ့ချခဲ့သူများ ၈

၃။ မဟာဂီတ ပါရဂူကြီး မြဝတီမင်းကြီး ဦးစ ၁၇

၄။ ဂီတစာဆို ပြင်စည်မင်းသားကြီး ၃၈

၅။ ဂီတစာဆို ပခန်းမင်းသား ၄၄

၆။ ဂီတစာဆို မင်းကြီးကတော် ခင်ဆုံ ၅၃

၇။ ဂီတစာဆို မောင်ကျောက်ခဲ ၆၃

၈။ ဂီတစာဆို အနောက်နန်း မမြကလေး ၇၃

၉။ ဂီတစာဆို ဒုတိယ ပြင်စည်မင်းသား ၁၀၄

၁၀။ ဂီတစာဆို လှိုင်ထိပ်ခေါင်တင် ၁၁၂

၁၁။ ဂီတစာဆို အချုပ်တန်း ဆရာဖေ ၁၃၈

၁၂။ ဂီတစာဆို ဝက်မစွတ် ဝန်ထောက်မင်း ၁၅၁

၁၃။ ဂီတစာဆို တောင်သမန်လယ်စား ၁၅၉

၁၄။ ဂီတစာဆို ထိပ်တင်ကြည် ၁၆၈

၁၅။ ဓမ္မဂီတ စာဆိုကြီး [ ကျိုက်လတ်ဦးပြုံးချို ] ၁၇၅

၁၆။ အလင်္ကာကျော်စွာ ဦးဟန်ပ ၁၉၀

၁၇။ ဝိုင်အမ်ဘီ သခင်တင် ၂၅၃

၁၈။ ဆန်းပေါ်သရွေ့စာထွင် နန်းတော်ရှေ့ဆရာတင် ၂၆၅

၁၉။ ကျွန်တော်နှင့် ဥသြဘသောင် ၂၇၅


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၀။ | ပြဇာတ်ဝိဇ္ဇာ ဒဂုန်ဆရာတင် | ၂၈၅ |
| ၂၁။ | သမိုင်းဝင်သီချင်းနှစ်ပုဒ် [ ဦးနု ] | ၂၉၆ |
| ၂၂။ | ဆရာရွှေတိုင်ညွန့် | ၃၀၄ |
| ၂၃။ | အလင်္ကာကျော်စွာ မြို့မငြိမ်း | ၄၄၄ |
| ၂၄။ | ဆရာအေးနှင့် ဆရာငြိမ်း | ၄၆၈ |
| ၂၅။ | သဟာယဆရာတင် | ၄၇၄ |
| ၂၆။ | အလင်္ကာကျော်စွာ ဆရာရွှေညာမောင် | ၅၂၅ |
| ၂၇။ | သခင်မ စိန်ပါတီ | ၅၃၄ |
| ၂၈။ | တိုင်းပြုပြည်ပြုတေးများ ရေးသားခဲ့သူ ရန်နိုင်ဆွေ | ၅၄၅ |
| ၂၉။ | ဝဏ္ဏကျော်ထင် ဆရာ ရန်နိုင်စိန် | ၅၅၃ |
| ၃၀။ | ဂီတစာဆို ပြည်သန်းနွယ် | ၅၆၅ |
| ၃၁။ | မိုးဒေဝါ နှင့် မလှရွှေ | ၅၇၅ |
| ၃၂။ | အစ်မကြီး မေလှမြိုင် | ၆၂၁ |
| ၃၃။ | ဂီတနက်သန်ကိုစောညိန်း | ၆၃၃ |
| ၃၄။ | ဂီတစာဆို ပြည်သိမ်းဆွေ | ၆၆၀ |
| ၃၅။ | မြန်မာ့အသံမှ ဇာတ်ဆရာ (သို့မဟုတ်) အမှတ်တရ ကိုကြည်ရှင် | ၆၆၇ |


■

mgyoe.com

mgyoe.com



ဝက်မစွတ် ဝန်ထောက်မင်း



ဂီတစာဆို အချုပ်တန်း ဆရာဖေ



အင်္ဂလိပ်သက္ကရာဇ် ၁၈၈၁ ခုနှစ်၊ နောက်ဆုံး မြန်မာသံအရာရှိများ

ထိုင် (၁) ဘုရင်မင်းမြတ် အတွင်းကိုယ်ရံတော်–တောင် ၁၅၀ ဗိုလ်မှူး၊ မိုးမြဲမြို့စား ဦးကျော်ခေါင်

(၂) ဝန်ထောက်တော်–ဝက်မစွတ်မြို့စား ဦးလတ်

(၃) ကျောက်မြောင်းမြို့စား–အတွင်းဝန်သံတော်ကြီး ဦးအို

(၄) သံချက်ဝန်ကြီး–ဦးမြူ

နောက်တန်း: (၁) စာရေးတော်ကြီး ဦးပေါက်တော–သံတော်ငယ်

(၂) နားခံတော်ကြီး ဦးမြတ်–သံတော်ငယ်


mgyoe.com



ဓမ္မဂီတစာဆိုကြီး ကျိုက်လတ်ဦးပြုံးချို




အလင်္ကာကျော်စွာ ဦးဟန်ပ



ဆရာကြီးဦးဘမောင်က ကြေးနောင်ဝိုင်းတီး၍ သီချင်းကြီးအဆိုတော်တစ်ဦးက သီချင်းဆိုနေစဉ်
ဆရာကြီးဦးဟန်ပသည် နောက်ဆုံး ဤသို့ ဆိုင်းတီးခဲ့သည်။

mgyoe.com



ဆရာကြီး ဝိဇ္ဇာညွန့်က နဲ့မှုတ်၍ ဆရာကြီး ဦးဘမောင်က ဆိုင်းတီးစဉ်
ဆရာကြီးဦးဟန်ပသည် ဤသို့ ကြေးနောင်ဝိုင်း တီးခဲ့သေးသည်။



ဝိုင်အမ်ဘီ သခင်တင်



နန်းတော်ရှေ့ ဆရာတင်

mgyoe.com



ဆိုင်းဆရာ ရှာစားကြီး စိန်ဗေဒါ



ဦးသြဘသောင်



ပြဇာတ်ဝိဇ္ဇာ ဒဂုန်ဆရာတင်

mgyoe.com

mgyoe.com



ပြဇာတ် ဇာတ်ဝင်တစ်ခန်းမှ
မျိုးချစ်နှင့် ကြည်ကြည်ဌေး



ယူနိဗာစီတီ မြသန်းကြည်



မျိုးချစ်နှင့် ဝင်နီ

mgyoe.com



ဝန်ကြီးချုပ်ဟောင်း ဦးနု



အဆိုတော်ရုပ်ရှင်မင်းသား
ခင်မောင်ရင်

ဂီတစာဆို ရွှေတိုင်ညွှန့်



mgyoe.com

mgyoe.com



အလင်္ကာကျော်စွာ မြို့မငြိမ်း



အလင်္ကာကျော်စွာ ရွှေပြည်အေး



သဟာယဆရာတင်

mgyoe.com

mgyoe.com



'ချစ်ရေစင်' အသံတိတ်ဇာတ်ကား (၁၉၃၄)မှ
ရွှေညာမောင်နှင့် မင်းသမီး ခင်မေကလေး



အလက်ာကျော်စွာ ရွှေညာမောင်



'ကြယ်တာရာ' ဇာတ်ကား(၁၉၃၆)မှ
ရွှေညာမောင်နှင့် မင်းသမီးမြင့်မြင့်

mgyoe.com



သခင်မ စိန်ပါတီ



ပင်လောင်းမြို့တွင် ဖျော်ဖြေခဲ့သော ရန်နိုင်ဆွေ၊
အေးအေးမင်း၊ ဂီတာကိုတင် (ထိုင်လျက်)



ဂီတစာဆို ရန်နိုင်ဆွေ



၂၇–၁၁–၅၅ နေ့က ပန်းဆိုးတန်း ဂရင်းဟိုတယ်တွင်
ကျင်းပခဲ့သော နန်းညွန့်ဆွေ–ကြည်ဦးတို့၏
မင်္ဂလာပွဲ၌ အဆိုတော်ကိုမြကြီး၊ မေလှမြိုင်၊
ရန်နိုင်ဆွေ (တယောထိုးနေသူ)တို့ ᐧ ါဆိုဧည့်ခံကြစဉ်။

mgyoe.com



ဝတ္ထုကျော်ထင် ဆရာရန်နိုင်စိန်



ဂီတာ ဦးစိမ်းမောင်



ဂီတာစာဆို ပြည်သန်းနွယ်

mgyoe.com



မိုးဒေဝါ မလှရွှေ



ဒေါ်စောမြအေးကြည်






မိုးဒေဝါ မလှရွှေ



မေလှမြိုင်



ဂီတနက်သန် ကိုစောညိန်း



ဂီတစာဆို ပြည်သိမ်းဆွေ



ဇာတ်ဆရာ ကိုကြည်ရှင်

mgyoe.com

mgyoe.com

## မထင်မရှား ဂီတစာဆိုများ
## [ ကုန်းဘောင်ခေတ် ]

ကုန်းဘောင်ခေတ်သည် မြန်မာစာပေဂီတသဘင်စသည့် အနုပညာများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ခဲ့သည့် ခေတ်ဖြစ်သည်။ တိုင်းတစ်ပါးမှ ရာမဇာတ်၊ အီနောင်ဇာတ်တို့ကို မြန်မာပြန်ဆိုခဲ့ရာ မြန်မာ့နည်းမြန်မာ့ဟန်နှင့် မြန်မာဆန်အောင် ပြုလုပ်ဖန်တီးထားသဖြင့် မြန်မာရာမ၊ မြန်မာအီနောင်ဖြစ်လာခဲ့သည်။

ရှေးအခါ ယိုးဒယား၊ ယခုအခါထိုင်းလင်းနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသည်များကို ဧည့်ခံဖျော်ဖြေနေသည့် ရာမဇာတ်ကိုပင်ကြည့်ပါ။ ဇာတ်လမ်းပေါ်လွင်ရုံသာရှိ၍ သွဲ့ပျောင်း နွဲ့နှောင်းမှု၊ ဇာတ်ကောင်စရိုက်အရ မာန်ပါမှု၊ အနုပညာမြောက်မှုမှာ မြန်မာရာမကို မမီချေ။

အဆိုပါဇာတ်များကို တင်ဆက်ကပြသဖြင့် စာပေတိုးတက်လာသည်။ ဂီတပညာ တိုးတက်လာသည်။ ညောင်ရမ်းခေတ်ခေါ် ဒုတိယအင်းဝခေတ် ဝန်ကြီး ပဒေသရာဇာတို့ခေတ်ကထက် တိုးတက်လာသည်။ စာအဆန်း အသံဆန်းတွေ ပေါ်လာသည်။ ဝန်ကြီးပဒေသရာဇာတို့ခေတ်တွင် သံရိုးနယ်ထဲတွင်သာ သီဆိုတီးမှုတ်ခဲ့ရာမှ ကုန်းဘောင်ခေတ်တွင် သံဆန်းတွေပေါ်လာသည်။

အများသိကြသည့်အတိုင်း ကုန်းဘောင်ခေတ်တွင် အထင်ရှားဆုံးသော ပုဂ္ဂိုလ်ကြီးမှာ မြဝတီမင်းကြီးဦးစဖြစ်သည်။ အမျိုးသမီးထဲက အနောက်နန်းမဖြူကလေး ဖြစ်သည်။ သီချင်းရေးတတ်သူတွေလည်း ပေါ်ပေါက်လာသည်။ ဂီတစာဆိုများ ပေါ်ထွက်လာသည်။

ဤတွင် ရတု၊ တေးထပ်၊ လေးချိုး၊ ဒွေးချိုး၊ အိုင်ချင်း စသည့် ကဗျာရေးတတ်သူများကို ထည့်မတွက်ပါ။ တီးလုံးတီးကွက်စည်းချက် ဝါးချက်နှင့် သီချင်းဖွဲ့ဆိုတတ်

mgyoe.com

mgyvoe.com

သူကိုသာ စာရင်းကောက်ပြပါမည်။

အခက်အခဲတစ်ခုမှာ ရှေးက လူများသည် သီချင်းတစ်ပုဒ်ကို မည်သူရေးသည်ဟုလည်း ကမ္ပည်းထိုး၍ မထား။ ပုံနှိပ်စာအုပ်တွေကလည်း မပေါ်သေးသဖြင့် မိမိတို့မှတ်စု ပုရပိုက်တွင်သာ အမှတ်အသားပြု၍ ထားလေ့ရှိကြသည်။ ထင်ရှားသော ပုဂ္ဂိုလ်များကို မှတ်ရခက်၏။ ထို့ကြောင့် မိမိတို့ နားလည်သလို တေးမှတ်ထားသည်ကိုလည်း တွေ့ရတတ်ပါသည်။

ဥပမာအားဖြင့် ပုံနှိပ်စာအုပ်များတွင် "မတဲရေးသည်ဟု တွေ့ရသည်မှာ အမှန်အားဖြင့် "မဘဲ ဖြစ်ပါသည်။ ရခိုင်ရိုးမရှိ ပန်းတိမ်း၊ မဖဲရွာများကို ကြားဖူးကြပါလိမ့်မည်။ မဖဲကို မဘဲဟု ဘကုန်းနှင့်လည်း ရေးတတ်ကြသည်ဖြစ်ရာ မဘဲမှ မတဲဟူ၍ ဖြစ်သွားရသည်။

စစ်ကိုင်းမင်း (ဘကြီးတော်)လက်ထက်က မဖဲမြို့စား မင်းတိုင်ပင်အမတ် မဟာမင်းလှကျော်ထင်ဦးဖျော်ဟူ၍ ရှိခဲ့ပါသည်။ ၎င်းကို မဖဲမြို့စား ရေးသည်။ မဘဲရေးသည်ဟု မှတ်သားလာခဲ့ကြခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် မဟာဂီတစာအုပ်ကြီးတွင် ရေးသူအမည်မသိသော သီချင်းအများအပြားတွေ့နေရပါသည်။ သိသမျှ မထင်မရှားစာဆိုများကို စာရင်းကောက်၍ ပြပါမည်။

ငယ်တိုးအတွင်းဝန်၊ မဖဲမြို့စားဦးဖျော်၊ နားခံတော်ဦးခြို၊ ဦးမောင်ကလေး၊ ပွဲနင်းဦးနေဦး၊ ဦးဝိုင်း၊ မောင်မောင်ဘော ဟူ၍ ဖြစ်ပါသည်။ ဤအထဲတွင် ငယ်တိုးအတွင်းဝန်မဟာနန္ဒယော်ဇာ ဦးကြည်စိုး(ကျည်စိုး)ဆိုသူမှာ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၅၁ ခုနှစ် နတ်တော်လတွင် ဖွဲ့စည်းလိုက်သည့် ပညာရှိ ၈ ဦးပါဝင်သော သဘင်ဂီတမြှင့်တင်ရေးအဖွဲ့ ဝင်တစ်ဦးဖြစ်ပါသည်။ မက္ခရာမင်းသားကြီး၊ အိမ်ရှေ့ရွှေတိုက်စိုး ဦးတိုးတို့နှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ကျောက်ဆည်ခရိုင်အတွင်းတွင် ငယ်တိုးရွာဟူ၍ရှိရာ ငယ်တိုးရွာကို စားရသောကြောင့် ငယ်တိုးအတွင်းဝန်ဟု ခေါ်တွင်ခြင်းဖြစ်သည်။

ပွဲနင်းဦးနေဦးဆိုသည်မှာ မင်းဘူးမြို့မှ လှေတော်ပွဲနင်းကြီးဟု သိရသည်။ ချစ်သမျှကို အစချီပတ်ပျိုးကို ပွဲနင်းဦးနေဦးရေးသည်။ လှေသူကြီးမောင်ဆိုးရေးသည်။ မောင်ကျောက်ခဲ ရေးသည်။ မမြကလေးရေးသည်ဟု ရှေးကပင် ဝိဝါဒအမှတ်အသားကွဲပြားခဲ့သည်။

ဦးမောင်ကလေးဆိုသည်မှာ မင်းတုန်းမင်းကြီးလက်ထက်တွင် စာရေးတော်ကြီးအဖြစ် အမှုထမ်း၍ တစ်ဆယ့်နှစ်ရာသီဘွဲ့ရှစ်ဆယ်ပေါ် တေးထပ်များကိုရေးဖွဲ့ရာတွင် နာမည်ကြီးသူဖြစ်သည်။

ဦးခြိုဆိုသည်မှာ မင်းတုန်းမင်းလက်ထက်ကစ၍ အမှုထမ်းခဲ့သည့် နားခံတော်

mgyvoe.com

ဘွဲ့ရသူဖြစ်သည်။ သီပေါမင်းလက်ထက်တွင် ဘုရင်စီးတော်မူသည့် ဝေါကို ကြီးမှူးရသည့် ဝေါကြီးမှူးရာထူးကို ရသည်။ ဦးခြိုသည် စာပေဂီတကျွမ်းကျင်သူဖြစ်သည်။ သီပေါဘုရင်အရှင်နှစ်ပါးတို့ ရွှေကြက်ယက်ဘုရားသို့ ထွက်တော်မူရာ ဦးခြိုက "ဂနိုင်စဆီက" အစချီ လွမ်းချင်းကို ရေးဆက်ရာ ဆုတော်ငွေတစ်ထောင်ထုပ်ကို ချီးမြှင့်ခြင်းခံရသူဖြစ်သည်။

ဦးခြိုရေးသည့် မိုးဘွဲ့ "လျှပ်ပန်းခွေနွဲ့" ယိုးဒယားသီချင်းမှာ အချုပ်တန်းဆရာဖေ၏ နန်းသိမ်းယိုးဒယားအလိုက် တေးသွားကိုယူ၍ ရေးထားခြင်းဖြစ်သော်လည်း အလွန်လူကြိုက်များသည့် သီချင်းဖြစ်သည်။ ဆို၍တီး၍ အလွန်ကောင်းသည်။ နွဲ့ယိမ်းယိုင် ပတ်ပျိုးသီချင်းမှာလည်း စာသားရောအသံကိုပါ နွဲ့ချင်တိုင်း နွဲ့ထားသဖြင့် ဂီတပညာရှင်များ လွန်စွာနှစ်သက်ကြသည်။ အမျိုးသမီးအဆိုကောင်း အသံကောင်းသူများလက်စွမ်းပြကြသည့် သီချင်းဖြစ်သည်။

အခြားစာဆိုများအကြောင်းကို ရေရေရာရာ မသိပါ။ ဘကြီးတော်ဘုရားခေတ်က ကျေးစေပတ်ပျိုးသီချင်း ၂ ပုဒ် ရေးသွားသူ မင်းကြီးကတော် ခင်ဆုံနှင့် တစ်ခေတ်တည်း ကျော်ကြားသူ အပျိုတော်မရှင်မယ်လုပ်ဟူ၍ ရှိခဲ့သည်။ သူသည် ဂီတဘက်တွင် ထူးချွန်၍ သီချင်းများရေးခဲ့သည်။ အကျော်ကြားဆုံးသီချင်းမှာ "ထွန်းလင်းလျှံလက်" အစချီ ကျေးစေပတ်ပျိုးဖြစ်သည်။ စာကလည်း ကောင်းသည်။ တီးချက်ကလည်း မြူးမြူးကြွကြွ သွက်သွက်လက်လက်ရှိသဖြင့် ဆို၍တီး၍ အလွန်ကောင်းသော သီချင်းဖြစ်သည်။



mgyoe.com

ထွန်းလင်းလျှံလက်၊ ဖန်စက်လျှံ၊ သန္တာရည်သွေး၊ လည်ရေး မြတောင်ပံ၊ ဟန်တချီချီကျူး၊ တောင်ပံယှက်ကာ မြူး × × ×

ဖူးတင်သ၊ ဦးညွှတ်ခ၊ ကျေးမြစိမ်းရွှေ၊ စေတော်မှူဦး၊ ထက် တိမ်ဘုံ၊ တောင်ဟုန်ကွန့်ကွန့်မြူး × × ×

ထူးထူးငယ်နှင့် ရှင်မြူးငယ်ကြော်ကြွေး၊ လေပြည်သွေး၊ ဟန်ရေး ရှယ်ကာချီ၊ ထက်တိမ်ဘုံဆီငယ်မှာ၊ သာကီနွယ်ငယ်အား၊ စေတော်မှူ ကြောင်း မဟုတ်လား × × ×

ရွှေရွှေရွှေနားထပ်ပါလို့၊ တပ်အပ်ကယ်သေကွေ၊ ခွန်းမိန့်တော် ထွေ။ မြသေချာသံမှိုနဲ၊ ကျေးစေတမန်၊ ရွှေချိုင့်စံ၊ ဟိုကျွန်းက၊ နေယွန်း လျှင် ပြန်ခဲ့ပေါ့၊ ရွှေချိုင့်စံမှန်ပုံနှစ်ကယ်၊ ပန်းမွှံဖြစ်ကျေး × × ×

ကိုလေးငယ့်တမန်၊ စိန်ချိုင့်စံ၊ လျင်မြန်စွာဟိုကျွန်းက၊ မလွှမ်းခင် ပြန်ခဲ့ပါ့၊ စိန်ချိုင့်စံ၊ မှန်ပုံနှစ်ကယ်၊ ဘုန်းတော်ဖြစ်ကျေး × × ×

လေနှင့်ရော
တိမ်ကြောကိုပြန်ပါလေကွယ်
ပန်းရည်ငှက်ကယ်
နန်းရွှေဘုံနယ်
ဆွေမယ်တို့ထံပါး
ချန်မဆိုင်းပါနဲ့
မှန်တိုင်းတင်ပါချေကွဲ့
နန်းမြေသူ့ပါး။

ဝေါကြီးမှူးနာခံတော် ဦးခြိုသည် နနွဲ့နွဲ့စာများကို ရေးတတ်ကြောင်း ပြောခဲ့ ပါပြီ။ မထင်မရှားစာဆိုများရေးသည့် သီချင်းများထဲတွင်လည်း ထင်ရှားကျော်ကြားသည့် သီချင်းတွေရှိနေသဖြင့် အဆိုပါ နွဲ့ယိမ်းယိုင်ပတ်ပျိုးသီချင်းကို ဖော်ပြပါမည်။

နွဲ့ယိမ်းယိုင်၊ ကြာမြိုင်သော် မော်မော့မှာတဲ့လေ၊ ဖွဲ့သိမ်းနိုင်၊ ဗျာလှိုင်တော်တော်တော့ပါခဲ့လေး။ ရော်ရှော့နှမ်းခွေ၊ ကြေကြွေလု၊ ကျွမ်း၊ အလွှမ်းတော်ကထွေ × × ×

ဝဲလက်ယာရံညီရွှေ၊ ညွှန်းတင်ချော့ပျော်ဆက်ဖြေ။ ။ စန်းသခ်ါ ငွေ၊ မှင်လွှာဝေလို့သာလေဘဲ၊ ရွှေသဲခုံလှိုက်ဖို၊ ခွေနွဲ့ယောင်တုန်ရှိုက်ငို၊ နုံးနုံ့ ညို့ညို့၊ မို့မိုကာဆီး၊ ဦးတွင်မှာလေ၊ ချုံးချုံ့ကိုယ့်ကိုယ်၊ ရို့တရို သာမှီး၊ လူးချင်လှလေး × × ×

mgyoe.com

(ဘောလယ်) ပြေပြယ်စနိုးသာပ၊ ရွှယ်ကိုးသည်နော်၊ ခြယ်ပျိုးစည်ဆော်လို့၊ မည်သရော်လွန်း၊ ရည်မမျှော်သွန်းမယ်တဲ့၊ ညြော်–ညွှန်းတော်ရှာ။ စပ်ပြိုင်လို့ထပ်ဆိုင်ကာသာ၊ လျှပ်ဆိုင်မာလာဝင့်တယ်လေး၊ ကျူးသီရင့်ညာ။ ။

ဂီတဝိသောဓနီကျမ်းတွင် နှဲ့ယိမ်းယိုင်သီချင်းကို တွေ့ရသည်။ အဆုံးပိုဒ်တွင် ဘောလယ်သံဝင်သွားပြီး ဘောလယ်အဆုံးချသံနှင့် ဆုံးထားသည်။ သဖြန်မပါချေ။ ထို့ကြောင့် ဟသ်ာတဦးသိန်းဟန် (ဟသ်ာတငွင်းတ)ထံမှရသော သဖြန်ကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

ဆို့ဆို့ငယ်နှာ
ကြို့ကြို့ကာတန်တန်မျှော်လဲ့
ပေါ်မလာလေအား။
တော်တော်ညှဉ်းပါ့ကို
ခေါ်ရင်သံချိုချိုနဲ့
ပြန်လိုလျှင်ကြိုလာခဲ့ပါ့မယ်
နှဲ့ပါရစေလား။ ။

ငယ်တိုးအတွင်းဝန် မဟာနန္ဒယော်ဇာဦးကြည်စိုးရေးသည့် သီချင်းများထဲတွင် "အာကာယံထဲ" အစချီ မိုးဘွဲ့သီချင်းသည် မဟာဂီတနယ်တွင် အလွန်ထင်ရှားသည်။ အဆင့်အတန်းမြင့်သည့် သီချင်းအဖြစ် ဂီတပညာရှင်ကြီးများသတ်မှတ်ကြသည်။

* * *

မှောင်မှောင်သာမိုက်ပါလို့ ဗိန်းဝိုက်ကာရွာ၊ တိမ်တိမ်ညိုကြော့ရယ်က၊ ပန်းပျော့ပျော့ဝါ။ ။ လဲ့လဲ့ငယ်ပြာပြာ၊ တောင်ရိပ်ကယ်ကာ၊ မြိုင်ကြီးတောဟေမာ။ × × ×

လမ်းဘယ်ညာငယ်လေ၊ မိလ္လာရည်သန်း၊ ဆင်တော်ရန်ညွတ်သည့်ပန်း။ ညွန့်ဝေငယ်လူလန်း၊ ပင်နန်းငယ့်သာတွေ၊ သီးမှည့်ဇမ္ဗူရွှေ။ ကြည်းရေမြေအဆင်း၊ သောင်ငွေပုလဲခင်း။ ။ အို–ရင်တွင်းတုန်လှုကံ၊ မြင်ဘူး ကြုံရကံ။ နတ်ကယ်ဖန်၊ မှန်ပြီဖြစ်မြဲပေပါ့လေ၊ ဆက်သရန်၊ ဖူးတံညှာလဲ့ ဝင်းလှလေး × × ×

(သဖြန်) ရေးရေးရုပ်သွင်၊ ပါးတွင်ဝယ်ထင်ရှိလို့၊ မြင်မိပြန်ရင်း – ရွှေသုံးရံကာလို့၊ ရွှေမျက်နှာ၊ သော်တာ ဝန်းငယ်၊ နော်–ထွန်းပေ့လင်း။

ကုန်းဘောင်ခေတ်တွင် ထင်ရှားကျော်ကြားသည့် အမျိုးသမီးဂီတစာဆို မင်းကြီးကတော် ခင်ဆုံ၊ အနောက်နန်းမမြကလေး၊ လှိုင်ထိပ်ခေါင်တင်တို့အကြောင်းကို သီးခြား

mgyoe.com

mgyoe.com

ထုတ်ဖော်ရေးသားခဲ့ပါပြီ။

မထင်မရှား ဂီတစာဆိုများထဲတွင် အမျိုးသမီးသုံးဦးပါဝင်နေပေသည်။ ၎င်းတို့မှာ

– မရှင်မယ်လုပ်
– မြင်စိုင်းမင်းသမီး
– ပင်းသာမြို့စားခင်ဖူး

ဟူ၍ဖြစ်သည်။ သည့်ထက်မက ရှိနိုင်ပါသည်။ ရေးက အမှတ်အသားနည်းပါးသဖြင့် မေ့ပျောက်ကုန်ကြခြင်းဖြစ်နိုင်ပါသည်။ မြင်စိုင်းမင်းသမီးဆို သီချင်းမှာ ဆောင်းရာသီကို ဖွဲ့ထားသည့် သီချင်းဖြစ်သည်။ မြဝတီမင်းကြီးဦးစ၏ မှန်ရဝေပတ်ပျိုးအလိုက်တေးသွားကိုယူ၍ ရေးထားခြင်းဖြစ်သည်။ အမျိုးသမီးအနေနှင့် ဆောင်းရာသီ၏သဘာဝကို ဖွဲ့ဆိုထားသဖြင့် လှပသောသီချင်းကလေးတစ်ပုဒ် ဖြစ်လာရသည်။

သူရကန် စက်ပျံဖန်ရွှေဒေါင်းငယ်ကလေ။ ။ ပြင်လမ်းစုံ၊ ဟေမန်ရာသီဆောင်းပေမို့လေး။ ။ ထွေးလုံးနိုင်ရှာ၊ ဖော်ကွာသူ့ပူနဲ့မှာ၊ သဲကြွေလု ဆွေးစရာ။ နှင်းနှင်းဝေဖြာ၊ သွင်းလို့သွင်းလေလာ။ ။ ကြိုင်စွာလေ ဇင်ပန်းဖူး။ ခိုင်ညှာတံ ပင်ချင်းကူး။ ရဂုံမြိုင်လယ်ဦး၊ ကျေးသူတို့မြူး × × ×

ခေါ်ထူးလူလို၊ မဖိုရွှေလည်တွဲလို့လေ။ ။ ရစ်ဝဲပျံ၊ ပျော်စံသိုက်မြို့နန်းမှာတဲ့လေး။ ။ သည်မြိုင်ယံ၊ တောင်စောင်းက၊ ဒေါင်းအိုးဝေသံ၊ ၄က်ပေါင်းတို့သောင်းကျွတ်ညံ × × ×

ပင်းသာမြို့စားခင်ဖူးက ဆောင်းအကုန်နွေအကူး၊ လေရူးကလေးတွေမြူးတဲ့ နွေဦးရာသီအကြောင်းကို ရေးဖွဲ့ထားပြန်သည်။

နွေချိန်ခါလုပြန်တော့တယ်၊ ရတုသာတဲ့လရာသီ၊ ရွက်ကျင်ပင်ကျွတ်၊ လေဆွတ်လို့သွေးပုံချီ။ ။ ညာညီခဲ့ပြန်၊ မွေးဝတ်ကယ်ကြိုင်သင်း၊ မြိုင်မင်းက လွမ်းဖို့ငယ်ဖန်။ ကိုက်ဖူးငယ်တည့်မြလျှံ၊ စုံနယ်ယံ၊ ကြုတယ်ကံ၊ လေပြန်ဆော်သွင်း။ ရွှေအလျှံ၊ မတန်သဇင်ကြွင်းငယ်နှင့်လေ။ ဝိသမာ၊ သေလာဖန်မြေခင်းမှာတဲ့လေး × × ×

ဤသီချင်းသည် ဇာတ်သုံးသီချင်းဖြစ်သည် ထင်ပါသည်။

တမာရန်၊ နတ်ဟန်ကြာပွား –
တမာရာရွှေဗွေစွန်ကို၊ လွမ်းသည်နှင့်ဝွေ–

ဆိုသော စာပိုဒ်များ ပါရှိရာ "တမာရာ(သို့မဟုတ်) တမာရန်ဆိုသော မြို့ကို

mgyoe.com

mgyoe.com

တမ်းတနေကြောင်းသိရသည်။ တမာရာမြို့သည် သမုဒ္ဒရာ၏ဟိုဘက်ကမ်းမှာ ရှိသည်ဟု ဆိုထားသည်။ ဤသီချင်းကိုထောက်ခြင်းအားဖြင့် ပင်းသာမြို့စား ခင်ဖူးသည် အခြားသီချင်းများကိုလည်း ရေးပေလိမ့်မည်။

တွေ့ရသမျှ သီချင်းများကို စာရင်းချ၍ အရေအတွက် မှတ်တမ်းပြုကြည့်မည်ဆိုလျှင် အောက်ပါအတိုင်းတွေ့ရပါသည်။

| | | |
|---|---|---|
| ၁။ | ငယ်တိုးအတွင်းဝန် | ၆ ပုဒ် |
| ၂။ | မဖဲမြို့စားဦးဖျော် | ၄ ပုဒ် |
| ၃။ | နားခံတော်ဦးခြုံ | ၂ ပုဒ် |
| ၄။ | ဦးမောင်ကလေး | ၂ ပုဒ် |
| ၅။ | ပဲ့နင်းဦးနေဦး | ၂ ပုဒ် |
| ၆။ | ဦးဝိုင်း | ၂ ပုဒ် |
| ၇။ | မောင်မောင်ဘော | ၄ ပုဒ် |

ကျန်ပုဂ္ဂိုလ်များမှာ ၁ ပုဒ်စီသာ ပါဝင်ပါသည်။ တစ်ပုဒ်တည်းရေးခဲ့ခြင်း မဖြစ်နိုင်ပါ။ အမှတ်အသားနည်းပါးခဲ့သဖြင့် ပျောက်ကုန်ခြင်းသာဖြစ်ရပါမည်။

လက်ရှိသီချင်းများသည်ပင် နည်းလှပါသေးသည်။ မြဝတီတို့ခေတ်က အများအပြားရေးခဲ့ကြမည်ဖြစ်ပါသည်။ နောက်လူတို့ရသလောက်သာ ကောက်နုတ်မှတ်သားထားခဲ့ကြသဖြင့် ယခုလောက်ကျန်နေခြင်းဖြစ်ပါသည်။ ယခုလောက်ကျန်နေသည့်အထဲမှ အဆိုအတီးနည်းပါးသည့် သီချင်းများ တဖြည်းဖြည်းပျောက်လာပါဦးမည်။ ရှည်သောသီချင်းများ၊ ခက်သောသီချင်းများကြာလျှင် ပျောက်ကွယ်လာနိုင်ပါသည်။ ထိန်းသိမ်းထားရန် လိုပါသည်။

နိဂုံးချုပ်တွင် တစ်ခုပြောချင်ပါသည်။ သီချင်းတွေကို အသံအမျိုးမျိုး ပြောင်း၍ ဆိုနေကြသည်။ တစ်သံထက်တစ်သံ ပိုကောင်းသည်ဟု ထင်ကြသည်။ ရှေးဆရာကြီးများက မူလသံမှန်တစ်ပေါက် (ပုလဲ) ဟာ အကောင်းဆုံးပေါ့ကွာ–ဟု ပြောသည်ကို ကြားရဖူးပါသည်။ ဟုတ် မဟုတ် သက်သေပြပါမည်။ ရာမ၊ လက္ခဏ၊ သီတာဒေဝီတို့ ထွက်လာလျှင် ဆိုင်းကတီးပေးသည့် ယိုးဒယားတီးလုံး ပုလဲသံသည် မည်မျှလောက် ကဏ္ဍာသုခဖြစ်သည်ကို သိကြပါလိမ့်မည်။ လက်တွေ့စမ်းသပ်ကြည့်ကြပါဟု တိုက်တွန်းအပ်ပါသည်။ ။

မိုးဂျာနယ်၊ ဧပြီ၊ ၁၉၉၇။

mgyoe.com

mgyoe.com

## ကုန်းဘောင်ခေတ်ဂီတကို မျိုးစေ့ချခဲ့သူများ

ကုန်းဘောင်ခေတ်သည် မြန်မာစာပေယဉ်ကျေးမှု သုခုမအနုပညာများ အထွန်းကားဆုံး အချိန်ဖြစ်သည်ဟု ကျွန်တော် ဆိုခဲ့ပါသည်။ ဟုတ်ပါသည်။ မြဝတီမင်းကြီး ဦးစတို့ ကျေးဇူးအလွန်ကြီးပါသည်။ မြဝတီမင်းကြီး၏ကျေးဇူးကြောင့် 'မြန်မာဂီတဆိုတာ ဟောဒါကွ' ဟု လက်မထောင်ပြီး ဝင့်ကြွားနိုင်ခဲ့သည်။ မြဝတီမင်းကြီးသည် –

တစ်သွယ်မှတ်ရာ၊ နားမှာကြားသင့်၊ သံမြင့်သံသာ၊ နက်စွာသိမ်မွေ့၊ ဟူ၍မည်ရှိ၊ လေးသုတိဖြင့်၊ သာဘိလွန်ခြင်း၊ ဥဒေါင်းမင်းနှင့်၊ မြင်းမင်းတွန်ဟီ၊ သံနှစ်လီတွင်၊ လေးစီအမျှ၊ အညီရလျက်၊ နောက်က တစ်ပါး၊ ချန်လွှတ်ထား၍၊ နွားလားဆိတ်သံ၊ ဥသြသံ၌၊ ကြားသံ သုတိ၊ သုံးစီရှိ၏၊ အာဒိ နှစ်ဖြာ၊ သုတိမှာကား၊ ကြိုးကြာသံဝယ်၊ အလယ်နှစ်ချင်း၊ ဆင်၌သွင်းလျက်၊ ကြားခြင်းဟူဘိ၊ သုတိပေါင်းညီ၊ ကေဝီတည့်၊

ဆိုသည့် စောင်းကောက်တွင် ရနိုင်သော အသံ၊ ဆိုင်းတွင် ရနိုင်သော အသံ နှစ်ဆယ့်တစ်သံကိုသာ တီးလုံးတီးကွက်၊ တီးချက်များ ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာဂီတသည် အိန္ဒိယဂီတမှ ဆင်းသက်လာခြင်းဖြစ်သဖြင့် ခုနစ်သံစနစ် (Diatonic Scale) ကိုသာ သုံးသည်။ ဆယ့်နှစ်သံစနစ် (Cromatic Scale) ဟူ၍လည်း မပေါ်သေး။

ခုနစ်သံစနစ်ဖြင့်ပင် များစွာသောသီချင်းများကို ရေးဖွဲ့သွားခဲ့ရာ အံ့သြစရာကောင်းလောက်အောင် အသံများကို ရှာပြသွားသည်။ သံရိုးအပိုင်းတွင် သီချင်းခံကြီးများကို ခန့်ခန့်ညားညား တီးကွက်တီးချက်တွေနှင့် ကြက်သီးမွေးညင်း ထရလောက်အောင် ရေးဖွဲ့သွားခဲ့ရုံမက သံဆန်းအပိုင်းတွင် ဝေဝေဆာဆာ၊ ဆန်းဆန်းကြယ်ကြယ်၊ သွယ်သွယ်ဝိုက်ဝိုက်အသံများကို သွတ်သွင်းထားသည့် ပတ်ပျိုးသီချင်းများကို ဖွဲ့ဆိုပြသွားပါ

mgyoe.com



သည်။ မဟာဂီတနယ်တွင် ရှေးဆရာကြီးများ ဆရာစားချန်ထားကြသည့်

– စုံနယ်သာစွချီ ပတ်ပျိုး
– မုရိုးငယ်တည့် နတ်စည်သံချီ ပတ်ပျိုး
– ကျူးသီဖွဲ့ဝန်းချီ ပတ်ပျိုး
– သဲလောင်ကြွေကျွမ်းချီ ပတ်ပျိုး

သီချင်းများကို ကြားရလျှင် ဂီတနယ်တွင် အံ့သြဘနန်း ချီးမွမ်းမကုန်နိုင်အောင် ရှိပေလိမ့်မည်။ ရှေးဆရာကြီးများသည် တမင်ခက်အောင် လုပ်ပြထားသည်မဟုတ်။ တိုင်းတစ်ပါး ဂီတနှင့်ယှဉ်လျှင် ခေါင်းတစ်လုံး ပိုမြင့်အောင် ပညာပြထားခဲ့ခြင်း ဖြစ်ပါသည်။

မဟာဂီတသည် ခက်သည်။ ဒါတွေ ချည်း လုပ်နေလျှင် ထမင်းတော်လိမ့်မည်ဟု ဆိုကာ ခေတ်ပေါ် ဒုံးဒုံးဒိုင်းဒိုင်းတွေဘက်ကို လိုက်သွားလျှင်တော့ မပြောလိုပါ။ အဆင့်အတန်းမြင့်လှသော မိဘအမွေကို တန်ဖိုးမထားတတ်သည့် သားသမီး အမိုက်အမဲကလေးတွေဟုသာ ဆိုရပါလိမ့်မည်။

နောက်တစ်ချက်မှာ မြန်မာ့အသံ၊ ရုပ်မြင်သံကြားတို့တွင် လွှင့်ရသည့်အခါ အချိန်မရ၊ လွယ်လွယ်နှင့် တိုတို သီချင်းများကိုသာ ဆိုနေရခြင်းမှာလည်း ပညာရပ်တစ်ခု အနေနှင့် ဆုံးရှုံးခြင်းဖြစ်ရပြန်သည်။ ခဲရာခဲဆစ် သီချင်းများကို အဘယ်မှာ သွား၍ဆိုရ မည်နည်း။ ဤအချက်ကို နိုင်ငံတော်က စဉ်းစားရပါမည်။ အပြင်လူများ မလုပ်နိုင်သည့် ကိစ္စကို နိုင်ငံတော်က လုပ်မှဖြစ်မည်။

ခုနစ်သံစနစ်နှင့် ၁၂ သံစနစ်အကြောင်းကိုလည်း ပြောပါဦးမည်။ ရူပဗေဒဆရာကြီး ပိုက်သဂိုးရပ်က အသံ ၁၂ သံ ရသည်ဟု တီထွင်ကာ တစ်သံနှင့်တစ်သံ တုန်နှုန်း အညီအမျှထားကာ စန္ဒရားတွင် အဖြူလုံး ၅၀၊ အနက်လုံး ၃၅၊ စုစုပေါင်း ၈၅ သံ သတ်မှတ်ထားလိုက်ရာ တစ်ကမ္ဘာလုံး ဤအတိုင်း သုံးနေကြပါသည်။ ကောင်းပါသည်။

မြန်မာကမူ ၂၂ သံလောက်ကိုသာ သုံးသည်။ မဆိုင်သည့် အသံတွေကို မသုံး၊ နားကလောသည်။ အသံဘယ်လောက်ပဲရှိရှိ တီးသည့်အခါ ခုနစ်သံသာ တီးပါသည်။ ခုနစ်သံထက်ပို၍ တီးလျှင် နဲ၊ ပလွေတို့ မည်သို့မှုတ်ပါအံ့နည်း။ ထားပါတော့။

mgyoe.com

မူတည်သံပြောင်းသည့် ကိစ္စကိုလည်း ပြောကြ၏။ အနောက်တိုင်း ဂီတသမားတွေ မူတည်သံပြောင်းတတ်လာသည်မှာ မကြာသေးပါ။ မြန်မာကမူ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ လောက်ကပင် ပြောင်းတတ်နေပါပြီ။ ဝန်ကြီးပဒေသရာဇာတို့ခေတ်က ရေးသည့် ကြိုးသီချင်း၊ သီချင်းခံကြီးတို့တွင် အလိုအလျောက် မူတည်သံပြောင်းပုံများကို ပြထားသည်။ "ရိရိဆိုင်းဆိုင်း" အစချီ ကြိုးသီချင်းတွင် မူတည်သံ ၅ ကြိမ်တိတိ ပြောင်းသွားပုံကို ပြထားသည်။

မြန်မာတွင် မူတည်သံပြောင်းသည့်စနစ် ရှိသည်။ အတင်းအဓမ္မ နားရှက်ဆွဲ၍ လုပ်တာမျိုးမဟုတ်။ သံစဉ်ချောမွေ့စွာ ပြောင်းခြင်းဖြစ်သည်။ ဤအကြောင်းများကို မကြာခဏ ရေးခဲ့ပြီးဖြစ်သဖြင့် ဤ၌တွင်ထပ်မံ မရေးတော့ပါ။

## ကုန်းဘောင်ခေတ်ဦးဂီတ

ကုန်းဘောင်ခေတ်တွင် အနုပညာ စာပေဂီတတို့ ဖွံ့ဖြိုးတိုးတက်လာရခြင်း အကြောင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတပစ္စယော ဆိုသည့် အင်းဝခေတ်၏ ပဋ္ဌာန်းပစ္စည်းဆက်ရှိသောကြောင့် ဖြစ်ပါသည်။ ဤအကြောင်းကို အကျဉ်းရုံး၍ တင်ပြပါမည်။

ဟံသာဝတီ ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာနိုင်ငံတွင် တန်ခိုးသြဇာ အကြီးမားဆုံးသော ဘုရင်ဖြစ်၍ အရှေ့တွင် ဇင်းမယ်၊ လင်းဇင်း၊ အယုဒ္ဓယတိုင် အင်ပါယာချဲ့ထွင်နိုင်ခဲ့သဖြင့် အရှေ့နယ်မှ စာပေယဉ်ကျေးမှု အနုပညာများလည်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် သားတော် နန္ဒဘုရင်ညံ့ဖျင်းမှုကြောင့် ဟံသာဝတီပြည်ကြီးပါ ပျက်စီးခဲ့ရသဖြင့် ယဉ်ကျေးမှု အနုပညာများမှာလည်း ကစဉ့်ကလျား ဖြစ်ခဲ့ရသည်။

သားတော် ညောင်ရမ်းမင်းသားကြီး မောင်သစ္စာ ပြန်လည်ရုံးစည်းတည်ထောင်ခဲ့သဖြင့် ညောင်ရမ်းခေတ်ခေါ် ဒုတိယ အင်းဝခေတ်တွင် ဝန်ကြီးပဒေသရာဇာနှင့် ဖျာသီးဆယ်ရွာစား ဦးလွမ်းပြေတို့ ကြိုးပမ်းချက်ကြောင့် ယဉ်ကျေးမှု အနုပညာများ အခြေတည်မိလာရသည်။

ဇင်းမယ် ပဏ္ဏာသ ဇာတ်ဝတ္ထုမှ သုဓနုဇာတ်ကို စာဆိုတော်နဝဒေးကြီးက 'မနော်ဟရီပျို့'ဟု ပြန်ဆိုခဲ့သည်။

ဝန်ကြီးပဒေသရာဇာက သူဇာပျို့ အမည်ဖြင့် ချဲ့ထွင်ရေးသားသည်။ မဏိကက္ခဇာတ်ကို မဏိကက်ပြဇာတ်အဖြစ် ရေးသား၍ တင်ဆက်ကပြခဲ့သည်။ ထိုခေတ်က မှတ်တမ်းအရ သုဓနုဇာတ်၊ သတ္တဓနုဇာတ်၊ ဝိဓူရဇာတ်၊ သုဝဏ္ဏသာမဇာတ်တို့ကို ကပြသည်

mgyoe.com

mgyoe.com
ဟု တွေ့ရသည်။

ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ဇာတ်ကို သေသေချာချာဖတ်ကြည့်သော အခါ ဇာတ်ညွှန်းပုံစံနှင့် ရေးသား၍ ညွှန်းဆိုဖော်ပြချက်များမှာ ရုပ်သေးသာလျှင် ဖြစ်ရမည်။ လူကသည့်ဇာတ် မဖြစ်နိုင်။ ထိုခေတ်က စင်ပေါ်သို့ လူတက်၍ ကဝံ့သည် မဟုတ်ပါ။ ဘိုးတော်ဘုရားခေါ် ဗဒုံမင်းကြီးလက်ထက်၊ ရာမဇာတ်ကျမှ စင်ပေါ်သို့ လူတက်၍ ကပြသည့်အဖြစ်သို့ ရောက်ပါသည်။ ရာမတွင် မျက်နှာဖုံးစွပ်ထား၍ အီနောင်ဇာတ်ကျမှ မျက်နှာဖုံးမပါဘဲ ပင်ကိုမျက်နှာနှင့် ကပြခြင်းပြုခဲ့ကြသည်။

ဝန်ကြီးပဒေသရာဇာတို့ခေတ်တွင် ကာချင်း၊ အဲချင်း၊ အိုင်ချင်း၊ တျာချင်း၊ နတ်ချင်းများကို တီးတတ် ဆိုတတ်နေကြပါပြီ။ ဘွဲ့သီချင်းဟန်နှင့် ဆိုရသော တျာဘွဲ့သီချင်းကို ဝန်ကြီးပဒေသရာဇာက မဏိကက်ဇာတ်တွင် အခန်းပြောင်းတီးလုံးအဖြစ် ပြောင်း၍ ဝါးလတ်စည်းနှင့်တီးကာ တျာချင်းဟု ခေါ်တွင်ခဲ့ကြသည်။ သွက်လက်သည်၊ မြူးကြွသည်။

ကြိုးသီချင်း၊ ဘွဲ့သီချင်း၊ သီချင်းခံ စသည့် သံရိုးပိုင်းသီချင်း အများအပြားကို ရေးသားခဲ့သည်။ ဝန်ကြီးပဒေသရာဇာသည် စောင်းတွင်လည်းကောင်း၊ ပတ္တလားတွင် လည်းကောင်း လက်နေလက်ထား အတွဲအဖက် စနစ်တကျ မှန်ကန်မှုဖြစ်စေရန် သင်ရိုးအခြေခံအနေနှင့် 'တံတျာတေရှင်' သီချင်းကို တီထွင်ရေးသားထားခဲ့သည်။

**တံတျာတေရှင် တံတျာတေရှင်**

**ချန့်ချန့် တံတျာတေရှင်**

**ဒလုဒလု ထုံးချန့်ချန့်**

**တောပင်တောလုံး နှံ့ပါလို့လေး။ ။**

ဤတွင် ထံ, တျာ, တေ, ချန်, ဒလု, ထုံး စသည့် ဂီတသင်္ကေတများကို ဆရာက စနစ်တကျ သင်ပြပေးရသည်။ ဘယ်လက် ညာလက် မမှားစေရ။ ဤတွင် စာပေနှင့် ဂီတ ဆက်နွှယ်ပုံကို ပြောပါဦးမည်။

မြန်မာစာတွင် သဒ္ဒါအလိုအားဖြင့် ဗျည်း ၃၃ လုံးနှင့် သရ ၈ လုံးရှိသည်။ ဂီတတွင်လည်း အသံ ၂၁ သံရှိသည်။ သရ ၈ လုံးရှိသည်။ ၂၁ သံကို သရ ၈ လုံးနှင့် ပေါင်းစပ်၍ သီချင်းဖွဲ့ဆိုသည်။

**တျာတေတျော့ဒူး**

**(ဒီဃသရ လေးလုံး)**

**ဒွန့်, ထုံ့, ချန်, ဒလု**

**(ရဿ သရလေးလုံး)**

ဟူ၍ ခေါ်ပါသည်။ တိုသောအသံ၊ ရှည်သောအသံ၊ ပေါ့သောအသံ၊ လေးသောအသံ၊ မတိုမရှည်အသံ (သံလတ်) ဟူ၍ ထားရှိရာ အဆိုပါ အသံတို့၌ တီးကွက်မည်သို့ထားရမည်ဆိုသည်ကို ဆရာက သင်္ကေတတို့ဖြင့် အပ်ကျမတ်ကျ သင်ပေးရသည်။ အထက်ပါ ထံတျာတေရှင်သီချင်း၏ အောက်ဆုံးစာပိုဒ်ကို မည်သို့တီးရမည်နည်းကြည့်ပါ။

| | | | | |
|---|---|---|---|---|
| တော | = | မတိုမရှည်သံလတ် | – | တျာ |
| ပင် | = | ပေါ့သောအသံ | – | တေ |
| တော | = | မတိုမရှည်သံလတ် | – | တျာ |
| လုံး | = | လေးသောအသံ | – | တျော |
| နှံ့ | = | အောက်မြစ်ပါအသံ | – | ချန့် |
| ပါ | = | ပေါ့သောအသံ | – | တေ |
| လို့ | = | အောက်မြစ်ပါအသံ | – | ချန့် |
| လေး | = | လေးသောအသံ | – | တျော |

(တိုသောအသံ– အ, အိ, အု ကို ဒလု၊ အောက်မြစ်ပါသော အသံကို ချန့်ဟု သံတိုနှစ်မျိုး ခွဲထားသည်။)

ထို့ကြောင့် စာနှင့် ဂီတသင်္ကေတကို ဘာသာပြန်လျှင် တောပင် တောလုံးနှံ့ပါလို့လေး– တျာတေတျာတျောချန့်တေ ချန့်တျောဟူ၍ ဖြစ်လာပါသည်။ ယင်းတို့ကို အခြေခံ၍ ဆရာသည် စာနှင့် သင်္ကေတကို တွဲကာ တီးချဲ့၍ သင်ပြသွားသည်။ မြန်မာဘာသာတွင် –

**ရှည်တိုလေးပေါ့၊ တင်းလျော့နိဂ္ဂဟိတ်၊ အစိတ်အဖြာ၊ အင်္ဂါဆယ်ခု၊ ဖတ်မှုမကျွမ်း၊ နားမချမ်း–**

ဟု ဆရာတော်ကြီး ရှင်မဟာရဋ္ဌသာရ ဆိုတော်မူသည့်အတိုင်း သဒ္ဒါဆယ်ပါးရှိသည်။ ယင်းတွင် –

| | | |
|---|---|---|
| **နိဂ္ဂဟိတ** | = | **ပိတ်သောအသံ** |
| **ဝိမုတ္တိတ** | = | **ဖွင့်သောအသံ** |

သည် ဂီတတွင် အလွန်အရေးကြီးသည်။ ထံ ဆိုသည့် ရှိုးရှိုးအသံကို ပိတ်လိုက်သောအခါ ထပ် ဟူ၍ ဖြစ်သွားသည်။ ဒူ ဟူသော ရှိုးရှိုးအသံကို ဖွင့်လိုက်သောအခါ ဒူး ဟု ဖြစ်သွားသည်။ သို့ကြောင့် ရှေးသီချင်းသင်္ကေတများကိုကြည့်လျှင် ၎င်းတို့ကို တွေ့ရပါလိမ့်မည်။

mgyoe.com

## ဟာသ ဇဝန ဉာဏ မဥ္စရီ

ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားကြီးလက်ထက် အိမ်ရှေ့ ရွှေတိုက်စိုး နန္ဒမိတ်ကျော်စွာက တောင်းပန်၍ မုံရွေး ဇေတဝန်ဆရာတော်ကြီး စုဆောင်းပြုစုထားသည့် ရှေးအချင်းများ စာတမ်းကို ဟာသ ဇဝန ဉာဏ မဥ္စရီဟု အမည်ပေးထားသည်။

ယင်းစာတမ်းတွင် ဒုတိယအင်းဝခေတ်က တီးမှုတ်သီဆိုခဲ့ကြသည့် အချင်းကြီး အချင်းငယ် စုစုပေါင်း ၃၂၈ ပုဒ်ကို တွေ့ရသည်။ အံ့သြစရာကောင်းသည်မှာ ရှေ့ပိုင်း ၆၃ ပုဒ်ကို ဂီတသင်္ကေတနှင့်ချည်း ရေးထားသည်။ ကြည့်ပါ–

### သီကြားမင်း လေးညှို့ချင်း

တျာတျာတေ ထူထူတျာ
တေထူတြဲ့တြဲ့တေ၊ ထူထံတျာတျာ
ထပ်တြဲ့တြဲ့တေ၊ ငယ်ထံတျာ
တေထံထံတျာ၊ ထံတျာတလူတေတေ
ထံတျာတလူတေတေ၊ ထူတေထံတြဲ့တြဲ့
တျောထပ်တျာတြဲ့တြဲ့၊ တျေထပ်တျာ–

ရေးသည့်အကြောင်းအရာမှာ ပုစဉ်းအကြောင်း၊ ငှက်အကြောင်း၊ လိပ်ပြာ အကြောင်း၊ ပန်းအကြောင်း၊ ရာသီအကြောင်း၊ ဖောင်လားဖောင်ငင် ဖောင်ဆိုက် အကြောင်း၊ လယ်ပယ်အကြောင်း၊ မိကျောင်းအကြောင်း၊ ကျား ဆင် ခြင်္သေ့အကြောင်း အစုံပင် ဖြစ်သည်။ ရွှေနန်းတော်အတွင်းတွင် တီးကြ ဆိုကြသည့်သီချင်း နည်းပြီး ကျေးလက်ပြည်သူတို့ သီဆိုကြသည့် သီချင်းက များသည်။

မဟာဂီတ စာအုပ်ကြီးများတွင် ပါသည့် စာဆိုသူ အမည်မသိ ရှေးသီချင်းခံကြီး များမှာ အဆိုပါစာတမ်းတွင် ပါသည်။ ဝန်ကြီးပဒေသရာဇာနှင့် ဦးလွမ်းပြေတို့ ရေးကြ သည်။ ယနေ့ မြဝတီမင်းကြီး ရေးသည်ဟု သိနေကြသည့် 'ထူးမခြားနား' သီချင်းနှင့် တီးကွက်တူ သီချင်းအချို့ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ထူးမခြားနားသီချင်းသည် ဒုတိယ အင်းဝခေတ်ကပင် ပေါ်ပေါက်ခဲ့ပြီဟု ဆိုနိုင်မည် ထင်ပါသည်။ မြဝတီမင်းကြီး လက်ထက်တွင် ရှေးဟောင်းသီချင်းကို ပြင်ဆင်မွမ်းမံ၍ မြှင့်တင်ပေးလိုက်ခြင်း ဖြစ်လေ သလောဟုလည်း စဉ်းစားစရာရှိပါသည်။

### ပန်းဘွဲ့ကဗျာချင်း

**စမ္ပာယ်စကား၊ ချရား ဇလတ္တာ၊ ပုန်းညက် စိန်ပန်းဝါ၊ နော်ဇာအနန်း၊**

mgyee.com

နှင်းလောင်းပန်း၊ ပျံ့မွှန်းဇော်တ၊ ပန်းသော်က၊ ပေါ်စ သဇင်၊ ဂမုန်းအင်၊ သင်းဝင်ဆိပ်ဖူး၊ ဆိပ်ဖလူး၊ မိုးဦးသစ္စာ၊ ထပ်တစ်ရာ၊ ယင်းမာ မြတ်လေး၊ မွှေးမွှေးကြိုင်ကြိုင်သင်း၊ ပန်းအိဇလတ်၊ ပေါက်ဖက်ဆွတ်ကယ် နှင့် ရင်ခတ်ပျဉ်းရွှေဇင်။

ပန်းဘွဲ့ကဗျာကလေးမှာ ချစ်စရာ ဖြစ်ပါသည်။ အသံမှာ သံရိုးသံမှန်ပင် ဖြစ်သည်။ ဤသီချင်းမှာ လူအများနှင့် သက်ဆိုင်ပါသည်။ နန်းတော်ထဲတွင်လည်း သုံးနိုင်ပါသည်။ ဝတ်တော်ရုံ၊ ဝတ်တော်သိမ်း သီချင်းများ၊ သာနိုးပျော်ဖွယ် သီချင်းများ၊ ရွှေနန်းသဘင်ချင်း၊ ရွှေနန်းဘွဲ့ချင်း၊ အောင်ခန်းသာချင်း၊ ကဗျာချင်းစသည့် နန်းတွင်းသုံးသီချင်းများလည်း ပါ၏။

ပိတုန်းဝဲချင်း

ပိတုန်းမည်းညို ဘာကိုလိုက်၍ ဝဲသည်တုံး၊ ရှင်မယ်အိပ်ကယ်၊ တို့ဆံထုံးမှာ၊ ပန်းကုံးကို လို၍ ဝဲတမုံ့၊ ပန်းကုံးကို မရ။ ရှက်အားကျ အကျွန် ပင်လယ်ကူးတော့မယ်၊ ပင်လယ်သူများ ရေကစား၊ ကမ်းနား ညွတ်ကဲ့ညွတ်ကဲ့လေး။

စွန်ဝဲချင်း

စွန်ဘာပြုဝဲလာတယ်၊ နောက်ဆုံးမွေး၊ ထွေးကိုလိုလို့ ဝဲပါတယ်၊ ထွေးမပါ တို့ချည်းလာ၊ ပါပါလျက်ကို ဝှက်လို့ထား၊ ထွေးအသား ခါးလှတယ်၊ မြစ်လယ်ရေနဲ့ ဆေးပါ့မယ်၊ ရလျှင်ယူလေ၊ မပေးချေ။

ကြက်ခွပ်ချင်း

ကြက်ဖငယ် ဘကိုယ်ကြီး၊ ကျီးတဲ့ကျီးတောင်ညို၊ ဘကိုယ်ဘလဲ၊ ရင်တော်ဝမှာ ဆူးရဲရဲ၊ ရွှေခဲကိုင်ကာ ကြက်ပြာနွဲ့နောင်း၊ ကြက်ကောင်း နေရာ၊ ရန်ရှာလာ၊ လာခွပ်စို့တော့၊ အေတို့လေ၊ လာခွပ်စို့တော့၊ အေတို့လေ– ဆင်ခြေရာမှာ မြေဇာပေါက်ပေပြီ၊ ယိုးဒယားကို မင်းသာနိုင်လေပြီ၊ အဝ ရွှေနန်း ပခန်းသာလေပြီ၊ ရေအိုးစင်ကြား၊ စံပါယ်ထား၊ ကားကားပွင့် လေပြီ–

မြန်မာ့ကျေးလက် ကစားခုန်စား သီချင်းကလေးတွေ ဖြစ်ပါလိမ့်မည်။ ချစ်စရာ ကောင်းသည်။ ရိုးသားသည်။ ပွင့်လင်းသည်။

mgyoe.com

တောင်ပုပ္ပါးအချင်း

ပုပ္ပါးတောင်သည် ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်ကုံး၊ စကားပင်နှင့် ပန်းပင်ဖုံး၊ တောင်လုံးရနံ့ကြိုင်စွလေ။ ။ ပုပ္ပါးတောင်တွင် နတ်ရှင်နှစ်ပါး၊ ရွှင်စံစားသည့် ဘုံခြားဗိမာန် မြိုင်စွလေ။ ။ လှိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွ စကား၊ တောင်ပုပ္ပါးမှာ၊ စကားပျံ့ကြိုင်၊ မပန်နိုင်၊ လှိုင်စွလေ။ ။ မောင်တော်ရေထက်၊ မယ့်ရေဆယ်ရေးသာစွလေ။ ။ ဗိမာန်နန်းမှာ၊ ထီးစကြာကို၊ ဖြန့်ကာအုပ်မိုးသာစွလေ။

စစ်ကိုင်းအချင်း၊ လယ်ကိုင်းအချင်းတို့ကိုလည်း တွေ့ရပါသည်။ အင်းဝပြည်ကြီး ပျက်သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီဖြစ်၍ ပျောက်ပျက်သည်များလည်း အများအပြား ရှိပါလိမ့်မည်။ ကျန်ကောင်းကျန်ရာကို ဆရာတော်က ကောက်သင်းကောက်၍ စုဆောင်းရသမျှကို စုဆောင်းထားခြင်းဖြစ်သည်။ ကျေးဇူးတင်ရပါမည်။ သို့ရာတွင် တီးလုံးတေးသွားများကိုမူ မသိရတော့ပါ။

လက်ဝဲနော်ရထာ

ဒုတိယအင်းဝခေတ်နောက်ဆုံး ဟံသာဝတီရောက်မင်းလက်ထက်က သားတော်များကို စောင့်ရှောက်ရသည့် အကြီးတော်လုပ်ခဲ့သူ၊ မုံရွေးရွာဇာတိ ဦးနေသည် အင်းဝပြည်ကြီးပျက်သောအခါ ဇာတိမုံရွေးရွာမှာ ပြန်၍နေသည်။ ထို့နောက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျထံမှာ ဝင်ရောက်ရာ အမှာတော်ရေး ခန့်သည်။ အလောင်းမင်းတရားကြီး ချီတော်မူရာသို့ လိုက်ပါရသည်။ ရှေးဦးစွာ လက်ဝဲသုန္ဒရဘွဲ့ပေးသည်။ ဟံသာဝတီနန်းတော်ကို သိမ်းသောအခါ လက်ဝဲနော်ရထာဘွဲ့ကို ပေးသည်။

ဦးနေသည် စာသမားဖြစ်၍ ရတု၊ မော်ကွန်းအများ ရေးသည်။ လက်ဝဲနော်ရထာရာဇဝင်ကို ရေးသည်။ မင်းခမ်းစာတမ်းတော်ကြီးကို ရေးသည်။ အလောင်းမင်းတရားကြီးက လွန်စွာ ချစ်ခင်၍ဆွေမျိုးစု စာရင်းထဲမှာပင်သွင်းထားသည်။ ဂီတပညာရှင်ဖြစ်၍ သီချင်းပုဒ်ရေ ၂၀ ခန့်ရေးသွားသည်။ အထက်ပါ မုံရွေးဆရာတော်၏ စာတမ်းမှာလည်း ပါသည်။ မဟာဂီတစာအုပ်တွေမှာလည်း ပါသည်။ ဝေဒပညာရှင်လည်းဖြစ်၍ ရတနာသိင်္ဃနန်းတော်ကြီး၏ ပုံစံပန္နက်ကို ဆွဲပေးခြင်း၊ အခါတော်ပေးခြင်းကိုလည်း ပြုလုပ်ခဲ့သည်။

ဟံသာဝတီမှ ပြန်ရောက်လာသော မြင်းခွာရွာစား မင်းလှရာဇာနှင့် လက်ဝဲနော်ရထာတို့ကို အလောင်းမင်းတရားကြီးက အတိုင်ပင်ခံအဖြစ် အသုံးပြုသည်။ အင်ရုံရွာစား

mgyaee.com

mgyoe.com

အင်ရုံဝန်ကြီးကိုမူ ထီးမှုနန်းရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဆရာတင်ရသည်။ ဤသို့ဖြင့် အင်းဝခေတ်၏အမွေကို ကုန်းဘောင်ခေတ်က လက်ဆင့်ကမ်း၍ ယူခဲ့ရသည်။

၁၁၄၃ ခုနှစ်တွင် ဗဒုံမင်းသားကြီးသည် အထွတ်အမြတ်သို့ ရောက်လျှင် လက်ဝဲနော်ရထာ ဦးနေ၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၊ လက်ဝဲသုန္ဒရ ဦးမြတ်စံတို့ကို ခေါ်ယူ၍ ချီးမြှောက်သည်။ လက်ဝဲနော်ရထာ ဦးနေသည် ဘွဲ့ပေါင်း ၁၁ ဘွဲ့ရ၍ အမရပူရမြို့တော်ဝန်ကြီးဖြစ်သည်။ ၁၁၅၁ ခုနှစ် နတ်တော်လတွင် ဖွဲ့စည်းခဲ့သည့် သဘင်ဂီတမြှင့်တင်ရေးအဖွဲ့တွင် လက်ဝဲနော်ရထာ မပါသည်မှာ စဉ်းစားစရာ ဖြစ်သည်။ အသက်ကြီး၍လော၊ ရာထူးကြီးနေ၍လော မသိ။ အမှန်မှာ လက်ဝဲနော်ရထာသည် ဂီတပညာရှင်ဖြစ်၍ ရှေးသီချင်းဟောင်းများကို သူကိုယ်တိုင် စုဆောင်းလျှင် ပို၍ ကောင်းမည်၊ စုံလင်မည်ဟု ထင်ပါသည်။ နောက်ပိုင်းတွင် လက်ဝဲနော်ရထာသည် မင်းကွန်းတွင် ဘိုးတော်မင်းတရားကြီးနှင့် အတူနေလျက် ပိဋကတ်ဆိုင်ရာ စာပေများကို လေ့လာဆွေးနွေးခြင်း၊ သင်္ကြန် အကျအတက်၊ ဝါကြီးထပ် ဝါငယ်ထပ်၊ မကာရန္တ လက်ရိုးတွက်ချက်ခြင်း စသည်တို့ကိုသာ အားထုတ်နေရသဖြင့် ဂီတဘက်သို့ ပြန်မလှည့်နိုင်ခြင်းဖြစ်မည် ထင်ပါသည်။

ထို့ကြောင့် ကောက်ချက်ချရမည် ဆိုပါလျှင် မဟာဂီတပညာသည် ညောင်ရမ်းခေတ်ခေါ် ဒုတိယ အင်းဝခေတ် ဝန်ကြီးပဒေသရာဇာနှင့် ဖျာသီးဆယ်ရွာစား ဦးလွမ်းပြေတို့ လက်ထက်ကပင် စနစ်တကျ အခိုင်အမာ အုတ်မြစ်ချပြီးဖြစ်သည်ဟု ဆိုရပါမည်။ သို့ရာတွင် သံရိုးနယ်မှာပင် အမြစ်တွယ်၍ ရေးဖွဲ့ ဆိုတီးခဲ့ကြခြင်း ဖြစ်သည်။

မြဝတီမင်းကြီးတို့ လက်ထက်ကျမှ အောက်ပြန်သံစဉ်၊ ပုလဲသံစဉ်၊ မြင်စိုင်းသံစဉ်တို့ဖြင့် တိုးတက်တီထွင်၍ ပတ်ပျိုးယိုးဒယား၊ မွန်၊ ဘောလယ်၊ တေးထပ် စသည်တို့ကို တခမ်းတနား ဆန်းပြားကြီးကျယ်အောင် ချဲ့ထွင်းလာခဲ့ခြင်း ဖြစ်သည်ဟု မှတ်သားရမည်ဖြစ်ပါသတည်း။

မိုးဂျာနယ်၊ မေ–ဇွန်၊ ၁၉၉၇။

mgyoe.com

mgyoe.com

## မဟာဂီတ ပါရဂူကြီး မြဝတီမင်းကြီး ဦးစ

အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ အတွင်းဝန် ဦးသင်က မင်းတုန်းမင်းကြီးထံ ရေးသား ဆက်သွင်းသော (၈)ပါးသီလ အဖွင့်စာတမ်းတွင် နစ္စဂီတဝါဒိတပုဒ်နှင့်ပတ်သက်၍ ဤသို့ ရေးထားသည်။

| | | |
|---|---|---|
| ပဒေသရာဇာ | – | ဘွဲ့ကြိုး |
| ငအောင်ဖြိုး | – | သာချင်း |
| ငမင်း | – | လေးချိုး |
| ငတိုး | – | အမှာစာ |
| ငကြာ | – | လွမ်းချင်း တတွေ |
| မိခွေဆို | – | အဲ |
| ခမည်းတော် | – | သီဂီ |
| မြဝတီ | – | သံဆန်း |
| ငလန်း | – | ဓားဆေးလင်္ကာ |

များကို ရွတ်ဖတ်နားထောင်ခြင်း မပြုရဟုဆိုသည်။

ဤတွင် ခမည်းတော် သီဂီဆိုသော စာ၏အနက်မှာ တိမ်ငုပ်နေသည်။ ဆိုလိုသည်မှာ မင်းတုန်းမင်းကြီး၏ခမည်းတော် ရွှေဘိုမင်းခေါ် သာယာဝတီမင်း၏ ချစ်မြတ်နိုးလှစွာသော သီဂီဝတ္ထုရေးသူ အနောက်နန်းမမြကလေးဟု ပြောချင်ပါသည်။ မမြကလေးဟု တိုက်ရိုက်မပြောဘဲ သူရေးသည့်ဝတ္ထုအမည် သီဂီဟု ပြောခြင်းမှာ ဌာန၏အမည်ကို ဌာနီ၌တင်စား၍ ဆိုသည့် ဌာနူပ စာနည်းဟု အလင်္ကာဆရာတို့ ဆိုကြပါသည်။ တိုက်ရိုက်အဓိပ္ပာယ်မှာ မမြကလေး ရေးသည့် တေးဂီတသီချင်းများကိုလည်း နားမထောင်ရဟု

mgyoe.com

mgyoe.com

ဆိုလိုရင်း ဖြစ်ပါသည်။

လေနှင်း ဓားဆေးလင်္ကာ ဆိုသည်မှာ ဘိုးတော်ဘုရားလက်ထက်က ရကန်ဖျက် ရေးသူ ဦးလနှင်းက ဓားအမျိုးမျိုးကို သိဒ္ဓိတင်ရာတွင် မာန်ပါပါ ရွတ်ဆိုရမည့် လင်္ကာများ ကို ရေးခဲ့သည်။ ၎င်းလင်္ကာများသည် ဝီရရသ၊ ရဲရင့်တောက်ပြောင်မှုကို ဖော်ဆောင်၍ ရေးထားသဖြင့် အလွန်တရာ စိတ်ကို တက်ကြွလှုပ်ရှားစေသဖြင့် ဥပုသ်စောင့်လျှင် အဆိုပါ ဓားဆေးလင်္ကာများကို နားမထောင်ရဟုဆိုခြင်းဖြစ်ပါသည်။

မြဝတီ သံဆန်းဆိုသည်မှာ မြဝတီမင်းကြီးဦးစကို သံဆန်းဆရာ၊ သံဆန်းဝိဇ္ဇာ ဟု ခေါ်ကြသည်။ အဘယ်ကြောင့် ခေါ်သနည်း၊ ရှင်းပြရန် လိုပါသည်။

ညောင်ရမ်းခေတ်ခေါ် ဒုတိယအင်းဝခေတ်က ဝန်ကြီးပဒေသရာဇာနှင့် ဖျာသီး ဆယ်ရွာစား ဦးလွမ်းပြေတို့သည် ကြိုးသီးချင်း၊ ဘွဲ့သီချင်းနှင့် သီချင်းခံကြီးတို့ကို ရေးဖွဲ့ သွားကြသည်။၎င်းတို့ကို ညှင်းလုံးသံစဉ် ခေါ်ခုနစ်ပေါက်သံကို မှတည်ထား၍ တီးရသည့် သီချင်းများ ဖြစ်သည်။ စောင်းတွင် သံရိုးဟုခေါ်သည်။ သံရိုးညှို၍ တီးရသည်။

မြဝတီမင်းကြီးဦးစသည် ဘိုးတော်၊ဘကြီးတော်၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း ဟူ၍ မင်း(၅)ဆက်တိုင် အမှုတော်ထမ်းခဲ့၍ များစွာသော ဂီတသီချင်းများ၊ ကဗျာလင်္ကာများကို ရေးသားသူဖြစ်ရာ သူ၏သီချင်းများ မည်မျှရှိသည်ကို စာရင်း ကောက်၍ မရနိုင် ဖြစ်သည်။

၁။ မဟာဂီတ မေဒနီ (ဦးရောက်)

၂။ မဟာဂီတအသစ် (သူရိယတိုက်)

၃။ မဟာဂီတ ပေါင်းချုပ်ကြီး (ဦးပြုံးချို)

၄။ ဂီတ ဝိသောဓနီ (ဦးမောင်မောင်လတ်)

၅၊ ရွှေနန်းထွက် မဟာဂီတကြီး (ဆရာမြိုင်)

၆။ မြဝတီ စာစုသီချင်းစု (မြဝတီဦးစ)

၇။ သဗ္ဗဂီတ တက္ကမပကာသနီ (ဝက်မစွတ် ဝန်ထောက်) ပေမူ

စသည့် ထင်ရှားသော ဂီတကျမ်းကြီးများတွင် မြဝတီမင်းကြီးဦးစ၏ သီချင်းများ အများ ဆုံး ပါဝင်နေသည်။ ပုဂံမင်းလက်ထက်တွင် မင်းတုန်းတောင်စဉ် ခုနစ်ခရိုင်စားမင်းသား က မြဝတီမင်းကြီး ငယ်ရွယ်ပျိုမြစ်စဉ်မှသည် အသက် ၈၃–နှစ်တိုင် မင်းအဆက်ဆက် ရေးသားခဲ့သော ကဗျာသီချင်းများကို သိတော်မူလိုသည်ဟုဆိုသဖြင့် မြဝတီမင်းကြီး ကိုယ်တိုင်စုဆောင်းပြုစုခဲ့သည့် စာမူကို ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးထံမှ ဖွဲ့စာပေ ဦးထွန်းရှိန်က ယူ၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။

ယင်းစာမူကို ဖတ်ရသောအခါ မြဝတီမင်းကြီးကိုယ်တိုင် ပြုစုရေးသားခြင်း

mgyoe.com

ဟုတ်မည်မထင်၊ မြဝတီမင်းကြီး ပြောပြသည်ကို တပည့်များက လိုက်၍ ရေးမှတ်ခြင်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ။ စာသားမူကွဲများကို သိရသည်မှာ အဖိုးတန်လှ သည်။ ပုံနှိပ်စာအုပ်တွေမှာကား စာသားအမှားတွေ ရှိနေသည်။ ထူခြားသည်မှာကား ယင်းစာမူကြီး၌ "ထူးမခြား နားသီချင်းခံ မပါရှိသဖြင့် ထူးမခြားနား သီချင်းကို မြဝတီ မင်းကြီးဦးစ မရေးကြောင်း ထင်ရှားသည်။ မြတ်စွာဘုရား၏ ရောင်ခြည်တော်ဘွဲ့နှင့် ပတ်သက်၍ ခြောက်သွယ်ရောင်ရှိန်၊ သီချင်းသာ ပါရှိပါသည်။ ထိုသီချင်းကို နောက်လူ တို့ မရကြတော့ချေ။

ဝက်မစွတ်ဝန်ထောက်မင်းကြီး မင်းထင်မဟာစည်သူသည် အရှင်နှစ်ပါး ပါ တော်မူပြီးသည့်နောက် တောင်ခွင်သာသနာပိုင်ဆရာတော်၏ ကျောင်း၌ရှိသော၊ ပေမူ များကို စုစည်း၍ သဗ္ဗဂီတ တက္ကမပကာသနီကျမ်းကြီးကို ပြုစုသည်။ ယင်းစာမူ၌ မင်းတုန်းမင်းကြီးနှင့် သီပေါမင်းလက်ထက်တွင် ဝက်မစွတ်ဝန်ထောက်မင်း ရေးသည့် သီချင်းအစုံ ပါဝင်သည်။ သတ္တမပိုင်းအထွေထွေကဗျာများကဏ္ဍတွင် အခြား မဟာဂီတ စာအုပ်များ၌ မပါရှိသည့် ကဗျာလင်္ကာများစွာ ပါရှိရာလွန်စွာမှ အဖိုးတန်လှပါသည်။ ယင်းစာမူသည် ယနေ့ထိ ပုံနှိပ်စာအုပ်အဖြစ် မရောက်သေးချေ။ ဝက်မစွတ်မင်း၏ ပေမူ မှာ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ထံမှာ ရှိသည်။ သီပေါစော်ဘွားကြီး ဆာစောချယ် ၏ပေမူမှာ ဆရာမကြီး ဒေါ်စောမြအေးကြည်ထံမှာ ကျန်ခဲ့၍ ယခုအခါ အမျိုးသား စာကြည့်တိုက်သို့ လှူဒါန်းထားသည်။

ဝက်မစွတ်ဝန်ထောက်မင်း၏ စာမူတွင် ထူးမခြားနားသီချင်းကို မြဝတီမင်းကြီး ဦးစ ရေးသည်ဟု ဆိုထားပြန်ပါသည်။ ကျွန်ုပ်သည် မြဝတီမင်းကြီးကိုလည်း မီလိုက် သည်။ ပြင်စည်မင်းသားကြီး (ထိတ်တင်ပု)ထံမှာလည်း တပည့်ခံခဲ့သည်။ ထို့ကြောင့် ဤစာစုကို သတ်ပုံသတ်ညွှန်းမှ စ၍ အထူး ဂရုပြုရေးသားပါသည်။ တစ်စုံတစ်ဦးက မိမိတို့ အတ္တနောမတိဖြင့် ပြင်ဆင်ခြင်း မပြုကြပါနှင့်ဟု အမှာစကား ရေးထားသည်။ စဉ်းစားစရာ ဖြစ်ပါသည်။

မြဝတီမင်းကြီးဦးစကား သံဆန်းတီထွင်၍ ပတ်ပျိုးသီချင်းများကို ရေးရာတွင် နာမည်ကြီးသွားသဖြင့် သံဆန်းဆရာဟုခေါ်သည်။ အဆိုပါ ပတ်ပျိုးသီချင်းများကို အောက် ပြန်ခေါ်လေးပေါက်သံကို မူတည်ထား၍ တီးရသည်။ စောင်းတွင် အောက်ပြန် သံစဉ်ကို ညှိ၍ တီးရသည်။ အောက်ပြန်မှာ အသံမြင့်နေသဖြင့် မိန်းကလေးများ သီဆို သောအခါ လွန်စွာ နားဝင်သာလှသည်။

မြဝတီမင်းကြီးဦးစသည် ကုန်းဘောင်ခေတ်တွင် သီချင်းများ မရေမတွက်နိုင် အောင် ရေးသွားသည့် ဂီတပါရဂူကြီးတစ်ဦး ဖြစ်သည်။

mgyoe.com

mgyoe.com

ကုန်းဘောင်ခေတ် ဆင်ဖြူရှင်ခေါ် မြေဒူးမင်းသည် အယုဒ္ဓယသို့ သွားရောက်တိုက်ခိုက်သိမ်းပိုက်၍ အနုပညာရှင်များ၊ အချက်ပြုတ် အကြော်အလှော်တတ်သူများ၊ ပန်းချီ ပန်းပုတတ်သူများကို နေပြည်တော်သို့ ခေါ်လာခဲ့၍ ချီးမြှောက်ထောက်ပင့်ထားသည်။ သို့ရာတွင် ဆင်ဖြူရှင် လက်ထက်တွင် စစ်မက်များ၍ ဘာမှမလုပ်နိုင်ခဲ့။ ၎င်း၏ သားတော် စဉ့်ကူးမင်းလက်ထက်တွင်လည်း ရှင်ဘုရင်ကိုယ်တိုင်က စိတ်မဝင်စား၍ ဘာမျှမလုပ်ခဲ့။

သက္ကရာဇ် ၁၁၃၄ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ စတုတ္ထ သားတော်ပဒုံမင်းသားကြီး နန်းတက်လာသောအခါမှ စာပေအနုပညာဘက်ကို ဂရုတစိုက် ဆောင်ရွက်နိုင်ခဲ့သည်။ ပညာရှင် (၈)ဦး ပါဝင်သော အဖွဲ့ကို ဖွဲ့၍ အယုဒ္ဓတိုင်း (ရွှမ်းပြည်) ဟရိဘုဥ္စတိုင်း (ယွန်းပြည်ဇင်းမယ်)မှ ဇာတ်သဘင် ဂီတပညာရှင်များနှင့် ညှိနှိုင်းကာ ရာမဇာတ်၊ အိနောင်ဇာတ်၊ ကေသာသီရိဇာတ်၊ သမ်ပတ္တဇာတ်၊ သမုဒ္ဒဃောသဇာတ်များကို စီစဉ် ရေးသားတင်ဆက် ကပြခဲ့သည်။

## ပညာရှင်အဖွဲ့

၁၁၅၁–ခု နတ်တော်လတွင် ပညာရှင် (၈)ဦးအဖွဲ့သည် လုပ်ငန်းစကြ၍ ရာမဇာတ်ကို အလျင်ကိုင်သည်။ နှစ်နှစ်ခန့်ကြာမှ ဦးစသည် နေပြည်တော်သို့ ရောက်လာသည်။ အိမ်ရှေ့အတွင်းဝန် ဇေယျသင်္ချာအမတ်ကြီးက မောင်စ၏ အရည်အချင်းကို အိမ်ရှေ့ကိုယ်တော်ကြီးထံမှာ လျှောက်ထားရာ အိမ်ရှေ့ဘဏ္ဍာစာရေးအဖြစ် ခန့်လိုက်သည်။ မောင်စ၏ အတိတ်ကြောင်းကို ပြန်ကြည့်လျှင်.......

စစ်ကိုင်းမြို့ အနောက်မိကျောင်း ဘက်ချောင်းရွာနေ ဦးပေါက်ကျော်၊ ဒေါ်ငြိမ်းသာတို့မှ သားမောင်စကို ၁၁၂၈ ခုနှစ်တွင် ဖွားသည်။ အဘ ဦးပေါက်ကျော်ဆိုသူမှာ ဘုရင့်နောက်တော်ပါမြင်းစီးကြီး၏သားဖြစ်သဖြင့် ထီးနန်းနှင့် မဝေးချေ။ အမိမှာ အမတ်ကြီး ဗညားကျန်းတော၏ မြေးဖြစ်၍ မှူးမတ်အစုဝင်ဖြစ်သည်။

မောင်စအသက် ၆ နှစ်တွင် ဖခင် အနိစ္စရောက်သည်။ အသက် ၁၁ နှစ်တွင် မဲထီးဆရာတော် ဦးပရမကျောင်းမှာ ကျောင်းသားဘဝ၊ ကိုရင်ဘဝနှင့် စာသင်သည်။ အသက် ၁၉ နှစ်ရှိသောအခါ ရဟန်းဘောင်သို့မတက်ဘဲ လူထွက်၍ မိခင်ကို လုပ်ကိုင်ကျွေးမွေးရင်း စစ်ကိုင်းမြို့ ပန်းတိမ်ဝန်ဟောင်း ဦးညွန့်သမီး မယ်အေးနှင့် အိမ်ထောင်ကျပြီး ပန်းတိမ်အလုပ်၊ ရွှေကျောက်ရောင်းဝယ်သည့်အလုပ်ကို လုပ်နေသည်။

မယ်အေးသည် ပထမကလေးကို မျက်နှာမြင်ပြီး ဆုံးသွားသဖြင့် မောင်စမှာ စိတ်ဓာတ်ကျပြီး ဇာတိရွာကို ပြန်လိုက်၊ စစ်ကိုင်းမြို့ကိုလာလိုက်နှင့် လတ်လျား လတ်

mgyoe.com

လျား ဖြစ်နေသည်။ နောက်တွေ့ အဆိုတစ်ခုအရ မောင်စသည် စစ်ကိုင်းမြို့ ဒေဝဒူတ ဘွဲ့ရ စောင်းဆရာကြီးထံမှာ ဂီတပညာကို သင်ယူသည်။ အိမ်ရှေ့အတွင်းဝန် ဖေယျ သင်္ချာအမတ်ကြီး စစ်ကိုင်းသို့ ရောက်လာခိုက် မောင်စကိုတွေ့၍ ရွှေမြို့တော်သို့ ခေါ်သွားကာ ရှေးဦးစွာ ဆိုင်းဆရာ ဦးတရုတ်ထံမှာ ကြေးနောင်တီး၍နေရသည်။ နောင်မှ အိမ်ရှေ့အတွင်းဝန်က အိမ်ရှေ့မင်းထံ လျှောက်ထားပေးသဖြင့် အိမ်ရှေ့ဘဏ္ဍာစာရေး ဖြစ်ရသည်။ ထိုအခါ အသက်၂၅ နှစ် ရှိပြီဟု မြဝတီစာစုနှင့် သီချင်းစုမှာ ဦးစကိုယ်တိုင် ရေးထားသည်။

အိမ်ရှေ့စံ ရွှေတောင်မင်းသားကြီး တောင်ငူဘက်သို့ ခရီးထွက်နေခိုက် အမရပူရ နေပြည်တော်တွင် မဟာဝင်ကျမ်းထွက် ဝိဇယပြဇာတ်ကို ခင်းကျင်းကပြရာ ဝိဇယမင်း သားနှင့် ငယ်ကျွန်တော်များ ပင်လယ်တွင်းသင်္ဘောလွှင့်သော အခန်း၌ သီဆိုရန် သင်္ဘော ပင်လယ်လွှင့်ချင်း တစ်ပုဒ်ကို အသက် ၂၅ နှစ်က ရေးသည်ဟု အဆိုပါ မှတ်တမ်းတွင် ဖော်ပြထား၏။ အီနောင်ဇာတ်ကို မကိုင်ခင် သီချင်းအချို့ကို ရေးသွားသည်ဟု ယူဆရ သည်။

အီနောင်ဇာတ်ကိုကိုင်သောအခါ စာသားကို မည်သူရေးသည်ဟု မသိရ။ မက္ခရာ မင်းသားကြီး၊ မိုးတားဝန်ထောက် နေမျိုးကျော်စွာတို့မှာ သဘင်ဘက်ကို စိတ်အား ထက်သန်ခြင်း မရှိလှ။ ကဗျာလင်္ကာနှင့် အဘိဓာန်ပြုစုရေးကိစ္စတွင် စိတ်ဝင်စားနေသဖြင့် ၎င်းတို့ အကူအညီရတော့မည်မထင်၊ မိဖုရားဟောင်း သခင်မင်းမိနှင့် တောင်ငူမင်းသား တို့လက်ထက်သွားပြီဖြစ်၍ သဘင်နှင့် ဝေးသွားကြဟန် တူသည်။ ရွှေတိုက်စိုး ဦးတိုး တစ်ယောက်သာ ကျန်တော့သဖြင့် အီနောင်စာသားကို ဦးတိုးနှင့် ဦးစတို့ရေးမည်ဟု ယူဆရပါသည်။ ဂီတသီချင်းများကိုမူ ဦးစ တစ်ဦးတည်းသာ ရေးရလေသည်။

ရေးရာတွင် ပတ်ပျိုးလည်းပါသည်၊ ယိုးဒယားလည်း ပါသည်။ ဒါဟန်ပြည့်ရှင် သည် တူတော် အီနောင်မင်းသားကို စိတ်ဆိုး၍သမီးတော် ပွတ်စပါးကို အရုပ်ဆိုးဆုံးမင်း သားစရကားနှင့် ထိမ်းမြားလက်ထက်ရန် သဘောတူလိုက်သည်။ လက်ထက်နန်းကို ကြီးကျယ်စွာ ဆောက်လုပ်၍ မင်္ဂလာရက် နီးကပ်လာသောအခါ အီနောင်မင်းသားသည် ညဥ့်အချိန်တွင် လက်ထက်နန်းကိုမီးတင်ရှို့၍ လူတွေရုတ်ရုတ်သဲသဲဖြစ်နေစဉ် ပွတ်စပါး မင်းသမီးကို ခိုးထွက်ပြေးသွားကာ တောတွင်းရှိ ကျောက်ဂူကြီးအတွင်း၌ ထားသည်။

နောက်နေ့ အီနောင်မင်းသား မြင်းစီး၍ ရွှေနန်းတော်သို့သွားနေခိုက် ပွတ်စပါး မင်းသမီး ပန်းခြံတွင်း၌ရှိစဉ် လေဆင်နှာမောင်းတိုက်ခတ်၍ မင်းသမီးနှင့် အထိန်းတော် ကြီးတို့သည် ရထားနှင့်အတူ လွင့်ပါသွားရသည်။

အီနောင်မင်းသား ပြန်လာသောအခါ မင်းသမီးကို မတွေ့ရသဖြင့် စိတ်ဝမ်း

mgyoe.com

mgyoe.com
ကြေကွဲကာ လက်စွဲတော်နှင့်အတူ မတွေ့မချင်း ရေမြေဆုံးတိုင် လိုက်လံရှာကြစို့ဟု ပြောကာ စတင်ခရီးထွက်သောအခါ သီဆိုရသည့်သီချင်း ယိုးဒယားမှာ

– သောင်းရွှေ့လယ်ပိုင်စိုး၊ မိုးနတ်မယ်၊ ရွှေသည်းကျွမ်းမျှ၊ လွမ်းရတယ်....၊ ပူပုံပွေလို့သာ ကြွေမည့်နှယ်၊ ကုန်ခြေပန်းလို့ လှမ်းနိုင်ဖွယ်၊ ဘယ်မြိုင်ညို ကသာကြိုရမယ်၊ ကြံရည်ရှယ်လို့သာ ငယ်ညိုးဆွေး...။

– အို...ပန်းပါဘိ၊ လှမ်းခြေယူနှေး၊ ပူရေးပိုခဲ့ပြီ၊ စခန်းကြော့နန်း မြေဝေး၊ မြူမှေးညို လဲ့စိ၊ ခါနွှေကြော့ဦး ညှာကြွေတော့မူး၊ လေရူးဆော်လှူ့ချီ။

ဤသီချင်းကလေးမှာပရိတ်သတ်၏ အသည်းကို ဆွဲလှုပ်လိုက်သလို ခံစားရမည်ဟု ထင်ပါသည်။ ဇာတ်လမ်း အခြေခံက လွမ်းစရာကောင်းနေသည့် အာလမ္ဗတာဝိဘာဝ၊ ဂီတသီချင်း တေးဂီတသံက မြှင့်တင်ပေးလိုက်သည့် ဥဒ္ဒီပနဝိဘာဝ နှစ်ပါးကြောင့် ကရုဏာရသသည် အထွတ်အထိပ်သို့ ရောက်သွားရသည်။ ဆက်လက်ကြည့်ပါဦး။

ပွတ်စပါး မင်းသမီးကလေးနှင့် အထိန်းတော်ကြီးတို့သည် အမည်မသိ တောကြီးတစ်ခုအတွင်းသို့ ကျရောက်သွားကာ မိန်းကလေးနှစ်ဦးတည်း မသွားတတ် မလာတတ်၊ အားကိုးစရာမရှိ။ မည့်သူ့ကို အပြစ်တင်ရမှန်း မသိ။ ဘိုးတော်သိကြားမင်း၏ မြေးတော် များဖြစ်၍ ယခုလို ဒုက္ခရောက်နေသည်ကို ဘိုးတော်သိကြားမင်း လျစ်လျူရှုနေနိုင်ရက်သည်ဟုသာ ညည်းတွားငိုယိုကြလျက် ခြေဦးတည့်ရာ လျှောက်သွားနေစဉ် အောက်ပါ ယိုးဒယားသီချင်းကလေးကို သီဆိုပေးရသည်။

– အို...ဖော်ကွာဝေးသူမို့ ဆွေးပူရတယ်၊ မြင်လာစမ်းပါလှဲ့ နန်းနေညွန့်နွယ်၊ ကန္တာလယ်တောရယ်က သာမောဘွယ်၊ တိမ်စွယ်ဘုံလယ် ဝေယံဖျား၊ သနားငယ်ဖန်တော်သာ၊ မြိုင်ဟေမာကူးမိမှား။ ။ အို– ဖန်ရှေစာ ဘယ်ဆီမှာလွမ်းဗျာပါ ရေးကပွား။ ။ များပူလိမ့်သွယ်သွယ်၊ မြိုင်လယ်စုံခြေ၊ သာစွပန်းထွေထွေ။ ။ လေလေလေညွတ်ရာ အေးညံ့ညှင်း၊ ဖိဖိဖိ ဝတ်ကယ် မွှေးပျံ့သင်း...။

ဤတွင် မင်းသားထက် မင်းသမီးကို ပို၍ ကရုဏာဖြစ်ကြပါလိမ့်မည်။ မဟာဂီတစာအုပ်ကြီးများတိုင်းတွင် ဖော်ကွာဝေးသီချင်း ပါရှိနေသော်လည်း ဘယ်နေရာ ဘယ်ဇာတ်ကွက်အတွက် အသုံးပြုခဲ့သည်ဟု မသိကြသဖြင့် ယခုလို ဖော်ပြရပါသည်။

သိကြားမင်းလည်း ဝိသကြုံနတ်သားကိုခေါ်၍ ပွတ်စပါးမင်းသမီးနှင့် အထိန်း

mgyoe.com

တော်တို့ကို ဘေးအန္တရာယ်မရှိအောင် စောင့်ရှောက်ရမည်။ ယောကျ်ားကလေးဝတ်စုံကို ဝတ်ဆင်စေ၍ သံလျက်ကို ပေးခဲ့ရမည်။ သံလျက်တွင် ဘမော်တန် မင်းသားဟု စာတန်း ရေးထိုးထားရမည်ဟု ခိုင်းစေသည်။ ဝိသကြုံနတ်သားသည် ဆင်းလာ၍ အဝတ်အစား နှင့် သံလျက်ကို ပေးကာ ပြန်သွားသည်။

ဘမော်တန်ပြည့်ရှင် ဘုရင်ကြီးလည်း တောကစားထွက်လာရင်း တွေ့သွား သဖြင့် တိုင်းပြည်သို့ခေါ်သွားကာ သားအဖြစ် မွေးစားထားသည်။ ပွတ်စပါးမင်းသမီးမှာ မိန်းကလေးဖြစ်ပါလျက် ယောကျ်ားလေးယောင် ဆောင်နေရသည်မှာ တာဝန်ကြီးလှ သည်။

အီနောင်မင်းသားနှင့် လက်စွဲတော်တို့လည်း တောတန်တန် တောင်အထပ် ထပ် ရှာဖွေ၍မတွေ့သဖြင့် ပဇောင်တောင်သို့ ရောက်သောအခါ စိတ်ပြေလက်ပျောက် ဆိုသလို ရသေ့ဝတ်ကာ ကမ္မဋ္ဌာန်းအားထုတ်၍ နေလိုက်သည်။

ဘမော်တန်မင်းသားလည်း ခမည်းတော်ကိုခွင့်တောင်း၍ တောကစားထွက်လာ ခဲ့ရာ ပဇောင်တောင်သို့ရောက်လျှင် ရသေ့ကလေးနှင့်တွေ့၍ မောင်တော် အီနောင်မင်းသား နှင့် တူလိုက်တာဟု ထင်မိသည်။ ရသေ့ကလေးကလည်း နှမတော် ပွတ်စပါးနှင့် တူလိုက် တာဟု ထင်နေရသည်၊ အချင်းချင်း မစွပ်စွဲဝံ့ကြ။ သူတို့ချင်း မသိကြ။ ပွဲကြည့်ပရိသတ် က သိနေကြသည်။ အဗ္ဘုတရသ၊ အံ့သြခြင်း၊ မချင့်မရဲ ဖြစ်ရခြင်း ရသကို ပေးထားသည်။

ရသေ့ကလေးနှင့် ဘမော်တန်မင်းသားကလေးတို့သည် အချင်းစကားပြောကာ ဆိုကာ နေရသည်ကို ကြည်နူးပျော်ရွှင်နေကြသည်။ သုံးရက်ရောက်သောအခါ ဘမော် တန်မင်းသားကလေးက ပြန်တော့မည်ဟု နှုတ်ဆက်အထွက်တွင် ရသေ့ကလေးက ကျောင်းတံခါးဝအထိ လိုက်ပို့သည်။ သူတို့နှစ်ဦး မခွဲချင်ခွဲချင်နှင့် ခွဲ၍အသွားတွင် အောက်ပါ ယိုးဒယားသီချင်းကလေးကို သီဆိုပေးသည်။

– ဖြူပြာမှုယာ သူဇာနေလို နတ်ကယ်ရွှေကိုယ် ထင်မိမှား။ ။ စက်ပန်း ညောင်ဖြဒုံက နန်းဘုံမြင့်ဖွား၊ တနိုင်ငံမြိုင်ယံခြင်း၊ ကြံအားဆောင် လို့ ကြိုးနှောင်ရှာတယ်၊ မိုးဣန္ဒာနွယ်။ ။ မြတ်မျိုး ဒါဟန်မယ်က ညာဏ်ခြယ်လှယ် သဥ္ဇာငြိမ့်မှာ၊ မြင်တော်ရှာလိမ့်နိုး။ ။ဘွေ့ဆိုင်ခွေ ယိုင်ပူပုံပျိုး၊ တန်ခိုးကြေညာ ဒေဝါမင်း၊ ဖန်ဆင်းကူလို့ သူမညီ၊ ကျွန်းမာလာ ပင်လယ်ခြား သနားရန်ဖို့ လွမ်းတာကိုယ်စီ၊ ဝေးကွာ ခဲ့ပြီ.....။

ဤပတ်ပျိုးသီချင်းကို ဂီတဝိသောဓနီစာအုပ်တွင် ဦးဝိုင်းရေးသည်ဟု ပါရှိနေ သည်။ မြဝတီစာစုနှင့် သီချင်းစုစာအုပ်တွင် ဤသီချင်း ပါရှိနေသဖြင့် မြဝတီမင်းကြီး

ဦးစ ရေးခြင်းသာ ဖြစ်နိုင်ပါသည်။

ဘမော်တန်မင်းသားကလေးသည် ဘဒွေးတော် ကာလံဘုရင်ထံသို့ သွားသည်။ ရသေ့ကလေးမှာလည်း မနေနိုင်တော့။ လူထွက်ကာ လူစွမ်းကောင်း တောသားပန်းရည် အမည်ယူကာ ကာလံပြည်သို့ လိုက်လေသည်။ သူတို့နှစ်ဦး တွေ့ကြပြန်ပြီ။ အချင်းချင်း မသိကြ။ ပွဲကြည့်ပရိသတ်ကတော့ သိနေသည်။ မချင့်မရဲ ဖြစ်စေသည့် အဖျူတရသကို ခံစားနေရသည်။ ၎င်းတို့ချင်း မနီးမဝေး စံတော်အိမ်မှာ တည်းခိုနေရသည်။

ညဦးသန်းခေါင်ကျော်၍ သုံးဗဟိုရ် တီးပေပြီ။ ဘမော်တန်မင်းသားသည် ဘဒွေးတော်ထံ ဝင်ရောက်ဖူးတွေ့ပြီးနောက် ဂါဟာပတ္တိအိမ်သို့ ပြန်ရောက်သည်နှင့် အထိန်းတော်ကြီး၏ ရင်ခွင်တွင်းသို့ ပစ်လှဲကာ မျက်ရည်သွန်ချလိုက်သည်။

ဒီတစ်သက် မောင်တော်ကို တွေ့ပါဦးမလား။

အို... ပျောက်သောသူ ရှာရင်တွေ့ဆိုသလို တစ်နေ့တော့ တွေ့ရမှာပေါ့ သမီးရယ်။

အထိန်းတော်ကြီးက ပိုက်ပွေ့ယုယ၍ ချော့မော့ရသည်။ အထိန်းတော်ကြီး၏ ရင်ခွင်မှာပင် ငိုရှိုက်ရင်း၊ ညည်းညူရင်းနှင့် မေးစက်ပျော်သွားသည်။ နိုးလာသောအခါ လသာ ဆောင်သို့ထွက်၍ လမင်းကြီးကို ကြည့်လိုက်သည်။ သုံးဗဟိုရ်တောင် ရှိပါပကောလား။

အထိန်းတော် အမေ၊ စောင်းတော်ကို ဆက်ပါ၊

စောင်းကို ယုယပိုက်ပွေ့ကာ ကြိုးများကို စမ်းသပ်ညှိပြီး

– သုံးယံသာ ကျူးပါတော့ကြော့မွှေးငယ်၊ သည်ပွပုံသံပျောင်း၊ ရွှေစောင်းက အသွယ်သွယ်၊ တိမ်ခိုးငယ်နှင့် မိုးတနယ်။ ဘုံစွယ်ဝေယံဗိမာန်တောင်နန်း၊ ထင်မိယောင် ရှင်ညီနောင် တောနေရပ်ဆောင်၊ သည်းခေါင်သည်းခေါင် ကြွေလုပန်းမျှလေ....။

(မဟာဂီတ စာအုပ်များတွင် ဤသီချင်းကိုသန်းယံကျူးဟု တွေ့ရသည်။ အမှန်မှာ သုံးယံကျူးသာ ဖြစ်သည်။ ညဦးသုံးယံကျူး၍ မိုးလင်းလုပြီဟု ဆိုလိုသည်။ ဖိုးခေါင်ငှက်ကလေးတွင် မြည်သံ ကြားနေရပြီဟု ဤသီချင်းမှာ ပါနေသည်ကို ထောက်ပါ။)

စောင်းသံကြားနေရသူ တောသားပန်းရည်မှာ အိပ်၍ မပျော်နိုင်တော့။ နံနက်လင်းသည်နှင့် ဘမော်တန်မင်းသား၏ စံအိမ်တော်သို့ သွားတွေ့သည်။

ညဦးက ကြားရတဲ့ ညီတော်ရဲ့ စောင်းလက်သံမှာ သာယာလှဘိခြင်း၊...

နောင်တော်ကိုတော့ မိမယ် မထင်ပါ

အို–နောင်တော့ လက်သံကို ကြားဖူးလို့လား

mgyoe.com

(စကားမှားမယ်မှန်း သိသဖြင့် ဘမော်တန်မင်းသားမှာ မျက်နှာပျက်သွားပြီး မယုတ်မလွန် ပြန်ဖြေလိုက်သည်)

မကြားဖူးပေမဲ့ နောင်တော်ရဲ့ရုပ်ရည်ကို မြင်ကတည်းက တော်မယ်မှန်း သိပါတယ်။

(ဒါဖြင့် သည်ည လာခဲ့မယ်နော်၊ လာခဲ့ပါ နောင်တော်–

သူတို့နှစ်ဦးသည် ထိုည လသာဆောင်မှာ စောင်းအပြိုင်တီးကြသည်။ အချင်းချင်း အကဲခတ်ကြသည်။

**– သဲလောင်ကြွေကျွမ်းအောင်လို့၊ ပူဝန်းပယ်ဖွဲ့နွဲ့ရာသီ၊ ဖက်ဆွတ်ကယ်ပင်မင်း၊ အင်ကြင်းကမွေးလှိုင်ချီ၊ ညှာစိလဲ့ဝေ၊ ဖိုးခေါင်သာမော၊ ဥသြက လွမ်းရန်ထွေ။ ။ တိမ်ပန်းငယ်ခြွေ၊ ပြာခြေလေ ဝါရွှေလေ၊ သာငွေမြရော။ ။ မြပန်းလွှာ၊ မိလ္လာရေယဉ်နှောလို့လေ၊ တောင်ပေါင်းရံ၊ ကာလံမြေမြင့်ကြောမှာတဲ့လေး.....။**

ဤသီချင်းကို ရှေးဆရာကြီးများသည် စောင်းလက်စွမ်းပြဆရာစားချန်ထားသည့် သီချင်းဖြစ်ပါသည်။ နှောင်းလူတို့ မဆိုနိုင်၊ မတီးနိုင်ကြတော့ပါ။ ဤသီချင်းနှင့်ပတ်သက်၍ ရာဇဝင် ရှိခဲ့သည်။

သီပေါမင်းသား ကိုရင်ဘဝမှ လူထွက်၍လာကာ မင်းသားတို့တတ်အပ်သည့် စောင်းတီးပညာကို သင်ယူရန် စောင်းဆရာကြီး ဦးဖူးခေါင်ကို ခေါ်ခိုင်းသည်။ ဦးဖူးခေါင်က မင်းသားကြီးတွေကို သင်ပြနေရ၍ မအားနိုင်၊ သီပေါမင်းသားလေးအတွက် အချိန်မပေးနိုင်ဟု ဆိုလိုက်သည်။ သီပေါမင်းသား၏ မယ်တော်မှာ ရာထူးမှကျ၍ သီလရှင်ဝတ်နှင့်နေရသည့်အခါ မျက်နှာငယ်နေချိန်ဖြစ်သည်။

သို့ရာတွင် သီပေါမင်းသားသည် မင်းသားကြီးများကိုကျော်၍ ဘုရင်ဖြစ်လာသောအခါ ဦးဖူးခေါင်အဖို့ အနေကျပ်လာတော့သည်။ နန်းတော်မှထွက်၍ အပြင်တွင် နေနေရသည်။ အိမ်နောင်နန်းတွင် ဇာတ်တော်ကြီးကို တင်ဆက် ကပြကြသောအခါ အထက်ပါ စောင်းအပြိုင် တီးခန်းသို့ရောက်လျှင် သဲလောင်ကြွေကျွမ်း ပတ်ပျိုးသီချင်းအား အကောင်းဆုံး တီးနိုင်သူကို ဆုငွေ ၁၀၀၀ိ ပေးမည်ဟု သီပေါမင်းက ပြောထားသည်။

သဘင်ဝန်ကြီးမှာလည်း ဤသီချင်းကို ဖြစ်ကတတ်ဆန်းတီး၍မဖြစ်၊ အကောင်းဆုံးတီးနိုင်မှဖြစ်မည်ဟုဆိုကာ စောင်းဆရာကြီး ဦးဖူးခေါင်ကို တိုးတိုးတိတ်တိတ်သွား၍ ခေါ်ထားသည်။ ပွဲကပြ၍ ပြီးသောအခါ သီပေါမင်းက စောင်းတီးသူအလွန်ကောင်း ကြောင်း ဆုတော်ငွေချမည်၊ စောင်းတီးသူမည်သူနည်းဟု မေးသောအခါ သဘင်ဝန်ကြီး

mgyoe.com

mgyoe.com
က ဦးဖူးခေါင် ဖြစ်ပါသည်ဟု လျှောက်တင်လိုက်ရာ သီပေါမင်း မျက်နှာတော်ညိုရှိ ဆုမပေးဘဲ ထွက်သွားသည်။

ဦးဖူးခေါင်လည်း ရိပ်မိကာ အိမ်သို့ပြန်ရောက်လျှင် မိမိ၏စောင်းကြီးကို ရိုက်ချိုးကာ တိတ်တဆိတ် အောက်ရပ်အောက်ပြည်သို့ ရှောင်ထွက်သွားသည်ဟု ဆရာမကြီး ဒေါ်စောမြအေးကြည်က ပြောပြဖူးပါသည်။ သည်းလောင်ကြွေကျွမ်း ပတ်ပျိုး၊ စုံနယ် သာစွ ပတ်ပျိုး၊ ကျူးသီဖွဲ့ဝန်း ပတ်ပျိုး၊ မုရိုးငယ်တည့်ထက်စည်သံ ပတ်ပျိုးတို့မှာ ရှေးဆရာကြီးများ ဆရာစားချန်ထားတတ်သည့် အခက်သီချင်းများ ဖြစ်ပါသည်။ ယခု ဤသီချင်းများကို ဆိုနိုင် တီးနိုင်သူ မရှိတော့။ မြဝတီမင်းကြီး၏အမွေ တိမ်ကောသွားရသည်မှာ နှမြောဖို့ ကောင်းလှသည်။

. အိနောင်ဇာတ်တွင် ဒါဟန်ပြည်ဘုရင်၏သမီးတော် ပွတ်စပါးမင်းသမီးကလေး၏အလှကို ဖော်ပြသည့်အခန်းသည် အလွန်အရေးကြီးသည်။ အရုပ်ဆိုးမင်းသား စရကား၏တိုင်းပြည်မှ မင်းသမီးကလေး၏ပုံကို ရေးဆွဲရန် ရောက်ရှိနေသည်။

အပျိုတော်ကြီးများက မင်းသမီး ရေကန်ဆင်း၍ ဦးခေါင်းဆေးလျှော်ခြင်း၊ ရေချိုးခြင်းပြုသည့်အခါမှာ ပန်းချီပုံ ရေးဆွဲပါဟုဆို၍ ရေကန်ဆင်းမည့်နေရာတွင် ပန်းချီဆရာသည် ပစ္စည်းများကို ပြင်ဆင်၍ အသင့်စောင့်နေသည်။

အပျိုတော်ကြီးများ ခြံရံ၍ ပွတ်စပါးမင်းသမီးကလေးသည် တစ်ပင်တိုင်နန်းမှ ဟံသကုဏ္ဍလာ ရေကန်တွင်းသို့ ဆင်းလာသည်ကို မြင်ရသည့် ပန်းချီဆရာမှာ အံ့သြခြင်းဖြင့် ကြက်သေသေ၍နေလေသည်။ မင်းသမီးကလေး ခေါင်းလျှော် ရေချိုးပြီး နန်းတော်ပေါ်သို့ ပြန်တက်သွားမှ သတိရကာ အပျိုတော်ကြီးများကို တောင်းပန်၍ နန်းတော်ပေါ်မှာပင် ပုံဆွဲခွင့်ပြုပါဆိုသဖြင့် မင်းသမီးကလေး အဝတ်အစားလဲလှယ်ပြီး မှန်ခုံတော်၌ အလှပြင်နေစဉ်တွင် ပန်းချီဆရာသည် ပုံ(၂)ပုံကို ရေးဆွဲကာ သူ့တိုင်းပြည်သို့ သုတ်ခြေတက်ကာ ပြန်သွားသည်။

မင်းသမီးကလေး ဟံသကုဏ္ဍလာရေကန်တွင်းသို့ ဆင်းသည့်အခန်းတွင် မြဝတီမင်းကြီးဦးစသည် အောက်ပါပတ်ပျိုးသီချင်းကြီးဖြင့် တီးမှုတ်သီဆိုပေးသည်။

– **အထူးထူးငယ်နှင့် မြူးပျော်ဘွယ်ပေ၊ ထွေထွေလာလာ၊ သာမျိုးငယ်ဆန်း...၊ နန်းကြာညို ကြော့စံမယ်၊ နတ်ကယ်မူရာ၊ ဖြူပြာသွယ်နွဲ့၊ကုံတယ်ယဉ်တယ်၊ ရွှန်းရွှန်းလန်းလို့၊ မျှော်ရေး ငယ်ပန်း......၊**

**အလို ခါနွေဦး၊ ဖူးစီညွန့်လန်း။ ။ ရွှေမာပင်နန်း၊ သာသည့်မယ်မောင်၊ ပန်းရည်ပျော့တောင်။ ။ ခေါ်ယောင်ယောင်သံရင့်လေး၊ စိမ်းညိုလဲ့ကျေး ။ ။ လေပြည်ဆော်သွေး ပျံ့လှာစုံမြိုင်၊ ပန်းစုံကကြိုင်၊**

mgyoe.com

**အလို သင်းကြိုင်တယ်၊ အလိုနှင်းလှိုင်တယ်၊ ခိုင်တည့်သာ ခိုင်ရွှေ ညာ။ ။ သာမျိုးငယ်ထူး၊ တစ်ပင်ပျံကူး၊ ကျေးသိုက်ဖွဲ့မြူး.....။**

အထူးထူး၊ မှိုင်းပြာမှုံဝေ၊ ဘုံပျံနေနန်း၊ ကုန်းဘောင်ပရမေ၊ အစချီ ပတ်ပျိုးကြီး(၄) ပုဒ်ကို မဟာဂီတ၏ အဆင့်အမြင့်ဆုံးထိပ်တန်းသီချင်းများအဖြစ် ပညာရှင်များ သတ်မှတ် စံထားခဲ့ပါသည်။ မြဝတီမင်းကြီး၏ လက်ရာများပင် ဖြစ်ပါသည်။

အိီနောင်ဇာတ်ကြီးကို တစ်ညလျှင် (၃) နာရီ၊ ၄၅–ည (၁၃၅)နာရီ၊ ရွှေနန်းတော် အတွင်း၌ ကပြရသည်ဟု သိရသည်။ ဇာတ်ခုံအခင်းအကျင်းကို သိလိုပါသည်။ မှတ်တမ်း မှတ်ရာ မတွေ့ရပါ။ အိီနောင် နန်းတွင်းဇာတ်တော်ကြီးပေမူ အင်္ဂါ(၈၀)ခန့်ရှိသော ပေစာ ထုပ်ကြီး (၂)ထုပ်ကို အမျိုးသားစာကြည့်တိုက်၌ တွေ့ရပါသည်။

ဦးစသည် အသက် ၂၅ နှစ်တွင် အိမ်ရှေ့စံအိမ်တော်သို့ရောက်၍ အိီနောင် နန်းတွင်းဇာတ်ကြီးကို ရေးသားတင်ဆက်လိုက်ရာ အကျော်အစောဖြစ်သွားသည်ဟု ရှေး မှတ်တမ်းတစ်ခုက ဆိုသည်။

အသက် ၃၀ ကျော်မှာပင် နန်းတွင်းသားတို့၏အချစ်တော် ဖြစ်လာရသည်။ စာပေသမားလည်းဖြစ်၊ ဂီတသမားလည်းဖြစ်သဖြင့် လူတိုင်းက ခင်မင်လေးစားကြ သည်။ ဗဒုံမင်းကြီး၏သမီးတော်များကပင် စစ၊ စစနှင့် ခေါ်ကြရာမှ အားလုံးက စစ ဖြစ်ကုန်ကြသည်။

ဗဒုံမင်းကြီးသည် အညာသီဟတောဘုရားသို့ သွားရောက်ဖူးမြော်ရာ မြစ်၏ အလယ်၌ရှိသော ဘုရားကုန်းမြင့်ပေါ်မှနေ၍ကြည့်လျှင် ငထွေငါးကြီးများကို အစုလိုက် အပြုံလိုက် မြင်ရသည်။

ထိုအခါ ဦးစက

– **လွှမ်းလှ၍**
  **မအေ့ကိုတဲ့မှာလိုက်မယ်**
– **မြစ်မှာလေ**
  **ငထွေကိုမမြင်စမ်းစေရ**
  **တမ်းယောင်မိတယ်**
– **စုံတဝန်း**
  **ထုံမွှန်းပျံ့အလယ်မှာ**
  **တောင်နယ်ကညိုရင့်**
– **ရွက်သစ်သာလောင်းတော့**
  **ရွက်ဟောင်းညှာကြွေသည့်**

mgyoe.com

mgyoe.com

သီဟာသွေ ရွှေဘုမ္မိငယ်မှာ
ဆွေးဘိသည်နှင့်

ဟု ကဗျာစပ်ဆိုလိုက်သည်။ ထိုအခါ သမီးတော်ပုသိမ်ထိပ်ထားက

"စစသီချင်းမှာ တောတောင်ရေမြေဘွဲ့ အလွန်သုတိသာယာ ရှိလှပါသည်။ ငထွေကြီးက အဆင်မပြေပါ။ ငထွေကို ပြင်ပါဦး စစရယ်"ဟု ပြောသည်။

ထိုအခါ ဦးစက

"ဘယ်နှယ့်မိန့်တော်မူပါသလဲ ထိပ်ထားဘုရား။ သည်ငထွေကိုပင် အမှုခံပြု၍ ရေးရပါတယ်။ ငထွေကို မပြင်နိုင်ပါကြောင်း ဘုရား"

ဟု လျှောက်သည်။ ဦးစသည် ဟာသဉာဏ်လည်းရှိ၍ ပျော်ပျော်ရွှင်ရွှင် နေတတ်သူဖြစ်ခြင်းကြောင့် လူတိုင်းက ချစ်ခင်ကြသည်။ မြန်မာရာဇဝင်တွင် ဗဒုံမင်းကြီး၏ ခေတ်သည် အလွန်အေးချမ်းသာယာသောခေတ် ဖြစ်သည်။ စားဝတ်နေရေးကိုလည်း မပူရ။ ထို့ကြောင့် မိမိတို့ ဝါသနာကြီးရာ စာပေဂီတသဘင် ပညာတို့ကို အားကြိုးမာန်တက် ဆောင်ရွက် လုပ်ကိုင်နိုင်ကြသည်။ နောက်တစ်ခုရှိသည်မှာ အာဏာရှိသောသူကလည်း နားလည်ကျွမ်းကျင်၍ စနစ်တကျ ခိုင်းစေတတ်သောကြောင့်လည်း တိုးတက်လာရသည်။ အိမ်ရှေ့စံ ရွှေတောင်မင်းသားကြီးသည် အဖက်ဖက်ကတော်သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ သူ့လက်ထက်တွင်

၁။ ဂီတသဘင်အဖွဲ့

၂။ ကျောက်စာအဖွဲ့

၃။ မြန်မာစာသတ်ပုံအဖွဲ့

၄။ မြန်မာရာဇဝင်အဖွဲ့

၅။ သာသနာသန့်စင်ရေးအဖွဲ့

များကို ဖွဲ့ကာ ဆောင်ရွက်ခဲ့သည်။ လက်ဝဲနော်ရထာ ဦးနေ၊ လက်ဝဲသုန္ဒရ ဦးမြတ်စံ၊ တွင်းသင်းမင်းကြီး ဦးထွန်းညိုတို့ကဲ့သို့ ထိပ်သီးပညာရှိများလည်း ရှိနေကြသည်။ မုံရွေးဇေတဝန်ဆရာတော် အမှူးပြုသော လောကဓမ္မရာဇ စွယ်စုံကျွမ်းကျင်သည့် ဆရာတော်များကလည်း ရှိနေကြသည်။

ဗဒုံမင်းကြီးသည် အိမ်ရှေ့စံသားတော်ကြီးကို အရာရာ၌ ယုံကြည်စိတ်ချ လွှဲအပ်ထားကာ မင်းကြီးမှာမူ မန္တလေးအထက် (၇)မိုင်အကွာရှိ နန်းတော်ကျွန်းတွင် စံနန်းတော်ဆောက်လုပ်၍ သွားရောက်နေထိုင်သည်။ နန်းတော်ကျွန်းသည် ဧရာဝတီမြစ်ရေတွင်းသို့ ထိုးထွက်နေသောကျွန်းဖြစ်၍ နွေဦးရာသီတွင် အလွန်သာယာသည်။ ပန်းမန်သစ်ပင်တို့ ဖူးပွင့်ကြ၍ ကျေးငှက်သာရကာတို့နှင့် ကြည်နူးဖွယ်ရှိလှသည်။ သာလည်းသာယာ

mgyoe.com

သည်။ ဆန်းလည်း ဆန်းကြယ်သည်။ ဤတွင် မြဝတီမင်းကြီး ဦးစ၏ နှလုံးသား၌ ခံစားမှု တေးတစ်ပုဒ်ကို ရေးထုတ်လိုက်သည်။

– သာဆန်းငယ်တည့် ရဂုံဘွေ၊ ညှင်းပြေပြေလေပြည်လောင်း၊ ညှာခြေ စိမ်းရင့်မောင်း။ ။ ညောင်းရွက်ကယ်တည့် ကြွေလေဟန်၊ မြညှာ ရွှေ ရည်စုံ။ ။ သင်းကျုံကျုံလေတည့် ဝင်းတဲ့ဝင်းလျှံလျှံ၊ ကျူးကျော်ညံလေ တည့်မှ၊ မြူးတဲ့ မြူးပျော်စုံ။ ။ မြယွန်းဘုံတိမ်ယံက ဖန်လာမြူခိုး၊ ဖြိုးဖြိုး အုံ့ညို၊ မှုံ့ရီတည့် ထွေထူးဆန်း.....။

မဟာဂီတနယ်တွင် အနုဆုံး အစိတ်ဆုံး၊ အညက်ဆုံးဟု ရှေးဆရာကြီးများ ချီးကျူးပြောဆိုကြသည့် သာဆန်းရဂုံဘွေ ပတ်ပျိုးဖြစ်ပါသည်။ မြဝတီမင်းကြီးဦးစ၏ နက်နဲ ဆန်းကြယ်သောပညာကို အံ့သြချီးကျူးရသည်။ သီချင်းအဆုံး၏ အချသဖြန် ကလေးကလည်း အလွန်လှသည်။

– လဲရွှေကကျုံ
ငှက်သံကညှဦး
– တိမ်ခိုးငယ်စီစီနှင့်
မှိုင်းဝေရီခါနွေဆန်းငယ်ကို
ထုံပန်းကသင်း။

နွေဦးရာသီ၏သဘာဝ၊ နွေဦးရာသီ၏အလှကို ဤကဗျာကလေးက ပြက် ပြက်ထင်ထင် ဖော်ပြနေပါသည်။

ဗဒုံမင်းကြီးသည် နောင်တော်ဆင်ဖြူရှင်၏ အင်းဝမှာ ဆက်လက်နန်းမထိုင် လို၊ အမရပူရမြို့တော် နန်းတော်အသစ်ကို တည်ထောင် စံမြန်းနေတော်မူသည်။ နန်း သက် ၃၇ နှစ်တိုင် ကြာသည်။ ဆင်ဖြူတော် အများအပြားရသည်။ ဘုန်းတော်ကြီးလှ သော ဗဒုံမင်းကြီး၏ မြို့တော်နန်းတော်ကြီးကို မြဝတီမင်းကြီးဦးစသည် စာမဖွဲ့၍မဖြစ်၊ ဖွဲ့ရတော့မည်။ ဖွဲ့ရာတွင် လေးနက်ခံ့ညားသောစာသား တေးသွားဖြစ်စေရန် သီချင်းခံ့ ဟန်နှင့် ဖွဲ့မှဖြစ်မည်။ နားထောင်ကြည့်ပါ။

– ထောင်ရောင်နေကသာ ရွှေဘုန်းဝင်း။ ။ ညွတ်ခလာရာမင်းမင်း။ ။ ဘွေသီဟာမြင့်မှာ ဖြာလင်းလင်း။ ။ ဖြန့်ရှစ်ဆိုင်ကာထီးစင်း။ ။ ဇေယျာသံကျူး၊ ညှင်းလို့လို့မြွက်သာကြည်။ ။ ကျွန်းလေးမည်ငယ် ကို၊ စိုးသည့်ဥက္ကဋ္ဌ်။ ။ ကောင်းညွန့်ငယ်နေဇာ၊ ရှစ်ဖြာဟွာ၊ လက်ျာ သခ်၊ မြတ်သည်သာနှင့်လေး...။

– ရေဖျန်းစံရွှေညီလာ၊ ဖူးပွင့်စုံစွာ၊ ဆယ်ဖြာတည့်လန်လန်း၊ပြည့်ဖြိုးသည်

mgyi.com

mgyoe.com

ထောင်တိုင်းခန်းက၊ ရှိပန်းဆင်လာ၊ ရွှေမြေအောင်ချာ၊ သည်သာ
ဘုန်းပွင့်စည်၊ အမရရွှေဘုံပြည်...။

ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာတို့လက်ထက်က မပေါ်ဖူးသော အသံမျိုး ဖြစ်ပါသည်။ အသံကြားနိုင်ရုံနှင့် သွေးနားထင်ရောက်အောင် မာနတက်စေသည့် အသံ ဖြစ်သည်။ တို့တိုင်းပြည်၊ တို့လူမျိုး၊ တို့ဘုရင်၊ တို့သခင်ဆိုသည့် စိတ်ဓာတ်များ တဖွားဖွားပေါ်လာအောင် ရေးထားသည့်သီချင်း ဖြစ်ပါသည်။ ဖြစ်လည်းဖြစ်လောက်ပါသည်။ မြန်မာရာဇဝင်တွင် နန်းသက်ရှည်၍ တန်ခိုးအကြီးဆုံး၊ အေးချမ်းသာယာဆုံး၊ တိုးတက်ထွန်းကားဆုံးခေတ်သည် ဗဒုံမင်းကြီး၏ခေတ် ဖြစ်ပါသည်။

ဂီတဝိသောဓနီကျမ်း၌ ဤသီချင်းကို ရွှေဘိုမင်းလက်ထက် ရေးသည်ဟုမှတ်ချက်ရေးထားသည်။ မဖြစ်နိုင်ပါ။ ရွှေဘိုမင်းခေါ် သာယာဝတီမင်းလက်ထက်တွင် နိုင်ငံရေးသည် တည်ငြိမ်မှုမရှိ။ ပြဿနာအမျိုးမျိုးနှင့် ကြုံနေရသည့်ကာလဖြစ်၍ တစ်ကြောင်း၊ မြဝတီမင်းကြီးဦးစ ၇၃ နှစ်အရွယ်မှာ ထောင်ထဲတွင် ၂ နှစ်ခွဲကျော် နေခဲ့ရပြီး ပြန်လွတ်လာသဖြင့် စိတ်ဓာတ်ကျနေသည် ဖြစ်သောကြောင့်တစ်ကြောင်း၊ ရွှေဘိုမင်းလက်ထက် မဖြစ်နိုင်ပါ။ မြဝတီမင်းကြီးဦးစ တက်တက်ကြွကြွရှိသည့်အရွယ်တွင် စေတနာအပြည့်နှင့်ရေးသော သီချင်းဖြစ်၍ ဗဒုံမင်းကြီးလက်ထက်သာ အမှန်ဖြစ်နိုင်ပါသည်။ ရွှေဘိုမင်းလက်ထက် ရေးသားသောစာများမှာ ဝတ္တရားရှိ၍ ရေးသားခြင်းသာဖြစ်၍ စေတနာမပါကြောင်း သိသာပါသည်။

ဦးစသည် အိမ်ရှေ့မင်းသားကြီးနှင့် ၁၇ နှစ် အလုပ်လုပ်ခဲ့ပြီးနောက် ၁၁၇၀ ပြည့်နှစ်တွင် အိမ်ရှေ့မင်းသားကြီး ကွယ်လွန်သဖြင့် ဝမ်းနည်းရသည်။ အီနောင်ဇာတ်ကို သူရဲကောင်း ပန်းရည်နှင့် ဘမော်တန်မင်းသားကလေး ကြက်တိုက်သည့်အခန်းမှာ ရပ်နားထားလိုက်သည်။ ရှေ့သို့ မဆက်နိုင်သေး။

မကြာမီ ဘိုးတော်ဗဒုံမင်းကြီးကမြေးတော် စစ်ကိုင်းမင်းသားကလေး မောင်ရွှေဇင်ကို အိမ်ရှေ့အရာ၌ ခန့်အပ်လိုက်သဖြင့် ဦးစအဖို့ အဆင်ပြေသွားသည်။ မိမိထက် ၁၈ နှစ်ငယ်သော စစ်ကိုင်းမင်းသားတို့ ညီနောင်တစ်စုကို ငယ်စဉ်ကပင် ချီပိုး ထိန်းကျောင်းပေးခဲ့ရသူဖြစ်သဖြင့် မင်းသားများကလည်း ဦးစကို ဆွေမျိုးအရင်းလို ခင်တွယ်နေကြသည်။

စစ်ကိုင်းမင်းသားမှာ အေးအေးဆေးဆေး နေတတ်သည်။ ရတနာသုံးပါး ကြည်ညိုသည်။ စာတတ်သည်။ အနုပညာ ဝါသနာပါသည်။ မပြီးမပြတ် ဖြစ်နေသော အီနောင်ဇာတ်ကို ဆက်လက်လုပ်ဆောင်ရန် ဦးစအား တိုက်တွန်းသဖြင့် ဦးစသည် ကြက်တိုက်ခန်းမှ ကျောက်ကောက်ခန်း နိဂုံးအထိ ရေးသားတင်ဆက်ခဲ့သည်။ စစ်ကိုင်း

mgyoe.com

မင်းသားသည် ဦးစထံမှာ စောင်းပညာကို သင်ယူတတ်မြောက်သဖြင့် ဦးစက မင်းသား အတွက် "စုံသာမြိုင်နယ်" သီချင်းခံ့ကြီးကို ရေးပေးသည်။

– စုံသာမြိုင်နယ်၊ လွမ်းဖွယ်တခန်း၊ ယဉ်ပုံဝေတွေဆန်းလှလေ။ ။ ရော်မြန်းရွက်ကျင်၊ ညိုလွင်တည့်မောင်းပြေပြေ။ ။ သာသာလေညှင်းဆော်လို့၊ မြူးလာယှက်သန်း၊ ကျုံကျုံရှေင့်၊ ပန်းမွှံနံ့ ကြိုင်လန်းလန်း...။

တောတောင်ရေမြေသဘာဝကို ဖွဲ့ဆိုသည့်သီချင်းခံ့ကြီး ဖြစ်ပါသည်။ ဘွဲ့ သီချင်း၊ သီချင်းခံ့များကို ရေးရသည်မှာ တာဝန်ကြီးလှသည်။ တီးကွက် အတွဲအဖက်များ သည် စနစ်တကျ ရှိရသည်။ သီးချင်းခံ့ကို ဆရာသမားထံမှာ စနစ်တကျ လက်ကျလက်န မှန်အောင် တက်ယူမှရသည်။ ပတ်ပျိုး ယိုးဒယားသီချင်းကဲ့သို့ နားစောင်းနှင့် လိုက်တီး၍ မရ။ ညာဝါး ဖြီးဖြန်း၍မရ။ အလွန်ဟန်ကြီးလှသည်။

ရှေးစောင်းဆရာကြီးများက မိမိတပည့်ခံလို၍ လာရောက်သူကို "ဘုန်းမိုးသွန်း လောင်း" အစချီ သီချင်းခံ့ကလေးကို တီးခိုင်းသည်။ ထိုအခါ ဆရာနှင့် စနစ်တကျ သင်ထားသူ ဟုတ် မဟုတ် သိရသည်ဟု ပြောကြသည်။ ရှေးဆရာကြီးများသည် သံရိုး ပိုင်းကို အလွန်တန်ဖိုးထားကြသည်။

ဦးစသည် စစ်ကိုင်းသားမင်းသားကလေးကို စိတ်ရှည်လက်ရှည် သင်ပြပေး သည်။ စစ်ကိုင်းမင်းသားက–

"ဦးစရဲ့ စုံသာမြိုင်နယ်က "တေးဒူလေထံ့စတဲ့ တီးကွက်တွေများလှသည်။ တီးကွက်တွေကိုပါ စာသားသွတ်သွင်းပြီး ရေးပါဦး"

ဟုဆိုသဖြင့် ဦးစသည် "ဧယျာရွှေမြေ" သီချင်းခံ့ကြီးကို ရေးပေးသည်။ စစ်ကိုင်းမင်းသားဖြစ်သောကြောင့် ဧယျာရွှေမြေ အစချီဟန်တူသည်။ အမှန်အားဖြင့် အမရပူရနေပြည်တော်ကို ရေးဖွဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းလည်း ပါသည်။ မင်းဝံတောင် လည်းပါသည်။ မန္တလေးတောင်လည်း ပါသည်။

ဧယျာရွှေမြေ၊ ယဉ်ရေခွေဝန်းလျား၊ ရှုဆန်းပြား၊ သီဒါ ခြံရံနေခ၊ စံရာရွှေနန်း၊ ကြူးလွန်ကဲမြင့်၊ အရောင်ဝေ။ ။ ထွေတယ်လေဇမ္ဗူ၊ မဥ္ဇူမှုး မြေညာ၊ ရွှေမေရုဗ္ဗေချာ၊ သည်မှာနှန်းနှန်း၊ ဖြာလန်းဖြာဝေ...၊

စုံသာမြိုင်နယ်နှင့် ဧယျာရွှေမြေသီချင်းခံ့ကြီးများသည် အလွန်ရှည်လျား၍ ခက်ခဲ နက်နဲသည့် သီချင်းကြီးများ ဖြစ်သည်။ ရှေးပညာရှင်ကြီးများ အလွန်တန်ဖိုးထား လေးစားသည့် သီချင်းများ ဖြစ်သည်။ ဤသီချင်းကြီးများကိုမှ မရလျှင် ဂီတနယ်တွင် လူရာမဝင်ဆံ့သေးဟု ရှေးဆရာကြီးများက ဆိုကြသည်။ သို့ရာတွင် ဖန်သားမျက်နှာ ပြင်ပေါ်၌ အချိန်တိုတိုနှင့် လွယ်လွယ် ပြီးရမည့် ခရာသံစုံ၊ နန်းဘုံသီဟာဆွေ၊ ဝေဇယန္တာ

mgyee.com

mgyoe.com
သီချင်းများလောက်ကိုသာ မဟာဂီတလုပ်၍ သီဆိုနေရသည်မှာ လွန်စွာအဆင့်ကျလှသည်။

စစ်ကိုင်းမင်းသားသည် ၁၁ နှစ်ကြာသောအခါဘိုးတော် ဗဒုံမင်းကြီး နတ်ရွာစံ၍ အထွတ်အထိပ်သို့ ရောက်သည်။

ညီတော် တောင်ငူမင်းသား (အမည်မသိ)

ညီတော် သာယာဝတီမင်းသား (မောင်ရွှေခင်)

တို့ကို လွှတ်တက်မင်းသားကြီးများအဖြစ် ထားသည်။ နန်းမတော်မိဖုရားခေါင်ကြီး မယ်နု၏အစ်ကို စလင်းစား မောင်အိုကိုလည်း လွှတ်တော်မင်းသားကြီးအဖြစ် ထားသည်။ မည်သူ့ကိုမျှ အိမ်ရှေ့ရာထူး၌ မခန့်ချေ။ သာယာဝတီမင်းသားလည်း အိမ်ရှေ့ မဖြစ်ခဲ့။

မြဝတီမင်းကြီး ဦးစမှာ ရင်းဝန်ဟုမဆိုသော်လည်း လွှတ်တက်ကို ချုပ်ကိုင်၍ ထားရသည့် ဝန်ကြီးတာဝန်ကို ယူနေရသည်။ လေးနှစ်အကြာတွင် ပြဿနာပေါ်လာသည်။ ဟိုင်းကြီးကျွန်းကို အင်္ဂလိပ်စစ်တပ်က အလံစိုက်လာသည့်ကိစ္စကြောင့် အင်္ဂလိပ်–မြန်မာ ပထမစစ် ဖြစ်ရသည်။ ဦးစသည် မဟာဗန္ဓုလစစ်သူကြီး၏ လက်ဝဲစစ်ကဲကြီးအဖြစ် ပါဝင်ရသည်။ မဟာဗန္ဓုလမှာ ဓညဝတီ၌ တပ်ချနေ၍ ဦးစတို့တပ်က လူ ၇၀၀၀ နှင့် တမူး၊ ပန်းဝါအထိ တက်ရောက် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

အင်္ဂလိပ်တပ်များက ပင်လယ်ဘက်ကလှည့်၍ ရန်ကုန်ကိုဝင်ရာ ရန်ကုန်ဝန်ကြီးအရေး ရှုံးနိမ့်နေသဖြင့် ညီတော် တောင်ငူမင်းသားကို ရိုးမအရှေ့ကြောင်းခရီးဖြင့် ရန်ကုန်သို့ ဆင်းစေ၊ ညီတော်သာယာဝတီမင်းသားက ဧရာအရှေ့ကြောင်းဖြင့် ရန်ကုန်ဆင်းစေ၊ မဟာဗန္ဓုလစစ်သူကြီးက ရခိုင်မှ ရန်ကုန်သို့ဆင်းစေဟု ဘုရင်မင်းမြတ်က အမိန့်ပေးသည်။

အင်္ဂလိပ်တပ်များသည် ရွှေတိဂုံ စေတီတော်ကို ခံတပ်ပြုထား၍တစ်ကြောင်း၊ အဝေးပစ်အမြောက်များနှင့် ရိုင်ဖယ်သေနတ်များ၏ဒဏ်ကို မခံနိုင်၍တစ်ကြောင်း မဟာဗန္ဓုလစစ်သူကြီး၏တပ်သည် ဓနုဖြူသို့ ဆုတ်၍ခံစစ်ထိုးရန် ပြင်ဆင်နေခိုက် အမြောက်ဖိုးဆန်ထိ၍ စစ်သူကြီး ကျဆုံးရသည်။ မြန်မာတပ် ပျက်ရသည်။

## စစ်ပြေငြိမ်းရေးစာချုပ်

ပြည်မြို့အထက် ရန္တပိုရွာ၌ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်သောအခါ ရခိုင်ပြည်နယ်နှင့် တနင်္သာရီနယ်ကို မြန်မာက ပေးလိုက်ရသည်။ စစ်လျော်ကြေးငွေ တစ်ကုဋေ ပေးရသည်။ တောင်ငူမင်းသားမှာ စစ်ချီရင်း လမ်းတွင် ဖျားနာ၍ကွယ်လွန်သည်။

ဒုတိယညီတော် တောင်ငူမင်းသား မရှိသောအခါ တတိယ ညီတော် သာယာ
mgyoe.com

ဝတီမင်းသားသည် အိမ်ရှေ့အရာကို ချိန်နိုင်ပေပြီ။ သို့ရာတွင် နန်းမတော် မိဖုရားခေါင်ကြီးမယ်နုနှင့် မောင်တော် စလင်းမင်းသားကြီးမောင်အိုတို့က သာယာဝတီမင်းကြီး၏ စရိုက်ကို မကြိုက်၊ အင်္ဂလိပ်–မြန်မာ စစ်ပွဲတွင် ဖိဖိစီးစီးမတိုက်၊ ဟင်္သာတနယ်တွင် နားရပ်၍ မိန်းမချောလေးများကို သိမ်းပိုက်လာသည်ဟု အပြစ်တင်သည်။ နိုင်ငံခြားဝတ်စုံကိုဝတ်၍ မှန်တွင်ကြည့်ကာ ကျေနပ်နေသည်။ ဗြစ်အရက်၊ ဗြန်ဒီအရက်ကိုလည်း မှာ၍သောက်သည်။ အယ်လ်ဖေးရှင်းခွေးကြီးတွေကို မွေးထားသည်။ လက်ဖွေ့ လက်ပန်းသမားများကိုလည်း မွေးထားသည်ဟု အများက ပြောကြသည်။

နန်းမတော်မယ်နုမှာ လွန်စွာ ဇာတိမာန်စိတ်ဓာတ် ပြင်းပြလှသူဖြစ်သဖြင့် စစ်လျော်ကြေးငွေ တစ်ကုဋေကို သူက စိုက်၍ပေးသည်။ မျက်နှာဖြူများကို လုံးဝအတွေ့မခံ၊ မည်သူ့ကိုမျှ မယုံကြည်။ အင်္ဂလိပ်–မြန်မာစစ်ပွဲပြီးကတည်းက စစ်ကိုင်းမင်းမှာလည်း မကျန်းမမာ နာတာရှည်ရောဂါစွဲ၍လာသဖြင့် နန်းမတော်မယ်နု၊ စလင်းမင်းသားကြီးမောင်အို၊ မြဝတီမင်းကြီးဦးစတို့က လွှတ်တော်ကို တာဝန်ယူ ခန့်ခွဲနေရသည်။

သာယာဝတီမင်းသားသည် လူဆိုးလူသွမ်းတို့နှင့် မပြတ်တိုင်ပင်နေသည်ဟု သတင်းကြားရသဖြင့် ငစဉ်ကူအုံမြို့သူကြီး ငရေးကို စစ်မေးရန် ရွှေနန်းတော်ကြီးက ခေါ်ခိုင်းသည်။ သာယာဝတီမင်းသားက မပေးမအပ် နေသဖြင့် နှစ်ဖက်တင်းမာမှုဖြစ်ကာ သာယာဝတီမင်းသားသည် အမျိုးသမီးများ၊ ကလေးများ အပါအဝင် လူ ၇၀၀ လောက်နှင့် တနင်္သာရီတံခါးမှထွက်၍ အညာသို့ ချီတက်သည်။

သာယာဝတီမင်းသား ထွက်သွားပြီဟူသော သတင်းကို အထောက်တော်များက လာရောက်ပြောကြသောအခါ ဘုရင့်တပ်မတော်က ထွက်၍တိုက်ရန် စီစဉ်ကြသည်။ ထိုစဉ် စစ်ကိုင်းမင်းက–

"သားငယ်၊ မြေးငယ်တွေလည်းပါသွားသည်။ လမ်းမှာ အတိဒုက္ခရောက်နေတော့မည်။ ငါ့ညီတော်ကို ငါ ပြန်ခေါ်ပါမည်။ မတိုက်မခိုက်ကြပါနှင့်၊ ဆရာတော်ကြီးတွေကို လွှတ်ခေါ်ပါမည်"

ဟု တားသည်။ နန်းမတော်မယ်နု၊ စလင်းမင်းသားကြီး မောင်အိုတို့ကလည်း မကျန်းမမာဖြစ်နေသော ရှင်ဘုရင်ကို ငဲ့ညှာထောက်ထား၍ ရှင်ဘုရင်၏စကားကို နာယူကာ လိုက်လံတိုက်ခိုက်ခြင်း မပြုကြ။ ဘုရင့်တပ်မတော်တွင် လူ ၃၀၀၀ ကျော် ရှိသည်။ ဘုရင့်တပ်မတော်က လိုက်လံတိုက်ခိုက်လျှင် သာယာဝတီမင်းသား၏တပ်ကို အလွယ်နှင့် ရနိုင်သည်။ သို့ရာတွင် ရှင်ဘုရင့်စကား နားထောင်လိုက်မိသဖြင့် ၎င်းတို့ ဒုက္ခရောက်ကြရသည်။

mgyoe.com

## လူတစ်ကျိပ်ကျော်အပ်နိုင်း

သာယာဝတီမင်းသားသည် ရွှေဘိုသို့ရောက်သောအခါ ပိုမိုအင်အား တောင့်တင်းလာတော့သည်။ စစ်ကိုင်းမင်းထံမှ ဆရာတော်များ ရောက်လာ၍ ဈေးစပ် ဟောပြောသော်လည်း လက်မခံ။ နိုင်ငံခြားသား မေဂျာဘာနေ၊ မစ္စတာအက်ဒဝပ်တို့ လာရောက်ဖျန်ဖြေပါသော်လည်း နားမထောင်။ နောက်ဆုံးတွင် စစ်ကိုင်းမင်းက နန်းဆင်းပေးပါမည်။ လာခဲ့ပါဟု မှာသောအခါမှ စစ်ကိုင်းသို့ ဆင်းလာသည်။ သာယာဝတီမင်းက "နောင်တော်နှင့် ငါ ပြဿနာမရှိ။ ငါတို့ကို ပြဿနာ အမှုကြီးစွာဖြစ်အောင် ပြုလုပ်သူ စလင်းစားငအို၊ မြဝတီမင်းကြီးငစနှင့် လူတစ်ကျိပ်ကျော်ကို ပေးအပ်ရမည်"

ဟု ဆိုသဖြင့် ထိုသူတို့ကိုခေါ်၍ စစ်ကိုင်းမင်းက နားချသည်။ နှစ်ဖက်ငြိမ်းချမ်းမှုဖြစ်အောင် မောင်မင်းတို့ ညီတော်ထံသွားကြပါဟု တိုက်တွန်းသည်။ သို့နှင့် ထိုလူတစ်ကျိပ်ကျော်သည် စစ်ကိုင်းသို့သွား၍ သာယာဝတီမင်းသားထံ ဝင်သည်။ သာယာဝတီမင်းသားက ၎င်းတို့အား အကျီချွတ် ခါးတောင်းကျိုက်စေ၍ ထုံးသုတ်ထားသော ယောက်မကြီးများကို ထမ်းခိုင်းကာ စစ်ကိုင်းမြို့တွင်းလှည့်၍ ပြသည်။ တိုင်းပြည်ကို ယောက်မကဲ့သို့ မွှေသူများဟု မောင်းကြော်စေသည်။ ပြီးလျှင် ၎င်းတို့အား ထောင်မှာထားလေဟုဆိုသဖြင့် ဦးအို၊ ဦးစတို့ ထောင်ထဲသို့ ရောက်ကုန်ကြသည်။

စစ်ကိုင်းမင်း နန်းဆင်းပေးပြီး ကုသိုလ်တော် မဟာသကျသီဟ ဘုရားကြီးအနီး တန်ဆောင်းဇရပ်မှာ သွား၍နေသည်။ သာယာဝတီမင်းသား နန်းတက်လာပါပြီ။ သာယာဝတီမင်းသည် အင်းဝမှာ နန်းမထိုင်လို ရွှေဘိုကျောက်မြောင်းမှာ နန်းထိုင်မည်ဟု ရွှေဘိုသို့ ပြန်ထွက်သည်။ ကျောက်မြောင်းမှာ နန်းသစ်ဆောက်၍ စံနေသည်။ မြဝတီမင်းကြီးဦးစတို့ အကျဉ်းသားများက လမ်းပြင်ခြင်း၊ ရာဇမတ်ကာခြင်း၊ ငှက်ပျောပင်စိုက်ခြင်းအလုပ်ကို လုပ်ပေးရသည်။

သို့ရာတွင် ဦးစကို သားတော် ပင်းတလဲစားထံမှာ အပ်ထား၍ ဘုန်းတော်ဘွဲ့စာများကို ရေးခိုင်းသည်။ ဦးစသည် ကျောက်မြောင်းမြို့နန်းဘွဲ့ရတု လူးတားအစုံ ၂၀ ကျော် ရေးရသည်။ ကုန်းဘောင်ပရမေဇေယျာဘိ နှင့်သီရိသီရိခုနစ်ကြိမ် အစချီပတ်ပျိုးကြီးကို ရေးသည်။ ကုန်းဘောင်နေမင်း အစချီ မီးခွက်ကချင်းကို ရေးဆက်သည်။ ထောင်မှ မလွတ်ချေ။

## ရေအခက်အခဲကြောင့်

ခြောက်လကျော်ကြာသောအခါ ကျောက်မြောင်းတွင် ရေပြဿနာ အခက်အခဲကြောင့် ပြန်ဆင်းလာခဲ့၍ အမရပူရတွင် နန်းသစ်ဆောက်ရန် စီစဉ်သည်။ ဦးစတို့ လူစုမှာ

mgyoe.com

ထောင်ထဲ ပြန်ရောက်ကုန်ကြသည်။

မကြာမီ တူတော် ညောင်းရမ်းမင်းသားသည် မသင့်သောအကြံကို ကြံသည် ဆိုကာ ညောင်ရမ်းမင်းသားနှင့် ၎င်း၏အဒေါ် မြတောင်မင်းသမီးကို ကွပ်မျက်သည်။ မတ္တရာဘက်တွင် လူ ၁၅၀၀ တို့အကြမ်းဖက် ဆူပူသည်မှာ မိဖုရားခေါင်ကြီးမယ်နု၊ စလင်းစားဦးအိုတို့က ခိုင်းစေ၍ ပြုလုပ်ရကြောင်း ထွက်ဆိုသည်ဟုဆိုကာ နန်းမတော် မယ်နုနှင့် ဦးအိုတို့ကို ကွပ်မျက်သည်။

ဦးအိုကို ကွပ်မျက်ရာတွင် ဇနီးနှင့် သမီးနှစ်ယောက်ပါ ကွပ်မျက်သည်မှာ ရွှေနန်းထုံးတမ်းစဉ်လာနှင့် မညီ။ သမီးကို ကွပ်မျက်ရိုးထုံးစံမရှိ။ အာဃာတပြင်းပြစိတ်နှင့် လက်စားချေလိုက်ခြင်း ဖြစ်ဟန်တူသည်။

ဘုရားတရား ကြည်ညိုလှသည့် ဘာသာရေးသမား စစ်ကိုင်းမင်း၏ ပျော့ညံ့မှုစိတ်ဓာတ်ကြောင့် အားလုံး ဒုက္ခရောက်ကုန်ကြရသည်။ မီးမလောင်ခင်က တားဆိုသလို သာယာဝတီမင်းသား ထွက်ကတည်းက ရှင်းလိုက်လျှင် ပြီးသွားမည်။ ယခုမူ မယ်နု၊ မောင်အိုတို့ကို မုန်းနေသူ သာယာဝတီမင်းသား နန်းတက်လာသဖြင့် သူလုပ်ချင်ရာကို လုပ်လေတော့သည်။ စစ်ကိုင်းမင်း ဘာတတ်နိုင်သေးသနည်း။

ဤကား မျက်နှာဖြူတို့အကြိုက် ဖြစ်လာစေပါသည်။ မေဂျာဘာနေသည် အိန္ဒိယဘုရင်ခံချုပ်ထံသို့ မြန်မာနိုင်ငံကို သိမ်းပါတော့ဟု အကြိမ်ကြိမ်စာရေးသည်။ ဗြိတိသျှအစိုးရက လက်မခံ။ မေဂျာဘာနေကို ပြန်ခေါ်သောကြောင့် ပြန်သွားရသည်။

အမရပူရရွှေနန်းတော်ကြီး ဆောက်လုပ်၍ပြီးပြီ။ သာသနာပိုင် သဲအင်းဆရာတော်ကြီးသည်လည်း ဘဝနတ်ထံ ပျံတော်မူပြီ။ သမီးတော် စုဖုရားကြီးသည် သဲအင်းဆရာတော်ကြီး၏ အလောင်းတော်ကို အလွှိကာတန်ဆာလွှမ်းခြုံရန် ရွှေဝေါနှင့် ထွက်တော်မူရန် ဦးစတို့ အကျဉ်းသားများ လမ်းပြင်နေသည်ကို တွေ့ရသည်။ စုဖုရားကြီးက ဝေါကိုရပ်စေကာ–

"ဟိုမှာမြင်ရတာ စစ မဟုတ်လား။ ခေါ်လိုက်ပါ။"

ဟုဆိုသဖြင့် မင်းချင်းတို့က လက်အုပ်ချီ၍ ပြောသည်။

"အသက် ၇၃ နှစ်ရှိပါပြီ။ ထောင်ထဲမှာ နှစ်နှစ်ခွဲကျော် ဒုက္ခခံစားနေရသဖြင့် ရာဇဝတ်တော်ပန်းကို အမြန်ဆုံး ဆင်မြန်းလိုပါသည် ဘုရား။"

ဟု လျှောက်သည်။ အမြန်ဆုံး ကွပ်မျက်ခံလိုပါသည်ဟု ပြောခြင်းဖြစ်သည်။ စုဖုရားကြီးက ချမ်းသာပါစေဟုဆိုသဖြင့် ထိုနေ့မှပင် ထောင်ကလွတ်သည်။ သို့ရာတွင် ဘုရင့်အမိန့်မရသေး။

အမရပူရ ရွှေနန်းတော်အသစ်ဖွင့်ပွဲအတွက် သီချင်းရေးပေးရန်စုဖုရားကြီးက

mgyee.com

mgyoe.com
ခိုင်းသဖြင့် ဦးစသည် ဝေဖြိုးကုန်းဘောင်ညွန့် အစချီ သီချင်းကို ရေးသည်။ ထိုပွဲတွင် ရုပ်သေးမင်းသား ငရွှေသာက ထိုသီချင်းကို သီဆိုဆက်သွင်းသည်။

– ဝေဖြိုးကုန်းဘောင်ညွန့်ညွန့်၊ နေမျိုးဘုန်းရောင်ကွန့်ကွန့်၊ ခက် သွယ်ရှည်၊ ဆက်နွယ်စည်၊ တိုင်းအောင်ချာစံရာ ဘိုးတော်နေပြည်။ ။ သီးသန့်သန့်၊ ထီးခံ့ခံ့၊ ချီးအံ့ငယ်တွေဆန်း၊ နန်းဆောင်ဆောင်၊ ထောင် သစ်ကယ်တည်း...။

သီချင်းဆုံးသောအခါ စုဘုရားကြီးက ဦးစအတွက် ဇီဝိတဒါနဆုပေးပါရန် ခမည်းတော်ကို လျှောက်သည်။ သာယာဝတီမင်းက ခွင့်ပြုသဖြင့် ဦးစ ချမ်းသာရသည်။ သို့ရာတွင် သာယာဝတီမင်းလက်ထက် ဦးစအား ချီးမြှင့်မြှောက်စားခြင်း လုံးဝမပြုတော့ချေ။

သာယာဝတီမင်းမှာ စိတ္တဇရောဂါ စွဲကပ်နေ၍ ထီးတော်မိုးတစ်ဦးအား လုံးနှင့် ထိုးသတ်ခြင်း၊ ယင်းတောဝန်ကြီး ဦးတုတ်ကို လွှတ်တော်ထဲမှာပင် လုံးနှင့်ထိုးသတ်ခြင်း ပြုသဖြင့် ဝန်ကြီးမှူးကြီးတို့က အရည်အချင်းပြည့်ဝသည့် ပြည်မင်းသားကြီးကို ထီးနန်း လွှဲအပ်ရန် တိုင်ပင်ကြသည်။

တောင်နန်းမိဖုရားက သူ့သားတော် ပုဂံမင်းသား ရှင်ဘုရင်ဖြစ်စေချင်သည်။ လွှတ်တော်က အမိန့်ထုတ်၍ ပြည်မင်းသားအိမ်ကို ဝိုင်းဖမ်းသည်။ ပြည်မင်းသား ဆင်နှင့် ထွက်ပြေးသည်။ လိုက်လံတိုက်ခိုက်ဖမ်းမိ၍ ပြည်မင်းသားနှင့် သားတော်ကလေး လေး ယောက်ကိုပါ ကွပ်မျက်သည်။ ဤတွင် ဘုရားလောင်းစစ်ကိုင်းမင်းနှင့် ကွာဘိခြင်းဟု ဆိုရပါမည်။

ပုဂံမင်းသား နန်းတက်လာပါပြီ။ လူမျိုးခြား ကုလားဘိုင်ဆပ်ကို မြို့ဝန်ခန့် မိ၍ မြို့စာရေးငပိန်နှင့်ငပြောင်တို့က လူထုကို အမျိုးမျိုးဒုက္ခပေးကြသည်။ ရှင်ဘုရင်က အပျော်အရွှင်နှင့်သာ မူးယစ်သောက်စားနေသည်။ မင်းတုန်းမင်းသားနှင့် ကနောင် မင်းသားတို့သည် ပြဿနာကိုရှင်းရန် ရွှေဘိုသို့ထွက်၍ လုပ်ကြသည်။ ဦးစပါ လိုက်ပါ၍ သွားသည်။ ထိုအခါ ဦးစအသက် ၈၆ နှစ်ရှိပေပြီ။

ရွှေဘိုသို့ရောက်သောအခါ ဆောင်းရာသီဖြစ်၍အလွန်အေးသည်။ ကောင်းတုံ မင်းကြီးကတော် ခင်ဆုံနှင့် တွေ့ရသည်။ ခင်ဆုံတို့နှင့်အတူ သီချင်းရေးကြ၊ ဇာတ်တိုက် ကြနှင့် ဟိုတုန်းက ပျော်ပျော်ပါးပါးနေခဲ့ကြသည်။ ယခု ကောင်းတုံမင်းကြီး အနိစ္စ ရောက်၍ ခင်ဆုံမှာ မုဆိုးမ ဖြစ်နေသည်။ ဦးစသည် ခင်ဆုံကို ကျီစယ်ချင်စိတ် ဖြစ်လာ သည်။ သို့နှင့် နှစ်ဆစ်ချိုးကဗျာကလေး ရေး၍ ပေးလိုက်သည်။
mgyoe.com

– လွဲလွဲကြီးညို
သည်ကိုယ်မှာဆည်မတန့်နိုင်ဘု
နွေးရန့်အပြု
– စောရွှေဆုံ
မယုံမပုံရသည်မို့
သောကတောင်ထု

မင်းကြီးကတော် ခင်ဆုံက ဤကဗျာကို ဖတ်ကြည့်ပြီး–"သက်ကျားအိုကြီး၊ ခုထိ ဒီစိတ်မပျောက်နိုင်သေးဘူး"ဟုပြောဆိုကြောင်းသိရသည်။ ဦးစသည် ပျော်ပျော် နေတတ်သူ၊ အရွှန်းအနောက် ပြောတတ်သူဖြစ်ကြောင်း သိနိုင်ပါသည်။ ဦးစသည် ရွှေဘိုမြို့ သူဇာတံခါးအနီး နေအိမ်မှာပင် အိုမင်းသောရောဂါနှင့် ကွယ်လွန်သည်။

လက်ရိုးရည်သမားသည် နှလုံးရည်သမားဖြစ်ဖို့ ခဲယဉ်းသည်။ နှလုံးရည်သမား သည်လည်း လက်ရိုးရည်သမားဖြစ်ဖို့ ခဲယဉ်းသည်။ ဦးစကား စွယ်စုံဖြစ်သည်။ မဏိပူရ တိုက်ပွဲ၊ ပန်းဝါတိုက်ပွဲတို့တွင် ဦးစ၏လက်ရိုးရည်ကို အံ့သြလောက်ပါသည်။

မဟာဂီတစာအုပ်ကြီးများ၏ စာမျက်နှာတိုင်းလိုလိုမှာပင် ဦးစ လက်ရာနှင့် မကင်းနိုင်ဖြစ်ရသည်။ သည်ထက်ပို၍လည်း ရှိပါဦးမည်။ မြန်မာဂီတသည် အသံခုနစ်ပါး စနစ် ဖြစ်ပါသည်။ ဤအသံခုနစ်ပါးနှင့်ပင် အလှည့်အပြောင်း အနွဲ့အနှောင်း၊ အရစ်အဝဲ၊ အဆွဲအငင်၊ အတင်အချ အမျိုးမျိုးကိုသုံး၍ မြဝတီမင်းကြီး ရှာပြသွားသည့် အသံတို့မှာ ကား နှောင်းလူတို့ သုံး၍မကုန်နိုင်အောင်ပင် ဖြစ်ခဲ့ရပါသတည်း။

မိုးဂျာနယ်၊ ဧပြီ–မေ၊ ၁၉၉၆။

mgyoe.com

mgyoe.com

## ဂီတစာဆို ပြင်စည်မင်းသားကြီး

မဟာဂီတနယ်တွင် ဂီတစာဆို ပြင်စည်မင်းသား ၂ ပါးရှိခဲ့သည်။ တစ်ပါးမှာ ဘိုးတော်ဘုရား ခေတ် ဘိုးတော်ဘုရား၏တူ ပြင်စည်မင်းသား မောင်နဂါး ဖြစ်သည်။ ကျန်တစ်ပါး မှာ မင်းတုန်းမင်းခေတ် မင်းတုန်းမင်းကြီး၏ညီ ပြင်စည်မင်းသား ထိပ်တင်ပု ဖြစ် သည်။

မဟာဂီတနယ်တွင် နာမည်ထင်ရှား လူကြိုက်များလှသည့် –

ရွှေနှင်းတောမြိုင်
ပန်းခိုင် မှော်မှိုင်း
ခြားပိုင်း ရှစ်သံ
ဖရန့်တင်ညွှန့်
ခက်မွှန် ခမိန်
ထနောက်ချိန်ငြား
ဖိန်းချားထပ်တွန့်
ချွတ်ချုံ့ ငုငစ်
အသံရှစ်၊ မှတ်လစ်စဉ်ကမာ

ဟု ရှေးဆရာများ မှတ်သားသင်္ကေတပြုခဲ့သည့် ယိုးဒယားသီချင်း ၈ မျိုးကို မည်သူရေးသနည်း။

**ဦးမောင်မောင်တင်၏ အယူအဆ**

ဤကိစ္စနှင့်ပတ်သက်၍ ရှေးဆရာများပင် အကောက်အယူလွဲမှားမှု ရှိခဲ့သည်။

mgyoe.com

mgyoe.com

ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးကို ရေးသားပြုစုသူ မြန်မာပညာရှိ ဦးမောင်မောင်တင်က ရာဇဝင်တော်ကြီး တတိယတွဲတွင်လည်းကောင်း၊ ၁၂၉၀ ပြည့် ပြာသိုလထုတ် သူရိယမဂ္ဂဇင်းတွင်လည်းကောင်း ဤသို့ ရှင်းထားသည်။

"ဤတွင် အချို့သော စာစောင် အမှတ်အသားများ၌ ပြင်စည်မင်းသားကြီး ရေးဖွဲ့ခဲ့သည့် သီချင်းများကို သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နန်းတက်တော်မူသော ကုန်းဘောင် ဆင်ဖြူရှင် မင်းတရားကြီး၏ မိဖုရား မင်္ဂလာဒေဝီမှ ဖွားမြင်သည့် သားတော်မောင်နဂါး ရေးသည်ဟု ကမ္ဗည်းစာခေါင်း ရေးထိုးလျက် ရှိ၏။ မဟုတ်မမှန်ချေ။

မောင်နဂါးကား ကဗျာလင်္ကာရေးသားခြင်း၊ စောင်းငြင်းပတ္တလား တီးမှုတ်ခြင်း စသော အရာများကို အလေ့အလာ အထုံဝါသနာပါခြင်းဟူ၍ အလျဉ်းမရှိ။ ဥယျာဉ်ပန်းမန် ပြုစုစိုက်ပျိုးခြင်း အရာနှင့်သာလျှင် မွေ့လျော်တော်မူခြင်းဖြစ်သောကြောင့် ထိုမင်းသား စီကုံးဖွဲ့ဆိုခဲ့သော တေးကဗျာဟူ၍ လက်တစ်ဝါး၊ လက်လေးသစ်မျှမရှိ" ဟူ၍ ဆိုသည်။

## ရွှေပြည်ဦးဘတင်၏ အယူအဆ

မန္တလေးမြို့ မြန်မာပညာရှိ ရွှေပြည်ဦးဘတင်ကမူ ၎င်း၏ စာပေဂီတ အနုပညာ စာအုပ်တွင် "ယိုးဒယားသီချင်း ၈ မျိုးကို သီကုံးရေးသားသူသည် ပြင်စည်မင်းသား မောင်နဂါးသာလျှင် ဖြစ်ရမည်။ မောင်နဂါးသည် မြဝတီမင်းကြီး ဦးစနှင့် သက်တူရွယ်တူ သော်လည်းကောင်း ဖြစ်ရမည်။ သို့မဟုတ် ကြီးသော်လည်း ကြီးနိုင်သည်' ဟု ဆိုသည်။

## သဘင်ဂီတမြှင့်တင်ရေးအဖွဲ့

ဤကိစ္စအတွက် စဉ်းစားရန်တင်ပြပါမည်။ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၅၁ ခု၊ နတ်တော်လတွင် အိမ်ရှေ့စံ ရွှေတောင်မင်းသားကြီး အမှူးပြု၍ ဖွဲ့ စည်းခဲ့သော သဘင်ဂီတ မြှင့်တင်ရေးအဖွဲ့တွင် ပါဝင်သူများမှာ –

တီးကွက်နှင့် ဇာတ်ချင်းရေးသူများ–

၁။ စဥ့်ကူမင်း၏ မိဖုရားဟောင်း ပဘာဝတီဘွဲ့ခံ သခင်မင်းမိ

၂။ ပြင်စည်မြို့စား မြင်းမှူးမင်းသား

၃။ မလဲသာရွာစား၊ ငယ်တိုးအတွင်းဝန်၊
မဟာနန္ဒယော်ဓာ ဦးကြည်စိုး

၄။ မြဲတိုက်သံဆင့် ဇေယသင်္ခယာ–

mgyoe.com

mgyoe.com

ဇာတ်အဖွယ်အရာ စကားနှင့် ကဗျာလင်္ကာရေးသူများ–

၅။ မလွန်မြို့စား မင်းရဲနန္ဒမိတ် (နောင်–မက္ခရာမြို့စား)

၆။ မိုးတားမြို့စား ဝန်ထောက်တော် နေမျိုးကျော်စွာ

၇။ အိမ်ရှေ့သံဆင့် ရွှေတိုက်စိုး နေမျိုးရာဇသူဦးတိုး

၈။ တောင်ငူမြို့စားမင်းသား သတိုးဓမ္မရာဇာ

ဤအဖွဲ့တွင် မြဝတီမင်းကြီး ဦးစ မပါသေး။ ဦးစသည် အသက် ၂၅ နှစ်မှ အိမ်ရှေ့အိမ်တော်သို့ ရောက်သည်ဟု ၎င်း၏ မြဝတီစာစုနှင့် သီချင်းစုတွင် ဆိုထားသော ကြောင့် သက္ကရာဇ် ၁၁၅၃ ခုနှစ်မှာမှ ရောက်လာခြင်း ဖြစ်သည်။ မြဲတိုက်သံဆင့် ဇေယ သခ်ယာမှာ ဦးစ မဟုတ်။ နောက်ဆရာများ အမှတ်မှားကြသည်။ တံတားဦးရွှာ ဇာတိ ဇေယသခ်ယာဘွဲ့ခံ အဘိုးဟု ခေါ်ကြသည်။

အထက်ပါ သဘင်ဂီတ မြှင့်တင်ရေးအဖွဲ့မှ ရှေးဦးစွာ ရာမဇာတ်ကို စတင် ရေးသားတင်ဆက်ကြသည်။ ထို့နောက် အိနောင်ဇာတ်ကို ဆက်ကိုင်သောအခါ ဦးစ ရောက်လာ၍ ဦးစ၏ လက်ရာကို အများဆုံး တွေ့ရလေသည်။

## ပြင်စည်မြို့စားဆိုသည်မှာ

ဤတွင် ပြင်စည်မြို့စား မင်းမှူးမင်းသားဆိုသည်မှာ မည်သူနည်း။ ကုန်းဘောင် ဆက် ရာဇဝင်ကြီးတွင်

- ဆင်ဖြူရှင်၏ မိဖုရား၊ သန်လျင်မြို့စား မင်္ဂလာဒေဝီတွင် မြင်သည့် သမီးတော် မယ်ဖွားတစ်ပါး၊ သားတော် မောင်နဂါးတစ်ပါး။
- ရတနာဒေဝီတွင် မြင်သည့် သမီးတော်မင်းခင်ကြီး၊ အမပူရမြို့တည်၊ ဘိုးတော်မင်းတရားလက်ထက် သားတော် မောင်နဂါးနှင့် စုံဖက် တော်မူသည်တစ်ပါး
- ၁၁၄၄ ခု၊ ကဆုန်လဆန်း ၄ ရက် တနင်္လာနေ့ မင်းရဲမင်းလှ ရွှေ တောင်ကို ပြင်စည်မြင်းမှူး ခန့်သည်။
- ၁၁၄၈ ခု နတ်တော်လပြည့်ကျော် ၅ ရက်နေ့ နောင်တော်ဆင်ဖြူရှင့် သား မောင်နဂါးကို လက်ရွေးငယ် မြင်းမှူးခန့်တော်မူသည်။

ဟု ဆိုထားသဖြင့် အထက်ပါအဖွဲ့တွင် ပါဝင်သူမှာ ပြင်စည်မြို့စား မြင်းမှူး မင်းသား မောင်နဂါးဖြစ်ကြောင်း ထင်ရှားနေပါပြီ။ မြန်မာပညာရှိ ဦးမောင်မောင်တင် ပြောသည့် ပြင်စည်မင်းသားထိပ်တင်ပုမှာ ထိုအချိန်ကသာ မဟုတ်။ အခြားသောဇာတ် များ၌ မင်းသား မင်းသမီး ကွဲကွာသွားကြသည့် အလွမ်းခန်းရောက်လျှင် "သက်လယ်

mgyoe.com

သက်လယ် ရွှေသွေးရယ်၊ မကြင်နာစိမ်းတော့ စိမ်းရက်တယ်" အပိုဒ်ကို သီဆိုတီးမှုတ်ကြသည်။

ဤတွင် ဂီတစာဆို ပြင်စည်မင်းသားကြီး မောင်နဂါး၏ စွမ်းရည်ကို သိလောက်ပါပြီ။ မြန်မာဂီတတွင် စောင်းကို အဓိကထားသည်ဖြစ်သောကြောင့် စောင်းသင်္ကေတနှင့် အသံမှတ်ပုံကို ပြောပြပါမည်။

– ဗေလုဝဟု၊ နာမတွင်မို့၊ ခေါ်သည်နှင့်၊ သုံးလီဂါဝုတ်၊ မယုတ်လည်းကောင်း၊ ထိုနတ်စောင်း၏၊ ရှည်လျောင်းစဆုံး၊ စောင်းလက်ရုန်းကို၊ သုံးပုံပုံလျက်၊ အထက်ဆဇ္ဇ၊ မဇ္ဈအလယ်၊ အောက်ဝယ်ဘာဂ၊ ဂန္ဓာရဟု၊ မာပင်္ဂိကာ၊ ကျမ်းလာအရ၊ သုံးဂါမတည့်–

ဟု မာန်လည်ဆရာတော်ကြီး ရေးထားသည့်အတိုင်း အထက်၊ အလယ်နှင့် အောက်ဟူ၍ အသံအုပ်စု သုံးခုရှိသည်။

ဥဿဘအသံသုံးပါး

၁။ တာရ

၂။ ကလ

၃။ မန္ဒ

ဒေဝတအသံ ၂ ပါး

၄။ တာရ

၅။ မန္ဒ

ဆဇ္ဇအသံ ၄ ပါး

၆။ တာရ

၇။ ကလ

၈။ မန္ဒ

၉။ ကာကလီ

ဂန္ဓာရအသံ ၄ ပါး

၁၀။ တာရ

၁၁။ ကလ

၁၂။ မန္ဒ

၁၃။ ကာကလီ

မဇ္ဈိမအသံ ၃ ပါး

၁၄။ တာရ

mgyoe.com

mgyoe.com

၁၅။ ကလ

၁၆။ ကာကလီ

**ပဉ္စမအသံ ၂ ပါး**

၁၇။ ကလ

၁၈။ ကာကလီ

**နိသာဒအသံ ၄ ပါး**

၁၉။ တာရ

၂၀။ ကလ

၂၁။ မန္ဒ

၂၂။ ကာကလီ

ဤအသံ ၂၂ ပါးသည် မြန်မာစောင်းကောက်တွင် သုံးနိုင်၊ ရနိုင်သော အသံဖြစ်သည်။ သို့ရာတွင် ၂၂ ကြိုး မထားနိုင်။ ၁၃ ကြိုးသာ ထား၍ ဖျောက်ထားသော အသံကို ထောက်၍ တီးခြင်း၊ ခိုး၍ တီးခြင်း ပြုရသည်။ ဆိုင်းမှာလည်း ဤအတိုင်းပင် ဖြစ်သည်။ အသံပြောင်းသော်အခါ စောင်းကြိုးကို ပြန်ညှိရသည်။ ဆိုင်းတွင် ပတ်စာပိုး ပေးရသည်။

မြန်မာဂီတမှာ အရှင်ဖြစ်သည်။ အနောက်တိုင်းဂီတမှာ လှေနံထားထစ်အသေ ဖြစ်သည်။

## ဂုဏ်ယူစရာ မြန်မာ့စောင်း

မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာမှာ ရေးထားသည့် **"တစ်သံခုနစ်မျိုး၊ လေးဆယ့်ကိုးတည့်၊ ရှေးရိုးမယွင်း၊ နောက်တစ်သွင်း၍၊ တီးခြင်းငါးဆယ်၊ နတ်ပြည်ဝယ်တည့်"** ဆိုသည့် စကားမှာ စောင်းကောက်ကို ပြောခြင်းမဟုတ်။ အိန္ဒိယနိုင်ငံ၌ သုံးသည့်ကြိုး ၇ ချောင်းတပ် **ဝီဏာ၊ စိတာ** ခေါ် စောင်းကို ဆိုခြင်းဖြစ်သည်။ ဂီတာနှင့်တူသည်။ မင်းကုသနှင့် ဥတေနမင်းတို့ တီးသောစောင်း ဖြစ်သည်။ အိန္ဒိယ၌ စောင်းကောက် မရှိ။ ပိတောက်သားကို အိုးပြုလုပ်၍ ရှားသားအခေါက်ကို လက်ရန်းပြုလုပ်ကာ သမင်မသားရေနှင့် ကျက်ထားသောစောင်းမှာ ကမ္ဘာပေါ်၌ ဘယ်နိုင်ငံမှာမှ မရှိ။ မြန်မာနိုင်ငံမှာသာ ရှေးပညာရှိများ တီထွင်ပြုလုပ်ထားခဲ့ခြင်းဖြစ်၍ အထူးဂုဏ်ယူဖွယ် ဖြစ်ပါသည်။

**ညှင်းလုံး – ခုနစ်ပေါက်သံ**

**အောက်ပြန် – လေးပေါက်သံ**

mgyoe.com

ပုလဲ – တစ်ပေါက်သံ
မြင်းစိုင်း – ငါးပေါက်သံ
ဒူရကဒွေး – နှစ်ပေါက်သံ
ခြောက်သွယ်ညွန့် – ခြောက်ပေါက်သံ
ပြည်တော်ပြန် – သုံးပေါက်သံ

ဟူ၍ အသံသင်္ကေတများ ခွဲခြားထားရာ ညောင်ရမ်းခေတ်ခေါ် ဒုတိယအင်းဝခေတ်က ဝန်ကြီးပဒေသရာဇာနှင့် ဖျာသီးဆယ်ရွာစား ဦးလွမ်းပြေတို့ ဖွဲ့ခဲ့ကြသည့် ကြိုးသီချင်းဘွဲ့သီချင်း၊ သီချင်းခံတို့ကို ညှင်းလုံးသံစဉ်ခေါ် သံရိုးဖြင့် တီးမှုတ်သီဆိုကြရသည်။

ယခု ပြင်စည်မင်းသားကြီး မောင်နဂါးရေးဖွဲ့သည့် ယိုးဒယားသီချင်းများမှာ ပုလဲသံစဉ်ခေါ် တစ်ပေါက်သံမှန်ကို မူတည်ထား၍ တီးရ ဆိုရသော သီချင်းများ ဖြစ်သောကြောင့် မဟာဂီတ တစ်ခေတ်ဆန်းလာသည်ဟု ဆိုရပါမည်။

ဘိုးတော် ဘုရားခေတ်၏ ဂီတသဘင်တစ်ခေတ်ဆန်းလာခဲ့ပုံကို နှောင်းလူများသိစေရန် ဆက်လက်ရေးသားပါမည်။

မိုးဂျာနယ်၊ ဖေဖော်ဝါရီ၊ ၁၉၉၆။

mgyoe.com

mgyoe.com

## ဂီတစာဆို ပခန်းမင်းသား

သက္ကရာဇ် ၁၁၄၃ ခုနှစ်၊ တပေါင်းလတွင် ဗဒုံမင်းကြီး နန်းတက်ပြီးနောက်နှစ်၌ ရှမ်းပြည်နယ် မိုင်းခိုင်းမြို့ဇာတိ ငွေနွန်းဆိုသူသည် လူဆိုးလူသွမ်းများကို စည်းရုံးကာ နန်းတော်ကို ဝင်စီးသည်။ ထိုအခိုက် ရှင်ဘုရင့်အနား၌ နို့ထိန်းအပျိုတော် ရှင်ဝက်ရှိနေရာ၊ ရှင်ဝက်က "ရန်သူတော်ပါဘုရား" ဟု ဟစ်အော်သဖြင့် အန္တရာယ်မှ လွတ်မြောက်ရသည်။ သည်ကျေးဇူးကိုထောက်၍ နို့ထိန်းရှင်ဝက်ကို မြောက်ရွှေရေးဆောင်မိဖုရား တင်မြှောက်သည်တွင် သားတော် **ပခန်းမင်းသားမောင်ဖဲကြီး** ကို ဖွားမြင်သည်။

မောင်ဖဲကြီးအား ၁၁၄၅ ခုနှစ်တွင် မြန်အောင်မြို့ကို ပေးသည်။ ၁၁၅၁ ခုနှစ်တွင် သတိုးမင်းရဲကျော်ခေါင်ဘွဲ့ ပေးသည်။ ၁၁၅၅ ခုနှစ်တွင် ပခန်းကြီးမြို့ကို ပေးသည်။ အရွယ်ရောက်လျှင် ဘထွေးတော် အင်းဝမင်း၏ မြေးတော် ရွှေကူမင်းသမီး သီရိသုရတနာဒေဝီနှင့် ခမ်းနားကြီးကျယ်စွာ လက်ထက်ထိမ်းမြားပေးသည်။ ဤ ပခန်းမင်းသားသည် ပင် ဂီတစာဆိုဖြစ်လာရသည်။

### ပါရမီရှိသူ

သက္ကရာဇ် ၁၁၅၁ ခု နတ်တော်လတွင် ဖွဲ့စည်းသည့် သဘင်ဂီတမြှင့်တင်ရေးအဖွဲ့တွင် ပခန်းမင်းသား မပါနိုင်။ အသက် ၆ နှစ်သာရှိသေး၍ ရာမဇာတ်၊ အီနောင်ဇာတ် ခင်းကျင်းပြသရာတွင် ပွဲကြည့်သူအဖြစ်သာ ရှိခဲ့သည်။

သို့ရာတွင် မင်းသားတို့တတ်အပ်သောပညာတွင် စောင်းပညာမှာ အဓိက ဖြစ်နေသဖြင့် မင်းသားတို့မှာ မသင်မနေရ သင်ကြရသည်။ ပါရမီရှိသူတို့မှာ ထူးထူးချွန်ချွန် တတ်မြောက်သွား၍ ပါရမီမရှိသူများမှာ မတတ်မြောက်ကြ။ ပခန်းမင်းသားမှာ ပါရမီရှိသူ

mgyoe.com

ဖြစ်သဖြင့်အလွယ်နှင့် တတ်မြောက်သည်။ ဂီတပညာကို သင်ယူရာတွင် ပြင်စည်မင်းသား ကြီး၊ မြဝတီဦးစတို့ကျေးဇူးနှင့် မကင်းနိုင်။ ဂီတစာဆို ဖြစ်လာရသည်မှာလည်း ၎င်းတို့၏ အာစရိယောဝါဒကိုယူ၍ ဖြစ်လာရသည်ဟု ဆိုနိုင်ပါသည်။

## သံဆန်းခေတ်သာမီသူ

ပခန်းမင်းသားသည် မြဝတီဦးစထက် အသက် ၁၇ နှစ်ငယ်သဖြင့် ရှေ့ပိုင်းဂီတ ခေတ်ကို မမီနိုင်။ နောက်ပိုင်းသံဆန်းခေတ်ကိုသာ မီသူဖြစ်ပါသည်။ ထို့ကြောင့် မဟာ ဂီတစာအုပ်ကြီးများတွင် တွေ့ရသည့်–

၁။ ဘုန်းအကြီးဆုံးချီ ဘုန်းတော်ဘွဲ့သီချင်းခံကြီး ၂။ ပန်းကြာဝတ်မှုံချီ မယ်ဘွဲ့ သီချင်းခံကြီးတို့ကို ပခန်းမင်းသားရေးသည်ဆိုခြင်းမှာ မဖြစ်နိုင်၊ ထိုသီချင်းခံကြီးများ၏ အရေးအသား၊ အသုံးအနှုန်းများမှာ ကုန်းဘောင်ခေတ် (ဝါ) မြဝတီခေတ် အသုံးအနှုန်း မဟုတ်ပါ။ ဒုတိယအင်းဝခေတ် (ညောင်ရမ်းခေတ်) အသုံးအနှုန်းများ ဖြစ်နေသည်။ ဝန်ကြီးပဒေသရာဇာနှင့် ဖျာသီးဆယ်ရွာစား ဦးလွမ်းပြေတို့ခေတ်တွင် သံရိုးပိုင်းဆိုင်ရာ ကြိုး–ဘွဲ့–သီချင်းခံကြီးများကို အများအပြားရေးခဲ့ကြသည်။

**'တောဟေဝန်တောင်၊ သံသာညိုးညင်း၊ သင်းသင်းကြိုင်ကြိုင်၊ ဘုန်းထူး ဝေဆာ၊ အယဉ်မျိုးကြူးပင်သာ၊ ရွှေစမွှာယ်ရုံ၊ ဝတီနန်းမြင်းမိုရ်ချာ၊ ဇမ္ဗူမြန်ချာ ဘွေမှာ၊ မင်းခမ်းတော်စုံ၊ ဖြိုးဖြိုးရွှေရင်'** စသည့် သီချင်းခံကြီးများ ထင်ရှားခဲ့သည်။ ကုန်းဘောင်ခေတ်တွင် မြဝတီဦးစပင်လျှင် မလွဲမရှောင်သာ ရေးသည့် **စုံသာမြိုင်နယ် ချီ** သီချင်းခံနှင့် **ဇေယျာရွှေမြေ ချီ** သီချင်းခံကြီးလောက်သာ ရေးတော့သည်။သံဆန်း ဘက်ကို အားသန်နေသဖြင့် စောင်းတွင် လေးပေါက်အောက် ပြန်သံမှာ နားစွဲနေပြီဖြစ် ရကား သံဆန်းသီချင်းများကိုသာ ဖန်တီးနေချိန် ဖြစ်သည်။ ဤအခါ ဤအချိန်တွင် ငယ်ရွယ်သူ ပခန်းမင်းသားအဖို့ သံရိုးထက် သံဆန်းကို ပို၍နားစွဲနိုင်စရာရှိပါသည်။

ဤတွင် သံရိုးကို ပစ်ပယ်ရမည်မဟုတ်ပါ။ မဟာဂီတကိုသင်လျှင် ဂီတသင်ပုန်း ကြီးဖြစ်သည့် ထံတျာ–သီတာ–သာယာစသည့် အခြေခံကြိုးသီချင်းများကို မသင်မနေရ၊ သင်ရပါမည်။ ထိုသီချင်းများတွင် ဘယ်ညာအတွဲအဖက် သင်လက်များကို လေ့ကျင့်ရ မည်။ သို့မှ ဘွဲ့သီချင်း၊ သီချင်းခံတို့ကို ဆက်တက်လျှင်စနစ်တကျ တီးတတ်မည်။ သို့မဟုတ်ပါက လက်ကွက်တွေမမှန်ဘဲ အိုးနင်းခွက်နင်းဖြစ်နေတတ်သည်။

## မဟာဂီတပညာရှိတို့သဘော

မဟာဂီတပညာရှိကြီးများသည် သံဆန်းထက် သံရိုးကို တန်ဖိုးထားကြသည်။

mgyoe.com

mgyoe.com

လူငယ်တစ်ယောက်ကပညာလိုချင်ပါသည်ဟုဆိုလျှင် ၎င်းလူငယ်ကို **"ဘုန်းမိုးသွန်းလောင်း"** သီချင်းခံကလေးကို တီးခိုင်းတတ်သည်။ ထိုသီချင်းကလေးကိုမှ ပီပီပြင်ပြင် မတီးတတ်လျှင် ဂီတပညာကို စနစ်တကျသင်ယူသူမဟုတ်ဟု အပြစ်တင်တတ်သည်။ ထိုသူသည် တကယ်တတ်ချင်လျှင် ထံတျာတေရှင်ကစ၍ ပြန်သင်ခိုင်းသည်။

ထို့ကြောင့် သံဆန်းခေတ်တွင် ကြီးပြင်းလာရသူ ပခန်းမင်းသားမှာ အဆိုပါ သီချင်းခံကြီးများကို မရေးနိုင်။ သံဆန်းကိုသာ ရေးပေလိမ့်မည်။ တွေ့ရသည်မှာ–

၁။ ဇေယျာအောင်စည် – ပတ်ပျိုး

၂။ အောင်မြေသာစံ – ပတ်ပျိုး

နှစ်ပုဒ်သာ တွေ့ရသည်။ ဝက်မစွတ်ထောက်မင်းကြီးပြုစုသည့် **သဗ္ဗဂီတက္ကမပကာသနီ**ကျမ်းကြီးတွင် ထပ်မံရှာဖွေလျှင် တွေ့နိုင်မည်ထင်ပါသည်။ **ကွမ်းဖိုးထိန်း**စုဆောင်းသည့် သီချင်းစုတွင်လည်း တွေ့နိုင်စရာရှိပါသည်။ သီချင်းအတော်များများ ရေးခဲ့သည်မှာကား သေချာပါသည်။ ပျောက်ပျက်ကုန်သည်လည်း ဖြစ်နိုင်ပါသည်။

**ဇေယျာအောင်စည်ပတ်ပျိုး**

တပေါင်းလဆန်း (၁)ရက်နေ့ရောက်လျှင် မဏ္ဍပ်ကနား ကြီးကျယ်စွာထိုး၍ အဝေး မြို့စား၊ ရွာစား၊ နယ်စား၊ လူးတစ်ဆဲ့နှစ်ပနား၊ ရှမ်းကိုးဆဲ့ကိုးစော်ဘွားတို့၏ အဖူးအမြော်ကို ခံတော်မူရသည်။ အခမ်းအနားတွင် ဖူးမြော်သူတို့က ဆက်သွင်းသည့် လက်ဆောင်တော်၊ ခွန်သီးတော်များကို လက်ခံရသည်။ ဘုရင်းမင်းမြတ်က ပြန်လှန်ချီးမြှင့်သည့် လက်ဆောင်တော်များကိုလည်း ထုတ်ပေးရသည်။

ဤပွဲကား တစ်ပြည်ထောင်စနစ်အနေနှင့် ညီညွတ်မှုကို ပြသည့်ပွဲဖြစ်သည်။ ဤသို့ ညီညွတ်မှုရှိအောင် မည်သို့ စည်းရုံးသိမ်းသွင်းထားရသည်ဆိုသည့်ကိစ္စများကို ပြောစရာအများကြီးရှိပါသည်။

ဤကန်တော့ခံပွဲအကြောင်းကို ပခန်းမင်းသားက ပတ်ပျိုးသီချင်းတစ်ပုဒ် ရေးသည်။ မြဝတီမင်းကြီးကလည်း ပခန်းမင်းသား၏ လက်စွမ်းလက်စကို ပေါ်လွင်အောင် ပွဲထုတ်ပေးလိုက်ခြင်း ဖြစ်ဟန်တူပါသည်။

**ဇေယျာအောင်စည်**
**တေဇာခေါင်တည်**
**နေဝါရောင်ခြည်–မွန်း၊ ရေမြေကျွန်း။**
**ဖြူဝန်းဖြန့်လွှား၊ ရာနန်းနေ၊ စက်ရွှေတင်ဦးထား။**
**နတ်လားသွင်ကညာလေတည့်မှ၊ ထံရင်းများစုံစွာ။ ။**

mgyoe.com

သြဘာလေသံဝဲ့ချီး၊ စကြာတော်ရောက်နီးနီး။ ။ ကောင်းချီးဓေယျာ၊ သီတာလေမိုးယံ၊ နတ်ပေါင်းငယ်ကျော်ညံကြွေး။ ။ ။

တီးမျိုးငယ်ဆယ်ဖြာ၊ သာယာလေ ကြွေးမည်၊ ပတ်ဝန်းငယ် ရွှေပြည်ဦး ။ ။ သပြေမြန်ဘောင်၊ ရဝေမှန်ဆောင်၊ ပရမေစံခေါင်မှူး၊ ပျော်မြူးအံ့ ရာလွန်လေတည့်မှ၊ နတ်လားပုံတသွန်. . .။

ပွဲသဘင်အခမ်းအနားအကြောင်း၊ ပရိသတ်အကြောင်း၊ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး၊ အခြွေအရံတို့ အကြောင်း၊ တူရိယာမျိုးစုံတို့ တီးမှုတ်ဖျော်ဖြေကြသည့် အကြောင်း ပြောပြီးသောအခါ အချိန်ကာလအကြောင်းကို ဆက်လက်ပြောသည်။

ခြည်မွှန်လေမခြားတောင်း၊ ထုံဂန္ဓာကြိုင်သင်းလှောင်း၊ လေညောင်းညာဘယ်၊ နွေပြောင်းခါဝယ်၊ ချိန်ခါလွန်သာစွမှာ၊ ဟေမန္တဆောင်းရက်ကြွယ်။ ။ လွမ်းဆင့်ဆင့်ညွှန်းရှုယ်ထွေလေ၊ တိမ်ယံဘုံလယ်၊ နန်းမေရှ နှယ်လေလေ့၊ ရွှေနန်းသိင်္ဂါလယ်။

သဖြန်

– ကိုးရောင်ကွန့်ခြယ်
စံစမ္ပါယ်လှိုင်ရွှေညီလို့
ရွှေကေသီဆင်တော်ရန်ပ
မြဲဆံကြာပန်း

– ထူးသာဘွယ့်ချိန်
ဘုံဝတီမြနန်းမော်က
ငွေစံလှော်ပုဏ္ဍာကဲ့ငယ်ကို
ဖူးမြော်လို့စမ်း။ ။

ပခန်းမင်းသားသည် သူ၏ဆရာ မြဝတီဦးစ ခင်းပေးသော လမ်းအတိုင်း လျှောက်သည်ကား မှန်ပါ၏။ သို့ရာတွင် သံရိုးဘက်သို့ အားသန်နေဟန်တူသည်။ သံဆန်းပတ်ပျိုးသီချင်းကို သုံးမျိုးခွဲနိုင်ပါသည်။

သံရိုးပတ်ပျိုး

အောက်ပြန်ပတ်ပျိုး

အလယ်ပတ်ပျိုး ဟူ၍ ခွဲထားပါသည်။ ထီးနန်းကြငှန်းနှင့်ပတ်သက်၍လည်းကောင်း၊ မင်းခမ်းမင်းနားနှင့်ပတ်သက်၍လည်းကောင်း ဂုဏ်ပြုဖွဲ့ဆိုရမည့်နေရာတွင် ခံ့ခံ့ညားညားဖြစ်ရလေအောင် သံရိုးနှင့် တီးရသည့် ပတ်ပျိုးသီချင်းကိုသာ ရေးဖွဲ့ပါသည်။

ရာသီဘွဲ့၊ တောတောင်ဘွဲ့ အချစ်အကြိုက် အလွမ်းအဆွေးနှင့်ပတ်သက်လျှင်

mgyee.com

လေးပေါက်အောက်ပြန်ဖြင့် တီးရသည့်အောက်ပြန်ပတ်ပျိုးကို ရေးဖွဲ့သည်။ **အိနောင်ဇာတ်၊ သမုဒ္ဒဃောဟာသဇာတ်**များတွင် အသုံးပြုသည့်ပတ်ပျိုးများကို တွေ့နိုင်ပါသည်။

ယိုးဒယားသီချင်းများနှင့် မွန်သံသီချင်းများ ခေတ်စားလာသောအခါ ပုလဲခေါ် တစ်ပေါက်သံမှန်ကို မူတည်ထား၍ တီးရသောအသံကို နားစွဲသွားသဖြင့် ပုလဲပတ်ပျိုးကို ရေးဖွဲ့ကြသည်။

ပခန်းမင်းသား၏ **ဓေယျာအောင်စည် သီချင်းမှာ သံရိုးပတ်ပျိုးဖြစ်၍ ဘွဲ့သီချင်း၊** သီချင်းခံကြီးတို့အထဲမှာ အသုံးပြုသည့် တီးကွက် တီးလက်များ ပါဝင်နေသည်။ စာသားဖွဲ့နွဲ့ပုံမှာလည်း လှပါသည်။ ပခန်းမင်းသားသည် အလားအလာရှိသည့် ဂီတစာဆိုတစ်ဦး ဖြစ်လာသည်။

### ဖခင်အမှာ အထားကို ဖျက်သူ

'သားတော်များအစဉ်လိုက် မင်းပြုရစ်ကြရန်' ဟူသော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မှာထားခဲ့သောစကားကို ရှေးဦးစွာ ဆင်ဖြူရှင်ခေါ် မြေဒူးမင်းက ဖျက်လိုက်သည်။ အသက်ရှစ်နှစ်သာရှိသေးသည့် သူ၏ သားတော်စဉ့်ကူးမင်းသားလေးကို မတန်မရာ အိမ်ရှေ့စံ ခန့်လိုက်ခြင်းကြောင့် အလောင်းမင်းတရား၏ တတိယသားတော် အမြင့်မင်းသားမှာ ကွပ်မျက်ခံရသည်။

ဘိုးတော်ဘုရားခေါ် ဗဒုံမင်းတက်လာသောအခါ မိမိအား ထီးနန်းရအောင် လုပ်ပေးသည့် ညီတော် ပင်းတလဲမင်းသားအား အိမ်ရှေ့မပေးဘဲ သားတော်ကို ပေးလိုက်သဖြင့် ပြဿနာတက်ကာ ပင်းတလဲမင်းသား ကွပ်မျက်ခံရပြန်သည်။ မြောက်နန်းမိဖုရားမှဖွားသူ စည်သာမင်းသားပင် အဆစ်ပါသွားရသည်။

ထို့ကြောင့် အလောင်းမင်းတရားကြီး၏ ပဌမသားတော် ပခန်းမင်းသားမောင်စိုးတစ်ယောက်သာ ကျန်တော့သည်။ လူအေးလူရိုး မောင်စိုးမှာ အန္တရာယ်မှလွတ်၍ ရိုးရိုးသားသား ကွယ်လွန်ရသည်။ သို့ရာတွင် ဤဂယက်ကား ပျောက်၍မသွား၊ ပေါ်သည့်အခါ ပေါ်၍ ငြိမ်သည့်အခါ ငြိမ်နေသည်။

၁၁၇၀ ပြည့်နှစ်တွင် အိမ်ရှေ့ရွှေတောင်မင်းသား အနိစ္စရောက်သည်။ အသက် ၄၆ နှစ်သာ ရှိသေးသည်။ ဤတွင် အိမ်ရှေ့ရာထူးပြဿနာ ပေါ်ပြန်သည်။ မိဖုရားလေးပါးမှ ဖွားမြင်သော သားတော်များမရှိလျှင် ဆောင်ရနန်းရမိဖုရားတို့မှ ဖွားသည့် သားတော်ကြီးများ အလားအလာရှိသည်။ မှန်သည်။ တရားသဖြင့်ဆိုလျှင် ဤအတိုင်း စဉ်းစားရမည်။ ဤသို့ ဖြစ်မလာချေ။

mgyoe.com

mgyoe.com

## မြေးတော်ကို အိမ်ရှေ့ခန့်

ဘိုးတော်ဗဒုံမင်းကြီးသည် အသက် ၂၄ နှစ်သာရှိသေးသည့် မြေးတော် စစ်ကိုင်းမင်းသား မောင်ရွှေဇင်ကို အိမ်ရှေ့ခန့်သည်။ ရှင်ဘုရင်က ချစ်သောကြောင့် ပေးသည်ဆိုလျှင် သူ့အာဏာရှင်မို့ ဘာမျှပြောစရာမရှိ။ သို့ရာတွင် ဝါရင့်သားတော်ကြီးများ အနေနှင့် မည်သို့ခံစားရမည်နည်း။ အိမ်ရှေ့ဖြစ်ထိုက်သည့် မင်းသားကြီးများမှာ

၁။ ပြည်မင်းသား (၄၃)နှစ်
၂။ တောင်ငူမင်းသား (၄၁)နှစ်
၃။ ပုဂံမင်းသား (၃၂)နှစ်
၄။ ပခန်းမင်းသား (၂၅)နှစ်
၅။ သန်လျင်မင်းသား (၂၃)နှစ်
၆။ မိုးမိတ်မင်းသား (၂၃)နှစ်

ဟူ၍ ဖြစ်သည်။ ဤအထဲတွင်အိမ်ရှေ့ရွှေတောင်မင်းသားကြီး၏ ညီအရင်း ပြည်မင်းသားကြီးမှာ အသင့်တော်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သူ့ကို အိမ်ရှေ့ပေးလိုက်လျှင် ဘာပြဿနာမှ မဖြစ်နိုင်။ သူ့ကိုကျော်၍ မြေးတော်ကိုပေးသဖြင့် ပြဿနာဖြစ်ရသည်။

## မဲဇာပို့ခံရရှာ

တောင်ငူမင်းသားက ထက်သည်။ ကြမ်းသည်။ ပြည်မင်းသားက အေးသည်။ သို့နှင့် တောင်ငူမင်းသား စာပေဂီတသမား ပခန်းမင်းသားကို စည်းရုံးခေါ်ယူကာ နောင်တော် ပြည်မင်းသားထံ ဝင်၍ ရင်ဖွင့်ကြသည်။ ထိုအချိန်တွင် ဘိုးတော်ဗဒုံမင်းကြီးမှာ အသက်ကြီး၍ အရှိန်အဝါနည်းနေချိန်ဖြစ်သည်။ အုပ်ချုပ်ရေးကို အိမ်ရှေ့ရွှေတောင်မင်းသားကြီးက ကိုင်တွယ်လာခဲ့သည်မှာ ကြာပြီ။ ဘိုးတော်ဘုရားမှာ မင်းကွန်း စံနန်းတော်မှာနေ၍ သာသနာရေးကိစ္စ၊ နက္ခတ်ဗြိုလ်သွားတွက်ချက်မှုကိစ္စတွေကိုသာ လုံးပန်းနေသည့် အချိန်က များနေသည်။

ဤကိစ္စတွင် ပြည်မင်းသားကြီး သည် ပြတ်ပြတ်သားသားဆုံးဖြတ်ကာ အုပ်ချုပ်ရေး အာဏာကို လွှဲပြောင်းယူလိုက်လျှင် ဘိုးတော်ဘုရားအနေနှင့် ဘာမျှမတတ်နိုင်။ စစ်ကိုင်းမင်းသားလေးအနေနှင့် ဘာမျှမလှုပ်ရှားနိုင်။ သို့ရာတွင် ပြည်မင်းသားကြီး မပြတ်သားသောကြောင့် လှုံ့ဆော်သူ တောင်ငူမင်းသား ထောင်ထဲရောက်ရသည်။ အလိုတူသူ ပခန်းမင်းသား အညာသစ်တော(မဲဇာ)သို့ ပို့ခံရသည်။ တောင်ငူမင်းသားကို ကွပ်မျက်ခြင်းမပြု။ တစ်ကြိမ်တစ်ခါ မှားယွင်းသည့်အတွက် ခံဝန်ချက်နှင့် လွှတ်လိုက်သည်။

ပခန်းမင်းသားမှာ "သမုတိအတွက် ဝေက်ကဒဏ်ခံ" ဆိုသလို ပြည်မင်းသားကြီး

mgyoe.com

mgyoe.com

အတွက် အကျိုးဆောင်ပေးကာမှပင် အပြစ်ဒဏ်ကျရောက်ရသည်။ ပြည်မင်းသားကြီးကိုမူ ဖမ်းဆီးအရေးယူခြင်းမပြု။ သူ၏ သဘောရင်းစိတ်ရင်းကို သိနေဟန်တူသည်။

## အောင်မြေသာစံ

ဤတွင် ရာဇဝတ်တော်နှင့် ထွက်သွားရသူ ပခန်းမင်းသားမှာ အမရပူရနေပြည်တော်၊ ဧရာဝတီသဘော်ဆိပ်မှ လှေဖြင့် အညာသို့ ဆန်ခဲ့ရသည်။ အညာသစ်တောသို့ဝင်လျှင် ရေစီးသန်သောချောင်းမှာ လှေလှော်၍မရ။ ထိုးဝါးနှင့် ထိုး၍တက်ရသည်။ ကမ်းပါးနှစ်ဖက်ကို ထောက်၍ ထောက်၍ လူးလားပြန်ခေါက်ဆန်တက်ရသည်။ ယင်းသို့ မငြိမ်မသက် ထောက်ကန် တွန်းထိုး၍ သွားနေရသဖြင့် လှေနံနှစ်ဖက်ကို မြဲမြဲဆုပ်၍ တွယ်ကပ်လိုက်ပါနေရသည်။ သည်အဖြစ်အပျက်ကို သီချင်းစပ်ဆိုသည်။

"အောင်မြေသာစံ၊ သောင်ယံသဲက၊ ပုလဲလိုလို၊ ခင်းသာတယ်ကို။ ရေညို
ညို၊ ဒိုးလျှိုငယ်စီးပါလို့၊ ခရီးသာသာလမ်းမှာလ၊ ရွှေတဲ့ရွှေမြစ်ညာ။
– ရွှေလက်ကယ်ကိုင်ကာ၊ သိတာသောင်ကမ်းခြေ၊ စိမ်းရွှေငယ်ဖြူပြာ၊ညို
မောင်ဝါသွေး၊ တိမ်စွယ်ရိပ်ကယ်ကမွေး။ ရွှေပြည်တော်မျှော်တိုင်းဝေး"

ဧရာမြစ်ကြောအတိုင်း အထက်သို့ ဆန်တက်လာခဲ့ရာ၊ အညာသစ်တောတွင်းသို့ ဝင်လျှင် မိုးဦးကာလဖြစ်သည့်အတိုင်း လေကထန်၊ မိုးကထန်နှင့် နေကိုမျှ ကောင်းစွာမမြင်ရသည့် စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးများ၏အလယ်သို့ ရောက်နေရသည်။

## အမရပူရနှင့် ဝေးခဲ့ပြီ

ရွှေပြည်တော်မျှော်တိုင်းဝေး–

အမရပူရ နေပြည်တော်ကြီးကာဝေး၍ ကျန်ခဲ့ချေပြီတကား။

မဲဇာသစ်တော၊ မှန်စီသစ်တောတို့တွင် မိုးအခါကာလဌ မိုးအဆက်မပြတ်ရွာ၍ နေကိုမမြင်ရ။ အုပ်ဆိုင်းမှိုင်းမှောင်၍နေတော့သည်။ သစ်ပင်ဝါးပင်ကြီးများကလည်း ပိတ်ဖုံးနေပြန်သည်။ နေရာတကာတွင် ရွှံ့များထူထပ်လှသဖြင့် ဖိနပ်စီး၍မရ။ ခုံဖိနပ်စီးလျှင်ပင် ရွှံ့နှင့်ကပ်နေ၍ ဆွဲနုတ်မရခြင်းကြောင့် ခြေထောက်ချည်း သွားရသည်။ အိမ်ရှေ့၌ ဧည့်သည်လာလျှင် ခြေဆေးရန် ရေအိုးထားရသည်။ ရွှံ့များကို ခြစ်ချရန် ဝါးခြမ်းပြား ထားရသည်။ ဤမျှလောက် စိမ့်စမ်းထူသည့်နေရာဖြစ်သောကြောင့် ငှက်ဖျားရောဂါရှိသည်။

ထိုသစ်တောသို့ရောက်လျှင် ရေစိမ်းမချိုးရ၊ ရေနွေးချိုးရမည်၊ ငှက်ပျောသီးမစားရ၊ ကြက်သားမစားရဟု ဘုံဘောဘားမား သစ်ထုတ်လုပ်ရေးအမှုထမ်းများက

mgyoe.com

ပြောကြသည်။ ငှက်ဖျားမမိအောင်ရှောင်ဖို့ အရေးကြီးသည်။ ထိုသစ်တောရောက်လျှင် ငှက်ဖျားလွတ်သူ ရှားသည်။

**တောစုံမြိုင်လယ်**

ပခန်းမင်းသားမှာ လူငယ်ဖြစ်၍ ဆေးဝါးခါတ်စာကို နားလည်မည်မဟုတ်။ ဂီတဘက်သာ အားသန်နေသဖြင့် အခြားဘက်က ချို့တဲ့ပေလိမ့်မည်။

– ရွှေသွေးမျက်ခြည်၊ လေပြည်ယူသိမ်း၊ မြစိမ်းရောင်ညို့ညို့၊ မှိုင်းမို့မို့ ရေတဲ့ ရေကန်သာ။ ။ ပဒုံရွှေကြာ၊ အငုံဝေဆာ၊ ရဂုံဘွေမှာ ညိုးညိုး ညင်းညင်း၊ ကြိုင်မွှေးမာလာ၊ ပန်းစုံကသင်း။

အရပ်ရှစ်မျက်နှာကို ကြည့်လိုက်လျှင် သစ်ကြီးဝါးကြီးတွေနှင့် စိမ်းစိမ်းညို့ညို့ မြင်နေရသည်။ စိမ်းလဲ့ကြည်လင်သော ရေကန်သာတွင် ပဒုမ္မာရွှေကြာအမျိုးမျိုးတို့ ဖူးပွင့်နေကြသည်။ ပန်းမျိုးစုံတို့က ဖူးပွင့်၍ လေယူရာသွေး မွှေးနေကြသည်။ ကြည်နူး စရာမြင်ကွင်းများသည် သူ့ကိုဒုက္ခပေးလိမ့်မည်ဟု ပခန်းမင်းသား မတွေးမိရှာ။

တစ်ဆင်းတက်သော်၊ တစ်တောင်ငယ်ကျော်၊ တစ်မော်ရုံလျှိုး၊ တစ် ချုံတိုး။ ။ တစ်မိုးသောက်ပင်၊ တစ်နေငယ်ဝင်၊ တစ်ခွင်မြိုင်ကြီး၊ ဂနိုင် ဆီး× × ×

တောကြီးငယ့်တောက်ကာ၊ ကေလာတောင်စောင်း၊ ပိတ်ပေါင်းငယ် သာထွေ၊သပြေပြင်နန်း၊ ရေယဉ်စမ်းနှင့် စခန်းရောက်အောင်မြေ× × ×

အပန်းငယ်ဖြေကာ၊ ဗလာတူရှန်း၊ သံသာငှက်ကယ်ကညွန်း။ နှစ် ကိုယ်စံ ဖန်တိုင်းကျွန်း× × ×

မြိုင်တောကြီးအတွင်း တစ်တောင်ဆင်းတစ်တောင်တက်၊ တစ်တောဝင်တစ် တော ထွက်သွားလာနေရသည့်အဖြစ်၊ အောင်မြေစခန်းသို့ မရောက်မချင်း မမောနိုင် မပန်းနိုင်ခရီး ဆက်သွားနေရသည့်ဘဝတွင် ကျေးငှက်သံကလေးများကို နားထောင်ရင်း အပန်းဖြေနေရသည့်အခါ ပျော်သလိုလိုရှိသော်လည်း နေပြည်တော်ကို ပြန်လည်အောက် မေ့လိုက်သောအခါ လွမ်းမိသည်။

**အလွမ်းငယ်ထွေ**

ပြန်မှရောက်ပါတော့မည်လား။ ချစ်သူခင်သူတို့နှင့် တွေ့မှတွေ့ရပါဦးတော့ မလားဟု တွေးမိလိုက်သောအခါ မိမိ၏ မသေချာမရေရာတဲ့ဘဝကို သတိရပြီး ကြေကွဲ ဝမ်းနည်းမိသည်။ ထို့ကြောင့် တကယ့်လွမ်းနေရပုံကို ပေါ်အောင်အသံကို မြှင့်၍ အော်

mgyee.com

mgyoe.com
လိုက်သည်။

အလွမ်းငယ့်ထွေ၊ ဆော်လေကမြူး၊ မာလာငုံဖူး၊ ထုံနံ့မြူး၊ သာထူးဆန်း။ ။ နန်းရွှေတောင်မြင့်နတ်ကယ်စံရာ၊ လွမ်းလေအောင်ဆင့်ထပ်ကာကြုလာ၊ မလုံလေပါဘဲဆွေး၊ ရွှေရင်တုန်ချမ်းမြမြအေး× × ×

ရွှေနန်းတော်ရွှေမြို့တော်ကြီးဆီကို မျှော်ယောင်ယမ်းပြီး တမ်းတမိလိုက်လျှင် လွမ်းလည်းလွမ်းသည်။ ချမ်းလည်းချမ်းသည်။ ယခုအခါ နမတော် ရွှေကူမင်းသမီး ဘယ်လိုနေရှာပါလိမ့်။ မယ်တော်ဘုရား ဘယ်လိုနေရှာပါလိမ့်။

ဆိုထုံးစကားကျန်ခဲ့

ပခန်းမင်းသားသည် သူ့ချစ်သူ ရွှေကူမင်းသမီး၏အမည်ကို တအားခေါ်လိုက်သည်။ ကြားမှကြားပါ့မလား။ မမလေးရဲ့အချစ်ဆုံး နံ့သာမှုံနံ့သာခဲကလေးနှင့် တူသည့် မောင်တော်မှာ တောချောင်ထဲမှာ အိပ်လိုအိပ်၊ တောင်ထိပ်ပေါ်မှာ ကွေးလိုကွေးနှင့် ပူဆွေးနေရပါတော့သည်။ ဩော်. . ဘယ်ကာလ ဘယ်အခါ ပြန်လည်တွေ့ဆုံရပါဦးမလဲ၊ ရွှေပြည်တော် မျှော်တိုင်းဝေးချေပြီ။

မလေးကုန်ချစ်တဲ့
မှုန်နှစ်ကယ်လေး
တောချောင်မှာမောင်အိပ်လို့
တောင်ထိပ်မှာကွေး
တောင်မြင့်ဂန္ဓာမာ ကြာတိုင်းမွေး
ရေကန်သာ ကြာတိုင်းအေး
ရွှေပြည်တော် မျှော်တိုင်းဝေး

ဤတွင် "ရွှေပြည်တော် မျှော်တိုင်းဝေး" ဆိုသော ဆိုထုံးစကားတစ်ခု ကျန်ခဲ့သည်။ ပခန်းမင်းသားသည် မဲဇာတွင် တစ်နှစ်နီးပါးနေခဲ့ရသည်။ ဤသီချင်းကြောင့်ပင် ဘိုးတော်ဘုရားက သနားပြီးပြန်ခေါ်သော်လည်း မဲဇာမှ ပါလာသည့် ငှက်ဖျားကြောင့် အသက် ၂၇ နှစ်ထဲတွင် ကွယ်လွန်ခဲ့ရသည်။

ဂီတအနုပညာဘက်တွင် အလားအလာရှိသော မင်းသားတစ်ပါး ကွယ်လွန်သည်မှာ ဂီတလောကအတွက် ဆုံးရှုံးခြင်းတစ်ရပ်ပင် ဖြစ်ပါတော့သတည်း။

မိုးဂျာနယ်၊ ဒီဇင်ဘာ၊ ၁၉၉၆။

mgyoe.com

mgyoe.com

## ဂီတစာဆို မင်းကြီးကတော် ခင်ဆုံ

မင်းကြီးကတော် ခင်ဆုံ၏အကြောင်းကို ဒေါ်မမကြီး၏ အမျိုးသမီးအနုပညာရှင်များ စာအုပ်တို့တွင် တွေ့ရှိရသလောက်ကိုသာ သိရသည်။ ကိုယ်ရေးရာဇဝင်ကို ပြည့်ပြည့်စုံစုံ မသိရ။

မောင်သုတအမည်ခံ ဗိုလ်ကြီးဘသောင်းက ၎င်း၏စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် မင်းကြီးကတော်ခင်ဆုံ၏ ဖွားသက္ကရာဇ်ကို ၁၁၅၀ ဟု ခန့်မှန်းသည်။ ဘိုးတော်ဘုရားခေါ် ဗဒုံမင်းကြီးလက်ထက် မြေထဲဝန်၏သမီး ဖြစ်သည်ဟု သိရသည်။

ခင်ဆုံသည် ငယ်စဉ်ကပင် ကဗျာလင်္ကာ စီကုံးသီဖွဲ့မှုအတတ်၊ ဂီတပညာ တီးမှုတ်သီဆိုမှုအတတ်ကို သင်ကြားတတ်မြောက်ဟန် တူသည်။ ရွှေနန်းတော်ကြီး၌ အပျိုတော်အဖြစ် ခစားရသည်ဆိုလျှင် စောင်း၊ ပတ္တလား အတီးအဆိုပညာကို မတတ်မနေ သင်ယူရမြဲဖြစ်သည်။ ခင်ဆုံမှာ အတီးအဆိုပညာ တတ်ရုံမက ကဗျာလင်္ကာ စီကုံးမှုကိုလည်း တတ်ကျွမ်းသောကြောင့် သူများတကာထက် သာလေသည်။ ထို့ထက်ပို၍ မဟာဂီတသီချင်းများကိုပါ ရေးစပ်သီကုံးနိုင်သူ ဖြစ်ပြန်သောကြောင့် ရွှေနန်းတော်အတွင်း၌ နာမည်သတင်း ကျော်စောခြင်းဖြစ်ရလေသည်။

၁၁၈၁ ခုနှစ်တွင် အိမ်ရှေ့စံ စစ်ကိုင်းမင်းသားသည် ဘိုးတော်၏အရိုက်အရာ ထီးနန်းကို သိမ်းပိုက်တော်မူသောအခါ အပျိုတော်ခင်ဆုံကို ဇလွန်မြို့စား ရွှေလှံ့ဗိုလ်နှင့် လက်ထက်ထိမ်းမြားပေးသည်ဟု ဆိုသဖြင့် အသက် ၃၁ နှစ်လောက်တွင် အိမ်ထောင်ကျသည်ဟု ယူဆရသည်။ အပျိုတော်တို့၏ကိစ္စကို နန်းမတော် မိဖုရားခေါင်ကြီးက ကြည့်ရှုစီမံနေရာချထားပေးရမြဲဖြစ်သည်။

ထို့ကြောင့် ခင်ဆုံကို ရွှေလှံ့ဗိုလ်ကတော်ဟု ခေါ်ကြသည်။ ခင်ဆုံသည် ဘကြီး

mgyoe.com

mgyoe.com
တော်ခေါ် စစ်ကိုင်းမင်းလက်ထက်ရောက်မှ ဖာတ်သဘင်အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရသည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ခင်ဆုံရေး ဖားဘွဲ့ကဗျာကလေးနှင့် ပတ်သက်၍ ဝက်မစွတ်ဝန်ထောက်မင်းကြီး မင်းထင်မဟာစည်သူပြုစုသည့် သဗ္ဗဂီတက္ကမ ပကာသနီကျမ်းကြီးတွင် ဤသို့မှတ်ချက်ပြုထားသည်။

မင်းကြီးကတော် ခင်ဆုံတို့လူစု မြဝတီမင်းကြီးဦးစအိမ်သို့ ဖာတ်တိုက်ရန်အသွား ဖားသတ္တဝါများ လွန်စွာမြည်ကြသည်ကို အကြောင်းပြု၍ မင်းကြီးကတော်ခင်ဆုံ နှုတ်ထောက် (လက်တန်း) စပ်ဆိုလိုက်သော လေးဆစ်ကဗျာ–

ဟု တွေ့ရပါသည်။ ထိုကဗျာနှင့်ပတ်သက်၍ ပြဿနာရှိခဲ့ဖူးသောကြောင့် ဤတွင်ရှင်းပြပါမည်။ ထိုကဗျာမှာ–

**ပဋ္ဌက်ာ**
**မှန်ရာရွှေနှုတ်က**
**ခွန်းထုတ်စေသား။**
**လှမတူ**
**တ–သူ ဧကန်ရောက်မှာဖြင့်**
**ပြောင်မြောက်ဗေဒင်ပိုင်ငဲ့**
**စံအိုင်ကို စိန်နဲ့မွန်းပါ့မယ်**
**ခွန်းကျူပါ့ဖား။ ။**

ဤကဗျာကို ခေတ်ဟောင်းက ပညာရှိတစ်ဦး စုဆောင်းပြုစု၍ သူရိယ သတင်းစာတိုက်က ပုံနှိပ်ထုတ်ဝေသည့် ကဝိရတနာကျမ်း စာအုပ်၌ တွေ့ရသည်။ ထိုဆရာက ကဗျာ၏အစပိုဒ်ဖြစ်သည့် "ပဋ္ဌက်ာ"ကို အနက်မထင်သဖြင့် ဖားအကြောင်းရေးသည့်ကဗျာဖြစ်သောကြောင့် "ဖားတဂ်ါ"ဟု ပြင်လိုက်သည်။

မြန်မာစာပါမောက္ခ ဦးအေးမောင်က ထိုကဗျာကိုယူ၍ ဆယ်တန်း ကျောင်းသုံး "ကဗျာ့ပန်းကုံး" စာအုပ်၌ထည့်ထားသည်။ ကဗျာ့ပန်းကုံးအဖြေစာအုပ်ကို ဟံသာဝတီဦးဘရင်က ထုတ်ဝေသောအခါ ပါမောက္ခဦးအေးမောင်နှင့် အပြန်အလှန် ငြင်းကြခုံကြသည်။ မိမိတို့ အတ္တနောမတိဖြင့် အမျိုးမျိုး အနက်ဖွင့်ကြသည်။ သို့ရာတွင် သဗ္ဗဂီတက္ကမ ပကာသနီကျမ်းကြီးကို မတွေ့ဖူးကြသဖြင့် နှစ်ယောက်စလုံး အမှန်သို့မရောက်ချေ။ အဆိုပါမဟာဂီတကျမ်းကြီး၏ အထွေထွေအခန်းတွင် ယင်းကဗျာကို ဖော်ပြထားပြီး အထက်၌ ပြခဲ့သည့်မှတ်ချက်ကိုပါ ဖော်ပြထားသည်။ ၎င်းပြင် ပဋ္ဌက်ာ၏ အနက်ကိုပါ မှတ်ချက်ပေးထားသည်။

ပဋ္ဌက်ာ = ဖားအနက်ဟောသည်။
mgyoe.com

mgyoe.com

ပါဠိအဘိဓာန်တွင် မဏ္ဍူက သဒ္ဒါကို ဖားဟုသိကြသည်။ ပဠက်ာကို ဖားဟု အသိနည်းကြသည်။ ပဠက်ာမှာ ဖားသာလျှင်မက လည်ချောင်းအာခြစ်သံဖြင့် အော်တတ်သည့် ပုဇဉ်းရင်ကွဲကောင်၊ နှံကောင်ကိုပါ ဟောသည်ဟု ဆိုထားသည်။

အမှန်အားဖြင့် ခင်ဆုံ၏ကဗျာကပင်လျှင် ကိလိဋ္ဌဒေါသ သင့်နေခြင်းဖြစ်သည်။ မဏ္ဍူကာဟု ဆိုလိုက်လျှင် ဖားဟု လူတိုင်းသိမည်။ ပဠက်ာဟု ဆိုလိုက်သဖြင့် အနက်ငုပ်သွားရသည့် ခင်ဆုံသည် နေယျတ္ထအနက်နှင့် တမင်တကာပင် ပညာပြလို၍ ရေးလေသလောဟု ထင်ရပါသည်။

အထက်ပါ ကဝိရတနာကျမ်းတွင် ဖားအကြောင်းဖွဲ့ ကဗျာ (၁) ပုဒ်ပါပါသေးသည်။

– မျှော်လင့်တုန်း
ကြော့ဆုံးလာလိမ့်မည်၊
– မြရေလျှံဖွေ အမ္ဗုက
မဏ္ဍူဆွေ နှုတ်ချိုခွန်းနှင့်
ညွှန်းပြုန်ဘိသည်
– ဖန်ရေရေ
မှန်ပေခဲ့ရင်ဖြင့်
ထုံကြည်လှဲ့ဝတ်ရည်
ယူမည်လို့စောင့်စား
မရဘူးသော်လဲ့
လျှံမြူးစိန်စီတဲ့
နာရထီ စံရွှေခွက်ကယ်နဲ့
ကြာယက်ကို အိုင်ပြည့်သွန်းပါ့မယ်
ညွှန်းပါ့နှစ်နား။

ဤကဗျာမှာ ခင်ဆုံ၏ကဗျာကို အတုလိုက်၍ နောက်ဆရာတစ်ဦးရေးသည့် ကဗျာဖြစ်သည်။ ခင်ဆုံရေးသည့် ကဗျာမဟုတ်။ ဒေါ်မမကြီးစာအုပ်နှင့် ဒေါ်ဒဂုန်ခင်ခင်လေးစာအုပ်တို့တွင် ခင်ဆုံရေးကဗျာ စာရင်းထဲတွင် ထည့်သွင်းထားသည်မှာ မှားနေသည်။

၁၁၉၉ ခုနှစ်တွင် သာယာဝတီမင်း နန်းတက်သောအခါ ရွှေလုံဗိုလ်ကို ကောင်းတုံမြို့စား၊ နန်းတော်ကြီး အတွင်းဝန် ခန့်လိုက်သောကြောင့် ခင်ဆုံကို မင်းကြီးကတော်ခင်ဆုံဟု ခေါ်တွင်သည်။ အတွင်းဝန်ဖြစ်သွားသူကို မင်းကြီးဟု ခေါ်တွင်ကြသည်။

mgyoe.com

mgyoe.com

ခင်ဆုံ၏ နာမည်သတင်းကျော်စောခြင်းကြောင့် သာယာဝတီမင်းက "ကွပ်ရှာ" ကို ရွာစားချီးမြှင့်ပြန်သဖြင့် ကွပ်ရွာစားမင်းကြီးကတော် ခင်ဆုံဟု ရေးမှတ်ကြပြန်သည်။ ခင်ဆုံသည် စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်းတို့လက်ထက်တွင် ကဗျာဂီတသီချင်း အများအပြားရေးခဲ့သည်။ သို့ရာတွင် ပျောက်ပျက်ကုန်လေသလောမသိ။ အနည်းအကျဉ်းသာ တွေ့ရသည်။

၁။ တံပိုးငယ်တည့်နယ်ပဥ္စင်ပတ်ပျိုး
၂။ မြပန်းကိုက်ရုံ–ပတ်ပျိုး
၃။ ဆောင်းဝဇီရာ–ပတ်ပျိုး
၄။ သန်းရုံခြွေ
ကျေးစေပတ်ပျိုး
၅။ လေယာဉ်မြန်း
ကျေးစေပတ်ပျိုး
၆။ ဟေမာဝေဆာ–ပတ်ပျိုး
၇။ သင်းရနံ့–ပတ်ပျိုး

ဟူ၍ ၇ ပုဒ်သာ တွေ့ရသည်။ တွေ့ရသမျှမှာလည်း လူတိုင်းကြိုက်နှစ်သက်သည့် သီချင်းကောင်းတွေဖြစ်သည်။ အထူးသဖြင့် ကျေးစေပတ်ပျိုး (၂) ပုဒ်မှာ ထူးခြားသည်။ ကျေးခေါ် ကြက်တူရွေးကို စေသည့်အလေ့အထမှာ မဟော်သဓာ ဇာတ်တော်ကြီးမှ ဆင်းသက်ဆက်နွယ်လာသည်ဟု ထင်ပါသည်။

မဟောသဓာသုခမိန်သည် ကျေးသားကို မွေးထား၍ စူဠနီဗြဟ္မဒတ်မင်းထံသို့ လွှတ်၍ စစ်ရေးသတင်း ထောက်လှမ်းစေသည်ဟု ဆိုသည်။ ရှေးက သာချင်းဆရာများ၊ ကွက်စိပ်ဆရာများသည် မဟော်ကျေးစေခန်းအကြောင်း ဟောခဲ့ပြောခဲ့ဖူးသည်။ လူကြိုက်များလှသည်ဟု ဆိုသည်။

မြန်မာ့နန်းတွင်းတွင်လည်း ကြက်တူရွေး၊ သာလိကာငှက်များကို မွေးထားသည့် အလေ့အထ ရှိခဲ့သည်။ ကျေးစေရတု၊ ကျေးစေသီချင်းဆိုသည်မှာ ကျေးသားခေါ် ကြက်တူရွေး ကလေးကို စေလွှတ်၍ ချစ်သူထံ အပြောခိုင်းခြင်းဖြစ်သည်။ တကယ်လွှတ်ပြီး ပြောခိုင်း၍ကား ရမည်မဟုတ်။ လည်ပင်းတွင် စာခွေစွပ်၍ ပေးလိုက်၍ကား ဖြစ်နိုင်ပါသည်။ အမှန်မှာ စာဆို၏ အနုပညာဖန်းတီးချက်သာ ဖြစ်ပါသည်။

ခင်ဆုံက အဘယ်သို့ စေသနည်း။ လေ့လာကြည့်ကြစို့။ သန်းရုံခြွေ၊ ရွှေကြော့ဝန်း။ ။ စံပယ်အုံးငယ်မှာ၊ မပြယ်ဆုံးသာပ၊ ဘယ်ဘုန်းငယ့် မိန့်ခွန်း။ မိုးစည်ရင့်သာ၊ ကိုးဖြာကရှမ်း။ မျှော်လဲကျွမ်းသည်နှင့်

mgyoe.com

**တနွမ်းငယ်ခွေခွေ၊ သဇင်ခက်ကယ်ကို၊ မဆင်ရက်နိုင်နှင့်၊ ဘွင်သက်ကယ်ဆည်နိုင်စေ။**

ခင်ဆုံသည် အမျိုးသမီးဖြစ်၍ နုနုနယ်နယ် စကားလုံးလှလှကလေးများကို ဖွဲ့နိုင်သည်။ တေးသံကလည်း သာ၍ ညက်ပါသည်။

**ဇင်ငုံမလေးငယ်မှာ၊ ထင်ပုံမအေးနိုင်နှင့်၊ မြင်ရုံနဲ့ဝေး၊ လေသွေးရာ ကြိုင်လွင့်ပြယ်။**

ဤစာပိုဒ်ကလေးမှာလည်း အလွန်လှသည်။ အသံမှာလည်း အလွန်သာသည်။ မဟာဂီတနယ်တွင်ရသမြောက်သော အဖွဲ့ဖြစ်သည်။ နောက်ဆုံးသဖြန်ကျမှ ကျေးသားကလေးကို မှာနေကြောင်း ရှင်းပြထားသည်။

**– မွေးမှုံကြော့လယ်**
**နှောင်းရှယ်ဆင်တော်ပိုင်မယ့်**
**မြခိုင်ဘယ်ကေသီလို့**
**ရွှေညီပုလဲ**
**– မှာရွှေခွန်း**
**သာညွန်းငယ်တင်ချေနော်**
**ဇွေမော်တိမ်ညွှန့် မေဃိန်အုံ့**
**ငယ်မှာ**
**ငွေမှုံ့ဆွတ်ဖွဲ့။ ။**

မဟာဂီတပညာရှင်များ နှစ်နှစ်သက်သက် သီဆိုကြသည့် သီချင်း ဖြစ်ပါသည်။ ခင်ဆုံသည် ဤမျှနှင့် အားမရ။ ကျေးစေသီချင်း နောက်တစ်ပုဒ်ကို ထပ်၍ ရေးပြန်သည်။

**– လေယာဉ်မြန်း၊ စေမှန်းရွှေလျော်၊ ငယ်ယုံပူဖော်၊ နန်းစိန်ချိုင့်ပျော်။ ကြင်နယ်ယွင်း၊ မြတ်မှာတော်ရင်း၊ မင်းတင်ချေနော်။ ရုံညီလာပျော်၊ စိမ်းမူးမေ့သော်။ သည်ကိုယ်တော်ငယ်၊ စိမ်းမူးမေ့သော်၊ ကြင်နယ်ယွင်း၊ မြတ်မှာတော်ရင်း၊ မင်းတင်ချေနော်။**

ကျေးစေသီချင်း နှစ်ပုဒ်စလုံးမှာမိန်းကလေးကစေသည့် သီချင်းဖြစ်သည်။ နုသည်၊ လှသည်။ ဤသီချင်းများနှင့်ပင် မင်းကြီးကတော် ခင်ဆုံ နာမည်ကြီးခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

မြန်မာစာဆိုတိုင်း ချစ်သည့် နွေဦးရာသီ တပေါင်းလဘွဲ့ပတ်ပျိုးကလေးကို ဖော်ပြပါမည်။

mgyoe.com

mgyoe.com

– သင်းရနံ့၊ လှိုင်ပျံ့ငယ်ကြည်ရွှင်၊ နှင်းငွေဥငယ် ရှုဖွယ်အင်၊ ညွှာကျင် ရွက်လျော၊ ဆောင်းရက်ကျန် မြူနှင်းရော။ ။ တောင်တောငယ်တည့် တခို၊ မြရည်လိမ်း စိမ်းလို့စို။ လှုလိုငှက်ကယ်၊ ပျော်စံမြန်းတဲ့၊ သိုက် နန်းလယ်။ အသွယ်သွယ် လွမ်းတယ်လေ၊ သွေးခေါ်ပျံသည်နှင့်သာ၊ ကြွေးကြော်ည်

(ရတု)

ဖန်ဂယက်လည်း၊ လယ်ချက်ခွာစွန့်၊ ပြင်လမ်းကွန့်၍၊ ဂေါ်ညွန့် ကိုက်ညှာ၊ ပန်းမာလာလည်း၊ အင်သန္တာရိုး၊ ဝတ်ဆံပျိုး၍၊ ရှုယ်ဖြိုး နုနယ်၊ ခက်ချင်းသွယ်ရှင့်၊ ဆွေးဖွယ်ခမန်း၊ သာဆန်းထွေလှ၊ စုံ ဟေမဝန်။...။ စိမ့်စမ်းထွေလဲ့ ကြည်ရေတံခွန်၊ သောင်ကမ်းပြွန်လာ ပေါ့လေ၊ မြွောင်တန်းချွန်သာပေါ့မေ၊ ကျသွန်လှိုင်း၊ စံတိုင်း ပြည်နှင့် သာကွာ။

ဤသီချင်းမှာ မြဝတီမင်းကြီးဦးစ၏ "လွမ်းခလေ့" ပတ်ပျိုး၏ တေးသွားကို ယူ၍ ရေးသားခြင်းဖြစ်သည်။ စာအရေးအသားကို တင်ပြလို၍ ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာဘာသာတွင် ကာရန်ကြီး ၁၆ ပါး၊ ကာရန်ငယ် ၄၈ ပါး၊ စုစုပေါင်း ကာရန် ၆၄ ပါးရှိပါသည်။ မြန်မာဘာသာလောက် ကာရန်ကြွယ်သော ဘာသာဟူ၍ ကမ္ဘာပေါ်၌ မရှိပါ။ ဤအချက်ကို မြန်မာတို့ အထူးဂုဏ်ယူသင့်ပါသည်။ ဘကြီးမှိုင်း၏ လေးချိုးကြီးများကို ကြည့်ပါ။ အက္ခရာကိုးလုံး၊ ဆယ်လုံးရှိ စာပုဒ်၊ သုံးပိုဒ်လေးပိုဒ်ထိ ကာရန်အပြည့်ထပ်၍ ရေးထားသည်။ ယင်းသို့ ထပ်၍ရေးနိုင်သော ဘာသာဟူ၍ မည်သည့်ဘာသာမှ မရှိပါ။ အိန္ဒိယပြည်ထွက်ပါဠိ၊ သက္ကတဘာသာများပင် ထိုကဲ့သို့ မထပ်နိုင်ပါ။

သို့ရာတွင် ခေတ်ပေါ်သမားတို့သည် ကဗျာရေးရာတွင် ကာရန်မလို (ကာရန်မဲ့) အတွေးအခေါ်သာ လိုသည်။ ကဗျာဥပဒေ၊ ပုံသဏ္ဌာန်မလို၊ အနှစ်သာရသာ လိုသည် ဆိုပြီး ထင်သလို ရေးသူက ရေးနေကြသည်။ ဂီတသီချင်းများတွင်လည်း ကာရန်မလို၊ ရေးချင်သလိုရေး၊ အော်ချင်သလို အော်နေကြသည့်ခေတ်ဖြစ်၍ ရှေးဆရာများ ကာရန် ကို မည်မျှအရေးထား လေးစားကြသည်ကို တင်ပြလိုရင်း ဖြစ်ပါသည်။

## စာပီသသည့် မဟာဂီတ

ဆရာကြီးများက စာပီသသည့် မဟာဂီတဟု ဆိုကြသည်။ ရှေးမဟာဂီတ သီချင်းများကို ဖတ်ကြည့်စမ်းပါ။ ကဗျာတစ်ပုဒ် ဖတ်နေရသလို၊ စာညွန့်တစ်ပုဒ် ဖတ်နေ

mgyoe.com

ရသလို စကားအသုံးအနှုန်း မည်မျှလှသည်၊ ယဉ်သည်၊ နုသည်ကို တွေ့ရပါလိမ့်မည်။ မဟာဂီတ သီချင်းများတွင် ကာရန်မပါဘဲ ရေးသည်ဟူ၍မရှိပါ။ ကဗျာဥပဒေသနှင့်အညီ ရေးခြင်းမဟုတ်၍ ကဗျာဟု မခေါ်နိုင်သော်လည်း ကာရန်လှလှကလေးတွေနှင့် ရေးထားသဖြင့် စာညွန့်ဟု ခေါ်လျှင် ခေါ်နိုင်ပါသည်။

ဤတွင် မင်းကြီးကတော် ခင်ဆုံ၏ ဂီတစွမ်းရည်ကို သိနိုင်လောက်ပါပြီ။ ကုန်းဘောင်ခေတ်တွင် စံထားလောက်သော စာဆိုဖြစ်ပါသည်။ မင်းတုန်းမင်းနန်းမတက်ခင်မှာပင် မြဝတီမင်းကြီးဦးစသည် ရတနာသိဃ်မြို့တော် သူဇာတံခါးအနီးမှာ ကွယ်လွယ်ခဲ့သော်လည်း မင်းကြီးကတော် ခင်ဆုံမှာ အသက်ထင်ရှား ရှိခဲ့သည်။ ထိုအချိန်တွင် ကောင်းတုံမင်းကြီးကား ကွယ်လွန်လေပြီ။ ခင်ဆုံသည် မုဆိုးမဘဝနှင့်ပင် မင်းတုန်းမင်းလက်ထက် ရတနာပုံမြို့တော် နန်းတော်ကြီး တည်ထောင်ပြီးသည်အထိ ရှိနေခဲ့သည်။ မည်သည့်နှစ်တွင် ကွယ်လွန်သည်မသိ။ ခင်ဆုံ၏ကဗျာအပိုင်းကို ဆက်လက်ကြည့်ကြစို့။

ကြာခြည်လေပြည်သွဲ့တော့
ကြွေမည်မယ့်ပုံသွင်
ခင်ခင်လေး မြရင်မှာ
စတင်ကာ စိမ့်အေး
တိမ်လွှာညွန့် ရတီခြုံတယ်
သည်ပုံဆို နွေးဖို့အဝေး
သည်လိုနှင့် တာရှည်လျှင်
ညာမဒီ ခက်သေး
ကမ္ဗလာထည်နှင့် ထွေးပေမယ့်
သည်အအေးမလုံ
ငွေဒန္တာ မနေးရိုက်
သွေးလိုက်လို့ သည်းရင်ဝခုန်
ဘယ်နည်းနဲ့ ဘယ်ပုံကို
မယ်လုံအောင် ကြံဖန်ရမတုံး
ပြန်လှန်ဆ၊ တယောင်ယောင်
ဝဲတိုက်ကြာညောင်
ဖူးစာရှင့် ခင်မေ့မောင်ရယ်
ရင်ငွေ့ရောင် လှုံစမ်းချင်လှလေး။

ဤတေးထပ်ကိုခင်ဆုံသည် အပျိုဘဝက ရေးသည်ဟု ထင်ပါသည်။ ဆောင်း

mgyee.com

mgyoe.com

ရာသီ၏အအေးဒဏ်ကို အကြောင်းပြု၍ ဖူးစာရှင်ကို စိတ်ကူးယဉ်ယဉ်နှင့် ရှာနေသည့် အချိန် ဖြစ်ပါလိမ့်မည်။ ရွှေလုံ့ဗိုလ်၊ ကောင်းတုံမင်းကြီးသည် သူ့ထက် အသက်အတော်ကြီးဟန်တူသည်။ ပုဂံမင်းလက်ထက်ကပင် ကောင်းတုံမင်းကြီး ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အညာရပ်သည် မိုးနည်းသောကြောင့် တူရာသီ သီတင်းကျွတ်လဆိုလျှင် လင်းလင်းကျင်းကျင်း ရှိနေတတ်သည်။ ယခုမူ ထိုသို့မဟုတ်။ တူရာသီ သီတင်းကျွတ်လမှာမှ စစ်ကိုင်းတောင်၊ ရွှေကြက်ယက်တောင်တစ်ဝိုက်တွင် ချုန်းရိုက်ကြွေးကာ မိုးသည်းထန်စွာ ရွာသည့်အကြောင်းကို မင်းကြီးကတော်ခင်ဆုံက ရှေးလေးချိုးကြီး ကဗျာတစ်ပုဒ် ရေးထုတ်ထားသည်။

ရှေးလေးချိုးကြီးကဗျာမှာ အလွန်ဟန်ကြီးလှသဖြင့် ရှေးက စာဆိုတော်ကြီး၊ သဘင်ဝန်ကြီး၊ နားခံတော်ကြီး၊ သံတော်ဆင့်ကြီးတို့လို ပညာရှိကြီးများသာ ရေးတတ်ကြသည်။ အမျိုးသမီးများ ရေးသည်ဟု မတွေ့ရ။ ခင်ဆုံတစ်ယောက်သာ ရှေးလေးချိုးကြီးကဗျာကို ရေးခြင်းဖြစ်သဖြင့် ထူးခြားပါသည်။ သူ့ကဗျာကို ကြည့်ကြပါစို့။

* ယာဉ်နှစ်ခုတွင်ဖြင့်
ဘာထုငယ်ရာဇာသည်
ရောင်လျှံဖြာ အနွေ့က
မဈွေလယ်ပြောင်းတဲ့

* တူလငယ့်ဝေါဟာ
သရဒါမှာ
အဝါမှင်နက်
ဆေးစုံငယ်ကွက်လို့
ရှစ်ဖတ်ကယ်လျှင်တိမ်
တထိန်ထိန်နှင့်
ဝစိန်ရောင်
ယုဂန်တောင်က
နတ်မောင်ပဇ္ဇု
ကွန့်သွန်းငယ်ခြုံသော့ခါ
လွမ်းပုံဖွဲ့ရာသီမှာ
ကောသီကို ဘယ်လိုရှင်းပါရ
မိုးမင်းဝတီ

mgyoe.com

* ပွေကာမှုန်မှု
ကောာ်တုမ္ဗရာဇ်
တိုင်းမှာဖြစ်တဲ့
နသစ်ကယ်မာလာ
ထည်ဖူးလွှာလည်း
ဘယ်ညာလျှော့လျှည်း
တစ်ဖက်ကယ်စည်းလို့
မေ့ချည်းငယ့်စံရာ
ဆောင်လေသာမှာ
ဗျာပါပူအောင်
မာယာငယ်ဆောင်တတ်ပေ့
တောင်နာဂိန်မှာ
ဒေဝိန်နတ်သားက တားပါရော့
* ဂူမင်းငယ့်ဆယ့်သုံး
ရှင်ပင်ဘုန်းက
ခြိမ့်အုန်းငယ်ဝေမှောင်
ရွှေကြက်တောင်သို့
ပတ်နှောင်လှည့်ကာ
တိမ်ကွန်ချာလည်း
မိုလွှာလိုလို
ပျို့တိုင်းငယ်ညို့လို့
မလို့တရို့၊ လိုတရို့နှင့်
လို့မလို့ဘွယ်
အမွှုန်မောင်ခြယ်တတ်ပေ့
လွှမ်းကြွယ်တဲ့သည်ခါကို
ဒေဝရာမဖန်သေးပါနှင့်
ဆွေးလှပါပေါ့။

ခင်ဆုံကို နောက်ဆုံးတစ်ချက် ချီးကျူးရန် ရှိပါသည်။ အမျိုးသမီးများနှင့် လားလားမျှမထိုက်။ ဝါရင့်ဂီတပါရဂူကြီးများသာ ရေးနိုင်သည့် သီချင်းခံကြီးတစ်ပုဒ်ကို

mgyee.com

mgyoe.com


ရေးသွားသည်။

– ရဝေနန်း၊ စိန်ကြောင်ဖန်ရောင်ဆန်း၊ ထွန်းပထိန်––ဗူဦးရာနိမ်၊ အာလိန်မြင့် ဘုံလယ်၊ စံပါယ်စိုးမြန်း၊ ဝေယန်မိုးနန်း၊ သည်မှာလွန်ထူးဆန်း၊ ထွန်းလို့ ညီး––

အလွန်ရှည်သော သီချင်းခံကြီး ဖြစ်ပါသည်။ ဖန်နန်းရှင် စစ်ကိုင်းမင်း၏ အင်းဝနန်းတော်မြို့တော်ကို ဖွဲ့ဆိုသည့် သီချင်းခံကြီး ဖြစ်ပါသည်။ ခင်ဆုံသည် အမျိုးသမီးစာဆို မည်ကာမတ္တမဟုတ်။ ရှေးလေးချိုးကြီး၊ သီချင်းခံကြီးများကိုပင် နိုင်နင်းစွာဖွဲ့ဆိုနိုင်သူဖြစ်ကြောင်း ပညာပြ၍ ရေးသွားသည်ဟု ထင်ပါသည်။ ကုန်းဘောင်ခေတ်တွင် မြဝတီမင်းကြီး၏အာဘော်ကို အမီလိုက်နိုင်သူဟု ဆိုရပါမည်။

မိုးဂျာနယ်၊ ဇွန်၊ ၁၉၉၆။

mgyoe.com

mgyoe.com

## ဂီတစာဆို မောင်ကျောက်ခဲ

လက်ဝဲသုန္ဒရ ဦးမြတ်စံတွင် သားကြီး မောင်အေး၊ သားငယ် မောင်ရွှေသားနှင့် သမီး မလွန်းမယ်တို့ ထွန်းကားခဲ့သည်။ မောင်အေးသည် ဗဒုံမင်းလက်ထက်မှစ၍ အမှုထမ်းခဲ့ရာ စည်သူရွှေတောင်ဘွဲ့၊ ရွှေတောင်နော်ရထာဘွဲ့တို့ ချီးမြှင့်ခံရသည်။ ဘကြီးတော်ဘုရားခေါ် စစ်ကိုင်းမင်းလက်ထက်တွင် မဟာမင်းလှနော်ရထာဘွဲ့၊ မဟာအတုလသီဟသူဘွဲ့ကို ချီးမြှင့်ခံရသည်။ ထို့ကြောင့် မဟာအတုလမင်းကြီးဟု ခေါ်ကြသည်။ ကဗျာလင်္ကာများ ရေးစပ်သည်။ ပျို့ကြီး၊ လင်္ကာကြီးများ ရေးသည်ကို မတွေ့ရ။ အဓိကတာဝန်မှာ တရားသူကြီးအဖြစ် ထမ်းရွက်ရသည်။

ဦးအေးမှ သားမောင်ကျောက်ခဲနှင့် သမီးမနိုင်ကို ဖွားမြင်သည်။ မောင်ကျောက်ခဲ၏ ဖွားသက္ကရာဇ်ကို မသိရ။ မောင်ကျောက်ခဲသည် တရားသူကြီးအလုပ်၊ မင်းမှုထမ်းအလုပ်ကို စိတ်မဝင်စား။ ငယ်စဉ်ကစ၍ ဂီတပညာကို သင်သည်။ မြဝတီမင်းကြီး ဦးစထံမှာ ဇာတ်သဘင်ပညာကို သင်ယူသည်။ ထို့ကြောင့် ဂီတစာဆို ဖြစ်လာရသည်။ ဇာတ်ဆရာဖြစ်လာရသည်။ မြဝတီမင်းကြီးဦးစသည် ဇာတ်ခုံပေါ်၌ မောင်ကျောက်ခဲကို အစစ ယုံကြည်လွှဲအပ်ထားနိုင်အောင် အရည်အချင်း ပြည့်ဝလာသည်။

### အနုပညာသံယောဇဉ်

အနောက်နန်းမိဖုရား မမြကလေးတို့လည်း မြဝတီမင်းကြီးဦးစထံမှာ ဂီတပညာကို သင်ယူကြသည်။ ပြည်မင်းသားမှာ ၁၁၇၀ ခုဖွား၊ မမြကလေးမှာ ၁၁၇၁ ခုဖွားဖြစ်၍ အရွယ်တူကြသည်။ မောင်ကျောက်ခဲမှာ သူတို့ထက်ကြီးသည်။ ခန့်မှန်းခြေအားဖြင့် ၁၀ နှစ်ခန့်ကြီးမည်ထင်သည်။ သို့ရာတွင် ဂီတ၊ အနုပညာမှာ ကြီးသည် ငယ်သည်မရှိ။

mgyoe.com

အနုပညာကြောင့် သံယောဇဉ်ဖြစ်သွားနိုင်သည်။

၁၃၉၉ ခုနှစ်တွင် ဘကြီးတော်ခေါ် စစ်ကိုင်းမင်းကို နန်းချ၍ သာယာဝတီမင်း နန်းတက်လာသည်။ မောင်ကျောက်ခဲသည် ဇာတ်တော်ကြီးတွင် ဇာတ်ဆရာအဖြစ် ဆောင်ရွက်နေသည်။ စလင်းမင်းသားကြီး မောင်အို၊ မြဝတီမင်းကြီးဦးစနှင့် လူတစ်ကျိပ် ကျော်တို့မှာ ထောင်သွင်းအကျဉ်းချထားခြင်း ခံနေရသည်။ မြဝတီမင်းကြီး မရှိသဖြင့် မောင်ကျောက်ခဲတစ်ယောက်တည်း တာဝန်ယူနေရသည်။ ထိန်းမည့်သူမရှိသဖြင့် မောင် ကျောက်ခဲနှင့် မမြကလေးတို့ သံယောဇဉ် ငြိတွယ်ကြဟန်တူသည်။ မမြကလေးသည် သူ့ထက် အသက် ၂၃ နှစ်ကြီးသည့် သာယာဝတီမင်းကို ယူထားရသည်မှာ နှလုံးသား မပါသော ဟန်ဆောင်ချစ်နေရခြင်းသာဖြစ်သည်။

## စိတ်တူကိုယ်တူ

ဝါသနာတူ စိတ်တူကိုယ်တူဖြစ်သူနှင့် တွေ့ရသောအခါ စိတ်ကူးယဉ်ကြမည်မှာ မဆန်းလှပါ။ ဤအကြောင်းကို မလိုသူတို့က ဘုရင့်ထံ လျှောက်တင်မည့်ဆဲဆဲတွင် မမြကလေးက ရိပ်မိသည်။ မောင်ကျောက်ခဲကို ခရီးစရိတ်အဖြစ် လက်ဝတ်လက်စားများ ပေးလိုက်ပြီး တိမ်းရှောင်ခိုင်းလိုက်သည်။ မောင်ကျောက်ခဲသည် သုံးပင်တိုင် ရွက်လှေ ကြီးကိုစီး၍ အောက်ရပ်အောက်ပြည်သို့ ဆင်းခဲ့သည်။ ဟသ်ာတတွင် တစ်ထောက်နား ကာ ဓနုဖြူ၊ ညောင်တုန်း၊ ပန်းတနော် စသည့် မြစ်ဝကျွန်းပေါ်ဒေသများသို့ လှည့်လည် ပြီးနောက် တွံတေးမြို့ကလေးမှာ ခိုလှုံ၍နေလေသည်။

သာယာဝတီမင်းလည်း ၁၂၀၃ ခုနှစ်တွင် ရေအား၊ ကြည်းအားနှင့် ရန်ကုန်သို့ ဆင်းလာပြီး အိမ်တော်ရာအရပ်၌ ယာယီနန်းဆောက်၍ ၆ လခန့် စံနေတော်မူသည်။ ကျိုက်ခေါက်ဘုရား၊ ရွှေမော်ဓောဘုရားသို့လည်း သွားရောက်ဖူးမြော်သည်။ ပါလာသည့် မြဝတီမင်းကြီးဦးစ၊ ပြင်စည်မင်းသားကြီး စသည့် ဂီတပညာရှင်များက ယိုးဒယားသီချင်း၊ မွန်သီချင်း စသည့်သီချင်းသစ်များ ရေးဆက်ကြပါ၏။ သို့ရာတွင် မလုံလောက်။ မောင် ကျောက်ခဲနှင့် တိတ်တဆိတ်တွေ့ကြသောအခါ မောင်ကျောက်ခဲ၏ သီချင်းကလေးများ ကို နှစ်သက်သဖြင့် အဆိုတော်များက သင်ယူကြသည်။

## အမျက်တော်ရှမည်စိုး

ညညီလာတွင် ဂီတပညာရှင်များက မောင်ကျောက်ခဲ၏ သီချင်းကလေးများကို သီဆိုတီးမှုတ်ပြသောအခါ သာယာဝတီမင်းက မည်သူရေးသည့် သီချင်းနည်းဟု မေး သည်။ မြဝတီမင်းကြီးဦးစက မောင်ကျောက်ခဲရေးသည့် သီချင်းဖြစ်ကြောင်း၊ မောင်

mgyoe.com

ကျောက်ခဲသည် တွံတေးမြို့ကလေးမှာ ရှိနေကြောင်း လျှောက်သည်။ သာယာဝတီမင်းက ပြန်ခေါ်ခိုင်းသည်။ မောင်ကျောက်ခဲက ပြန်၍မလိုက်လို။ ရှင်ဘုရင်ခေါ်၍မှ မလိုက်လျှင် အမျက်တော်ရှမည်စိုးသဖြင့် ပုသိမ်ဘက်သို့ ရှောင်ထွက်သွားသည်။

## လင်ကြီးကို ••• အို ••• ကွေကွင်း

ဇာတ်လမ်းကား ဤမျှသာဖြစ်ပါသည်။ မမြကလေးနှင့်ဖြစ်ခြင်း ဟုတ်မဟုတ် ဧကန် မပြောနိုင်သော်လည်း အလွန်နီးစပ်ပါသည်။ မမြကလေး၏ ဇာတာကို ဖော်ပြပါမည်။


စဉ်နက္ခတ်

၂၀ လုံး

၃ ပါဒ်

၄ ဗိဇနာ

၁၁၇၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ ၂ လာနေ့၊ နေတက်ဖွား။




မမြကလေး၏ ဇာတာမှာ တူရာသီလဂ် ဖြစ်နေ၍သော်လည်းကောင်း၊ ကတုမ္ပအိမ်တွင် သောကြာစနေ ပူးနေ၍လည်းကောင်း ပြဿနာဖြစ်တတ်သော ဇာတာ ဖြစ်သည်။ စလေဆရာကြီးဦးပုညက

**ပူးနဂါးမိတ်ဖက်စံလျှင်**

**စိတ်ခက်ထန်မာန**

**ဟိတ်ပျက်ဉာဏ်ပါပနှင့်**

**အာစာရကျင့်တန်**

**လင်ကြီးကို အိုကွေကွင်း**

**ရိုသေခြင်းကင်းတတ်လှပြန်**

ဟု ရေးထားသည်။ စဉ်းစားရန်ဖြစ်ပါသည်။ အနောက်နန်းမိဖုရား မမြကလေး

mgype.com

mgyboe.com

၏ ဂုဏ်သိက္ခာကို ငဲ့သောအားဖြင့် ဤကိစ္စကို ဖုံးဖိထား၍ မောင်ကျောက်ခဲသည် မှန်နန်း အပျိုတော်တစ်ဦးနှင့်ဖြစ်သည်ဟုသာ နောင်းလူတို့ ပြောဆိုလာခဲ့ကြသည်။

## မောင်ကျောက်ခဲ၏ ပညာ

မောင်ကျောက်ခဲသည် မြဝတီမင်းကြီးဦးစနှင့် ပြင်စည်မင်းသားကြီးတို့ထံမှ ဂီတ ပညာကို သင်ယူခဲ့သော်လည်း မိမိဘာသာ လိုင်းတစ်လိုင်းခွဲ၍ ထွက်လာခဲ့သူဖြစ်သည်။ တေးသွားနှင့် စာသားများပါ ဆန်းသစ်သည်။ သူ့သီချင်းများကို ခြေရာကောက်ရလျှင်

၁။ ဟေဝန်စုံမြိုင် (ကိန္နရာချောင်းခြားကြီး)
၂။ မြူဝန်းလို့ခို (ကိန္နရာချောင်းခြားငယ်)
၃။ ဒီပါအေးမြ (ရာမဇာတ်ချင်း)
၄။ ပြာပြာညိုရောင် (မိုးဘွဲ့)
၅။ စက်လဲဘုံဘွေ (အလွမ်း)
၆။ ဗိန်းဘုံဘွေ (အလွမ်း)
၇။ လွမ်းရန်ပိုငိုချင်သား (အလွမ်း)
၈။ ရွှေယင်ပေါင် ငွေယင်ပေါင် (အလွမ်း)
၉။ ရေပင်လယ်ပြည့်နယ်လျှံ (အလွမ်း)
၁၀။ ဂန္ဓမာတောင် (မိုးဘွဲ့)
၁၁။ မော်တင်လယ် (ရေဘွဲ့)

ဟူ၍ တွေ့ရသည်။ သည်ထက်မက များပါလိမ့်မည်။ နောင်းလူတို့ အမှတ် အသား နည်းကြ၍ ပျောက်ပျက်ကုန်ခြင်းဖြစ်နိုင်ပါသည်။

## ဇာတ်ဆရာ

ဇာတ်တော်ကြီးတွင် ဇာတ်ဆရာအဖြစ်နှင့် အမှုထမ်းစဉ်က ရေးသည့် သီချင်း များကို ပထမ လေ့လာကြည့်မည်ဆိုလျှင်—

ဒီပါအေးမြ၊ သပြေညာ၊ ရွှေတောဇာ ရာသောင်းလုံး။ ။ ဘုန်းဇော့ ဂုဏ် ငယ်မှာ၊ မော်ရုံဗွေစွန်းက၊ ခွေနွမ်းရန်ကြုံတယ်ကိုလေး၊ ပန်ပွင့်မှုဆွေး။ မကြုံလာ၊ သီတာသား၊ ခြားလို့နေတဲ့ ဟေဝန်တောင်၊ ရီမှောင်ဆိုင်း၊ မှိုင်းလိုလို့လေး။ ။

ရာမဇာတ်ချင်းပတ်ပျိုးဖြစ်ပါသည်။ အသံဆန်းဆန်း၊ စကားဆန်းဆန်းကလေး တွေ ပါသည်။ ဒီပါအေးမြပတ်ပျိုးကို အချို့စာအုပ်များတွင် ဦးဝိုင်းရေးသည်ဟု ဆိုသည်။ ဦးဝိုင်းရေးသော အခြားသီချင်းဟူ၍ မတွေ့ရ။ မောင်ကျောက်ခဲနှင့်သာ နီးစပ်ပါသည်။

mgyboe.com

ဝိရောဓိတာ အလင်္ကာ

စက်လဲဘုံဘွေပတ်ပျိုးသီချင်းမှာ တီးကွက်က သွက်နေပြီး ဆိုဟန်က လွမ်းနေသည်။ အတီးနှင့် အဆိုကို ဝိရောဓိတာ အလင်္ကာအဖြစ် ဖန်တီးထားသည်။

**စက်လဲဘုံဘွေ၊ လေပြည်ဆော်သွင်းလို့၊ မှုန်ရီငွေနှင်း၊ မင်းငယ်ဖြူပြာ၊ ခင်လေးလိမ်တမာ၊ မူမူရာဆန်းတဲ့ ရွှေကိုယ်၊ ပူသူသာနန်းက ခြွေလို၊ ဘုန်းမိုမို ငယ် မြင်လှည့်စမ်းပါဆို၊ ရွှေကိုယ်ပန်းတဲ့ဖြစ်ကို ...။**

မိုးကိုဖွဲ့ပြီး လွမ်းသည်မှန်သော်လည်း သူပြောချင်နေသူတစ်ယောက်ရှိနေကြောင်း ရိပ်မိနိုင်ပါသည်။

ကိန္နရာနှစ်ကောင် မိုးတွေလေတွေလာ၍ တစ်ညဥ့်တာမျှ ချောင်းခြားပြီး ကွဲကြသည့်အဖြစ်ကို ပြန်တွေ့သောအခါ နှစ်ပေါင်းခုနစ်ရာတိုင် ငိုပွဲဆင်ပြီး ပြောကြကြောင်း ဇာတ်လမ်းကို အားလုံးသိကြပါသည်။ မောင်ကျော်ခဲသည် ကိန္နရာချောင်းခြားကလေး တစ်ပုဒ်၊ ကိန္နရာချောင်းခြားကြီးတစ်ပုဒ် ရေးသွားသည်။

နီးဖို့မလွယ်

**– မြူဝန်းလို့ခို၊ အလို ဘယ်ဝယ်၊ ရောက်လွယ်နိုင်ငယ်ပဲ၊ ပတ်ဝန်းဘယ်ညာ၊ သီတာချောင်းရေကွဲ။ ။ သည်းကြွေလောင်၊ တောင်ခရီး၊ ဓနီးငယ်တည့်နန်းကိန္နရီမယ်၊ မြန်းရှာရတယ်။ ။ ရေယဉ်ဝယ်၊ သည်တသွန်း၊ အလွမ်းတွေကကြွယ်။ ။ အိုလှမျှားမယ်၊ ဘယ်ပြည်တည့်လှမ်းရမယ်၊ ကုံကျေဖွယ် ရေလှိုင်းဘောင်က၊ ပူဇျာသည်နှောင်စိုး၊ ဖန်လာမိုး။ ။ အိုညိုးရက်၊ မြိုင်ယံကြော့ဖျား၊ တအားရယ်ကငယ်။ ။**

**သဖြန်**
**နှောင်နဲ့တူဖော်မပါ။**
**သနားငယ်မူရှုနှင့်**
**ချောင်းရေတူတစ်နယ်ဘက်မှာ**
**ကူးခက်လှပါ။**
**လေတွေဝိုင်းပါလို့**
**ထောင့်တိုင်းငယ်က မှုန်လို့ပြာ**
**သေလာကြော့တစ်ခန်း။**
**နတ်နန်းကိန္နရီ**
**မောင်ကြီးကို ကူလာညီပါ့**

mgyoe.com

မြဂီဝါတောင် လိုဏ်ကွေ့မှာ
ဘုန်းမေ့ကြောင့်ပန်း။

ဤပတ်ပျိုးသီချင်းကလေးမှာလည်း ပဟေဠိအနက်ကို ဆောင်နေပါသည်။ ကိန္နရာ ချောင်းခြားသလို အချစ်မှာလည်း နီးရဖို့ မလွယ်ကြောင်း ပြောနေသည်။ မောင်ကြီးကို ကူလှည့်ပါ။ မေ့အတွက် မောင်ကြီး ပင်ပန်းလှပါပြီဟုဆိုခြင်းမှာ ယောက်ျားဈေးဖျက်၍ ပျော့ညံ့စွာရေးသည်ဟု အပြစ်တင်မည်ဆိုက တင်နိုင်ပါသည်။ သို့ရာတွင် သူတို့နှစ်ဦး နီးဖို့မလွယ်သည်မှာ အမှန်ဖြစ်နေသည်။

ရွှေမြေစိန်မှုန်ခင်းငယ်မှာ

သည်မျှနှင့်အားမရ။ ကိန္နရာချောင်းခြားကြီးပတ်ပျိုးကို 'ဟေဝန်စုံမြိုင်' အစချီ၍ ရေးသည်။ ဂီတပညာရှင်တို့ စံထားရသည့် ပတ်ပျိုးကြီးလေးပုဒ်တွင် တစ်ပုဒ်ဖြစ်သည့် ဟေဝန်စုံမြိုင်ပတ်ပျိုးကြီးကို အားလုံး သိကြပါသည်။

တောင်ဝက်ပါ၊ စီးသံသာထွေ၊ ညှိုးလေအောင်၊ ပြာရီမှောင်၊ တောင်လုံးမောင်း။ ရဂုံစုံပေါင်း၊ ထုံနံ့လှောင်းသလေ၊ သောင်းခန်းသောင်းခန်း၊ ဒီပါမြေလယ်၊ ကျွန်းပတ်လို့ နိုင်ငံမြေဝယ်၊ ရှာတယ်ရှာတယ်မောင်နှံ၊ ရေးဆိုကြဖူး ရွှေစာကံ၊ နတ်ဟန်ချစ်တူ ကိန္နရာ၊ ချောင်းညီမြဲရေယဉ်သီဒါ၊ ကွဲပြန်ရရှေး ဝဋ်ဖန်လာ။

သဖြန်
ပူစရာ
သည်စာရွှေဖူးနှယ်
ထူးတဲ့ကြုံနဲ့ (နည်း)။
နတ်ဖန်ထွေ
ရွှေမြေစိန်မှုန်ခင်းငယ်မှာ
မင်းမြင်လှည့်ပဲ။

မောင်ကျောက်ခဲ၏ သီချင်းများမှာ အလွမ်းရသ ပိုကဲနေပါသည်။ အလွမ်းစာဆိုတစ်ယောက် ဖြစ်နေသည်။ ကိန္နရာချောင်းခြားသီချင်းနှစ်ပုဒ် ရေးသည့်အတွက် သူ့အဖို့ နိမိတ်မကောင်းဟု ဆိုနိုင်ပါသည်။ အရည်အချင်းရှိသူ လူငယ်တစ်ယောက် ရွှေနန်းတော်ကြီးကို ကျောခိုင်းပြီး လွတ်ရာလွတ်ကြောင်း ပြေးထွက်ခဲ့ရပြီ။

အောက်ပြည်မှအလွမ်း

အညာသား မောင်ကျောက်ခဲသည် အောက်ရပ်အောက်ပြည် ရောက်သောအခါ

mgyoe.com

သူ့အဖို့ အဆန်းတွေချည်း ဖြစ်နေသည်။ ချောင်းတွေ၊ မြစ်တွေ၊ ရေတွေ တဖွေးဖွေးမှာ လှေကလေးတွေကို မြင်နေရသည်။ သုံးပင်တိုင် ရွက်သင်္ဘောကြီး၏ နံဘေးတွင် အဖီချထားသော နေရာကလေး၌ တခွေခွေ တကွေးကွေးနှင့် လိုက်ပါလာခဲ့ရသည့် သူ့ဘဝ သူ့ဒုက္ခကို ဗိန်းဘုံတွေ အစချီပတ်ပျိုးသီချင်းဖြင့် မှတ်တမ်းတင်သည်။

**မြရိပ်မြင့်ဆောင်လယ်၊ ငယ်မူနှင့်သား၊ ချစ်ဦးမာန်ပိုလို့၊ ပူအင်ကို နော်ခင်ဘုန်းငယ်၊ မုန်းမာန်ဖွဲ့အား၊ စကားရွှေပွင့် သစ္စာချွေငယ်၊ ဆန်းဆန်းလှ၊ တွေတဲ့ မူရာ၊ အချာပူဆာလှအောင်၊ သက်ကယ်စာပေါင် ဆိုရင်း ငယ်ပန်း။**

'မြရိပ်မြင့်ဆောင်လယ်၊ ငယ်မူနှင့်သား' ဤစကားစုကပင် မမြကလေးဖြစ်ကြောင်း ပြောနေသည်ဟု ရိပ်စားမိနိုင်ပါသည်။

**သုံးပင်သာပေါ်၊ အိုပျော်နိုင်ဘူး၊ ပျောင်းခွေလို့မူး၊ ဖြန့်ရွက်ဖြူဘုံငယ်မှာ၊ လှိုင်းခုန်လို့ မြူးတယ်လေ။ အို အဖီစံလယ်ခန်းက၊ တမ်းမျှော်မိမူး၊ ဝဲရေကြော့ဦး။**

## လွမ်းရန်ပို ငိုချင်သား

သုံးပင်တိုင် ရွက်သင်္ဘောကြီးပေါ်၌ လိုက်ပါလာရင်း မိမိ၏ခံစားချက်ကို ထုတ်ဖော်ရေးသားခြင်းဖြစ်ပါသည်။ သုံးပင်တိုင်ကြီးပေါ်တွင် လွမ်းရန်ပို ငိုချင်သား အစချီပတ်ပျိုးတစ်ပုဒ်ကို ထပ်၍ရေးပြန်ပါသည်။ သည်မှာလည်း အလားတူပင် သူ၏ ခံစားချက်ကို ဖော်ပြသည်။

**သုံးပင်တိုင်သာ၊ နတ်ကယ်စံရာ၊ ဖူးစာကိုယ်ရေးနှင့်၊ အို ကြုံဆွေးတယ်၊ သုံးပင်တိုင်လယ်၊ နတ်ကယ်မောင့်အနွယ်၊ ပင်လယ်ဟိုကမ်းက၊ လမ်းမမြင်ရှာ။**

'ဗိန်းဘုံတွေ'နှင့် 'လွမ်းရန်ပို ငိုချင်သား' ပတ်ပျိုးနှစ်ပုဒ်မှာ မောင်ကျောက်ခဲ၏ ခံစားမှု ရသမြောက်တေးသီချင်းနှစ်ပုဒ်ဖြစ်ပါသည်။ မဲဇာရောက် စာဆိုကြီး လက်ဝဲသုန္ဒရ ဦးမြတ်စံကမူ သူ့ဇနီး ရှင်ရဲနှင့် သားသမီးသုံးယောက်ကို ထင်ထင်ပေါ်ပေါ် လွမ်းနိုင်သော်လည်း မောင်ကျောက်ခဲမှာမူ ထင်ထင်ပေါ်ပေါ် မလွမ်းနိုင်ရှာ။ အုံ့ပုန်းဆွေးဆွေး၍သာ နေရရှာသည်။

## လွမ်းရန်လည်း တင်ကြွေးလို့

အောက်ပြည်အောက်ရပ်တွင် နွေအခါ ရေကျ၍ သဲသောင်ပြင်ကြီး ထွန်းနေ

mgyee.com

mgyoe.com

တတ်သည်။ ထိုအပေါ်တွင် ယင်ပေါင်စာဟု ခေါ်သည့် ငှက်ကလေးတွေ အုပ်လိုက်ကျကာ အစာရှာစား ပျော်ပါးမြူးထူးနေကြသည်။ သည်ရှုခင်းကို မြင်ရသည့် မောင်ကျောက်ခဲအဖို့ အနုပညာတေးတစ်ပုဒ် ရေးထုတ်ဖြစ်ပေါ်လာရသည်။

ရွှေယင်ပေါင် ငွေယင်ပေါင်၊ သဲခုံပြန့်ကျွန်းရွှေသောင်၊ ပျော်မြူးကြ
ငှက်မယ်မောင်၊ လည်ချင်းတွဲလို့ သဲငွေသောင်၊ လွမ်းလွမ်းလို့ဆောင်၊
ဖိုးခေါင်လေ၊ စင်ရော်လေ၊ ငှက်တော်မြစ်တွေး၊ ပူဖို့ဖန်သဲကန်ရေယဉ်
အေးမှာတဲ့လေ၊ ငှက်မောင်နံ လွမ်းရန်လည်တင်ကြွေးလို့လေး။

ငှက်ကလေးတွေက တီတီတာတာ တစာစာနှင့် လည်ချင်းယှက်၍ ကြည်နူးနေပုံ၊ တစ်ကောင်ကို တစ်ကောင်က အစာခွံ့ပေးနေပုံများကို မြင်ရသောအခါ မောင်ကျောက်ခဲအဖို့ အငေးသားနှင့် အဆွေးပွားရပြန်ပါသည်။ အဘယ်မျှ ဆွေးသနည်း။ သူ့စာနှင့် သူ့အသံကလေးကို နားထောင်ကြည့်ကြပါ။

ရေပင်လယ်၊ လောင်းယော်ကုန်ခတ်လို့၊ ကူးတတ်နိုင်သေး၊ အုံ့မှိုင်းလို့ရီ၊ နဒီပင်လယ်ရိုးမှာ၊ မိုးချုပ်ချည့်လေး။ ။ အို ဖြေလည်းနေမသာ၊ ပူရေး ကြံပြန်လာ။ ။ ကြံမသာ ရောကြော့ဝဲယ်မှာ၊ မောင့်နဲ့ပူပုံကြွယ်၊ အို သည်ကြံရေးငယ်နှယ်၊ ဆွေးပါတယ်နော်သဲ၊ လွမ်းသူရဲ့ပွဲ။

ဆုသဲကဆွေး

မောင်ကျောက်ခဲသည် သူ၏အလွမ်းကို လက်ကုန်ခတ်၍ ရေးစပ်ထားသည်ဟု ထင်ပါသည်။ နှောင်းခေတ်တွင် ကပြကြသည့် ပြဇာတ်များတွင် မင်းသမီး၊ မင်းသားတို့ အလွမ်းခန်း သရုပ်ဖော်သောအခါ ဤရွှေယင်ပေါင်သီချင်းကို တစ်ယောက်တစ်ပိုဒ်စီ သီဆို၍ လွမ်းကြသည်။

'ဆွေးပါတယ်နော်သဲ၊ လွမ်းသူရဲ့ပွဲ' ဤစာနှင့် ဤအသံကို စန္ဒရားချစ်ဆွေက ယူ၍ ၎င်း၏ 'မေ့ကွက်ကိုရှာ' သီချင်းတွင် ထည့်သွင်းရေးဖွဲ့ခဲ့သည်။ အဆိုတော် မာမာအေးကလည်း အားရပါးရ ပစ်ခတ်၍ လွမ်းထားသဖြင့် မေ့ကွက်ကိုရှာသီချင်းမှာ တစ်နိုင်ငံလုံးပျံ့နှံ့ကျော်ကြား လူသိများခဲ့သည်။

ဤသီချင်း၏ အချသဖြန်ကလေးမှာ အလွန်လှ၍ ကြေကွဲဖွယ်ကောင်းလှသဖြင့် ဖော်ပြလိုက်ပါသည်။

ကြိုလှည့်ပါခုနှယ်
သူမယ်နှင့် ဝေး။
ရွှေလောင်းလှေငယ်နှင့်

mgyoe.com

**ရိုးပင်လယ်နဒီဝဲမှာ**
**ဆူသဲကဆွေး။ ။**

## ဆူလှိုက်ကယ် လှိုင်းသံနှင့်

အလွမ်းစာဆို မောင်ကျောက်ခဲသည် အောက်ပြည်အောက်ရွာရောက်မှ သီချင်းတော်တော်များများ ရေးသွားသည်။ **"ယမုန်နာ သီတာသောင်ခြေဦးမှာလလေ"** အစချီ ရေလားပတ်ပျိုးကို မည်သူရေးသည်ဟု မဟာဂီတစာအုပ်ကြီးများတွင် မပါ။ အောက်ရပ်အောက်ပြည်က ဂီတပညာရှင်များကမူ ဦးကျောက်ခဲရေးသည်ဟု ပြောကြသည်။

သာယာဝတီမင်းခေါ်သည်ကို မလိုက်လိုသဖြင့် မောင်ကျောက်ခဲသည် ပုသိမ်ဘက်သို့ ရှောင်ထွက်သွားသည်။ မော်တင်စွန်းဘုရားကိုဖူး၍ အတော်ကြာကြာ နေလိုက်သည်။ ဤတွင် 'မော်တင်လယ်' ပတ်ပျိုးကို ရေးသည်။ ဂီတပညာရှင်များက အင်္ဂလိပ်သံပတ်ပျိုးဟု ခေါ်ကြသည်။

**မြင်လှည့်ပါ့ပင်စံငယ်**
**ကြာရံကြော့မှုူး။**
**ဆူလှိုက်ကယ်လှိုင်းသံနှင့်**
**ဒီရေငံပုသိမ်ချောင်းငယ်မှာ**
**လှေလောင်းကလူး။ ။**

မော်တင်လယ်ပတ်ပျိုးကို မြဝတီမင်းကြီးရေးသည်ဟု အချို့စာအုပ်များမှာ တွေ့ရသည်။ မဟုတ်ပါ။ မြဝတီမင်းကြီး ပုသိမ်ချောင်းသို့ မရောက်။ မောင်ကျောက်ခဲရေးခြင်းသာဖြစ်ပါသည်။ နှောင်းလူတို့ အမှတ်မှားခြင်းသာ ဖြစ်သည်။

## မောင်ကျောက်ခဲဇာတ်လမ်း

ဤစာရေးသူသည် မောင်ကျောက်ခဲကို အလွန်စိတ်ဝင်စားပါသည်။ ဝင်ဒါမီယာလမ်း၊ အသံလွှင့်ရုံခေတ်က ဗိန်းဘုံဘွေဇာတ်လမ်းကို အသံလွှင့်ခဲ့ဖူးပါသည်။ ထိုဇာတ်လမ်းတွင် မောင်ကျောက်ခဲသည် အပျိုတော်တစ်ဦးနှင့် ငြိစွန်းသည်ကို သာယာဝတီမင်းသိသွားသဖြင့် ကြောက်အားလန့်အားနှင့် အောက်ရပ်သို့ ထွက်ပြေးသည်။ တွံတေးမြို့ကလေးရှိ ဦးပန်းကျော်၊ ဒေါ်ဝါနုတို့အိမ်မှာ တည်းခိုနေထိုင်ရင်း သမီးကလေး မပန်းဝါကို ဂီတပညာသင်ပေးနေသည်။

သာယာဝတီမင်းက မောင်ကျောက်ခဲကို ပြန်ခေါ်သောအခါ မလိုက်လိုသဖြင့် ပုသိမ်ဘက်သို့ ရှောင်ထွက်သွားသည်။ မပန်းဝါတို့သားအဖ လိုက်၍ရှာကြရာ မော်တင်

mgyee.com

စွန်းဘက်ရှိ ကရင်ဖထီးကြီးတစ်ဦး၏ ယာတဲမှာ တွေ့ရသည်။ အပြင်းဖျားနေသဖြင့် ပြုစုကြရင်း ကွယ်လွန်သွားသည်။ ဤတွင် မပန်းဝါ လွမ်းရသည်။ မောင်ကျောက်ခဲနှင့် မပန်းဝါကို ဆရာတပည့်အချစ်၊ မောင်နှမအချစ်ဖြင့် သရုပ်ဖော်ထားသည်။

## မှတ်တမ်းတင်ရုံသာ

အသံလွှင့်စဉ်က အဆိုတော် ကိုဆွေလွင်နှင့် အဆိုတော် နုနုလွင်တို့ သရုပ်ဆောင်ကြသည်။ ကက်ဆက်တွေ ခေတ်စားသည့် ၁၉၇၈ ခုနှစ်က ဤဇာတ်လမ်းကိုပင် တစ်နာရီစာ ဖြည့်စွက်ရေးသား၍ ကက်ဆက်ဇာတ်လမ်း ထုတ်ခဲ့ဖူးပါသည်။ အဆိုတော် တက္ကသိုလ် မောင်မောင်ခင်နှင့် အကယ်ဒမီ ခင်သီတာထွန်းတို့ သရုပ်ဆောင်ကြသည်။

မပန်းဝါတို့သားအဖ မောင်ကျောက်ခဲကို လိုက်ရှာသည့်အခန်းတွင် ခင်သီတာထွန်းသည် ဝမ်းနည်းသံ၊ အားပျက်သံ၊ အားတက်သံ၊ မချင့်မရဲဖြစ်သောအသံတို့ကို ပြုလုပ်သွားသည်မှာ အလွန်တော်လှသည်။ နောက်ဆုံး သူ့ဆရာကိုတွေ့၍ ဝမ်းသာနေရာမှ သူ့ဆရာကွယ်လွန်သွား၍ အားရပါးရ ငိုချလိုက်သည်နှင့် အဆုံးသတ်သည်။

ကက်ဆက်ဇာတ်လမ်းများတွင် ဒိန်းဒိုင်းတွေ ခေတ်စားနေသဖြင့် မောင်ကျောက်ခဲ၏အလွမ်းဇာတ်မှာ မအောင်မြင်ခဲ့ပါ။ အမှတ်တရ မှတ်တမ်းတင်ရုံသာ ရှိခဲ့သည်။ ဗွီဒီယို (Video)ခေတ်၊ ရာဇဝင်ဇာတ်လမ်းတွေ ပေါ်လာသောအခါ သတိရသော်လည်း ကက်ဆက်ဇာတ်လမ်းတုန်းကလို ဖြစ်မည်စိုး၍ မလုပ်ဖြစ်ခဲ့ပါ။

ရှေးက မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက စာဆိုတော်နေ့တွင် ရှေးစာဆိုကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိကို ပြဇာတ်ကပြခဲ့သလို ပြနိုင်လျှင် ကောင်းမည်ဟု ယူဆပါသည်။

ဤစာစုဖြင့် အလွမ်းစာဆို မောင်ကျောက်ခဲအား ဂုဏ်ပြုပူဇော်ပါသည်။ မဟာဂီတနယ်တွင် မောင်ကျောက်ခဲ၏ ပတ်ပျိုးသီချင်းများမှာ ထူးထူးခြားခြား ဂန္ထဝင်တွင် ကျန်ရစ်ခဲ့မည်သာ ဖြစ်ပါသည်။ ။

မိုးဂျာနယ်၊ ဇန်နဝါရီ၊ ၁၉၉၆။

mgyoe.com

mgyoe.com

ဂီတစာဆို အနောက်နန်း မမြကလေး

- ပိတောက်ကိုတဲ့ မ,တယ်
- ရှား ခေါက်ကယ်ခွေခွေနှင့်
  သမင်ရေအပေါ်ဖုံးပါလို့
  ဆဲ့သုံးမျှင်ခင်ဝါပိုးကို
  မှင်ရိုးမှာတွယ်
- မြီးဖျားက ပန်းဖွားသွယ်
  ခြယ်လှယ်လို့စုပေါင်း။
- ဒူတေးထံတျာနှင့်
  သံသာသာ ပြည့်စုံမယ်တယ်
  နန်းတော်ထက်စောင်း။ ။

ဤလေးဆစ်သဖြန်ကို ဗန့်ကျိဝန် ဦးထောင်ဗိုလ် ရေးသည်ဟု မှတ်တမ်းတွေ့ရသည်။ မည်သည့်ခေတ်၊ မည်သည့်မင်းလက်ထက်တွင် ရေးသည်ဟုကား မသိရ။ မည်သို့ပင် ဖြစ်စေ၊ မြန်မာစောင်းအကြောင်းကို အကောင်းဆုံးရေးထားသော ကဗျာကလေး ဖြစ်၍ မှတ်တမ်းတင်သင့်ပါသည်။

ပုဂံခေတ် နံရံဆေးရေး ပန်းချီများ၊ ရုပ်ကြွများတွင် စောင်းတူရိယာပုံကို ဝိုးတဝါး တွေ့ရသော်လည်း ယခုကျွန်တော်တို့ သုံးနေသည့် စောင်းကောက်မျိုး မဟုတ်။ ဥရောပနိုင်ငံအချို့၌ တွေ့ရသည့် တြိဂံပုံကြီးတပ်စောင်းမျိုးသာ ဖြစ်သည်။ ၎င်းကို ဗျပ်စောင်းဟု ရှေးက ခေါ်ကြသည်။ နှောင်းလူအချို့က ဒုံမင်းဟုခေါ်ကြသည်။ ရှေးခေတ်ဒုံမင်းမှာ လေမှုတ်ကိရိယာအရှည်ဖြစ်သည်။ ယခုခေတ်ဒုံမင်းခေါ်နေကြသည့်ပစ္စည်းမှာ ဗျပ်စောင်း

mgyoe.com

ဖြစ်သည်။ မည်သူက စ၍ခေါ်သည်မသိ။

အိန္ဒိယနိုင်ငံတွင် မင်းကုသတီးသောစောင်း၊ ဥတေနမင်းတီးသော စောင်းမှာ ကြိုးခုနစ်ချောင်းတပ် ဝီဏာစောင်း၊ စီတာစောင်းသာဖြစ်သည်။ စောင်းကောက် မဟုတ်။ ထို့ကြောင့် မြန်မာ့စောင်းကောက်သည် မည်သည့်အချိန်က ပေါ်ခဲ့သနည်း။ ဤမေးခွန်းကို ဖြေရန်မလွယ်ပါ။

ပထမအင်းဝခေတ် အကျော်ရှင် အဂ္ဂသမာဓိ ကိုယ်တော်ကြီး စပ်ဆိုတော်မူသည့် နေမိပျို့သုံးစောင်၊ သုဝဏ္ဏသာမပျို့ သုံးစောင်တွင် စောင်း၏ အခေါ်အဝေါ်ဖြစ်သည့် အောက်ပြန်၊ ပုလဲညှင်းလုံးစသည့် အသုံးအနှုန်းများကို တွေ့ရပြီဖြစ်သောကြောင့် ပထမ အင်းဝခေတ်ကပင် စောင်းပေါ်ခဲ့ပြီဟု ပြောနိုင်ပါသည်။

အချို့က ရှေးကစောင်းမှာ ကြိုးခုနစ်ချောင်းသာ တပ်သည်။ မြဝတီမင်းကြီး ဦးစလက်ထက်ကျမှ တိုးတက်တီထွင်၍ ၁၃ ချောင်းတပ်သည်ဟု ပြောတတ်ကြသည်။ မဖြစ်နိုင်ပါ။ ကြိုးခုနစ်ချောင်းတပ် စောင်းမှာ ဝီဏာ–စီတာခေါ် စောင်းသာ ဖြစ်သည်။ မြန်မာစောင်းကောက်မှာ ရှေးကပင် ၁၃ ချောင်းတပ်ခဲ့ပါသည်။ ကြိုး ၁၃ ချောင်းမရှိဘဲ နှင့် ညှင်းလုံးသံစဉ်၊ ပုလဲသံစဉ်၊ အောက်ပြန်သံစဉ်ကို တီး၍မရ။ ဖျောက်၍ထားသော အသံနှင့် ထောက်၍ တီးရသော အသံပါပေါင်းလျှင် ၂၂ သံ ရရှိပါသည်။

## ညောင်ရမ်းခေတ်

အင်းဝခေတ်က ဘာသီချင်းတွေ တီးသနည်းဆိုသည့်ကိစ္စကို စူးစမ်းလေ့လာ ရန်လိုပါသည်။ ဤကိစ္စကို သီးခြားသုံးသပ်တင်ပြပါဦးမည်။ ယေဘုယျအားဖြင့် ပြောရ လျှင် ဒုတိယအင်းဝခေတ်ခေါ် ညောင်ရမ်းခေတ်တွင် ဇာတ်သဘင်ဂီတပညာများ ပိုမို တိုးတက်လာသည်ဟု ဆိုရပါမည်။ ဝန်ကြီးပဒေသရာဇာ၊ ဖျာသီးဆယ်ရွာစားဦးလွမ်းပြေ တို့သည် ကြိုးသီချင်းဘွဲ့သီချင်း၊ သီချင်းခံကြီးများကို ရေးခဲ့သည်။ မဏိကက်ဇာတ်၊ သုမနေဇာတ် စသည်တို့ကို တင်ဆက်ကပြခဲ့သည်။ ဤအတွက် ဇာတ်ချင်းများ လိုအပ်လာ သည်။ ဇာတ်ချင်းများကို တီထွင်ရေးရသောကြောင့် ဂီတဘက်က တိုးတက်လာသည်။

သို့ရာတွင် ညောင်ရမ်းခေတ် စောင်းခတ်သံနှင့် ကုန်းဘောင်ခေတ် စောင်းခတ် သံမတူတော့ချေ။ ကုန်းဘောင်ခေတ်တွင် မြဝတီမင်းကြီး ဦးစ၏ ကျေးဇူးကြောင့် အဖက် ဖက်က တိုးတက်ထွန်းကားလာခဲ့သည်။ ကုန်းဘောင်ခေတ်တွင် အမျိုးသမီးစာဆိုတော် များ ပေါ်ထွက်ခဲ့ပါ၏။ ရတု–တေးထပ်၊ ဒွေးချိုး၊ လေးချိုးရေးသူတွေကား ရှိပါ၏။ ဂီတစာဆိုကား ရှား၏။ ရှားသည့်အထဲတွင် အနောက်နန်းမမြကလေးသည် ထူးခြား ထင်ရှားသူဖြစ်ပါသည်။

mgyoe.com

mgyoe.com

အနောက်နန်းမမြကလေး၏အကြောင်းကို အတ္ထုပ္ပတ္တိစာအုပ်များတွင်လည်း တွေ့ရပါလိမ့်မည်။ ဒေါ်မမကြီး ရေးသည့် အမျိုးသမီးစာဆိုတော်များ စာအုပ်၊ ဒေါ်ဒဂုန်ခင်ခင်လေးရေးသည့် အမျိုးသမီးအနုပညာရှင်များစာအုပ်တို့တွင်လည်း ပြည့်ပြည့်စုံစုံဖတ်ရပါလိမ့်မည်။ ဟင်္သာတမြို့ ဇာကြယ်အမည်ခံ အမိန့်တော်ရရှေ့နေ ဦးပုရေးသည့် မမြကလေး၏ အတ္ထုပ္ပတ္တိမူမှန် မြမျိုးနွယ်ဝတ္ထုတွင်လည်း အကျယ်တွေ့ရပါလိမ့်မည်။ ဆရာလှသမိန်ကလည်း "မမြကလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့ အတ္ထုပ္ပတ္တိနှင့် စာပေများ" စာအုပ်ကို ထုတ်ဝေထားပြန်ပါသည်။

သို့ကြောင့် မမြကလေး၏ အတ္ထုပ္ပတ္တိ သိနေကြပြီးဖြစ်သည့်အတွက် ဤတွင်အသေးစိတ် မဖော်ပြတော့ပါ။ ရေးက အမှတ်အသား မှားယွင်းလာသည့် အချက်များ၊ ရေးက မတွေးခဲ့ဘူးသည့်အတွေးအထင်များ၊ ရေးက ရှုပ်ထွေးလာသော နန်းတွင်းရေးကိစ္စများကိုသာ အခြေတည်၍ မမြကလေး၏ ဘဝ၊ စာပေနှင့် ဂီတကို ဆက်စပ်ဝေဖန်တင်ပြပါမည်။

ရေကင်းဇာတိ၊ ဟင်္သာတမြို့၊ ခုံသမာဓိ (တရားသူကြီး) မင်းပုံချီဘွဲ့ခံ ဦးမောင်မောင်ဦးနှင့် ရေကင်းဇာတိ မယ်အိတို့မှ ၁၁၇၁ ခု၊ သီတင်းကျွတ်လတွင် သမီးမမြကြုတ်ကို ဖွားမြင်သည်။ အရွယ်ရောက်လာသောအခါ ချောကြောင်းလှကြောင်း ပြောကြသည်။

၁၁၈၇ ခု တပေါင်းလတွင် သာယာဝတီမင်းသားသည် အင်္ဂလိပ်မြန်မာ စစ်ပြေငြိမ်းစာချုပ်ကို ပြည်မြို့အထက်ရှိ ရန္တပိုရွာ၌ ချုပ်ဆိုရာတွင် အင်းဝဘုရင်၏ ကိုယ်စားလက်မှတ်ရေးထိုးရသည်။ ရခိုင်နယ်နှင့် တနင်္သာရီနယ်ကို ပေးလိုက်ရသည်။ စစ်လျော်ကြေးငွေ တစ်ကုဋေပေးရန် သဘောတူလိုက်ရသည်။

သာယာဝတီမင်းသားသည် စစ်ပြေငြိမ်းစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် အင်းဝနေပြည်တော်သို့ မပြန်သေးဘဲ အောက်ရပ် ဟင်္သာတနယ်သို့ ဆင်းလာခဲ့သည်။ ဓနုဖြူမြို့၌ ရပ်တန့်နားနေခိုက် ဟင်္သာတသူကြီး ဦးရွှေလူမှတစ်ဆင့် မမြကြုတ်ကို ကောက်ယူသည်။ ဓနုဖြူမြို့ မလှဝိုင်း၏သမီး မစိန်ကိုလည်း ကောက်ယူသည်။

## မြတ်နိုးတော်မူ၍

ထိုအခါက မမြကြုတ်၏ အသက်မှာ ၁၆ နှစ်နှင့် ၆ လရှိသေးသည်။ မမြကြုတ်ကို သာယာဝတီမင်းသားက မြတ်နိုးတော်မူလှ၍ မြကလေးဟုခေါ်ကာ ဟင်္သာတအပိုင်ရွှေလောင်းတိုက်ကို အစားပေးသည်။ သာယာဝတီမင်းသား၏ အသက်မှာ ၄၀ ရှိပေပြီ။ မမြကလေး ချောသည်လှသည်ဟု နောက်ဆရာများ ပြောကြရေးကြသည်မှာ ဟုတ်ပါလိမ့်မည်။ ချောမောလှပသူ မိန်းကလေးရှိသည်ဟု သတင်းကြားလျှင် ကောက်ယူသည့်

mgyoe.com

mgyoe.com
အလုပ်မှာ မင်းညီမင်းသားတို့ လုပ်ရိုးလုပ်စဉ်အလုပ်ဖြစ်သည်။ လက်အောက်ငယ်သားများကလည်း မျက်နှာလို မျက်နှာရ ဆက်သကြသည်လည်း ရှိကြသည်။ သာယာဝတီမင်းသား၏ ဝါသနာအကျင့်ကို သိ၍ လက်အောက်အရာရှိတွေက အလိုလိုက် အကြိုက်ဆောင်တတ်ကြသည်မှာလည်း အစဉ်အလာပင်ဖြစ်သည်။

သာယာဝတီမင်းသား ရှင်ဘုရင်ဖြစ်ပြီးမှ ၁၂၀၃ ခုနှစ်တွင် အောက်ရပ်အောက်ပြည် ရန်ကုန်မြို့ဆင်းလာခဲ့ပြီး နောက်အပြန်တွင် မမြကလေး၏ တူမဖြစ်သူ ရေခင်းသူ မရွှေပွင့်နှင့် မစံပယ်တို့ကိုလည်း ကောက်ယူသွားသေးသည်။ အသက် ၁၂ နှစ်၊ ၁၃ နှစ်သာ ရှိသေးသည်ဟု ဆိုသည်။

ဤတွင် သာယာဝတီမင်းသားကို အိမ်ရှေ့စံမင်းသားဟု အတ္ထုပ္ပတ္တိစာအုပ်များနှင့် မြန်မာစာပေသမိုင်းတို့၌ ဆိုထားချက်ကို ရှင်းရန်လိုသည်။ သာယာဝတီမင်းသားသည် အိမ်ရှေ့မင်းသား မဟုတ်။ လုံးဝမဟုတ်ပါ။

ဘိုးတော်ဘုရားခေါ် ဗဒုံမင်းကြီး၏သားတော် အိမ်ရှေ့စံ ရွှေတောင်မြို့စားမင်းသားကြီးတွင် သားတော်သုံးပါးရှိသည်။

၁။ စစ်ကိုင်းမင်းသား မောင်ရွှေဇင်

၂။ တော်ငူမင်းသား (အမည်မသိ)

၃။ သာယာဝတီမင်းသား (မောင်ရွှေခင်)

**ဝေဖန်ပြစ်တင်**

၁၁၇၀– ပြည့်နှစ်တွင် ရွှေတောင်မင်းသားကြီး ကွယ်လွန်သောအခါ မြေးတော် စစ်ကိုင်းမင်းသား မောင်ရွှေဇင်ကို အိမ်ရှေ့ခန့်သည်။ မြေးတော် ဆင်ဖြူရှင်မယ်နှင့် လက်ထပ်ပေးသည်။ ဆင်ဖြူရှင်မယ်သည် သားတော် စကြာမင်းသားကလေးကို ဖွားမြင်ပြီး ကွယ်လွန်သည်။ နှစ်နှစ်ခန့်ကြာသောအခါ အိမ်ရှေ့မင်းသားက မှန်နန်းအပျိုတော်ထဲမှ ရှင်မင်းနကို မိဖုရားမြှောက်သည်။ ဆွေတော်မျိုးတော် အသိုင်းအဝိုင်းက မကျေနပ်။ ရွှေလင်ပန်းနှင့် အချင်းဆေးသည့် မင်းမွေးသည့် မင်းသမီးမဟုတ်။ ရှင်မင်းနမှာ မိုးညှင်းမင်းကြီး၏ အဆက်အနွယ်မှန်သော်လည်း ထီးနန်းနှင့်ဝေး၍ မင်းသွေးနည်းပါးနေသည်ဟု ဝေဖန်ပြစ်တင်ကြသည်။

စစ်ကိုင်းမင်းသားကမူ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့သား ဖြဟ္မာဏပုဏ္ဏားဆက်သသည့် သာမုဒ္ဒရိကလက္ခဏာကျမ်းကို ကိုယ်တိုင်ဘာသာပြန်၍ ဤကိစ္စကို ရှင်းသည်။ ကောင်း ဖ၄ ရပ်နှင့် ပြည့်စုံသူ ရှင်မင်းနအား မိဖုရားမြှောက်သည်မှာ မှန်သည်ဟု ဆိုသည်။ ဤကိစ္စမှာ မသေးငယ်လှ။ သာယာဝတီမင်းသားနှင့် မသင့်မြတ်သည်မှာလည်း

mgyoe.com

ဤကိစ္စ ပါဝင်သည်။

စစ်ကိုင်းမင်းထီးနန်းရလျှင် ညီတော် တောင်ငူမင်းသားနှင့် သာယာဝတီမင်းသားကို လွှတ်တက်မင်းသားကြီးများအဖြစ် ရာထူးပေးထားသည်။ မိဖုရားခေါင်ကြီး နန်းမတော်မယ်နု၏အစ်ကို စလင်းမင်းသားကြီး မောင်အိုကိုလည်း လွှတ်တက်မင်းသားကြီးအဖြစ် တာဝန်ပေးထားသည်။ မည်သူ့ကိုမျှ အိမ်ရှေ့ရာထူးမပေး။ အိမ်ရှေ့ရာထူးပေးမည်ဆိုလျှင် တောင်ငူမင်းသားသာ ရထိုက်သည်။ သာယာဝတီမင်းသားမှာ ညီတော်အငယ်ဖြစ်၍ မရနိုင်။

## ငှက်ဖျားမိပြီးကွယ်လွန်

သို့ရာတွင် အင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်စဉ်က တောင်ငူမင်းသားမှာ ရိုးမအရှေ့ကြောင်းချီ တပ်နှင့် ရန်ကုန်သို့ ဆင်းခဲ့ရာ လမ်းတွင် ငှက်ဖျားမိပြီး ကွယ်လွန်သည်။ သာယာဝတီမင်းသားမှာ ရောအရှေ့ကြောင်းချီ တပ်နှင့် ရန်ကုန်သို့ဆင်းခဲ့သော်လည်း တာဝန်ကျေအောင် မဆောင်ရွက်။ အင်္ဂလိပ်တပ်များသည် ရခိုင်ပြည်ပန်းဝါစစ်မြေတွင် ရှုံးနိမ့်ခဲ့သော်လည်း ပင်လယ်ဘက်ကဖြတ်၍ ရန်ကုန်ကို ဝင်လာသောအခါ ရန်ကုန်ဝန်ကြီးတပ်က အင်အားရှိသမျှနှင့်ခုခံရသဖြင့် ရန်ကုန်ဝန်ကြီး အရေးနိမ့်ရသည်။ အင်္ဂလိပ်တပ်များသည် ရွှေတိဂုံစေတီတော်ကုန်းမြေကို ခြေကုပ်ရထားသဖြင့် အရေးသာနေလေပြီ။

သာယာဝတီမင်းသားသည် ရှင်ဘုရင်၏ကိုယ်စား ရင်မြေကတုတ်လုပ်၍ ခုခံတိုက်ခိုက်သင့်သော်လည်း မတိုက်ဘဲ ဓနုဖြူ ဟင်္သာတနယ်တွင် ရပ်တန့်ကာ မိန်းကလေးချောချောတွေကို သိမ်းပိုက်ပြီး အထက်သို့ ပြန်တက်သွားသည်။ အင်းဝဘုရင်၏ အမိန့်အရ မဟာဗန္ဓုလစစ်သူကြီး၏တပ်သည် ရခိုင်ပြည် ဓညဝတီမြို့မှ ရန်ကုန်သို့ ဆင်းလာခဲ့ရသည်။ ဆင်ဖြူကျွန်း၊ စလင်းမြို့တွင် သာယာဝတီမင်းသားနှင့် မဟာဗန္ဓုလတို့ တွေ့ကြသည်။

သာယာဝတီမင်းသားက အင်္ဂလိပ်တပ်တွင် ခေတ်မီလက်နက်တွေကောင်းလှကြောင်း၊ ငါတို့နှင့် မယှဉ်နိုင်ကြောင်း ပေါ့ပေါ့ဆဆ သွား၍မလုပ်လေနှင့်ဟု မဟာဗန္ဓုလကို ပြောသည်။ မဟာဗန္ဓုလက ဘာမျှပြန်၍မပြောဘဲ နားထောင်နေလိုက်သည်။

သာယာဝတီမင်းသားသည် အင်းဝသို့ ပြန်သည်။ မဟာဗန္ဓုလသည် ရန်ကုန်သို့ ဆင်းသည်။ ကြိုးကြိုးစားစား ခုခံတိုက်ခိုက်ပါသော်လည်း အရေးမလှသဖြင့် ဓနုဖြူမြို့သို့ ဆုတ်၍ ခံစစ်တိုက်ရန် စီစဉ်နေခိုက် ဗုံးဆန်ထိ၍ ကျဆုံးသွားရသည်။

mgyoe.com

mgyoe.com

**အသက်စွန့်ခဲ့**

ဤတွင် မဟာဗန္ဓုလမှာ မိမိတိုင်းပြည်အတွက် မိမိအမျိုးသားအတွက် မိမိအသက်ကို စွန့်လွှတ်စွန့်စားသွားသူ သူရဲကောင်း အာဇာနည်ဖြစ်သည်။ သာယာဝတီမင်းသားမှာ တိုင်းပြည်နှင့် လူမျိုးအတွက် မိမိကိုယ်ကို အနစ်နာမခံဘဲ ရှင်ဘုရင်လုပ်ချင်သူ၊ သူရဲဘောနည်းသူ၊ အချောင်သမားသာဖြစ်သည်။ ဤအချက်ကို ကြိုတင်သိထားမှ ရာဇဝင်အမှားများကို နားလည်သိမြင်လာပါလိမ့်မည်။ သည်းခံ၍ ဖတ်ရှုပါ။

တောင်ငူမင်းသား ကွယ်လွန်သွားသောအခါ အိမ်ရှေ့နေရာအတွက် သာယာဝတီမင်းသားအဖို့ လမ်းပွင့်သွားသည်။ နိုင်ငံခြားသားတွေနှင့် အတွေ့ခံ၍ ဘရန်ဒီအရက်၊ ဖြစ်အရက်များကိုမှာ၍ သောက်သည်။ ဥရောပဝတ်စုံကိုဝတ်၍ ကိုယ်လုံးပေါ်မှန်တွင် ကြည့်ကာ ပီတိဖြစ်နေတတ်သည်ဟု နိုင်ငံခြားသားတွေက ရေးကြသည်။ အင်းဝနန်းတော်တွင်း၌ မနေဘဲ နန်းတော်၏ အနောက်ဘက်၊ ဧရာဝတီမြစ်ကမ်းတွင် အိမ်ဆောက်ကာ ဥယျာဉ်ပန်းမန်၊ ရေကူးကန်များထားရှိပြီး လွတ်လွတ်လပ်လပ်နေသည်။ အယ်လိဖေးရှင်းခွေးကြီးများကို မွေးထားသည်။ သိုင်းသမား၊ လက်ဝှေ့လက်ပမ်းသမားများကို မွေးထား၍ အမြဲလေ့ကျင့်နေစေသည်။ ဤမျှဆိုလျှင် သာယာဝတီမင်းသား၏ စရိုက်နှင့် စိတ်ဓာတ်ကို သိလောက်ပါပြီ။

အင်္ဂလိပ်မြန်မာစစ်ပွဲပြီးကတည်းက စစ်ကိုင်းမင်းမှာ စိတ်ကျရောဂါဖြစ်ကာ ကျန်းမာရေးချို့တဲ့လာသည်။ စစ်ကိုင်းမင်းမှာ ဘာသာရေးသမား၊ ဘုရားတရားကို အလွန်ရိုသေကိုင်းရှိုင်းသူဖြစ်သည်။ ထီးနန်းရသောအခါ ရုပ်ပွားဆင်းတုတော်နှင့် ပိဋကတ်သုံးပုံကို ဆင်ထက်တင်၍ တောဖိတ်နေ့ရောက်တိုင်း၊ နေပြည်တော်သူ နေပြည်တော်သားတိုင်း ဥပုသ်သီတင်းနေ့တိုင်း ဂရုဓမ္မသီလကို စောင့်ထိန်းကြစေဟု မောင်းကြေးနင်းခတ်သည်။

ကုသိုလ်တော် မဟာဝိဇယရံသီခေါ် ပုထိုးတော်ကြီးဘုရားကို တည်ထားသည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာ၌ ပြုပြင်မွမ်းမံကျောင်းဆောက်၍ ကျောက်စာရေးထိုးခဲ့သည်။ ဘုရားစေတီ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ခေါင်းလောင်းများတည်လုပ် ကုသိုလ်ပြုခဲ့သည်။

နန်းမတော် မိဖုရားခေါင်ကြီးမယ်နုမှာ စစ်ကိုင်းမင်းထက် တစ်နှစ်ကြီးသည်။ မင်းတကာတို့ ခံဝံ့ခဲ့သော ရာဇာဘိသိက်၊ သီရိပဝေသနဘိသိက်ကို အတူခံယူတော်မူသည်။ သာသနာလင်္ကာရစာတမ်းတွင် မောင်းထောင်သာသနာပိုင်လူထွက်ဆရာကြီး မဟာဓမ္မသင်္ကြံက ဤသို့ ရေးထားသည်။

**အနှစ်တစ်ထောင်တိုင်မှ တစ်ကြိမ်သာပွင့်သော အာသာဝတီနွယ်နီ ပန်းအနှိုင်း၊ ဖြစ်တိုင်းဆက်ဆက်၊ ကောင်းဘက် မကွာ၊ သုဗိတာကဲ့သို့၊ သာမာမိဂကွီ၊ သုကေသီအစ၊ စတုသဠို၊ စရှိများစွာ၊ မိန်းမကောင်း**

mgyoe.com

**လက်ဗွေထားနှင့် ပြည့်စုံတော်မူသော (..........) ဘွဲ့ခံ၊ နန်းမတော်မိဖုရား ခေါင်ကြီးနှင့် အတူ မုနောဇမ္ဗူ၊ တက်တော်မူသတည်း။**

ပုထိုးတော်ကြီးကျောက်စာ၊ ခေါင်းလောင်းစာ၊ ဖလံခုံရွာရှိ နန်းမတော် မယ်နုနှင့် မောင်အိုတို့ ကောင်းမှုဘုရားကျောက်စာတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂါယာရှိ မဟာဗောဓိကျောက်စာတွင် လည်းကောင်း၊ အလားတူပင် မော်ကွန်းကျောက်စာရေးထိုးထားသည်။ ထိုခေတ်စာဆိုတော် ဖိုးသူတော်ဦးမင်းက နန်းမတော်၏အလှကို ဤသို့ ရေးဖွဲ့ထားသည်။

**ကောင်းခြောက်ဆယ့်လေးရပ်**
**သွေးထပ်ထပ်ရှပ်ညီ**
**ရွေးနိုပါတ်ထုတ်မှီသည်**
**ဖုဿတီထွတ်ထား**
**ဗိမ္ဗာနတ် ကိန္နရီလို**
**တသိင်္ဂီ ယိုးတော့မမှား**
**ဥမ္မာဒ, ရုစာမယ်လို**
**နုရှာတယ်အသား**
**ကမ္ဗူနွယ် နွတ်ဖျားက**
**ပတ္တမြားသဖွယ်**
**ကြယ်သဏ္ဌာ ညဥ့်ရောင်မီးလိုပ**
**မင့်မောင်ကြီး ထင်မိပါတယ်**
**မြင့်ဆောင်ထီး ညောင်လယ်မှာ**
**ရှုစဖွယ်ပ, ဝင်းလို့**
**လ,မင်းထက်နှစ်လေးသာ**
**အေးမြလိုက်တာ**
**မြင်ရတိုင်း ဖေသက်သာတယ်**
**ရွှေမျက်နှာ ကြည်လွန်းလို့လေး။ ■**

ရှေးကလူများ ကောင်းခြင်းငါးဖြာကိုသာ သိကြသည်။ နန်းမတော်မယ်နု လက်ထက်ကျမှ ကောင်းခြောက်ဆယ့်လေးရပ်ကို သိလာကြသည်။ ဤလိုအရည်အချင်းနှင့် ပြည့်စုံသော သတို့သမီးကို မိဖုရားမြှောက်ရာ၏ဟု ဣတ္ထိသျှတ္တရကျမ်းက ဆိုသည်။ နန်းမတော်မယ်နုသည် အလွန်တရာယဉ်ကျေးသိမ်မွေ့နူးညံ့သူ ဖြစ်သည်။ သူ့ကို နန်းတော် အသိုင်းအဝိုင်းက အမယ်နု၊ အမေနုဟု ခေါ်ကြသည်။

mgyoe.com

mgyoe.com

## စိုက်ထုတ်ပေးခဲ့

နိုင်ငံခြားသားများလာရောက် တွေ့ဆုံလျှင် စစ်ကိုင်းမင်းက ငြိမ်းချမ်းရေးသမား ဖြစ်၍ လက်ခံတွေ့ဆုံသော်လည်း နန်းမတော်မယ်နုကမူ အတွေ့မခံ၊ စကားမပြော၊ မျက်နှာဖြူဆိုလျှင် အင်္ဂလိပ်မြန်မာ ပထမစစ်ပြီးကတည်းက အယုံအကြည်မရှိ နာကြည်းနေသည်။ စစ်လျော်ကြေးငွေ တစ်ကုဋေကို အစိုးရမှာ ငွေမရှိ၍ နန်းမတော်မယ်နုက စိုက်ထုတ်ပေးလိုက်ရသည်ကိုလည်း အားလုံးသိကြသည်။ ဤကိစ္စအတွက် သာယာဝတီမင်းသားမှာကော တာဝန်မရှိပေဘူးလား။

ဟင်နရီဂူဂျာ၊ ဘာနေ၊ ဂျပ်ဆင်စသည့် မျက်နှာဖြူများက မယ်နု မာနကြီးသည်ဟုဆိုကာ မုန်းကြသည်။ ထို့ကြောင့် မယ်နုအကြောင်း၊ စလင်းမင်းသားကြီး မောင်အိုအကြောင်း အကောင်းမရေးကြ။ စလင်းမင်းသားကြီး လာဘ်စားသည်။ အရက်မူးနေသည်ဟု ရေးကြသည်။ အရက်မူးနေလျှင် ဘုရားတရား အလွန်ကြည်ညိုသူ စစ်ကိုင်းမင်းနှင့် ဆက်ဆံ၍ ဖြစ်ပါမည်လော၊ မယ်နုနှင့်ကော ဆက်ဆံ၍ အဆင်ပြေပါမည်လော။ ထိုစကားများမှာ မလိုတမာပြောကြသည့် စကားများသာ ဖြစ်ပါသည်။ ဖြစ်ရပ်မှန်နှင့် တခြားစီဖြစ်သည်။

အင်္ဂလိပ်မြန်မာ စစ်ပွဲပြီးကတည်းက နန်းတွင်းရေး ရှုပ်ထွေးလာခဲ့သည်။ စစ်ကိုင်းမင်းက မကျန်းမမာဖြစ်လာသည်။ ရှင်ဘုရင့်အာဏာနှင့် လွှတ်တော် အာဏာကို ချုပ်ကိုင်နေရသူ နန်းမတော်မယ်နုနှင့် ၎င်း၏အစ်ကို စလင်းမင်းသားကြီးမောင်အိုတို့က သာယာဝတီမင်းသားကို မကျေနပ်၊ အယုံအကြည်မရှိ။ လူဆိုးလူသွမ်းတို့နှင့် အမြဲမပြတ် တိုင်ပင်နေသည်။ ဆန့်ကျင် ပုန်ကန်ရန် ကြံစည်နေသည်ဟု သတင်းရနေသည်။

## ဘုရင့်တပ်အင်အား

ရှင်ဘုရင်၏တပ်မတော်တွင် လူ ၅၀၀၀ ခန့်ရှိသည်။ အရေးအခင်းပေါ်လျှင် မြို့ရွာအသီးသီးမှ ပေးပို့သည့် သူရဲသူခက်တို့နှင့် ပေါင်းလျှင် အများအပြားရနိုင်သည်။ မဟာဗန္ဓုလစစ်သူကြီးရှိစဉ်ကဆိုလျှင် သာယာဝတီမင်းသားသည် ပုန်ကန်ခြားနားရန် မစဉ်းစားဝံ့ချေ။ မဟာဗန္ဓုလမှာ စစ်ကိုင်းမင်း၏ ငယ်ကျွန်တော်ဖြစ်၍ မိဖုရားခေါင်ကြီး မယ်နုနှင့် ဆွေမျိုးတော်စပ်သည်။

ယခုမူ မဟာဗန္ဓုလလည်း မရှိတော့ပြီ။ ရှင်ဘုရင်လည်း မကျန်းမာ၊ အုပ်ချုပ်ရေး အာဏာလည်း လျော့ရဲလာနေပြီဟု သာယာဝတီမင်းဘက်က ယူဆသည်။ သို့နှင့် တစ်ဖက်နှင့် တစ်ဖက်တင်းမာလာကာ ပြဿနာဖြစ်ဖို့ အကြောင်းပေါ်လာသည်။ ရွှေနန်းတော်ကြီးက ဓေဉ်ကူအုံ မြို့သူကြီး ငရေးကို စစ်မေးရန်ရှိသည်ဟု ဆင့်ခေါ်သည်။ သာယာဝတီ

mgyoe.com

မင်းသားက မပေး၊ မရှိဟုဆိုသည်။ ရွှေနန်းတော်ကြီးကလည်း အိမ်တော်ကို ဝင်ရှာမည်ဟု ခြိမ်းခြောက်နေသည်။

ဤတွင် သာယာဝတီမင်းသားသည် အမျိုးသမီးများနှင့် ကလေးငယ်များ အပါ အဝင် လူ ၆၀၀ လောက်ကို အုပ်စည်းကာ မြို့တော်၏မြောက်ဘက် တနသ်ာရီတံခါးမှ ထွက်၍ ရွှေဘိုသို့ ချီသည်။ ဆင်မပါ။ မြင်းအချို့သာပါသည်။

## တားမြစ်ခဲ့

ဤသတင်းကို အထောက်တော်တွေက လာရောက်ပြောဆိုသောအခါ နန်း မတော် မယ်နုနှင့် မောင်အိုတို့က လိုက်လံ တိုက်ခိုက်ချေမှုန်းရန် ပြင်ဆင်ကြသည်။ စစ်ကိုင်းမင်းက သူ့ညီတော် ဒုက္ခဖြစ်တော့မည်ကိုမြင်၍ တားသည်။

"ကလေးမြေးငယ်တွေ ပါပါသည်ဆိုလျှင် လမ်းမှာ ဒုက္ခရောက်ကြ တော့မည်။ မတိုက်ကြပါနှင့်။ ငါ့ညီတော်ကို ငါကိုယ်တိုင် ဆရာတော်ကြီး တွေလွှတ်ပြီး ခေါ်မည်"

ဟု အကြိမ်ကြိမ်တားသည်။ သို့နှင့် လူ ၅၀၀၀ ခန့်ရှိသည့် ရှင်ဘုရင့်တပ်က လူ ၆၀၀ ခန့်သာရှိသည့် သာယာဝတီမင်းသားတို့ လူစုကို မတိုက်လိုက်ရ။ ၎င်းတို့ လူစုသည် မြောက်ဘက်သို့သွားကာ ဇညားဆိပ်သို့ရောက်လျှင် စိန်တုန်းလှေတော်ကို စီး၍ ဧရာဝတီမြစ်အနောက်ဘက်ကမ်းကို ကူးသည်။ အင်အားထပ်စုကာ ရွှေဘိုသို့ ချီတက်သည်။ ရွှေဘို၌ ဗိုလ်ဝင်ခံကာ အင်အားထပ်စုသည်။

မျက်နှာဖြူများဖြစ်သည့် မေဂျာဘာနေနှင့် အက်ဒဝပ်တို့က ရွှေဘိုသို့ လိုက်၍ ညီတော် နောင်တော် ပြန်လည်သင့်မြတ်ရန် စေ့စပ်ပြောဆိုသည်။ သာယာဝတီမင်းသား က လက်မခံ။ သို့နှင့် ရွှေဘိုမှ စစ်ကိုင်းသို့ ဆင်းလာသည်။ စစ်ကိုင်းမင်းက ဆရာတော် များကို လွှတ်၍ ထီးနန်းက ဆင်းပေးပါမည်။ မတိုက်ပါနှင့် ဆိုသည်။

သာယာဝတီမင်းသားက ငါတို့ညီတော်နောင်တော်မှာ ပြဿနာမရှိ။ ငါတို့အား အမှုကြီးစွာရောက်အောင်ပြုလုပ်သူ စလင်းစားအေို၊ မြဝတီဝန်ကြီး ငေ၊ ပင်းတလဲစား၊ ဆောမြို့စား၊ မြို့လတ်ဝန်၊ ကင်းဝန် စသည့် လူတစ်ကျိပ်ကျော်ကို ပေးအပ်ရမည်ဟု တောင်းသည်။

## အရှက်ခွဲ

စစ်ကိုင်းမင်းက ထိုလူတစ်ကျိပ်ကျော်ကို ခေါ်ယူ၍ ပြည်သူသတ္တဝါတို့ ဆင်းရဲ ဒုက္ခ မဖြစ်ကြပါစေနှင့်၊ သာသနာတော် မညှိုးနွမ်းပါစေနှင့်၊ မောင်မင်းတို့အားလုံး ငါ၏

mgyee.com

ညီတော်ထံ သွားရောက်ကြပါဟု တိုက်တွန်းသည်။ အားလုံးကပင် ကျွန်ုပ်တို့အား ပြုလို ရာပြုပါစေ၊ သွားရောက်မည်ဆို၍ သွားကြသည်။ သာယာဝတီမင်းသားက ၎င်းတို့အား အကျီချွတ် ခါးတောင်းကျိုက်စေ၍ ထုံးသုတ်ထားသော ယောက်မကြီးများကို ထမ်းခိုင်း ကာ စစ်ကိုင်းမြို့တွင်းလှည့်၍ ပြသည်။ ပြီးလျှင် ထောင်သွင်းအကျဉ်းချထားလိုက်သည်။ တိုင်းပြည်ကို ယောက်မကဲ့သို့ မွှေသူများဟု အရှက်ခွဲခြင်းဖြစ်သည်။

စစ်ကိုင်းမင်းက နန်းဆင်း၍ ကုသိုလ်တော် မဟာသကျသီဟာဘုရားကြီးအနီး တန်ဆောင်းမှာ သွားနေသည်။ မိဖုရားခေါင်ကြီး မယ်နုနှင့် သမီး စုစု (၁၂ နှစ်အရွယ်) တို့ ပါသည်။ အမှုထမ်း တစ်ကျိပ်ခန့် ပါလာသည်။ စစ်ကိုင်းမင်း မကျန်းမာသဖြင့် သမားတော်များနှင့် ဆေးဝါးဆက်သသူတို့ အမြဲလာရောက်ကြည့်ရှုနေရသည်။

သာယာဝတီမင်း အထွတ်အမြတ်သို့ ရောက်ပါပြီ။ ကျပင်းမင်းသမီးကြီး မိဖုရား ခေါင်၊ တောင်နန်းမတော် ဖြစ်လာသည်။ မမြကလေးကို အနောက်နန်းပေးသည်။ ထိုက စ၍ အနောက်နန်းတော် မမြကလေးဟု အမည်တွင်လာသည်။ သာမန် အရပ်သူကို အနောက်နန်းပေးသည်မှာ အမြင့်ဆုံးရာထူးဖြစ်သည်။

ဤကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျဝေဖန်ရလျှင် စစ်ကိုင်းမင်း မပြတ်သားမှုကြောင့် ဖြစ်ရသည်။ ဘိုးတော်ဗဒုံမင်းကြီးသည် ထီးနန်းတက်လျှင် ညီတော်ပင်းတလဲ မင်းသား ကို အိမ်ရှေ့မပေးဘဲ၊ သားတော် ရွှေတောင်မင်းသားကို အိမ်ရှေ့ပေးသည်။ ရွှေတောင် မင်းသား ကွယ်လွန်လျှင် သားတော်တွေကို အိမ်ရှေ့မပေးဘဲ၊ မြေးတော်ကို အိမ်ရှေ့ပေး သည်။ ဘိုးတော်ဘုရားသည် ပြတ်ပြတ်သားသားလုပ်ခဲ့သည်။ စစ်ကိုင်းမင်းမှာ မပြတ် သားချေ။

မြန်မာဘုရင်များသည် မိဖုရားတွေ အများကြီးယူကာ သားသမီးတွေ တစ်ပြုံ ကြီးနှင့် မနိုင်မနင်းဖြစ်ရသည်။ ထီးနန်းရရှိရေး၊ အိမ်ရှေ့ရာထူးရရှိရေးကို အပြိုင်အဆိုင် လုနေကြသည်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ နိုင်ငံရေး စစ်ရေးတို့ကို စိတ်မဝင်စားကြ။ ရွှေနန်းတော် ကွက်ကွက်ကလေးလောက်ကိုသာ ကြည့်နေကြသည်။ ဤသို့ အထွေထွေ ခေတ်နောက်ကျမှုကြောင့်လည်း သီပေါမင်းလက်ထက်တွင် တိုင်းပြည်ပါ ဆုံးခဲ့ရသည်။

ဤအကြောင်းများကို ရှင်းပြနေရသည်မှာ စာဆိုနှင့် ပတ်ဝန်းကျင်ကို သိထား ရန် ဖြစ်ပါသည်။ စာဆိုသည် ပတ်ဝန်းကျင်နှင့် မကင်းနိုင်၊ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှု ကို ခံရမည်သာ ဖြစ်သည်။ ပတ်ဝန်းကျင်သည် ဓမ္မလော၊ အဓမ္မလော၊ ရှေ့တွင် ဆက် လက် တွေ့ကြုံရပါလိမ့်မည်။

ရှေးခေတ်အယူအဆအရ မိန်းကလေးများကို မင်းညီမင်းသားတို့က တော် ကောက်ခံရလျှင် အတိုင်းမသိ ဝမ်းသာကြသည်။ သိကြားမင်း မ သည်ဟု ဆိုကြသည်။

mgyoe.com

ထိုမိန်းကလေး၏ နှလုံးသားအရေးကို မစဉ်းစား၊ အိမ်ထောင်ရေးကို မတွေးတော၊ မိဖုရား ဖြစ်ရလျှင် ကံကောင်းလှပြီဟု ထင်ကြသည်။ ဤသည်တို့မှာ အိန္ဒိယပြည်ထွက် ဇာတ်တော်၊ နိပါတ်တော်များက ဆင်းသက်လာသည့် အယူအဆဖြစ်သည်။

၁၆ နှစ်အရွယ် မမြကလေးကို တော်ကောက်ခြင်းမှာလည်း သဘာဝမကျပေ။ မိန်းကလေးတို့ ရူပ ကာယဖွံ့ဖြိုးအရွယ်ရောက်သည်မှာ သိပ္ပံပညာ ဆေးပညာအရ အသက် ၂၀ လောက်မှာမှ ပြည့်စုံသည်။ အိန္ဒိယနိုင်ငံတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင် လည်းကောင်း အရွယ်ငယ်ငယ်ကလေးတွေကို အိမ်ထောင်ချပေးသည့် ဓလေ့ကို ဆေးပညာက မထောက်ခံ။ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာတို့တွင် ချွတ်ယွင်းပျက်စီးတတ်သည်ဟု ဆိုသည်။

မိဖုရားအများကြီးထားသည့် စနစ်မှာလည်း မကောင်း၊ မောင်နှမချင်း ပြန်ယူသည့်စနစ်မှာလည်း မကောင်း၊ အိမ်ရှေ့ရွှေတောင်မင်းသားကြီးမှာလည်း ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားသည်။ ဖန်နန်းရှင် စစ်ကိုင်းမင်းမှာလည်း ဦးနှောက်ချွတ်ယွင်းသည်။ သာယာဝတီမင်းမှာလည်း ဝက်ရူးပြန်ရောဂါ ရှိနေသည်။ နောက်ဆုံးတွင် သွက်သွက်ချာအောင် ရူးသွားသည်။ ဤအသိုင်းအဝိုင်းထဲသို့ မမြကလေးရောက်လာသည်မှာ ကံကောင်း၍လော ကံဆိုး၍လော။

မမြကလေးသည် ငယ်စဉ်ကပင် စာပေတတ်မြောက်သည်။ ဂီတပညာတတ်မြောက်သည်ဟု အမိန့်တော်ရ ရှေ့နေဦးပုက ဆိုသည်။ ဖြစ်နိုင်စရာရှိပါသည်။ သို့ရာတွင် ထိုခေတ်က ဟင်္သာတမြို့တွင် ဂီတပညာမဖွံ့ဖြိုးသေးချေ။ ဗြိတိသျှ လက်အောက်ရောက်မှ အထက်အညာက ဆင်းလာသည့် မဟာဂီတပညာရှင်များ၊ ဆိုင်းပညာရှင်များတို့ ဟင်္သာတမြို့၌ အခြေစိုက်၍ ဂီတပညာ ဖွံ့ဖြိုးလာရသည်။

မမြကလေးကို သာယာဝတီမင်း ကောက်ယူသည်မှာ သာယာဝတီမင်း ထီးနန်းရသည့်အထိ၊ ဆယ်နှစ်တာကာလအတွင်း မမြကလေးသည် စာပေပညာ၊ ဂီတပညာကို သင်ယူမည်ဆိုလျှင်လည်း ဖြစ်နိုင်ပါသည်။ ဉာဏ်ပါးသူပီပီ အချိန်တိုတိုနှင့် ထူးချွန်ထက်မြက်လာနိုင်ပါသည်။ အများအားဖြင့် မြဝတီမင်းကြီးဦးစထံမှ သင်ယူကြသည်ဟု သိရသည်။ ပခန်းမင်းသား၊ ဇာတ်ဆရာ မောင်ကျောက်ခဲ၊ အနောက်နန်းမမြကလေးနှင့် ပြည်မင်းသားတို့သည် မြဝတီဦးစထံမှာ ဂီတပညာသင်ယူခဲ့သည်ဟု ရှေးဟောင်းမှတ်တမ်းများက ဆိုသည်။

မမြကလေးအသက် ၁၆ နှစ်၊ ၂၆ နှစ်၊ ဆယ်နှစ်တာကာလသည် သူ့ဘဝ၏ ရွှေခေတ်ဟု ဆိုနိုင်ပါသည်။ မသင့်သေးသော အရွယ်မို့ လောကကြီးအကြောင်း မသိသေး။ သူ့အဖေအရွယ်လောက်ရှိသည့် သာယာဝတီမင်းသားကိုသာ ချစ်နေရသည်။

mgyee.com

mgyoe.com

ကြောက်နေရှာသည်။ သာယာဝတီမင်းသားကလည်း ငယ်ငယ်ရွယ်ရွယ် နုနုထွတ်ထွတ် ချောချောလှလှကလေးမို့ အလိုလိုက်သည်။ မမြကလေးအဖို့ နှလုံးသားတံခါးပိတ်နေပြီ။ သူ့အဖို့ မောင်တော်သာယာဝတီမင်းသာ သူ့ကမ္ဘာဖြစ်တော့သည်။ သူ့စာများကလည်း မောင်တော်ကိုသာ ရည်ညွှန်းနေသည်။

* ကြာခြည်ယံ
နာရီပြန်ဗဟိုရ်ညိတ်ပါပေ့ါ
မှေးမှိတ်လို့စက်ပါသော်
ရေးမျှမပျော်
လာနိုးငယ်မျှော်
ကြာမော့်မြင့်ဆောင်ထီး
ရွှေဘောတော်တညာထံပွေလို့
မလာနေ တာရှည်လှသောကြောင့်
တွေးရခက်ကြီး။

* နေမှိန်မှိန်
ဆင်ဖောင်းတော်ရွှေပုသိန်နှင့်
လာချိန်တန်တော့
ထပ်ထပ်ကယ်မျှော်
ပြာသာဒ်ကယ်ဆောင်ဘုံပေါ်က
အကြိုတော် သည်မယ်ထောက်ရတယ်
ကိုးခေါက်ပြန်ပေါ့။

တောင်နန်း၊ မြောက်နန်း၊ အလယ်နန်း၊ အနောက်နန်း မိဖုရားကြီးလေးပါး အပြင် အဆောင်ရ၊ နန်းရမိဖုရားတွေကလည်း ရှိသေးသည်။ မြတ်နိုးတော်မူသည့် ကိုယ်လုပ်တော်တွေကလည်း ရှိသေးသည်။ ဘယ်အဆောင်ရောက်၍ ဘယ်မိဖုရားနှင့် စံစားနေလေသည်မသိ။ မျှော်နေသူတို့ကတော့ ပူပန်နေကြရစမြဲဖြစ်သည်။ မိဖုရားဆိုသူ တို့၏ နေ့စဉ်ခံစားနေရသည့် ဒုက္ခဖြစ်သည်။

သာယာဝတီမင်း ထီးနန်းမရခင်က အင်းဝမြို့တော်၏ အနောက်ဘက် ရေဝတီ မြစ်ကမ်း၌ စံအိမ်တော်ဆောက်၍ နေထိုင်သဖြင့် ကျပင်းမင်းသမီး (မိဖုရားကြီး)နှင့် အဆောင်ရမိဖုရားများ၊ ကိုယ်လုပ်တော်များရှိနေသည်။ မမြကလေးသည် ဤခေတ်၊ ဤကာလ၊ ဆယ်နှစ်တာဘဝတွင် မိဖုရားဘဝ၏ အတွေ့အကြုံကို ခံစားနေရပါပြီ။ အဆောင်တော်သို့ မောင်တော်ကြွမလာသည့်ညဉ့်များတွင် ပဟိုရ်နှစ်ချက်တီး၊ သုံးချက်

mgyoe.com

တီး၊ လင်းအားကြီး အချိန်အထိ၊ တစ်မှေးမျှ မှိတ်၍မရ။ စိတ်ဒုက္ခ ကိုယ်ဒုက္ခ ခံစားနေရသည့်အကြောင်းကို ဂီတ၊ ကဗျာ စာဖွဲ့ကြသည်။

တစ်ခါတစ်ရံ မောင်တော်ကို ယုံကြည်သည်။ အားကိုးသည်။ အထင်ကြီးသည်။ မောင်တော်ဘာကြောင့် အိမ်ရှေ့ မဖြစ်သနည်း။ မည်သူတွေက ပိတ်ပင်တားဆီးနေသနည်း။ မမြကလေးသည် ကလေးအရွယ်ကလေးအတွေးနှင့် လူကြီးတွေပြောစကားကို ကြားရသည့်အခါ မောင်တော်ဘက်က ကူညီတွန်းအားပေးလိုသည့် စေတနာ ဖြစ်ပေါ်လာရသည်။

> ရှစ်စုံရှက်ကြာ၊ ဆူဆူဝေဆာ၊ စံရာ ဘုံရွှေနန်း၊ အခန်းခန်းငယ်နှင့် ဆောင်နန်းမ ရိပ်လယ်၊ ယိုးဘွယ် တည့်ဝတီနှယ်။ ။ မြတ်ဘုန်းမိုငယ်လေ ရွှေကိုနန်းလောင်း၊ သောင်းစကြဝဠာ များစွာတည့် ခဝပ်ညောင်း။ ။

သာယာဝတီမင်းသား၏ ဘုန်းရိပ်ကံရိပ်ကို သိဒ္ဓိတင်ပေးလိုက်သည်။ ရွှေကိုယ်နန်းလောင်းဆိုသည်မှာ ထီးရံ နန်းရံ အိမ်ရှေ့စံဟု ဂုဏ်တင်ပြောဆိုခြင်းဖြစ်သည်။ အိမ်ရှေ့စံ ယခုမဖြစ်သေးသော်လည်း နောင်တွင် ဖြစ်ရမည်ဟု အတင်ရှဋ္ဌ အနေနဲ့တင်စား၍ ဆိုထားခြင်းဖြစ်သည်။ အိမ်ရှေ့စံဖြစ်လျှင် တစ်နေ့နေ့မှာ အထွတ်အထိပ်သို့ ရောက်ရမည်။ ဘုန်းရှင်ကံရှင် သမ္မာရှင်ဖြစ်သည်ဟု မြှင့်တင်ပြောဆိုပြီးမှ မိမိ၏ခံစားချက်ကို ဆက်၍ ပြောသည်။

> နောက်အိမ်တော် ဆောင်ရိပ်မှာ၊ လွမ်းစိတ်နှင့် ဆွေး။ ။ လာလှုငယ်လာလှု၊ တမ်းခုခုမေး။ ။ အို၊ လေသေထားတဲ့အရေး၊ ရွှေရင်ချမ်းမြေ့အေး။ ။ ဗျာပါရေးငယ်နှင့် မကြံပါနိုင်။ နွမ်းခွေလို့ ယိုင်၊ နွဲ့ပင်တိုင်ကြည်ရှောင် တိမ်းတယ်၊ စိမ်းသင့်မှုစိမ်း × × × × ×

မောင်တော်၏ အချစ်ကို ယုံစားနေသူပါ။ မင်းဆွေစိုးမျိုးတို့အလယ်တွင် မျက်နှာငယ်နေရသူကလေးကို မစိမ်းသင့်ပါဟု အသနားခံသည့်အနေနှင့် ရေးထားသည်။

လောကနီတိကျမ်း၌ 'ဣတ္ထီနဥခနံ ရူပံ' မိန်းမတို့တွင် ရုပ်အဆင်းလှခြင်းသည် ခွန်အားဟုဆိုသည်။ မမြကလေးတွင် ရုပ်လှသည့် ခွန်အားကတစ်ခု၊ ကဗျာဂီတရေးတတ်သည့် ခွန်အားကတစ်ခုရှိသည်။ ထိုခွန်အားနှစ်ခုသည် မည်သူနှင့်ပြိုင်ရစေကာမူ ကျိန်းသေနိုင်နေသည့် ခွန်အားဖြစ်ပါသည်။ သာယာဝတီမင်းသားသည် ဤခွန်အားနှစ်ခုဆွဲရာသို့ တဝဲလည်လည် ဖြစ်နေရသည်။ ဤခွန်အားနှစ်ခုကြောင့်ပင် အခြားသူများ မနာလိုတိုရှည်ဖြစ်ရသည်။ ဤခွန်အားနှစ်ခုကြောင့်ပင် သူ့ဘဝ ဖာတ်သိမ်းခဲ့ရသည်။

mgyoe.com

mgyoe.com

ဤသီချင်းတွင် "နောက်အိမ်တော် ဆောင်ရိပ်မှာ" ဟု ဆိုထားသဖြင့် အချို့ဆရာတို့က အနောက်နန်းမိဖုရားဖြစ်မှ ရေးသည်ဟု ယူဆကြသည်။ မဟုတ်ပါ။ သာယာဝတီမင်းသား၏ အိမ်တော်သည် အင်းဝရွှေနန်းတော်၏ အနောက်ဘက် ဧရာဝတီမြစ်ကမ်း၌ ဆောက်ထားသောကြောင့် နန်းတော်အသိုင်းအဝိုင်းရှိ လူများက အနောက်အိမ်တော်ဟု ခေါ်ကြသည်။ မမြကလေးကိုယ်တိုင်ကလည်း နောက်အိမ်တော်ဟုသာ ဆိုသည်။ နောက်နန်းတော်ဟု မဆို။

ဤသို့ဖြင့် အိမ်ထောင်သက် ၇ နှစ်ရှိသောအခါ သမီးတော်ကလေးမဖွားကြီးကို ဖွားမြင်သည်။ ဖြူဖြူဖွေးဖွေး၊ ချစ်စရာကလေးကို ထွေးပိုက်ရင်း စိတ်ဖြေစရာ အဖော်ရလာသည်။ မောင်တော်ကြွလာချင်လာ၊ မလာချင်နေ၊ ကိစ္စမရှိ။ သမီးတော်ကလေး၏ ဝေယျာဝစ္စအလုပ်နှင့်ပင် ပျော်နေရသည်။

သိင်္ဂါရွှေရောင်၊ ထိန်ဝါဝေပြောင်နန်း၊ ဆောင်ဆောင်ခန်း၊ မှန်ဘုံတွင်း၊ ဝင်းဝေလျှံ၊ စံတည်ရာပွဲမှာလေ (သဲငွေပြန်) –ဗိန်း × × × × စိမ်းရောင်စို၊ တောင်ညိုကမ္ဘင်း၊ သီတာခွေလို့သာ၊ ရေပတ်လည်ဝိုင်း × × × ×

စံအိမ်တော်ကနေ၍ ကြည့်လျှင် ဧရာဝတီမြစ်ကမ်းနဖူးတွင် ငွေရောင်သဲသောင်ပြင်ကြီးကို မြင်ရသည်။ ဧရာဝတီဒုဋ္ဌဝတီ စသည့် မြစ်ငါးစင်းက ဝိုင်းထားသည့် သန်လျက်ခုံနေရာဖြစ်သည်။ စစ်ကိုင်းတောင်၊ မန္တလေးတောင်စသည့် စိမ်းရောင်စို၊ တောင်ညိုတို့ ရစ်ဝိုင်းထားရာ နေရာလည်း ဖြစ်သည်။ ဤစကားဖြင့် အင်းဝမြို့တော်နန်းတော်ကို ဖော်ပြသည်။

– သနားဖွယ်၊ ရွှေလယ်သောင်းရံ၊ သာလွန်ကျူးလို့ (မြူးပျော်စံ)၂ ရွှေကံတိုးလို့ ဖြိုးဝေဝေ၊ သပြေကွန်ချာ ဘုန်းများမင်း။

ဤစကားဖြင့် သမီးတော်ကလေးအကြောင်းကို ပြောသည်။ ကံထူးသူကလေးဟု ဆိုသည်။ ထူးလည်းထူးပါသည်။ ဆင်းရဲသားအနေနှင့်ဆိုလျှင် ဤသို့နေရမည် မဟုတ်။ ယခုမူ အထိန်းတော် အချီတော် အချော့တော်တို့နှင့် ဝိုင်းဝိုင်းလည်အောင် ဂရုစိုက်ခြင်းကို ခံနေရပေသည်။ သီချင်း၏ သံထောက်တွင် ....

ထီးကျွန်တော်ခံ
ရာစံရှင့်ဘိုး
တိုင်းရွှေမြေသာလှ
ညာကမိုး။

mgyoe.com

**ဒီပါသောင်းယံ**

**စံနန်းရိုး။ ။**

ဟု ဆိုထားသည်။ "ရာစံရှင့်ဘိုး" ဆိုသည်မှာ မင်းတစ်ရာတို့ ဦးညွတ်ရသည့် ဘိုးတော် ဗဒုံမင်းကြီးကို ဆိုလိုသည်။ ထီးနန်းအစဉ်အဆက်က ဆင်းသက်လာသည်ဟု ဆိုလိုသည်။ အချို့ပုံနှိပ်စာအုပ်များတွင် မှားနေတတ်သည်။

သမီးတော်ကလေးကို လာကြည့်ကြသူတွေကလည်း များလှသည်။ ပြင်စည်မင်းသားကြီးနှင့် မြဝတီမင်းကြီးဦးစတို့ကလည်း လာကြည့်ကြ၍ သမီးတော်ကလေးကို ပုခက်တွင် သိပ်ကာ စက်တော်ချင်း ယိုးဒယားတစ်ပုဒ်ရေးဖွဲ့ပေးသွားသည်။ လက်ဝဲသုန္ဒရ အမတ်ကြီး၏ မြေး ဇာတ်တော်ကြီးတွင် ဆရာလုပ်ရသည့် မောင်ကျောက်ခဲ လာ၍ကြည့်သောအခါ သီချင်းတော်တော်များများကို စောင်းနှင့်တီးပြသွားသည်မှာ တော်လှသည်။ သူ့ထံမှ တေးသွားအနုအဖွဲ့ အဆန်းကလေးများကို ကြားလိုက်ရသည်။

> **ဂန္ဓမာတောင်၊ လိုထာနန်းချောင် ငယ်ကသာ၊ ပူအောင်စေသာ၊ ပန်းဖြေနိုင်ပါငယ်နှင့်လေး။ မာလာရွှေခိုင်၊ နွမ်းခွေယိုင်၊ ပူဝုန်ပိုဖွား၊ မြသားငယ်တည့်အင်္ဂငုံ။ ။ ဝတ်မှုံငယ်ကြွေညောင်း၊ သင်းကြိုင်ပျံ့လှောင်း။**

ချစ်စရာကောင်းသည့် စကားလုံးကလေးများနှင့် တီးကွက်တီးချက်ကလေးများကို သတိထားလိုက်မိသည်။ မောင်ကျောက်ခဲ ပြန်သွားပြီးနောက် သည်အသံကလေးတွေကို ကြားနေသည်။ အဘယ်ကြောင့်ဟူ၍ မသိ၊ ပုရပိုက်ပေါ်၌ ကံ့ကူဆံတင်ကာ ဂန္ဓမာသီချင်းတစ်ပုဒ်ကို ရေးခြစ်နေမိသည်။

> **ဂန္ဓမာရိပ်သာဖလ်ပွနန်းကလေ၊ ပန်းမဥ္စူမွှေးကြူ ပန်တော်ပန်းငယ်နှင့်လေး။ သုတ်ဖျန်းငယ်လေချို၊ ရှာမလိုခြိမ့်မှိုင်း၊ ဘယ်ညာပတ်လည်ဝိုင်း။ ။ တိမ်ဆိုင်းငယ်ဖြိုးပါလို့၊ မြခိုးငယ်ရီမှောင်၊ လွမ်းတဲ့လွမ်းလေအောင် × × × × × တောတောင်ရှက်ဆင်၊ ငုံအင်ပျံ့ပျူး၊ ရွှေညာခိုင်ပြည့်လူး၊ မှုံဖြူးသွင်သွင်၊ ကြည်စင်လျှံမောင်း၊ ရေးခွင့်မသာတောင်း × × × ×**

ဤတွင် "ရေးခွင့်မသာတောင်း" ဆိုသည့် စာပိုဒ်ကို အဘယ့်ကြောင့် ထည့်ရေးမိသည်မသိ၊ ဖျက်၍ပြင်လိုက်ရလျှင် ကောင်းမည်လား။ စဉ်းစားမရဖြစ်နေသည်။ ရေးခွင့်မသာကြောင်းကို မောင်ကျောက်ခဲလည်း အသိပင်မဟုတ်ပါလော။

တစ်နေ့တွင် မြဝတီမင်းကြီးအိမ်၌ ဘုရားကိုးဆူပူဇော်ပွဲရှိ၍ သွားရောက်သောအခါ မောင်ကျောက်ခဲတို့နှင့် ဆုံမိကြပြန်သည်။ ဂန္ဓမာရိပ်သာသီချင်းကို သီဆိုသောအခါ မောင်ကျောက်ခဲ၏ စိတ်များလှုပ်ရှားနေသည်ဟု အကဲခတ်မိသည်။ ခါတိုင်းလည်း မကြာခဏဆုံတတ်ကြသည်။ ယခုမှ ဘာကြောင့် စိတ်လှုပ်ရှားနေရသနည်း။

mgyoe.com

mgyoe.com

သီချင်းဆုံးသွားသောအခါ မြဝတီက ချီးကျူးသည်။ သခင်မ၏ သီချင်းအသစ်ကောင်းသည်ဟုပြောရာ စိတ်ထဲတွင် မလုံမလဲ ဖြစ်သွားသည်ဟု ခံစားလိုက်ရသည်။ မောင်ကျောက်ခဲကမူ ဘာမျှမပြော။ သူရေးသည့် သီချင်းအသစ်ကို နားထောင်ကြည့်ပါဟု ဆို၍ တီးပြသည်။

ပြာပြာညိုရောင်၊ မှိုင်းညို့မိုးမှောင်၊ ပူအောင်စေသာ၊ လွမ်းလို့ဖွေရှာ။ အခြားအခြား တွေးတော ဝင်းလို့ထိန်ဝါ။ ဝါဝါထိန်ထိန်ညီးလို့ရောင်ရှိန်၊ စိမ်းရယ်မိမ်း ညီးရယ်ဆီး။ ။ ညိုရောင်မှောင်ရိပ်ကယ်ဆီး။ ။ လွမ်းအောင်လို့ ဆင်ပြန်သကို၊ လွမ်းအောင်ခုဆင်။ ။ ပန်းမျိုးငယ်ညိုစင်၊ မင်းလွင်ငယ်တိမ်ခိုး၊ မြောက်လေဖျန်းစပျိုး× × × × × ×

မိုးကိုပင်ပြောနေသလား၊ ပန်းကိုပင်ပြောနေသလား။ "ညိုရောင်မှောင်ရိပ်ကယ်ဆီး" အဘယ်မှောင်ရိပ်ကြီးက ကာဆီးနေသနည်း။ မည်သူ့ကို ကာဆီးနေသနည်း။ တွေတွေရာရာစဉ်းစားနေမိသည်။ အချိန်ကုန်၍ ပြန်လာသည့်တိုင်အောင် သူ့သီချင်းသံကလေးကို ကြားနေမိသည်။

ညဦးဦးယံကျော်လွန်၍ သမီးတော်ကလေးအိပ်သွားသောအခါ တစ်ကိုယ်တည်းတွေဝေနေမိသည်။ ပုရပိုက်ပေါ်၌ ကံ့ကူဆံကိုတင်ကာ ဟိုခြစ်သည်ခြစ် ရေးခြစ်နေမိသည်။

ပြာပြာညိုရောင် မှိုင်းတလဲ့လဲ့။
အာကာပြင်ဘောင်သိုင်း တချဲ့ချဲ့။
ရှာလာပြန်လဲ၊ တဖွဲဖွဲ၊ စက်မြဲပန်းဘုံ၊
သုန်သုန်ငွေနှင်း၊ သွင်လာပြန်
အို၊ ပျော်လိုဘဲ၊ သဲကြွေကျွမ်းမျှ၊
လွမ်းရန်ဆင်။ ။
သေချင်အောင်နှယ်၊
ကြုံတယ်ကံ၊ ဖန်လာမှန်း၊ ဆိုငိုတမ်း။ ။
နန်းဘုံမြင့်ရိပ်ကြာလယ်၊
သုံးယံကျူးလို့ ဖူးမလွယ်၊
ကျွမ်းကြွေဘွယ်ငယ်လေ၊ စက်ရာဝယ်
ဖန်တော်ရက်ပေငဲ့၊ ဆော်ကြက်ကယ်ညံစီစီ၊
လင်းပြန်လုပြီ× × × ×

ဤစကားစုဖြင့် မိမိ၏ဘဝ၊ မိမိစိတ်ခံစားချက်ကို ပြောနေသည်။ ဘယ်သူ့ကို

mgyoe.com

ပြောနေသနည်း။ မိုးကိုပဲ ပြောနေသလား၊ ပန်းကိုပဲ ပြောနေသလား၊ ငှက်ကိုပဲ ပြောနေသလား၊ ဘာကြောင့်များ ညှိပြာညှိရောင်စာသားကို လိုက်၍ရေးမိသည်မသိ။ မဟာဂီတတွင် ပြာပြာညှိရောင်နှစ်ပုဒ် ဖြစ်နေသည်။ နှစ်ပုဒ်စလုံးပင် ကောင်းနေသည်။

အမှန်မှာ မမြကလေးသည် သူ့ထက် အသက် ၂၄ နှစ်ကြီးသော သူ့အဖေအရွယ်ရှိသူ သာယာဝတီမင်းသားကို မနူးမနပ်ငယ်ငယ်ရွယ်ရွယ်နှင့် ချစ်ခဲ့ရသည်။ သူ၏နှလုံးသားမှာ တံခါးပိတ်နေခဲ့သည်။ အချစ်ဆိုသည်မှာ ဘာမှန်းမသိ။ ယခု အိမ်ထောင်ရေးဒုက္ခနှင့် တွေ့ကြုံခံစားရသောအခါ ငြီးငွေ့လာသည်။ အနုပညာသမားပီပီ၊ ဂီတအနုပညာကြောင့် မိမိ၏နှလုံးသားတံခါးပွင့်လာသည်ကို သတိထားမိသည်။ မောင်ကျော့ခဲ့သည် မိမိ၏ဦးလေးအရွယ်၊ အစ်ကိုကြီးအရွယ်ဖြစ်သော်လည်း ဂီတပညာမှာအလွန်တော်သည်။ သို့အတွက် သူ့အပေါ် ခင်တွယ်မိသည်။ သဒ္ဒါချစ်၏ သဘောကိုယခုမှ ရိပ်စားမိလာသည်။ သို့ရာတွင် မလွယ်ပါ။

မြူဝန်းလို့ခို။ ။
အလိုဘယ်ဝယ်၊ ရောက်လွယ်ငယ်နိုင်ပဲ၊
ပတ်ဝန်းဘယ်ညာ၊ သီတာချောင်းရေကွဲ။ ။
သည်းကြွေလောင်တောင်ခရီး၊ ဓနီးငယ်တည့်
နန်းကိန္နရီမယ်၊ မြန်းရှာရတယ်။ ။
ရေယာဉ်ဝယ်သည့်တစ်သွန်း၊
အလွမ်းတွေက ကြွယ် × × × ×

ကိန္နရာချောင်းခြား သီချင်းကလေးပါကလား။ မောင်ကျော့ခဲ့သည် သည်သီချင်းကို ဘာကြောင့်ရေးသနည်း။ ဇာတ်ဆရာဖြစ်သောကြောင့် ဇာတ်ခုံပေါ်တွင် အသုံးပြုရန်ရေးခြင်း ဖြစ်ပါလိမ့်မည်။ ကိန္နရာ ကိန္နရီတို့ချောင်းခြားက တစ်ညဥ့်တာမျှကွဲကွာသွားရသည်ကို နှစ်ပေါင်း ၇၀၀ တိုင်၊ သည်အချိန်ရောက်တိုင်း လည်ပင်းဖက်၍ ငိုကြသည်ဆိုပါကလား။ သြော် အချစ်ကြီး ချစ်ကြသူတွေပါကလား။ မမြကလေးသည် ဟိုတွေးသည်တွေး တွေးနေမိသည်။

နောင်နဲ့တူဖော်မပါ
သနားငယ်မှုယူနှင့်
ချောင်းရေတူတစ်နယ်ဘက်မှာ
ကူးခတ်လှပါ။
လေနှံဝိုင်းပါလို့
ဒေါင့်တိုင်းငယ်က မှုံလို့ပြာ

mgyoe.com

mgyoe.com

သေလာကြော့တစ်ခန်း
နတ်နန်းကိန္နရီ
မောင်ကြီးကို ကူလာညီပါ
မြဂိဝါတောင်လိုထင်ကွေ့မှာ
ဘုန်းမေ့ကြောင့်ပန်း–

မောင်ကြီးကိုကူလာပါတဲ့၊ သူကပင် အကူအညီတောင်းနေပါကလား၊ တော်တော် ယောကျ်ားဈေးဖျက်တဲ့လူဟု စဉ်းစားပြီး ရယ်ချင်လာသည်။ သေသေချာချာ စဉ်းစားကြည့်လျှင် သူပြောတာမှန်သည်။ အလွန်မှ အန္တရာယ်ကြီးသည့်ကိစ္စဖြစ်သည်။ သာယာဝတီမင်းသား အလွန်စားထက်ကြောင်း အားလုံးသိကြသည်။ မောင်ကျောက်ခဲသည် မိမိထံ လာသည့်အခါ လာသည်။ မြဝတီဦးစအိမ်မှာ ဆုံသည့်အခါဆုံသည်။ တီးကြဆိုကြစကား ပြောကြသည်။ မည်သူကမျှ ပိတ်ပင်တားဆီးခြင်းမပြု။

၁၁၉၉ ခုနှစ် အရေးတော်ပုံပေါ်သောအခါ သာယာဝတီမင်းသားနှင့်အတူ ရွှေဘိုသို့ ပါလာရသည်။ ရွှေဘိုမှ စစ်ကိုင်းသို့ ဆင်းလာခဲ့ရပြီး ညီတော်နောင်တော်တို့ သဘောတူညီချက်ရရှိကာ စစ်ကိုင်းမင်းက နန်းဆင်းပေးပြီး၊ သာယာဝတီမင်း နန်းတက်လာသည်။ မောင်တော်အထွတ်အမြတ်သို့ ရောက်ပြီ။ ဝမ်းသာရမည်လော၊ ဝမ်းနည်းရမည်လော၊ မမြလေး မတွေးတတ်။

မိမိ၏ ဆရာမြဝတီမင်းကြီးဦးစနှင့် လူတစ်ကျိပ်ကျော်ကို ထောင်သွင်းအကျဉ်းချထားလိုက်သည်ဟု ကြားရသဖြင့် စိတ်မကောင်း၊ အစ်မတော်ကြီး မယ်နုတို့သားအမိကို သွားတွေ့ချင်သည်။ မဖြစ်နိုင်။ ဤအတွင်း ပြဿနာတစ်ခုကို ကြုံတွေ့ရသည်။ မမြကလေးသည် မောင်ကျောက်ခဲနှင့် ရည်ငံနေကြသည်။ ဟိုမှသည်မှာ ချိန်းတွေ့နေကြသည်ဟု မိဖုရားကြီးက မောင်တော်သာယာဝတီမင်းကို လျှောက်တင်ကြောင်း အပျိုတော်ကြီး ဖွားမိထံမှ ကြားသိရသည်။ ဖွားမိမှာ မိမိအား သမီးရင်းလိုချစ်နေသူမို့ လာရောက်ပြောကြားခြင်း ဖြစ်သည်။

မိမိအဖို့ ကိစ္စမရှိ၊ မောင်ကျောက်ခဲအဖို့ အရေးကြီးသည်။ ထို့ကြောင့် ဖွားမိကိုပင် အကူအညီတောင်းပြီး မောင်ကျောက်ခဲထံသို့ လက်ဝတ်လက်စား၊ ရွှေတိုရွှေစများ ပို့ပေးပြီး ရှောင်ထွက်သွားပါဟု ပြောခိုင်းရသည်။ မရှောင်လျှင် အချောင်အမှုပတ်နေမည် စိုးရသည်။

သာယာဝတီမင်းမှာ နိုင်ငံတော်ကိစ္စများနှင့် အလုပ်များနေသဖြင့် မမြကလေးတို့သားအမိထံ မလာတာကြာပေပြီ။ တစ်ဖက်စကားကို နားဝင်နေသဖြင့်လည်း အမျက်တော်ရှနေလေသလား၊ စဉ်းစားနေရသည်။ အစောင့်အရှောက်တွေချထား၍ ဘယ်ကိုမှ

mgyoe.com

သွားခွင့်မရသည်မှာလည်း အကျယ်ချုပ်သဘောထားနေသည့် အခြေအနေမှာ ရှိနေသည်။

သို့နှင့် ဖွားမိကို အကူအညီတောင်းပြီး ဦးရီးတော် ပြင်စည်မင်းသားကြီးထံ လွှတ်ရသည်။ အခြေအနေမှန်ကို ပြောပြရသည်။ ဦးရီးတော်က သူ့တူတော်မောင် သာယာဝတီမင်းကို ရှင်းပြနားချလျှင် ပြေလည်လာရမည်ဟု ယုံကြည်သည်။

မမြကလေးထံသို့ သာယာဝတီမင်းရောက်လာလျှင် မမြကလေးက မျက်ရည်ခံ ထိုးပြီး ချွဲလိုက်မူလိုက်မည်ဆိုပါက သာယာဝတီမင်း အရည်ပျော်သွားလိမ့်မည်။ ထို့ ကြောင့် သာယာဝတီမင်းကို မမြကလေးထံ မသွားရအောင် မနာလိုသူ မိဖုရားများက အမျိုးမျိုး ကန့်ကွက်တားဆီးကြသည်။

သို့ရာတွင် မောင်တော်သည် မနေပါ။ ဦးရီးတော်နှင့် တွေ့ပြီးနောက်နေ့မှာပင် မမြကလေးထံ ရောက်လာသည်။ မျက်နှာကြီး သုန်သုန်မှုန်မှုန်နှင့် ရောက်လာသူ မောင်တော်ကို မမြကလေးက လှိုက်လှိုက်လှဲလှဲ ပြုစုယုယပါသည်။ မောင်တော်အတွက် စားဖွယ် သောက်ဖွယ်များကို တည်ခင်းပေးနေစဉ်မှာပင် အပျိုတော် ရွှေသဥ္စာက သီချင်း နှင့် ဖျော်ဖြေသည်။

ချစ်သမျှကို ....။ မြင့်မိုရ်ရွှေတောင်လုံးသာပ့ါလေ ....။ လေးစုဒီပါ၊ သီတာရေမြေ ့ဆုံးစေတော့လေး။ ။ အို .... ဘယ်၊ မုန်းပါတော့နိုင်၊ ကပ်လုံးပ့ါ ဆုံးတိုင်တိုင်။ ။ ရုံးညာပြိုင်၊ အုန်းလှိုင်သဥ္စာကြွေ့မှာလလေ၊ ကြိုးမည့်နောင်တာ၊ ရိုးပြာ မြေဝယ်မြေ့စေတော့လေး .....

* ချစ်ချင်းငယ်ပြိုင်
မြစ်မင်းပိုင်အထ္ထဝါက
ပြန်မသာကဲ

* ယွင်းစေ့ဝသုန်
ငွေဝန်းသော်တာယုန်သို့
ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ
ဘယ်မေ့လိမ့်လဲ။ ။

သဖြန် အချုံးသွားသောအခါ မောင်တော်၏ မျက်နှာအတော်ပင် ကြည်လင် ရွှင်ပျသွားသည်။ ဘာမျှထပ်မံ ရှင်းပြရန်မလိုတော့ပါ။ "မြကလေးရဲ့ စေတနာနှင့် ဝါသနာ ကို သဘောပေါက်တော်မူပါ မောင်တော်" ဟုသာ မောင်တော်၏ အနားကပ်၍ လျှောက် တင်လိုက်မိသည်။

မမြကလေးအဖို့ လမိုက်သောညများ ကွယ်ပျောက်၍ လသာသောညသို့ ရောက် ခဲ့ပါပြီ။ မမြကလေးကို ရွှေလောင်းတိုက်စားအဖြစ်မှ ဟင်္သာတမြို့စားအဖြစ် ချီးမြှင့်သည်။

mgyee.com

mgyoe.com

ငိုမဲ့မဲ့ တားရှာ
ရွှေနောက်ဆံမယ်မတင်းရအောင်
ငယ်စာရင်း ဖျက်လိုက်တော့ဖျာ
အပြစ်ကြောင့် မချစ်သာပြီ
အသစ်ရှာပေါင်းရစ်တော့
ခအောင်းနဲ့ထနောင်းနှစ်ပင်
ဓားထစ်ရို့ရှင်
နိဗ္ဗိန္ဒ ကမ္ဗဋ္ဌာန်းဝင်မယ်
စခန်းစဉ် နီးအောင်ပါ့လေး။

မောင်တော်သည် အရင်ကလို မဟုတ်၊ မမြကလေးအပေါ်မှာ ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြော မဆို ယုယုယယမရှိ။ စကားကို တစ်ခွန်းထက် နှစ်ခွန်းပို၍ မပြော၊ ဘာကြောင့်မှန်းမသိ။ ဦးရိုးတော်ပြင်စည်ကိုယ်တော်ကြီးက ပြောတော့ စိတ္တဇ(စိတ်ဝေဒနာ) ဖြစ်နေသည်ဟု ဆိုသည်။ သည်လိုဆိုလျှင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေ၍ ဖြစ်ပါမည်လော။

မောင်တော်နှင့် လမ်းခွဲ၊ လက်တွဲဖြုတ်မှ ဖြစ်တော့မည်။ ဇနက္ကမင်းကြီးလို သစ်ပင်ကို ဓားနှင့် ထစ်ပြီးသည် နေရာမှာ မင်းနဲ့ငါနဲ့ ဖြတ်ပြီ၊ ရှေ့ကိုဆက်ပြီးမလိုက်နှင့်တော့ဟု ပြောသလို၊ ခအောင်းပင်နှင့် ထနောင်းပင်ကို ဓားထစ်ပြီး ထားရစ်ခဲ့တော့မည်။ နိဗ္ဗာန်ရောက်ကြောင်း သမထ ဝိပဿနာတရားဘက်ကို ထွက်ခွာတော့မည်။ သို့ရာတွင်–

မြလေးမေ

ခေါ်လာသူက ပြည်မြို့စားမင်းသား၊ မြောက်နန်းမိဖုရားက ဖွားသည်။ သားတော်ကြီး၊ လက်ရုံးရည်နှလုံးရည်နှင့် ပြည့်စုံသဖြင့် နန်းတော်အသိုင်းအဝိုင်းက ပုဂ္ဂိုလ်များနှင့် လူထုကလေးစားအားကိုးကြသည်။ ရွှေနန်းရှင်၏ အရိုက်အရာကို ခံနိုင်မည့်သူမှာ ပြည်မင်းသားကြီး မောင်ဆောပုသာဖြစ်သည်ဟု ယုံမှတ်ထားကြသည်။ ပြည်မင်းသားတွင် ညီတော်မောင်ဆောဖြူရှိသေးသည်။ မောင်ဆောဖြူသည် ထက်ထက်မြက်မြက် သွက်သွက်လက်လက် ရှိသည်။ မဟုတ်မခံပြောတတ် ဆိုတတ်သည်။ ညီအစ်ကိုနှစ်ယောက်၊ တအားမြောက်စရာဖြစ်သည်။

မိဖုရားခေါင်ကြီး၏သား ပုဂံမြို့စားမင်းသားသည် ပြည်မင်းသားထက် နှစ်နှစ် ငယ်၍ မိန်းမလျာကဲ့သို့ ပျော့ညံ့သူဖြစ်သည်။ လက်ရုံးရည်၊ နှလုံးရည်တွင် ပြည်မင်းသားနှင့် ဘယ်လိုမှ မယှဉ်နိုင်၊ ပုဂံမင်းသားထက်ငယ်သူမှာ စုဖုရားကြီးဖြစ်၍ အားမကိုးနိုင်။ ထို့ကြောင့် ထီးနန်းရိုက်ရာကို ခံနိုင်မည့်သူမှာ ပြည်မင်းသားကြီးသာ ဖြစ်သည်။

mgyoe.com

ပြည်မင်းသားနှင့် မမြကလေးတို့မှာ ဂီတဝါသနာပါသူအချင်းချင်းဖြစ်သဖြင့် ရင်းနှီးကြသည်။ မြဝတီမင်းကြီးထံမှာ အတူတကွ တီးကြဆိုကြသည်။ ပြည်မင်းသားက မမြလေးထက်တစ်နှစ် ကြီးသော်လည်း ဝါကြီးသူ မမြကလေးကို အမိအရာ၌ထား၍ "မြလေးမေ" ဟုခေါ်သည်။ သူလည်း ဂီတပညာတွင် တော်သည်။ သီချင်းများကိုပင် ရေးနိုင်သည်။

– တောင်ကမ်းက ပြုံမလိုလို၊
မှင်ခိုးကညို။ ။ မယ့်တစ်ကိုယ်၊
လှိုက်ဖိုအောင် သည်ရေစဲ၊ သဲညွတ်ပို၊
ဖန်လာတယ် လေပြင်း၊ ဆွေးကြုံရခင်း။ ။
မင်းလွင်မြူမှောင်၊ တောနှင့်တောင်၊
လျှပ်ရောင်ပြက်ခါ သမ်းသည်နှင့် × × × ×

ကိန္နရာချောင်းခြားကိုပင် ဖွဲ့ထားဟန်တူသည်။ လူပုံက ယောကျာ်းပီသ၍ ကျားကျားလျားလျားရှိသော်လည်း ဂီတဘက်တွင် နုလွန်းနွဲ့လွန်းနေပြန်သည်။

၁၂၀၃ ခုနှစ်၊ တော်သလင်းလတွင် ရွှေနန်းရှင်ဘုရားအောက်ရပ် အောက်ပြည် ရန်ကုန်မြို့သို့ စုန်ဆင်းတော်မူမည်။ လုံခြုံရေးတပ်မှူးဗိုလ်ချုပ်အဖြစ် ပြည်မင်းသားကြီးကို တာဝန်ပေးသည်။ တောင်နန်းနှင့် အနောက်နန်းမိဖုရားတို့ ပါဝင်စေရမည်ဟု ဆိုသဖြင့် မမြကလေးအဖို့ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မခွဲခြားနိုင်ဖြစ်ရသည်။ ဆွေမျိုးများနှင့် ပြန်တွေ့ရမည်ဖြစ်၍ ဝမ်းသာရသော်လည်း ပျောက်ကွယ်နေသူနှင့် ပြန်တွေ့ရပါက ... စဉ်းစားစရာဖြစ်နေသည်။

ရန်ကုန်သို့ရောက်၍ ရွှေတိဂုံစေတီတော်ကြီးကို ဖူးရသည်။ အနောက်ဘက် စောင်းတန်းကို ဆောက်လုပ်လှူဒါန်းခွင့်ရသည်။ ပဲခူးရွှေမော်ဓောစေတီကို ဖူးရသည်။ သန်လျင်ကျိုက်ခေါက်ဘုရားကို ဖူးရသည်။ ကုသိုလ်ကြီးပါဘိ။ သို့ရာတွင် မမြကလေးအဖို့ ငယ်စဉ်ကလို မပျော်တော့။ သမုဒယ၊ အနုအလှတွေမှာ ဟန်ဆောင်နေခြင်းသာ ဖြစ်သည်။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရသည်။ ဘဝရှိလျှင် ဒုက္ခရှိမည်။ ဘဝကင်းပြတ်မှ ဒုက္ခချုပ်ငြိမ်းမည်ဟု တရားသဘောသက်ဝင်နေသဖြင့် ဘာကဗျာသီချင်းကိုမှ မရေးဖြစ်။

– လွမ်းရန်ပို၊ ငိုချင်သား၊ ရှင်နိုင်အားနှင့်
များပူပင်၊ သဥ္ဇာဘုံဘွေ မှိုင်းကာဆွေး။ ။
ရေးရွှေပင်လယ်ငယ်မှာ၊ ဆွေးမောင်ငယ်ချည့်သာ။
သူလဲ လာမမြင်၊ အို–ပူပွဲနောင့်ခါ ကြုံအင် × × ×

mgyoe.com

mgyoe.com

အို ဘာသီချင်းပါလိမ့်၊ ဘယ်သူရေးတဲ့ သီချင်းပါလိမ့်၊ သီချင်းဆုံးသွားသော အခါ ရွှေနန်းရှင်ဘုရားက အမေးတော်ရှိသဖြင့် မြဝတီဦးစက မောင်ကျောက်ခဲရေးသည့် သီချင်းဖြစ်ကြောင်း လျှောက်သည်။ မောင်ကျောက်ခဲအမည်ကို ကြားလိုက်ရသဖြင့် ရင်ထဲ ထိတ်သွားသည်။

## တိမ်းရှောင်သွား

ဓာတ်ဆရာမောင်ကျောက်ခဲသည် ရာဇဝတ်တော်ကို ကြောက်၍ အောက်အရပ်သို့တိမ်းရှောင်သွားပြီး၊ ယခု တွံတေးမြို့ကလေး၌ ရှိနေကြောင်း ဦးစက လျှောက်တင်သည်။ ရွှေနန်းရှင်က အပြစ်မှ ခွင့်လွှတ်ကြောင်း၊ မောင်ကျောက်ခဲကို သူ့ မူလရာထူး အတိုင်းပင် ထားပေးမည်။ ပြန်ခေါ်ခဲ့ရမည်ဟု အမိန့်ရှိသည်။ မြဝတီဦးစတို့ လူစုကား ဝမ်းသာကြပုံရသည်။ မိမိအဖို့မှာမူ မောင်ကျောက်ခဲကို တွေ့လည်း တွေ့ချင်သည်။ တွေ့လည်း မတွေ့ချင်။ မပြန်လာပါစေနှင့်ဟု ကျိတ်၍ဆုတောင်းနေမိသည်။ ရှေ့မှာ အန္တရာယ်ရှိသည်ဟု သူ့ကို သတိပေးချင်သည်။

တပို့တွဲလဆန်း ၁၂ ရက်နေ့မှာ ရတနာယာဉ်မွန် ရွှေဖောင်တော်ကြီး စတင်ထွက်ခွာလာသောအခါ ဝမ်းသာနေမိသည်။ ဟင်္သာတမြို့သို့ ဆိုက်သောအခါ ဆွေစုမျိုးစုများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသဖြင့် အားရမိသည်။ ဘုရားတည်ရန်ကိစ္စ၊ ကုသိုလ်ပြုရန်ကိစ္စများကို စီစဉ်လွှဲအပ်ခဲ့ပြီး ဆက်လက် ထွက်ခွာလာသောအခါ ဝမ်းနည်းသလို ဖြစ်လာသည်။

ရှေ့ချီတပ်ကို ဦးစီးကွပ်ကဲသူ ပြည်မင်းသားကြီးသည် မကွေးမြို့သို့ ရောက်သောအခါ မြင်းစီး၍ စက်တော်ရာဘုရားကို သွားရောက်ဖူးမြော်သည်။ ရွှေနန်းရှင်၏ ဖောင်တော်မဆိုက်မီ ရောက်အောင် ပြန်လာပါသော်လည်း နောက်ကျသွားသည်။ ကံဆိုးလေပြီလား။

## အချုပ်နှင့် ခေါ်လာ

ပြည်မင်းသားကို ရာထူးစည်းစိမ်မှ ရုပ်သိမ်းကာ အချုပ်နှင့်ခေါ်လာသည်။ သည်အပြစ်ကလေးကို သည်လောက်တောင်မှ အရေးယူရသလားဟု ပြောချင်သည်။ ပြောခွင့်မရ။ ရန်ကုန်ကထွက်လာကတည်းက ရွှေနန်းရှင်ဘုရားသည် မြကလေးကို တစ်ခါမှလာ၍ မတွေ့။ ဘယ်သူတွေက ဘာပြော၍ စိတ်မျက်နေတော်မူသည်မသိ။ ခက်လှပါဘိကလား။

ရတနာယာဉ်မွန်ဖောင်တော်ကြီး ရေနံ့ချောင်းနယ်ရေနံ့သာဆိပ်ကမ်းသို့ ကပ်ပါပြီ။ အမရပူရ နေပြည်တော်သို့ဝင်ခါနီးပြီ။ နေပြည်တော်သို့ ရောက်လျှင် ဘာတွေဆက်

mgyoe.com

ဖြစ်ကြဦးမည်နည်း။ ရင်မောစရာတွေကို တွေးနေမိသည်။ တပေါင်းလပြည့်နေ့၏ ညနေဆည်းဆာသည် အလွန်လှသည်။ အနောက်ဘက်သို့ နေလုံးကြီးဝင်သွားစဉ် အရှေ့ဘက်မှ လမင်းကြီးက ပြည့်ပြည့်ဝဝကြီး တက်၍ လာနေသည်။

**– ရေနံ့သာဦး၊ ခြူးစိန်နွဲ့ရုံ၊ ဟေမာန်တွေဟန် လေပြန်လောင်း၊ ရွှေလျှံမောင်းလို့ ဒေါင်းယာဉ်သာ၊ ဂေါရာစကြာ ယွန်းလုဖန်မင်း၊ × × × ပုဏ္ဏမာ၊ ယုန်လွှာခင်း၊ ဘုံသာလင်းလို့ ဝင်းပြေပြေ၊ သပြေဒီပါ၊ အေးမြလေး × × × × ကြေးသွင်နိတုံ၊ ဆင်းရွှေမှုံ၊ ယမုန်သိတာရောလမ်း၊ ခွေကာ ပန်းရလွမ်းမပြေ၊ မယ့်ကို သေစေညွှန်းရော့သလား × × × ×**

မယ်တော်က လာ၍ကြည့်ကာ နိမိတ်မရှိ နမာမရှိ မရေးပါနှင့် သမီးရယ်ဟုပြောသည်။ ဘာကြောင့်များသည် စာပိုဒ်ကို ရေးမိပါလိမ့်။ ပူတယ်လေ ဆယ်နေကဲဆိုသလို ရင်ထဲမှာ ဖြစ်နေရသည်ကို ခွဲပြလိုက်ချင်စမ်းပါဘိ။

အမရပူရ နေပြည်တော်သို့ ရောက်ပြီ။

ပြည်မင်းသားကို အချုပ်မှ လွတ်၍ စံအိမ်တော်မှာပင် နေစေသည်။ ရွှေနန်းတော်ကြီးသို့ ဝင်ထွက်သွားလာခွင့်မပေး။ ညီတော်မောင်ဘောဖြူကဆိုလျှင် သည်ကိစ္စကို မခံမရပ်နိုင်ဖြစ်ကာ ခမည်းတော်နှင့် တွေ့ပြီး ရှင်းမည်ဟုသွားသည်။ မတွေ့ရ။ အစောင့်အကြပ်တွေက တားဆီးကြသည်။ ရွှေနန်းရှင် မကျန်းမာဟု ဆိုသည်။

မပြကလေးမှာမူ ဇောင်းကလောကန်တော်ဦးရှိ၊ ဆင်ဝန်ဦးမြတ်ဖြူ၏ ဘုရားအနီး၌ ဆောက်ထားသော အုတ်ဇရပ်နှင့် ညောင်ပင်ကြီးရိပ်သို့သွားကာ ဥပုသ်စောင့်ခြင်း၊ ဝိပဿနာတရားပြုခြင်း၊ ဟောပြောခြင်းအလုပ်ကိုသာ ပြုလုပ်၍ နေတော့သည်။ လောကီအာရုံကာမဂုဏ်နယ်ပယ်ကို ငြီးငွေ့ပြီ။ လွတ်အောင်ရုန်းထွက်ရတော့မည်။

**– သည်ခင်ခင်ပူသ၍**
**လူအတွေ့ ကြောက်တယ်**
**ငွေအကွေ့ ချောက်အဆွယ်မှာ**
**တစ်ယောက်ကွယ်ရှောင်ပုန်း**
**သည်ခေတ်တွင် မယ်ကြည်အောင်**
**ဆယ်ပြည်ထောင်ချော့တော့မပြုံး။**

**– မင်းခိုင်ကြော့ကော့ကေ**
**ရော့ပစေ မထုံး**
**ကတော့ခွေ ပတ်သုံးနှင့်**

mgyoe.com

mgyoe.com

အမြွတ်ဆုံးရည်ရွယ်
လံတစ်ရာ ငွေခြည်ဖောက်
သေမည်လောက်ကြောက်တဲ့ခါဝယ်
ရွှေရည်သောက်လျှော် တေထည်ကို
ဖျော်ဖြေဘွယ် ဆင်မွေ့လို့
ယဉ်ဝလေ့ ဓာတပသီ
စော၍တည်တည်
တောအကွေ့သေလာဂီမှာ
မေခါဝီလုပ်မယ်ဖျလေး။ ။

တောမိုမွေ့သည့် ယောဂီရသေ့အသွင်ဖြင့်နေတော့မည်ဟု ဆိုသည်။ အိမ်နောင်နန်းတွင်းဇာတ်တော်ကြီးထဲက ပွတ်စပါးမင်းသမီးကလေးသည် မောင်တော်ကို ရှာ၍မတွေ့နိုင်သဖြင့် ဘယာအိတောင်ပေါ်၌ "တိလအရသာ" ဘွဲ့ခံ ယောဂီရသေ့မကလေးဝတ်၍ တရားအားထုတ်နေသည်ကို အားကျလေသလားမသိ။ မမြကလေးသည် ယခုမှအသက် ၃၄ နှစ်သာရှိသေးသဖြင့် ချောတုန်းလှတုန်း စိုပြေဝင်းဝါနေတုန်းအရွယ် ဖြစ်သည်။

အခြေအနေကား မကောင်းတော့ပြီ။

မိဖုရားခေါင်ကြီးက သူ့သား ပုဂံမင်းသား လူပျော့လူညံ့ကို ထီးနန်းရစေချင်သည်။ အတွင်းတော်က မှူးတော်မတ်တော်တွေနှင့် ပေါင်း၍အကြံထုတ်နေလေပြီ။ ပုဂံမင်းသား ထီးနန်းရရေးအတွက် ပထမဆုံးရှင်းရမည့်သူမှာ ပြည်မင်းသားဖြစ်သည်။ ပြည်မင်းသားထက် ကြောက်စရာကောင်းသူမှာ ညီတော်မောင်ဘောဖြူဖြစ်သည်။ မောင်ဘောဖြူသည် ရွှေနန်းရှင်နှင့် ဝင်တွေ့သွားပါက အားလုံးပေါ်ကုန်မည်။ ထို့ကြောင့် မောင်ဘောဖြူကို အရင်ရှင်းရမည်။

တစ်နေ့တွင် မောင်ဘောဖြူသည် ပြင်းထန်သော လေရောဂါဖြစ်၍ ဆုံးသည်ဟုကြားရသည်။ အနောက်ပိုင်းမှ တီးတိုးသတင်းထွက်လာသည်မှာ အဆိပ်ခတ်ခြင်းခံရသည် ဟုဆိုသည်။ ဩော် .... ကြောက်မက်ဖွယ်ကောင်းလှပါတကားဟု မမြလေးအဖို့တရားရမိသည်။ တစ်ယောက်ကောင်းဖို့ အပေါင်းပျက်စီးရတော့မှာပါကလား။

## ရောဂါမသက်သာ

ရွှေနန်းရှင်၏ ရောဂါမှာမူ မသက်သာ။ ထီးတော်မိုးတစ်ယောက်ကို လုံအောင်မမိုးကောင်းလားဟုဆိုကာ လက်သုံးတော်ဓားနှင့် ကွပ်မျက်သည်။

mgyoe.com

mgyoe.com


ထီးတော်မိုးတစ်ယောက်ကမူ နောက်ကလိုက်၍ မိုးပါသော်လည်း ရှင်ဘုရင်က မငြိမ်သက်။ မျောက်များလို ဟိုခုန်သည်ခုန်လုပ်နေသဖြင့် စိုးရိမ်ကာ "အို ... ရွှေနန်းရှင်ဘုရား၊ ဘယ်ကိုရောက်နေပါသလဲဘုရား။ ကျွန်တော် မမြင်ရတော့ပါဘုရား" ဟု ဆိုမိဆိုရာဆိုလိုက်ရာ၊ ရွှေနန်းရှင်က သဘောကျစွာ ရယ်တော်မူ၍ "ငါသည်မှာရှိတယ် မောင်မင်းမြင်စေဗျာ ..." ဟု ဆိုသည်။ သူ့ကိုယ်သူ ရှိန်းပြီးဆေးတွေစား၍ ကိုယ်ပျောက်သည်ဟု ထင်နေသည်။

တစ်နေ့တွင် ရွှေနန်းရှင်အိမ်သာသို့ တက်တော်မူရာ ဗိုလ်မောင်ဆိုင်နှင့် မိန်းမစိုးနှစ်ယောက်တို့အပြင်က စောင့်ရသည်။ အိမ်သာမှ ထွက်လာပြီး တွေတွေကြီးကြည့်ကာ "ဟော့ လေးဗိုလ်၊ ဟောသည်မှာ ရန်သူတော်တွေ" ဟု ဆိုကာ သတ်ခိုင်းသည်။ ရှင်ဘုရင်ကိုယ်တိုင်သတ်သူမှာ ဓားဒဏ်ရာနှင့် သေသွားသည်။ လေးဗိုလ်ကမူ အနည်းငယ် ဓားရာပြကာ သေချင်ယောင်ဆောင်ခိုင်းထားသဖြင့် အသက်ချမ်းသာရာရသွားသည်။

## လူဝင်လူထွက်များ

ပြည်မင်းသားအိမ်မှာ လူဝင်လူထွက်များသည်။ ဘာလုပ်နေပါသည်၊ ညာလုပ်နေပါသည်ဆိုသည့် ကောလာဟလသတင်းတွေက လွှတ်တော်ကြီးမှာ ပျံ့နေသည်။

ရှင်ဘုရင်၏ ကျန်းမာရေး မကောင်းတော့ပြီ။ အချုပ်အခြာအာဏာကို ထိန်းနိုင်မည့် အိမ်ရှေ့စံနေရာ ရွေးသင့်သည်။ အရည်အချင်းနှင့် ပြည့်စုံသည့် ပြည်မင်းသားကြီးကိုတင်ရန် ဝန်ကြီးဝန်ထောက်တို့ စည်းဝေးကြသည်။ ထိုအစည်းအဝေးသို့ ယင်းတောဝန်ကြီး ဦးတုတ်သွားတက်သည်ဟု သတင်းပို့သူက ပို့ကြသည်။

လွှတ်တော်ရောက်လာသောအခါ ရှင်ဘုရင်က ဦးတုတ်ကိုမေးသည်။ ဦးတုတ်က မှန်သည့်အတိုင်းလျှောက်သည်။ ရှင်ဘုရင်က လက်သုံးတော်လုံ့နှင့်ထိုးရာ နံဘေးရှိလူများက တွဲထုတ်သွားပါသော်လည်း လျောင်းတော်ဦးအဆင်းမှာပင် အသက်ကုန်သည်။ ဦးတုတ်၏သား အသက် ၁၃ နှစ်အရွယ် မောင်ဖိုးလှိုင်ကို သမီးတော်စုဖုရားကြီးက ခေါ်ယူမွေးစားထားလိုက်သည်။

## အကျယ်ချုပ်ချထား

ကြားရသည့်သတင်းများမှာ မကောင်းတော့။ ပြည်မင်းသားအပေါ်မှာ အယုံအကြည်မရှိသည့်အချိန်ကစ၍ အနောက်နန်းမမြကလေးတို့ သားအမိကိုလည်း အနောက်နန်းမှချကာ စစ်ဆေးရေးအဆောင်ဖြစ်သည့် နှစ်ထပ်သစ်သားဆောင်တစ်ခုမှာ ထားသည်။ အစောင့်အရှောက်တွေနှင့် ဘယ်ကိုမျှမသွားရ။ အကျယ်ချုပ်ဖြစ်နေသည်။
mgyoe.com

mgyoe.com

ရွှေနန်းရှင်နှင့် တွေ့ခွင့်မပေး။ ရွှေနန်းရှင်နှင့်တွေ့၍ မဖြကလေးက ချူလိုက်ချွဲလိုက်လျှင် ပေါ်သွားမည်။ ပေါ်လျှင် မိမိတို့အကြံပျက်ကုန်မည်ဟု မိဖုရားခေါင်ကြီးက ယူဆသည်။

မည်သို့မျှ မကြံတတ်။ လွှတ်ရမည့် လူယုံတော်တွေလည်းမရှိ။ မဖြကလေးအဖို့ မေတ္တာကိုသာပို့၍ ပုတီးကိုသာ နာနာစိပ်နေရတော့သည်။ သတင်းတွေက ကြားနေရသည်။

ပြည်မင်းသားအိမ်ကို ရဲမက်တစ်ထောင်ကျော်နှင့် ဝိုင်းသည်။ ပြည်မင်းသားသည် မြောက်ဘက်ဝင်းထရံကို ဆင်နှင့် တိုက်ဖောက်ကာ ထွက်သွားသည်။ လူ ၄၀၀ ကျော် ပါသွားသည်။ မိုင်းလုံဘက်ကို ထွက်သွားသည်ဟု ဆိုသည်။

## ရွှေလှောင်အိမ်နှင့်ထား

မဖြကလေးအဖို့ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် နေနေရသည်။ ရွှေနန်းရှင်ဘုရားမှာမူ ရောဂါသည်း၍ သံကို ရွှေချထားသည့် ရွှေလှောင်အိမ်ထဲသို့ ထည့်ထားရသည်။ သားတော် တရုတ်မှော်မင်းသားကလေးတစ်ဦးသာ ဆေးတော်တိုက်ရန် ဝင်ခွင့်ပြုသည်ဟု ကြားရသည်။

မကြာပါ။ ပြည်မင်းသားကို ဖမ်းမိ၍ သားတော်လေးပါးနှင့်အတူ ကွပ်မျက်သည်။ ကြံရာပါသူ လူအများကိုလည်း ကွပ်မျက်သည်။ ပြည်စားမင်းသား၏ မိဖုရားနှင့် သမီးတော်နှစ်ပါးကို စုဖုရားကြီးက ခေါ်ယူစောင့်ရှောက်ထားလိုက်သည်။

နောက်နေ့မှာပင် မြို့ဝန်နှင့် အနောက်ဝန်တို့ရောက်လာ၍ မဖြကလေးနှင့် မယ်အိတို့ကို အောက်သို့ဆင်း၍ ပန်းခုံတော်မှာနေပါရန် ခေါ်သည်။

ဘယ်သူ့အမိန့်နှင့် ခေါ်သလဲဟု မဖြကလေးကမေးသောအခါ ရွှေနန်းတော်ကြီးက အမိန့်ပါဟု မြို့ဝန်က ဖြေသည်။ မဟုတ်နိုင်။ ရွှေနန်းရှင်ဘုရားမိန့် မဖြစ်နိုင်၊ ရွှေနန်းရှင်နှင့် တွေ့ပါရစေဆိုသောအခါ ကျွန်းမာတော်မမူပါဟု ဖြေသည်။ ခဏကြာလျှင် ပုဂံမင်းသားရောက်လာ၍ အမိန့်ပြန်သည်။

– ပြည်စားမင်းသားငယ် ဘောပုနှင့် ကြံရာပါသူ အနောက်နန်းမိဖုရား၊ မြကလေး၊ ၎င်း၏မယ်တော်မယ်အိကို သွားမြဲလမ်းသို့သွားစေ...

ပုဂံမင်းသား ထီးနန်းရရေးအတွက် လုပ်ရက်ကြပါပေရဲ့ဟု မဖြကလေးအဖို့ ယူကျုံးမရဖြစ်ရုံမှတစ်ပါး ဘာမျှမတတ်နိုင်။ တရားနှင့်နေသူဖြစ်၍ ဖြစ်ပျက်တရားကို နှလုံးသွင်းကာ မျက်ရည်မကျအောင်တင်းထားသည်။ သမီးတော် မဖွားကို သူ့အစ်မတော် စုဖုရားကြီးထံ ပို့ပေးပါ မြို့ဝန်မင်းရယ် ဟူ၍သာမှာခဲ့ပြီး အာဏာသားတို့ ခေါ်ရာသို့ လိုက်ခဲ့သည်။

mgyoe.com

မမြကလေးတို့ကို နွားလှည်းပေါ်သို့ တင်၍ခေါ်သွားရာ မမြကလေးမှာ ဆံပင်ကို တင်းတင်းရင်းရင်း မထုံးနိုင် လှည်းဆောင့်သည်နှင့် ဆံရင်းများ ပွ၍နေသည်ကို အရပ်သူ အရပ်သားတို့ ထွက်၍ကြည့်ပြီး သနားနေကြသည်။ ထိုဆံထုံးမျိုးကို တူ၍ထုံးကာ 'ပွပုံ ထုံး' ဟု ခေါ်ကြသည်။

သုသာန်သို့ရောက်သောအခါ တောင်စွယ်နေကွယ်သည်နှင့် အာဏာသားများက အဆုံးစီရင်မည်ဟု မမြကလေး၏ ဆံပင်ကို လာ၍ဆွဲသည်။ မမြကလေးက ငါသည် ဘုန်းကံရှိသူဖြစ်၍ မိဖုရားအရာရောက်ခဲ့သည်။ ဘုန်းကံရှိသူကို ရိုင်းရိုင်းစိုင်းစိုင်းပြုလျှင် သင်တို့မှာ အပြစ်ကြီးသည် သတိထား။ ငါ့ကို ပုရပိုက်နှင့် ကံ့ကူဆံပေးပါဟု တောင်းပြီး စာရေးသည်။

– **လောကစံရှစ်ပါး**
**ဘုရားပါ့ ပဟာရာ**
**ဖြစ်ပျက်မြဲ ဓမ္မတာ**
**သေချာစွာ မှတ်စွဲ**
**သတ္တဝါတို့ မည်သည်**
**မတည်ကြည်ဖောက်ပြန်တတ်မြဲ**

**× × × × ×**

**ငါ့မင်းဟုပြုပြန်**
**ခံရသူအသစ်ပါ့**
**အဖြစ်ဖြစ်ပြန်ပြန်**
**နှိုင်းသင့်ပေတန်**
**သခ်ါရလမ်းမှန်ကို**
**ရွှေညာထံရှင် ရှုဦးတော့လေး။**

(အလယ် ၆ ပိုဒ် စာကျနေသည်။ စာကူးသူများမှားခြင်း ဖြစ်မည်။)

ပြီးလျှင် မမြကလေးသည် မိမိ၏လည်ပင်းကို သစ်တုံးပေါ်သို့တင်ကာ အာဏာသားကို ထုတော့ဟု မျက်ရိပ်ပြလိုက်သောအခါ အာဏာသားက လည်မျိုကို တင်းပုတ်နှင့် ထုရသည်။ ပြီးမှ ကတ္တီပါအိတ်၌ ထည့်ကာရေသို့မျှောရသည်။ မယ်တော်မယ်အိကိုလည်း ဤအတိုင်းပြုရသည်။ အသက် ၃၆ နှစ်တွင် မမြကလေးသည် ဘဝနိဂုံး အဆုံးသတ်ရ သည်။

ဤအမှုတွင် ဇလွန်မြို့သူကြီး ဦးရွှေပွင့်က ကျွန်တော်နှင့် မယ်အိတို့ မေတ္တာရှိနေ ပါသည်။ မမြကလေးနှင့် ပြည်မင်းသားတို့ ဖောက်ပြားနေကြပါသည်ဟု မမှန်သက်သေ

mgyee.com

mgyoe.com
ထွက်ခဲ့ရကြောင်း၊ နီးရာစားကို ကြောက်၍ ထွက်ဆိုခဲ့ရကြောင်း ဦးရွှေပွင့်၏ ဖနီး အပျို တော်ကြီးဒေါ်ရွှေမယ်က ပြောပြကြောင်း မြမျိုးနွယ်ဝတ္ထုတွင် ဖော်ပြထားသည်။

သာယာဝတီမင်း၏ ရောဂါမှာ သက်သာတော်မမူ။ တိုး၍တိုး၍သာဖြစ်နေသည်။ လှောင်အိမ်မှ အပြင်သို့ မထုတ်ဝံ့။ အုပ်ချုပ်ရေးအာဏာအရပ်ရပ်ကို ပုဂံမင်းသားကသာ ကိုင်တွယ်စီမံနေရသည်။ ပုဂံမင်းသားကို အိမ်ရှေ့အရာခန့်လိုက်ပြီ။

ပုဂံမင်းသား ထီးနန်းရဖို့အရေးမှာ သေချာသွားပြီ။ သာယာဝတီမင်း နန်းသက် ၈ နှစ်အတွင်း များစွာသောလူတို့ ပျက်စီးခဲ့ရသည်။ ကယ်သင့်သူများကို သမီးတော် စုဖုရားကြီးက ကယ်တင်ထားလိုက်သဖြင့် ချမ်းသာရာရသွားသည်။

မြတောင်မင်းသမီး၏ သမီးတော် နှစ်ယောက်
ဝန်ကြီးဦးတုတ်၏ သားမောင်ဖိုးလှိုင်
နန်းမတော်မယ်နု၏ သမီး စုစု
ပြည်မင်းသား၏ မိဖုရားနှင့် သမီးတော်နှစ်ပါး
မမြကလေး၏ သမီး မဖွားကြီး

စသူတို့ကို မိဖုရားခေါင်ကြီး၏ သမီးတော် (ပုဂံမင်းသား၏ နှမတော်)က ကောက်ယူ ကယ်တင်ထားလိုက်သည်။ ပြည်မင်းသား၏ အဆက်အနွယ်အပေါင်းအသင်းတို့ ထွက်ပြေးသူပြေးကြသည်။ ဖမ်းမိသူတို့ အသက်ဆုံးရှုံးရသည်။

သူတည်းတစ်ယောက်
ကောင်းဖို့ရောက်မူ
သူတစ်ယောက်မှာ
ပျက်လင့်ကာသာ
ဓမ္မတာတည်း

ဟု ပုဂံခေတ်က အနန္တသူရိယအမတ်ကြီးက ရေးသားထားခဲ့သည်။ တစ်ယောက်သာ ပျက်စီးရခြင်းမဟုတ်။ တစ်နွယ်ငင်၊ တစ်စင်ပါဆိုသလို များစွာသောသူတို့ ပျက်စီးသည်။ အလွန်အကုသိုလ်ကြီးသော ကိစ္စပါကလားဟု မမြကလေး နားလည်သွားသည်။

၁၂၀၈ ခု သီတင်းကျွတ်လဆုတ် ၁၀ ရက်နေ့တွင် နာတာရှည်ရောဂါသည် စစ်ကိုင်းမင်း (ဘကြီးတော်)သည် ကွယ်လွန်ခဲ့သည်။

၁၂၀၈ ခု တန်ဆောင်မုန်းလဆုတ် ၁၄ ရက်နေ့တွင် သာယာဝတီမင်း၊ ရွှေဘိုမင်း၊ ကုန်းဘောင်မင်း၊ သုံးမည်ရ ရွှေနန်းရှင်သည် စိတ္တဇရောဂါနှင့် ကွယ်လွန်ခဲ့သည်။ သားတော်ပုဂံမင်း နန်းတက်ပါပြီ။

စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းတို့ အခြေအနေကို ပြန်လှန်သုံးသပ်ကြည့်လျှင်
mgyoe.com

စစ်ကိုင်းမင်းဘက်က အစစသာလွန်းသည်။ နန်းတော်အသိုင်းအဝိုင်းနှင့် ပြည်သူလူထုက ပါ စစ်ကိုင်းမင်းဘက်မှာ ရှိသည်။

သို့ရာတွင် စစ်ကိုင်းမင်းမှာ ဘာသာရေးသမား၊ အကြမ်းဖက်မှုကို မလိုလား၊ သွေးထွက်သံယိုမှု မဖြစ်စေချင်၊ သတ္တဝါတို့ ချမ်းသာပါစေဟုဆိုကာ နန်းမှဆင်းပေးရာသည်။ ဘုရားအလောင်းတော်တို့ထုံးကို နှလုံးမူခြင်းဖြစ်ဟန်တူသည်။ သို့ရာတွင် သာယာဝတီမင်းဘက်က သက်ညှာပါ၏လော။ စစ်ကိုင်းမင်း၏ အသိုင်းအဝိုင်းအားလုံးနှင့် သူ၏ ချစ်မြတ်နိုးဆုံး နန်းမတော်မိဖုရားခေါင်ကြီး မယ်နုပါ ကွပ်မျက်သည့်အထဲတွင် ပါသွားရသည်မဟုတ်ပါလော။ ထိုမျှသာလျှင်မက။

နိုင်သူကို ချီးမွမ်း၍ ရှုံးသူကို ဖိထောင်းတတ်သည့် လောကသဘာဝတရားအရ၊ စစ်ကိုင်းမင်းနှင့် မယ်နုတို့မှာ ရာဇဝင်တွင် နာမည်ဆိုးကြီးနှင့် ရေးထိုးခံရသည်မှာ ရင်နာစရာကောင်းလှသည်။

မိုးဂျာနယ်၊ ဇူလိုင်–စက်တင်ဘာ၊ ၁၉၉၆။

mgyoe.com

mgyoe.com

## ဂီတစာဆို ဒုတိယ ပြင်စည်မင်းသား

ပြင်စည်မင်းသားကြီး မောင်နဂါးသည် မင်းတုန်းမင်းကြီးလက်ထက် ၁၂၁၇ ခုနှစ်တွင် အမရပူရမြို့၌ ကွယ်လွန်သည်ဟု ရာဇဝင်ကြီးက ဆိုသည်။ မြန်မာပညာရှိ ဦးမောင်မောင်တင်၏အဆိုအရ ထိုမင်းသားကြီးမှာ ဉယျာဉ်ပန်းမန် သစ်ပင်စိုက်ပျိုးခြင်းကိုသာ ဝါသနာထုံသည်ဟုဆိုခြင်းမှာ ဟုတ်ပါလိမ့်မည်။ အသက်ကြီးသောအခါ နစ္စဂီတကို ပယ်၍ တရားဓမ္မနှင့်နေနေသည့်အခိုက် ဖြစ်ပါလိမ့်မည်။

ဒုတိယပြင်စည်မင်းသား ထိပ်တင်ပုအကြောင်းကို ပြောပါမည်။

သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် ဗဒုံမင်းသားကြီး ဦးဝိုင်းနန်းတက်သောအခါ သားတော်ကြီး ရွှေတောင်မြို့စားမင်းသားကို အိမ်ရှေ့ခန့်သည်။ ရွှေတောင်မင်းသားသည် မြောက်နန်းမိဖုရားမှ ဖွားမြင်သူဖြစ်သည်။ ရွှေတောင်မင်းသားကို မိဖုရားခေါင်ကြီး၏ သမီးတော်အလတ်နှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးရာ သားတော်သုံးပါး ဖွားမြင်သည်။

၁။ စစ်ကိုင်းမင်းသား မောင်ရွှေဖင်

၂။ တောင်ငူမင်းသား (အမည်မသိ)

၃။ သာယာဝတီမင်းသား မောင်ရွှေစင်

နောက်ထပ် ညီတော် ဖိုးလမင်းတစ်ပါး၊ နှစ်မတော်တစ်ပါး ဖွားမြင်သော်လည်း မထင်ရှားချေ။

သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်တွင် အိမ်ရှေ့ရွှေတောင်မင်းသားကြီး ကွယ်လွန်သဖြင့် ဘိုးတော် ဗဒုံမင်းကြီးက မြေးတော် စစ်ကိုင်းမင်းသားကလေးကို အိမ်ရှေ့အရာ၌ ချီးမြှောက်တော်မူသည်။ မြေးတော် ဆင်ဖြူရှင်မယ်နှင့် စုလျားရစ်ပတ် လက်ထပ်သည်။

mgyoe.com

တောင်ငူမင်းသားကို မည်သူနှင့်လက်ထပ်ကြောင်း ရာဇဝင်၌ မတွေ့ရ။ ယခု ဖော်ပြမည့် ပြင်စည်မင်းသား ထိပ်တင်ပုမှာ တောင်ငူမင်းသား၏သားတော် ဖြစ်သည်။ မင်းတုန်းမင်းနှင့် ညီအစ်ကိုတော်သည်။ မင်းတုန်းမင်းထက် အသက်ငယ်သောကြောင့် မင်းတုန်းမင်းက "တင်ပု" ဟု ချစ်စနိုးခေါ်ဝေါ်ကြောင်း သိရသည်။

ရွှေဘိုမင်းခေါ် သာယာဝတီမင်းလက်ထက်၊ မြင်ကွန်းမြို့ကို စားရသောကြောင့် သူရေးသည့် သီချင်းဂီတများကို မြင်ကွန်းစား ရေးသည်ဟု မှတ်သားထားကြောင်း သိရသည်။ ပြင်စည်မင်းသား၏ မွေးသက္ကရာဇ်ကို မသိရ။ မောင်သုတအမည်ခံ ဗိုလ်ကြီးဘသောင်းက ၎င်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိစာအုပ်၌ ၁၁၇၅ ဟု ခန့်မှန်းထားသည်မှာ မဖြစ်နိုင်။ မင်းတုန်းမင်းကို ၁၁၇၆ ခု ဝါဆိုလတွင် ဖွားမြင်သည် ဖြစ်သောကြောင့် ပြင် စည်မင်းသားကို ၁၁၇၇–၇၈ လောက်တွင် ဖွားမည်ဟု ယူဆသည်။ မင်းတုန်းမင်းထက် ငယ်သည်ဆိုသော အထောက်အထားကို ယူရပါမည်။

၁၁၈၁ ခုနှစ်တွင် ဘိုးတော်မင်းတရားကြီး နတ်ပြည်စံ၍ မြေးတော် စစ်ကိုင်းမင်းသားသည် အထွတ်အမြတ်သို့ ရောက်တော်မူသည်။ ၁၁၈၅ ခုနှစ်တွင် ရခိုင်ပြည်နယ် ရှင်မဖြူကျွန်းကို အင်္ဂလိပ်တို့ အလံစိုက်လာသည်နှင့် အချင်းများသောကြောင့် စစ်သူကြီး မဟာဗန္ဓုလကို လွှတ်၍ အင်္ဂလိပ်မြန်မာ ပထမစစ်ဖြစ်ခဲ့ရသည်။ မြဝတီမင်းကြီးဦးစသည် လက်ဝဲစစ်ကဲကြီးအဖြစ် ပါဝင်ရသည်။

ညီတော် တောင်ငူ မင်းသားမှာ ရိုးမအရှေ့ကြောင်းချီတပ်ကို ကွပ်ကဲ၍ ရန်ကုန်သို့ ဆင်းရသည်။ ညီတော် သာယာဝတီမင်းသားမှာ ဧရာဝတီကြောင်းချီတပ်နှင့် ရန်ကုန်သို့ ဆင်းရသည်။

မဟာဗန္ဓုလ စစ်သူကြီးသည် ဓညဝတီမြို့မှ တပ်ကို ရုပ်၍ ရန်ကုန်သို့ ဆင်းကာ အင်္ဂလိပ်တပ်များကို ခုခံတိုက်ခိုက်ရင်း ဓနုဖြူမြို့၌ ဗုံးထိ၍ အနိစ္စရောက်သောကြောင့် မြန်မာတပ် ပျက်ရသည်။ သို့နှင့် ပြည်မြို့အထက်၊ ရန္တပိုရွာ၌ စစ်ပြေငြိမ်းစာချုပ်ကို ချုပ်လိုက်ရသည်။ စာချုပ်လက်မှတ်ထိုးရန် ရှင်ဘုရင့်ကိုယ်စား ညီတော် သာယာဝတီမင်းသားက တက်ရောက်ရေးထိုးရသည်။

ညီတော် တောင်ငူမင်းသားမှာ စစ်ချီရင်း အပြင်းအထန်ဖျား၍ အနိစ္စရောက်သောကြောင့် နေပြည်တော်သို့ ပြန်ယူ၍ ရှင်ဘုရင်ကိုယ်တိုင်ခမ်းနားစွာ သင်္ဂြိုဟ်ရလေသည်။

၁၁၉၉ ခုနှစ် ရောက်သောအခါ နာတာရှည်ရောဂါနှင့် မကျန်းမမာ ဖြစ်နေသည့် စစ်ကိုင်းမင်းကိုယ်စား မိဖုရားခေါင်ကြီးမယ်နုနှင့် ၎င်း၏အစ်ကို စလင်းမင်းသားကြီး မောင်အိုတို့က လွှတ်တော်ရေးရာများကို ကိုင်တွယ်ဆုံးဖြတ်နေသည်။ မယ်နုတို့နှင့်

mgyaee.com

mgyoe.com

သာယာဝတီမင်းသားမှာ မျက်နှာကြောမတည့် ဖြစ်နေကြသည်။ မယ်နုမောင်အိုတို့က သာယာဝတီမင်းသားကို မယုံကြည်။ သာယာဝတီမင်းသားကလည်း မယ်နု မောင်အိုတို့ကို မယုံကြည်။

သို့နှင့် သာယာဝတီမင်းသားသည် ရွှေဘိုသို့ထွက်၍ပုန်ကန်ရာ၊ စစ်ကိုင်းမင်း ဆရာတော်များကိုလွှတ်၍ ဈေးစပ်ပြေငြိမ်းသဖြင့် သာယာဝတီမင်း တက်လာ၍ စစ်ကိုင်းမင်း နန်းဆင်းပေးသည်။ ဤအရေးအခင်းတွင် စလင်းမင်းသားကြီးမောင်အို၊ မြဝတီမင်းကြီးဦးစ အပါအဝင် လူတစ်ကျိပ်ကျော်တို့ကို ထောင်သွင်း အကျဉ်းကျခံရသည်။ ထိုသူများကို အကျီချွတ်၊ ခါးတောင်းကျိုက်စေ၍ ထုံးသုတ်ထားသည့် ယောက်မကြီးများကို ထမ်းစေကာ စစ်ကိုင်းမြို့တွင်းလှည့်၍ပြသည်ဟု မေဂျာဘာနေ၏မှတ်တမ်းက ဆိုသည်။

၁၂၀၁ ခုနှစ် သီတင်းကျွတ်လတွင် သာသနာပိုင် သဲအင်းဆရာတော်ကြီး ပျံလွန်တော်မူသည်ကို တစ်ပင်တိုင် သမီးတော် စုဖုရားကြီးသည် မလ္လိကာတန်ဆာလွှမ်းခြုံ၍ ထွက်တော်မူခိုက် မြဝတီမင်းကြီးဦးစ လမ်းပြင်နေသည်ကို တွေ့သဖြင့် ချမ်းသာစေဟု ဆိုသည်နှင့် ထောင်မှလွှတ်လိုက်သည်။

၁၂၀၃ ခု တော်သလင်းလ၊ သာယာဝတီမင်းသည် ရန်ကုန်သို့ဆင်းလာ၍ ယခု အိမ်တော်ရာဘုရားတည်ရှိရာအရပ်တွင် စံနန်းတော် ဆောက်လုပ်စံနေတော်မူသည်။ ထိုအခါ မြဝတီမင်းကြီး ဦးစ၊ ပြင်စည်မင်းသားကြီးနှင့် စာဆိုတော်ဦးမင်းတို့ လိုက်ပါလာကြသည်ဟု ဆိုသည်။ မောင်နဂါးလော၊ ထိပ်တင်ပုလော။

ထိုစဉ်က မြဝတီမင်းကြီး၏ အသက်မှာ ၇၅ နှစ်ရှိပြီဖြစ်၍ အသက်ကြီးသောကြောင့်တစ်ကြောင်း၊ စိတ်ဓာတ်ကျနေသောကြောင့်တစ်ကြောင်း ဘယ်ဟာကိုမှ တက်တက်ကြွကြွ ဆောင်ရွက်လိုစိတ်ရှိတော့ဟန်မတူ။ ပြင်စည်မင်းသားကြီး မောင်နဂါးမှာလည်း ဦးစထက်ပင် အသက်ကြီးသဖြင့် အမရပူရမြို့တွင် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်းဖြင့်သာ နေသည်ဟု မြန်မာပညာရှိ ဦးမောင်မောင်တင်က ဆိုထားသည့်အတိုင်း ရန်ကုန်သို့ပင် လိုက်မလာတော့ဟု ယူဆပါသည်။

ဒုတိယပြင်စည်မင်းသားထိပ်တင်ပုမှာ ထိုစဉ်က အသက် ၂၆–၂၇ နှစ်ခန့် ရှိပြီဖြစ်၍ ပညာတက်ကြွခိုက် ရေးအားကောင်းသည့်အရွယ်ဖြစ်သောကြောင့် မွန်သံသီချင်းများကို ထိပ်တင်ပုသာလျှင် ရေးမည်ဟု ဆိုနိုင်ပါသည်။

သာယာဝတီမင်း ရန်ကုန်၌ စံနေခိုက် ဖျာပုံနယ်၊ မွန်တို့ဘာသာ တေးသီချင်းများကိုကြား၍ ကဏ္ဍာသုခ ဖြစ်သည်။ မြန်မာမှုသို့သွင်း၍ သီချင်းစပ်ဆိုရမည်။ ခိုင်းစေသောကြောင့် မြဝတီဦးစနှင့် ထိပ်တင်ပုတို့ သီချင်းစပ်ဆိုကြသည်။ ထိပ်တင်ပုရေးသည့် သီချင်းများမှာ–

mgyoe.com

၁။ တောင်ယံတောကြီး (အလေ့မေ့)

၂။ တောင်ယံတောကလေး

၃။ နှင်းယွန်းဂိမာန် (ကြာစေ့ကောက်)

၄။ ကောင်းချီးသင်္ခါ (မွန်သံစုံ)

၅။ ညှင်းညှင်းပဋင် ရွှေတံမြှာ (ဆယ့်နှစ်ခန်း)

၆။ စိန်မြရုံခြယ် (ဗိမ္မာလွဲချင်း)

၇။ သောင်းကျေးဒီပါဘွေ (လွဲချင်း)

၈။ တလိုင်း(မွန်)သံနှိုင်း စံပယ်ခွာ (သံဟောင်း)

၉။ လေးမွန်တိမွန်စ (ရှေးသာချင်း)

ဟူ၍ ဖြစ်သည်။ မြဝတီမင်းကြီး ဦးစက "စိန်ကြယ်ညီးလင်းရောင်နှယ် ..... အစချီ ဥက္ကလာပပြန် မွန်သံသီချင်းတစ်ပုဒ်ကိုသာ ရေးသည်။ ထိပ်တင်ပုဏ်သီချင်းများမှာ ပညာလည်းပါသည်။ အဆင့်အတန်းလည်း မြင့်သည်။ မဟာဂီတနယ်တွင် ကဏ္ဍသစ်တစ်ခန်း ဖွင့်လိုက်သည့် သီချင်းများဖြစ်သည်။ မွန်သီချင်းဟုဆိုသော်လည်း မွန်သီချင်းကို မိတ္တူကူးချထားခြင်း မဟုတ်။ ယိုးဒယားသီချင်းများကဲ့သို့ မွန်သံကို ယူ၍ မြန်မာမှုပြုထားခြင်း ဖြစ်သည်။

– တောင်တော ယံတောက မောလေအောင်။ ဝေးကြူသီခေါင်ရိမ္မောင် ညိုညိုဆိုင်းဆိုင်း။ ပင်တိုင်သာ၊ မာလာခိုင်၊ ကြိုင်သင်းသင်း။ ။ နှင်းယွန်းဝသန်နွေ၊ စုံမြိုင်ခြေဦး၊ သာဟန်လေသာဆန်းထူး။ ငုံကင်းဖူး၊ ထုံသင်းမြူး၊ လေပြေညှင်း သွင်းသုတ်ခြွေ၊ ဝတ်ညှာကြွေငယ်လေ၊ ခွေယိမ်းမူး၊ မွှေးမျိုးကြူး .....

ရန်ကုန် ပတ်ဝန်းကျင်သဘာဝအနေအထားနှင့် နွေဦးရာသီ၏အလှကို ဖော်ပြဖွဲ့ဆိုထားသည်။ တောင်ယံတောကြီး သီချင်းရေးထားစဉ် မီးထဲပါသွားသဖြင့် နောက်ထပ်မံရေးပြန်ရာ ၂ ပုဒ် ဖြစ်နေသည်။ တူတာများ၍ အနည်းငယ်သာ ကွဲသည်။

– နှင်းယွန်းဂိမာန်၊ လေပြန်ခါနွေ၊ ပြောင်းတဲ့ညောင်းညှာကြွေ၊ မျှော်လေလေဆွေး၊ ရွှေပြည်တော်နယ်တိုင်းဝေး။ ။ သောင်းကျေး ဒီပါဘွေ၊ ညီးလင်းအရောင်ဝေ၊ တောင်ရေဖီလာ၊ သီတာပတ်ဝန်း၊ ရင်ဘောင်ရွှေ အဏ္ဏဝါ....× × ×

ရွှေဘုံဟံသာကွန်း၊ လွမ်းဖြေဆည်၊ ကျွမ်းရနေမတည်။ ။ လေပြေညှင်းဆော်သွင်းမြူး၊ မှိုင်ကာခွေခွေ ယိမ်းမူး။ ။ ထူးထူးထွေထွေ၊ ထူးထူးငယ့်များထွေထွေ၊ သောင်ငွေယမုန်ထဲ၊ သဲခုံဘွေ၊ သဲခုံဘွေ၊ ငှက်ဖော်စုံရွှေ..

mgyee.com

mgyybe.com

သာသာဝတီမင်းသည် ရန်ကုန်သို့ တော်သလင်းလကုန်တွင် ရောက်၍ ခြောက်လခန့်နေပြီးနောက် တပို့တွဲလဆန်း ၁၂ ရက်နေ့မှ ရတနာယာဉ်မွန် ဖောင်တော်ကြီးနှင့် အညာသို့ ပြန်တော်မူသည်။

ပါလာသည့် ခြွေရံသင်းပင်းများမှာ မိမိတို့အိမ်ရာနှင့် ခွဲခွာလာခဲ့ရ၍ တစ်ရပ်တစ်နယ်တွင် ဖြစ်သလိုနေထိုင်စားသောက်နေရသဖြင့် ရန်ကုန် ဟံသာဝတီဒေသတွင် မပျော်ရွှင်။ နေပြည်တော်ကိုသာ လွမ်း၍ နေကြသည်။ ပြာသိုလလောက်တွင် ရွက်ဟောင်းများ ကြွေစပြုပေပြီ။ တပို့တွဲလလောက်တွင် တောင်လေပြန်စ ပြုပေပြီ။ ဤပတ်ဝန်းကျင်မြင်ကွင်းများကို ပြင်စည်မင်းသား ထိပ်တင်ပုသည် အနုအလှ အရွစာလုံးကလေးများဖြင့် ဖွဲ့နွဲ့သည်။ သူ့အသံမှာ လွမ်းဟန်နှောနေသည်။

– ညှင်းညှင်း ပဥ္စင်ရွှေတံမြွာ၊ ကျူးအေး၊ ကျူးအေးပြန်လာ၊ လေ ...
ဆော်သံဝှာရှမ်း၊ လွမ်းဘွယ်ရာ၊ ညွန်းရှယ်ခါ ....။

မွန်သီချင်းသံပိပိ ဗုံကလေး တစ်လုံးကို အပိတ်အဖွင့်ပြု၍ တီးရသော ဤသီချင်းသည် အလှဆုံးဖြစ်သည်ဟု ဂီတဆရာကြီးများက ပြောကြသည်။ ဗုံကလေးမပါလျှင် ဤသီချင်းကို ဆို၍မရ။ ဌာန်းကရိဏ်း မကျဟု ဆိုကြသည်။

တိမ်စင် ငွေစန်းမှာ ထင်တော်သာခု ရွှေရုပ်သွင်၊ မြင်လာပြန်ရက် ကယ်လင်း ....။

တိမ်သားကင်းစင်၍ ရွှန်းရွှန်းဝင်းဝင်း၊ ထွန်းလင်းနေသည့် လမင်းကြီးကို ကြည့်ပြီးရွှေရုပ်သွင်ကို မြင်နေရင်း မိုးစင်စင်လင်းရပါသည်ဟု ဆိုထားသည်။

နှင်းလှိုင်ပြန့်ခင်းစံရာ၊ သင်းကြိုင်ပျံ့ပန်းမာလာ၊ ကေသီကြော့ မြဲဆံညှာ၊ သိမ်းနိုင်ပါဘု ပူဝှန်သွယ်ဖြာ၊ ရွှေသဲဘွင်မှာ ဆည်ပါနိုင်ဘဲ ကျွမ်း × × × ×

နှင်းမှုန်တွေ ဖွာဖွာကျဆင်းနေသည့် ကာလ၊ ပန်းမာလာ အမျိုးမျိုးတို့ ရနံ့ကလည်း မွှေးပျံ့သင်းထုံနေသည့် စက်ရာ ခန်းဆောင်မှာ ကေသာဆံပင်ကိုမျှ မသိမ်းနိုင်၊ ယိမ်းယိုင်ပူဗျာ ပွားနေရပါသည်ဟု ဖွဲ့ထားသည်။ ဤစာပိုဒ်မှာ မိဖုရား၊ သမီးတော်၊ ရံရွေတော်၊ အပျိုတော်တို့၏ ပုံသဏ္ဍာန် နိမိတ်ပုံကို ဖော်ပြထားခြင်း ဖြစ်ဟန်တူသည်။

မွန်သံသီချင်း အားလုံးတွင် ဤစာပိုဒ်ကလေးသည် အလွန်လှ၍ အလွန်ခံစားချက်ပါအောင် ရေးနိုင်သည်ဟု မဟာဂီတပညာရှိကြီးများက ဆိုကြသည်။ စာလုံးအသံနှင့် တေးသွား၊ အထားအသိုမှာ နုလှညက်လှသည်။ ပြင်စည်မင်းသား၏ ဉာဏ်ရည်မှာ ချီးကျူးဖွယ်ကောင်းလှပါသည်။

ဤတွင် မြဝတီမင်းကြီးဦးစအနေနှင့်လည်း သီချင်းမရေးလျှင် မသင့်တော်။

mgyybe.com

သာယာဝတီမင်းက ဦးစကော သီချင်းမရေးဘူးလားဟု ဆိုသဖြင့် "စိန်ကြယ်ညီး လင်းရောင်နှယ်...." အစချီ မွန်သံသီချင်းကြီးကို ရေးရသည်။ ရန်ကုန်နေပြည်တော်၏ ရွှေဦးရာသီ အလှကို စုံစုံလင်လင် ဖွဲ့ဆိုထားသည်။ စာသားရော တေးသွားပါကောင်းလှသည်။ အချသံထောက်တွင် ခပ်ဆန်းဆန်း ရေးထားသည်။

– **သောရာမြင့်**
**သုံးဆင့်သံချို ညွှန်း**
**ယုန်ငွေဝန်း**
**ဖန်ခါခါ ဆွေးကြောင်း**
**တိမ်ခြေငွေနှင်းပေါင်း**
**လေပြန်လာသွန်းလောင်း**
**နန်းသူပူဆွေးကြောင်း**
**ဘွေသည်ကြာမင်းပေါင်း**
**ငယ်လေခွေညှိုး ပျောင်း**

သောရာ ဆိုသည်မှာ စနေနံ ဖြစ်သည်။ သုံးဆင့်သံချိုညွှန်းဆိုသဖြင့် စနေနံ သုံးလုံးအော်မြည်သော သတ္တဝါဖြစ်သည်။ ယုန်ငွေဝန်းဆိုသည်မှာ တနင်္လာနံလမင်းကို ဆိုသဖြင့် စနေနှင့် တနင်္လာနံတွဲ၍ အော်မည့်သူမှာ "တက်တက်တူခါးခါး" ဖြစ်ရမည်ဟု မြန်မာပညာရှိကြီး ဒီးဒုတ်ဦးဘချိုက ယူဆသည်။

အချို့ပညာရှိများကလည်း ယုန်ငွေဝန်းဆိုသည်မှာ ရွှေလမင်းကြီး ထိန်ထိန်သာနေသည်ကို ဆိုလိုသည်။ လရောင်အောက်တွင် တစ်တီတူးငှက်မြည်သည်ကို ကြားရသည်မှာ လွမ်းဖို့ကောင်းလှသည်ဟု ဆိုခြင်းဖြစ်သည်ဟု ဆိုကြပါသည်။

ဤတွင် တက်တက်တူခါးခါးနှင့် တစ်တီတူးဝါဒ ၂ မျိုးရှိနေရာ ဘယ်ဟာမှန်မည်ဟု မပြောနိုင်၊ မြဝတီမင်းကြီးကို မမေးလိုက်ရ။ ထင်ကြေးပေးရမည် ဆိုပါက တစ်တီတူးငှက်သည် လရောင်မှာအော်မြည်ကြောင်း ကိုယ်တွေ့သိရပါသည်။ လွမ်းစရာကောင်းကြောင်းကိုလည်း ရှေးစာများ၌ တွေ့ရသည်။ တက်တက်တူခါးခါးမှာ ညဉ့်အချိန် လရောင်အောက်၌ အော်မြည်သည်ကို မတွေ့ဖူးပါ။

ဤသီချင်းကို နားဆင်ပြီးနောက် သာယာဝတီမင်းက "ငါ၏ မှူးတော်မတ်တော်များလည်း နေပြည်တော်ကို လွမ်းကြပြီ။ ဖောင်တော်လှည့်ရန် စီစဉ်ကြ" ဟု ဆိုသဖြင့် တပို့တွဲလဆန်း ၁၂ ရက်၊ လမင်းကြီး ထိန်ထိန်သာဆဲတွင် နေပြည်တော်သို့ ဆန်တက်သည်။

သာယာဝတီမင်း၏ အခြေအနေမှာ မကောင်းတော့ချေ။ နန်းတွင်းရေး ရှုပ်ထွေး

mgyee.com

mgyoe.com

လာသည်။ ရှင်ဘုရင်၏ စိတ္တဇဝေဒနာမှာ ဆိုးဆိုးရွားရွားဖြစ်လာသည်။ သို့နှင့် နန်းသက် ၈ နှစ်တွင် နတ်ရွာစံ၍ သားတော် ပုဂံမင်း နန်းတက်လာသည်။ ပုဂံမင်းလက်ထက်တွင် ပို၍ ဆိုးလာသည်။ ဤအရေးအခင်းများတွင် ပြင်စည်မင်းသား မပါဝင်။ သူ့ဘာသာသူ စာပေဂီတနှင့်သာ မွေ့လျော်နေသည်။ အနုပညာသမားစစ်စစ်ဖြစ်သည်။ မြဝတီမင်းကြီးမှာလည်း သက်ရွယ်အိုမင်းပြီဖြစ်၍ ဒါနသီလ ဘာဝနာကိုသာ အားထုတ်နေတော့သည်ဟု မြဝတီစာစုနှင့် သီချင်းစု စာမူတွင် ဆိုထားသည်။

ပုဂံမင်း နန်းသက် ၆ နှစ်တွင် ညီတော်မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် ရွှေဘိုသို့ ထွက်၍ လုပ်ကြံရာ၊ ပြည်သူလူထုက မင်းတုန်းမင်းသားကို ထောက်ခံသည်။ ကြည်ညိုကြသည်။ ရွှေနန်းတော်အသိုင်းအဝိုင်းကလည်း ထောက်ခံသည်။ မင်းတုန်းမင်းသား ချီလာသောအခါ မကွေးဝန်ကြီးဦးကြာဥက နန်းတော်တံခါးကို ဖွင့်ပေးသဖြင့် လွယ်လွယ်နှင့် အောင်မြင်သွားတော့သည်။ ပုဂံမင်းကို နန်းချ၍ ကောင်းမွန်စွာထားသည်။ မင်းတုန်းမင်း နန်းတက်လာသည်။

မင်းတုန်းမင်းသည် ညီတော်ထိပ်တင်ပုကို ခေါ်၍ "သုသီရိမဟာဓမ္မရာဇာ" ဘွဲ့နှင့်ပြင်စည်မြို့စား ချီးမြှင့်သည်။ ထိုအခါမှ ပြင်စည်မင်းသားဟု အမည်တွင်သည်။ ပြင်စည်မင်းသား ထိပ်တင်ပုသည် ရတနာပုံ မန္တလေးမြို့တော်နန်းတော်အကြောင်းကို ဖွဲ့ဆိုသည့် သီချင်းများ ရေးခဲ့ပါ၏။ စာရင်းကောက်ရလျှင်

၁။ မန်းတောင်လက်ယာ
၂။ အောင်မင်္ဂလာ
၃။ မြန်သပြေညာ
၄။ မြန်သပြေဘွေ
၅။ ကြို့ညိုစံရာ (ရာမ)
၆။ ရာပြည်မင်းငယ်တို့
၇။ နန်းသီဟိုဠ် (ရာမ)
၈။ ပန်းညောင်လှိုင်ဘွဲ့ (ရာမ)
၉။ မကြဲနိုင် မှော်ရုံတော (ရာမ)

ဟူ၍ တွေ့ရသည်။ မန္တလေးခေတ်တွင် အလွန်ထင်ရှား လူသိများသည့်

၁။ မြမန်းဂီရိ
၂။ ဝေဇယန္တာ
၃။ ကန္တာလေတောခြေ
၄။ ဆန်းဆန်းသဥ္စာကြာညောင်

mgyoe.com

၅။ ဆန်းနွေဦး

သီချင်းများကို အလွန်ခေတ်ဆန် သွက်လက်နေသောကြောင့် ပြင်စည်မင်းသား ရေးသည်ဟု မဆိုနိုင်။ နောက်ဆရာများ ရေးခြင်းဖြစ်ပါလိမ့်မည်။

ပြင်စည်မင်းသားထိပ်တင်ပုသည် ရတနာပုံနေပြည်တော်ကြီး တည်ထောင်ပြီးစ ၁၂၂၄ ခုနှစ် အသက် ၄၇ နှစ်အရွယ်တွင် ကွယ်လွန်သည်ဟု ရာဇဝင်ကြီးက ဆိုသည်။ မင်းတုန်းမင်းက လွန်စွာ ဝမ်းနည်းကြေကွဲသဖြင့် ရှေးမင်းသားကြီးတို့ နည်းတူ လွှတ်တော်က ခမ်းနားစွာ သင်္ဂြိုဟ်ရသည်ဟု ဆိုသည်။

ဤတွင် ပြင်စည်မင်းသားနှစ်ယောက်၏ပြဿနာ ရှင်းလောက်ပြီ ဖြစ်ပါသည်။

မိုးဂျာနယ်၊ မတ်၊ ၁၉၉၆။

mgyoe.com

mgyoe.com

## ဂီတစာဆို လှိုင်ထိပ်ခေါင်တင်

အောင်မြင်သူကို ချီးမွမ်း၍ ရှုံးနိမ့်သူကို ရှုတ်ချတတ်သည်မှာ လောကနိယာမတရား ဖြစ်သောကြောင့် စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းကိစ္စမှာလည်း အောင်မြင်သူ သာယာဝတီမင်းဘက်တော်သားများက စစ်ကိုင်းမင်းဘက်တော်သားများကို မကောင်းပြောသည်မှာ မဆန်းပါ။ သို့ရာတွင် သဘာဝကျမကျ စဉ်းစားရပါမည်။

ကျန်းမာရေးမကောင်းသူ စစ်ကိုင်းမင်းသည် တိုင်းပြည်ကို မထိန်းနိုင်၊ ထို့အတူ လူထုထောက်ခံမှုကိုမရသည့် သာယာဝတီမင်းသည်လည်း တိုင်းပြည်ကို မထိန်းနိုင်။ ထို့ကြောင့် မယ်ဇယ်ဘော်ရနီခေါ် (Major Burney)က မြန်မာနိုင်ငံကို သိမ်းယူပါတော့ ဟု အိန္ဒိယဘုရင်ခံချုပ်ထံ စာရေးသည်။ သို့ရာတွင် ဘိလပ်အစိုးရက မြန်မာနိုင်ငံကို သိမ်းယူခြင်းမပြုသေးဘဲ စောင့်ကြည့်နေခဲ့သည်။

အမှန်မှာ စစ်ကိုင်းမင်းသည် အင်အားရှိပါလျက် နိုင်ငံရေးနှင့် ဘာသာရေးကို ပြတ်ပြတ်သားသား မလုပ်ဘဲ၊ အပျော့ဆွဲပြုလုပ်ခဲ့သဖြင့် သူ့ဘက်က လူတွေအားလုံး ဒုက္ခရောက်ခဲ့ရခြင်းဖြစ်သည်။

### မောင်တော်အရင်း

ရွှေဘိုမြို့နယ် ဖလံခုံရွာရှိ မယ်နုနှင့် မောင်အိုတို့ ကောင်းမှုဘုရား၏ ခေါင်းလောင်းစာတွင် "မောင်တော်အရင်း" ဟုပင် ရေးထိုးထားသည်ကို သတိမပြုကြတော့ချေ။ ထင်ရာပြော ထင်ရာဆိုကုန်ကြသည်။

အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့၊ ပုံနှိပ်တိုက်တစ်ခုမှ ရိုက်နှိပ်ထုတ်ဝေသည့် "စကြာရေချ" ဇာတ်ထုပ်တွင် ရာဇဝင်နှင့် မကိုက်ညီဘဲ ထင်ရာမြင်ရာ ရေးထားသည့်

mgyoe.com

အချက်များ ပါနေသည်။ စကြာမင်းကလေးကို မယ်နုသတ်သည်ဟု လုပ်ထားသည်။ မယ်နုကို မိန်းမကြမ်းကြီးဖြစ်အောင် ဖန်တီးထားသည်။ မောင်အိုကို အရက်သမားကြီး ဖြစ်အောင် လုပ်ထားသည်။

စကြာရေချဇာတ်ကို ရုပ်သေးမင်းသားကြီး ဦးသူတော်ပြန်တို့အဖွဲ့က မုံရွာမြို့၌ ကပြကြရာ ကင်းဝန်မင်းကြီး ကြားသိ၍ ခေါ်ယူပြောဆိုဆုံးမသည်။

"မောင်မင်းတို့ဟာ ရာဇဝင်အမှန်နဲ့လည်း မကိုက်ဘူး။ ကိုယ့်ပေါင်ကိုယ် ပြန်ထောင်းသလို ဖြစ်နေတယ်။ နန်းမတော်မယ်နုဟာ အလွန်မှ ယဉ်ကျေး သိမ်မွေ့သူ၊ မျိုးချစ်စိတ်ရှိသူဖြစ်တယ်။ နောက်ကို ဒီလိုမလုပ်ကြနဲ့"

ဟု ဆိုသဖြင့် ဦးသူတော်ပြန်တို့ စကြာရေချဇာတ်ကို မကဝံ့ကြတော့ချေ။ ပထမ ကမ္ဘာစစ် (၁၉၁၄–၁၉၁၈) ပြီးဆုံးသည့်နောက်တွင် ကင်းဝန်မင်းကြီးလည်း ကွယ်လွန် သွားပြီဖြစ်၍ တချို့ရုပ်သေးအဖွဲ့တွေက စကြာရေချဇာတ် ကပြကြသည်။ ကပြသည့် ရည်ရွယ်ချက်မှာ စကြာမင်းကလေးကို ပထမံဘိုးဘိုးအောင် ကယ်ယူသွားသည်။ ဘိုးဘိုး အောင်နှင့် စကြာမင်းကလေးတို့သည် မြန်မာများကိုလာ၍ ကယ်တင်ကြလိမ့်မည်ဆိုသည့် မင်းလောင်းမျှော် ဝါဒပင်ဖြစ်သည်။ သို့ရာတွင် စစ်ကိုင်းမင်းနှင့် မယ်နုတို့ဘက်က အလွန် နစ်နာနေသည်။

ခေတ်ဟောင်းက မှော်ဘီဆရာသိန်းကြီးသည် ပါးစပ်ရာဇဝင် (ဒုတိယတွဲ) ကို ရေးရာတွင် မယ်နုအကြောင်းများကို မှိုချိုးမှျစ်ချိုး ရေးထားသည်။ ပါးစပ်စကား၊ အရပ် စကားတွေနှင့် နိုင်ငံခြားသားတို့ထံမှရသည့် သတင်းများကို ရေးထားသည်။ ယင်းကိစ္စ အတွက် မခံနိုင်သောကြောင့် မောင်းထောင်ဆရာတော်ဦးသုဒဿနက "မယ်နုရာဇဝင်မှု မှန်" စာအုပ်ကြီးကို ရေးသားထုတ်ဝေသည်။ များစွာသော ချေင်း၊ ကျောက်စာ၊ ခေါင်း လောင်းစာ၊ မော်ကွန်းတို့ကို အကိုးအကားပြု၍ မှော်ဘီဆရာသိန်းကြီးအား အတော်ပင် ပြင်းပြင်းထန်ထန် ချေပရှင်းလင်းထားသည်။

## ခံကြရစမြဲ

သာယာဝတီမင်းတက်လာသည်မှာ မြန်မာနိုင်ငံ ကံကောင်းသည်ဟု ဆိုရမည် လော။ ကံဆိုးသည်ဟု ဆိုရမည်လော။ (၈) နှစ်အတွင်း ဘာတွေဖြစ်ခဲ့သနည်း။ မပြကလေး ဆောင်းပါးတွင် ဖော်ပြခဲ့ပြီးပါပြီ။ အရင်းလဲက အဖျားထင်းဖြစ်ဆိုသလို အုပ်ချုပ်သူ မင်းဧကရာဇ်တို့က အချင်းချင်းရန်ဖြစ်နေကြလျှင် ပြည်သူပြည်သား လူအများတို့ ဆန်ကော တွင် ဆီးဖြူသီးလိမ့်သလို ခံကြရမြဲဖြစ်သည်။

ယခုပုဂံမင်း တက်လာပါပြီ။ ပုဂံမင်း၏အရည်အချင်းမှာလည်း အားရဖွယ်

mgyee.com

မဟုတ်။ ပျော့ညံ့ရသည့်အထဲတွင် အိမ်တော်ပါကုလား မူဆလင်ဘိုင်ဇပ်ကို အမရပူရမြို့တော်ဝန် ခန့်လိုက်သဖြင့် တိုင်းပြည်ငါးပါးမှောက်ခဲ့ရသည်။ ဘိုင်ဇပ်သည် ပုဂံမင်းသားကို ဖူးဖူးမှုတ်ကာ နိုင်ငံခြားဖြစ် ဘရန်ဒီ၊ ဘီယာအရက်များကို ဆက်သည်။ စားကောင်းသောက်ဖွယ်များကို ချက်ပြုတ်ကြော်လှော်၍ ပေးသည်။

ဤသို့ဖြစ်နေသည်ကို သာယာဝတီမင်း၏ မိဖုရားခေါင်ကြီး (ကျုပင်းမင်းသမီးကြီး) မသိပေဘူးလား။ မတားမြစ်သင့်ပေဘူးလား။ ရှင်ဘုရင်ဖြစ်လာပြီး ဘိုင်ဇပ်ကို အမ ရပူရမြို့တော်ဝန်ခန့်သည်ကို မကန့်ကွက်သင့်ပေဘူးလား။ ငါ့သားရှင်ဘုရင်ဖြစ်ရင်ပြီးရော၊ လူတွေ ဘယ်လောက်ပဲသေသေဆိုသည့်စိတ်ဓာတ်မှာ လွန်စွာညံ့ဖျင်းသည့် အတ္တလွန်ကဲသော စိတ်ဖြစ်သည်။ သူ့မှာ ဘာတာဝန်မှ မရှိသလိုနေသည်။

မြို့တော်ဝန်ဘိုင်ဇပ်နှင့် မြို့စားရေးမောင်ပိန်တို့ကလည်း ရှင်ဘုရင်၏ အာဏာကိုအလွဲသုံးစားပြုပြီး ရမ်းကားချင်တိုင်း ရမ်းကားနေသည်ကို ရှင်ဘုရင်က ဘာမျှမပြောတော့ဘူးလား။ ချမ်းသာသူများကို ဓားပြတိုက်ယူသည်။ အချို့ကို သူပုန်နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ဖမ်းဆီးနှိပ်စက်ပစ္စည်းဥစ္စာကို သိမ်းသည်။

## ကျေးလက်ပို့ထားရ

ချောချောလှလှမိန်းကလေးဟူသမျှ ပုဂံမင်း၏အကြိုက်ဟုဆိုကာ သိမ်းပိုက်သည်။ ပုဂံမင်းက ဘာမျှမသိ။ မြို့ဝန်နှင့် မောင်ပိန်တို့က ယူထားကြသည်။ အချို့မိန်းကလေးများမှာ မြို့ဝန်၏အန္တရာယ်ကို ကြောက်၍ တောလက်ကျေးရွာများသို့ ပို့ထားရသည်။ ပုဂံမင်းမှာ အမြည်းကောင်းကောင်းနှင့် နိုင်ငံခြားအရက်ကလေးမှိန်းကာ တိုင်းပြည်ဘာဖြစ်နေမှန်းမသိ။

ဖိုးသူတော်တစ်ယောက်က မိမိ၏သားသည် မိဘစကားနားမထောင်၊ ဆိုးနေပါ၍ ဆုံးမပေးပါဟု မြို့ဝန်ကို လာအပ်သည်။ မြို့ဝန်က ကိစ္စတုံး သတ်ပစ်လိုက်သည်။ ဖိုးသူတော်မှာ မချိတင်ကဲဖြစ်ရသည်။ နေပြည်တော်မှာ ဝက်မသတ်ရ၊ ဝက်သားမစားရဟု ပိတ်ပင်သည်။ နွားများကိုမူ အစ်နေ့တွင် အများအပြားသတ်လေသည်။

တစ်နေ့တွင် အင်္ဂပူမိဖုရား၏အိမ်၌ ရွှေငွေပစ္စည်းများ ပျောက်သည်ကို စစ်ဆေးရန် မြို့တော်ဝန်ဘိုင်ဇပ်သည် အနောက်ဝန် အနောက်စာရေးတို့၏ ခွင့်ပြုချက်မယူဘဲ၊ တစ်ယောက်တည်း အနောက်ဆောင် (မိဖုရားဆောင်) သို့သွားလေသည်။ ထိုအကြောင်းကို မိဖုရားငယ်တစ်ဦးက ရှင်ဘုရင်အား လျှောက်ထားသောအခါ ဘိုင်ဇပ်နှင့် မောင်ပိန်တို့အား အကျဉ်းချထား၍ စစ်ဆေးသည်။

mgyoe.com

## တိုင်တန်းကြပြီ

ထိုအခါမှ ဘိုင်ဇပ်နှင့် မောင်ပိန်တို့ မတရားပြုကြသည်ကို များစွာသော ပြည်သူတို့က တိုင်တန်းကြသည်။ ဤတွင် မြို့ဝန်ဘိုင်ဇပ်နှင့် ငပိန်အား အဆုံးစီရင်စေဟု အမိန့်ချသည်။ ၎င်းတို့အား ထောင်မှထုတ်၊ နွားလှည်းပေါ်တင်၍ သုသာန်သို့ ခေါ်သွားရာ မြင်သူအားလုံးက ခဲနှင့်ပစ်၊ တုတ်နှင့်ရိုက်ကြသည်။ ဖိုးသူတော်မှာမူ ဓားမကို ထမ်းကာ နွားလှည်းရှေ့မှ ကခုန်၍ လိုက်ပါလာသည်။ ဘိုင်ဇပ်နှင့် ငပိန်တို့မှာ သုသာန်မရောက်မီပင် မရှုမလှ အသက်ကုန်ကြသည်။

ဤအခြေအနေအထိ ဆိုးဆိုးဝါးဝါးဖြစ်ရသည်မှာ ပုဂံမင်း အသုံးမကျသောကြောင့်ဖြစ်သည်။ ငါ့သား ရှင်ဘုရင်ဖြစ်ရင်ပြီးရောဆိုသည့် မယ်တော်မိဖုရားခေါင်ကြီး၏ တာဝန်လည်း မကင်းပါ။ ၆ နှစ်တာကာလအတွင်း အခြေအနေဆိုးဝါးခဲ့သည်။ အင်္ဂလိပ်မြန်မာဒုတိယစစ် ဖြစ်လာရသောအခါ အရှုံးပေးရုံမှတပါး ဘာမျှမတတ်နိုင်။ အောက်မြန်မာနိုင်ငံကို ပေးလိုက်ရုံသာ ရှိပါတော့သည်။

အခြေအနေမကောင်းတော့ပြီ။ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် အစ်မတော်စုဖုရားကြီးနှင့် တိုင်ပင်သည်။ စုဖုရားကြီးက "ပုဂံမင်းနန်းသက်ကုန်နေပြီ။ မောင်တော်တို့ ကြံစည်ကြတော့" ဟု အခါပေးသည်။ စုဖုရားကြီးမှာ ပုဂံမင်း၏ နှမတော်အရင်းဖြစ်သည်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ရွှေဘိုသို့ ထွက်၍ ပုန်ကန်ကြသည်။ စုဖုရားကြီးက သူ၏မွေးစားသား မောင်ဖိုးလှိုင်ကို ရဟန်းအဖြစ်မှ လူဝတ်လဲစေ၍ ထည့်လိုက်သည်။ မောင်ဖိုးလှိုင်သည် နှလုံးရည်နှင့် ပြည့်စုံသူဖြစ်သည်။

## မင်းတုန်းမင်းနန်းတက်

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ အမရပူရမြို့တော်ကို ဝိုင်းရံကြသောအခါ မကွေးဝန်ကြီးဦးကြာဥက နန်းတော်တံခါးကို ဖွင့်ပေးသဖြင့် အလွယ်တကူ အောင်မြင်ခဲ့သည်။ ပုဂံမင်းကို နန်းချ၍ မင်းတုန်းမင်းနန်းတက်သည်။ ၁၂၁၄ ခု တပေါင်းလတွင် ပုဂံမင်းနန်းကျသည်။ မင်းတုန်းမင်းကို ပြည်သူလူအများတို့က ကြည်ညိုထောက်ခံကြသည်။

၁၂၁၅ ခု ဒုတိယဝါဆိုလတွင် ရာဇဘိသိက်ကိုခံတော်မူရာ အမတော်စုဖုရားကြီးကို တောင်နန်းမိဖုရားခေါင်ကြီး တင်မြှောက်သည်။ စုဖုရားကြီးမှာ အသက် ၄၀ ရှိပြီဖြစ်၍ တောင်နန်းကို လက်မခံငြင်းဆန်သော်လည်း အစ်မတော်လက်မခံလျှင် နန်းမတော်မယ်နု၏သမီး မယ်စုက တောင်နန်းနေရာကို တောင်းပါလိမ့်မည်။ အစ်မတော်ဘုရားကို

mgpoe.com

mgyoe.com

အမိကဲ့သို့ ကိုးကွယ်ပါစေဟု မင်းတုန်းမင်းက ပြောဆိုသဖြင့် လက်ခံလိုက်ရခြင်းဖြစ်သည်။ စကြာဒေဝီဟု အမည်တွင်လာသည်။

ညီတော် ကနောင်မင်းသားကို လှိုင်မြို့စား မဖွားကြီးခေါ် လှိုင်ထိပ်ခေါင်တင်နှင့် စုလျားရစ်ပတ် လက်ထက်ကာ အိမ်ရှေ့အရာ ခန့်သည်။ ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်သည်။ အသက် ၂၀ တွင် အိမ်ရှေ့မိဖုရားဖြစ်ရသည်။ ကနောင်မင်းသားက ၎င်းထက် ၁၄ နှစ်ကြီးသည်။ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့မှာ သာယာဝတီမင်း၏ တောင်ဆောင်တော်မိဖုရားမှ ဖွားမြင်သည့် ညီနောင်အရင်းဖြစ်သည်။ မင်းတုန်းမင်းသားထက် ကနောင်မင်းသားက ငါးနှစ်ငယ်သည်။ မင်းတုန်းမင်းသား ထီးနန်းရသောအခါ အသက် ၃၉ နှစ်ရှိပေပြီ။

## ထူးထူးချွန်ချွန်တတ်မြောက်

မဖွားကြီးသည် မိခင်ဆုံးသောအခါ အသက် ၁၂ နှစ်ရှိပေပြီ။ ၈ နှစ်တာကာလအတွင်း စကြာဒေဝီခေါ် စုဖုရားကြီးထံမှာ မွေးစားသမီးအဖြစ် စာပေသင်ယူခြင်း၊ ဂီတပညာကို သင်ယူခြင်းပြုသည်။ ပါရမီရှိသူမို့ ထူးထူးချွန်ချွန် တတ်မြောက်သည်။ နန်းတွင်းရေးကိစ္စ၊ နိုင်ငံရေးကိစ္စကို လုံးဝစိတ်မဝင်စား၊ မယ်တော်မမြကလေး၏အဖြစ်ကို ကိုယ်တွေ့ကြုံခဲ့ရပြီဖြစ်သဖြင့် ကင်းကင်းရှင်းရှင်းပင်နေသည်။

ဝိဇယကာရီနန်းတွင်းဇာတ်တော်ကြီးကို အပျိုဘဝမှာ ရေးသည်။ ကြီးမားသည့် ပေစာထုပ်ကြီး ၂ ထုပ်ကို အမျိုးသားစာကြည့်တိုက်၌ တွေ့နိုင်ပါသည်။ စစ်မဖြစ်ခင်က ပုံနှိပ်ခဲ့ဖူးသည်။ ပ.ဒု.တ.စ.မ အတွဲ ၅ တွဲကို ၂ အုပ်ခွဲ၍ ထုတ်သည်။ နောက်ထပ်ထွက်မလာတော့ချေ။ နောက်ထပ်အများကြီး ကျန်သေးသည်။

ဤနန်းတွင်းဇာတ်တော်ကြီးမှာ ကပြရန်မဟုတ်။ ဖတ်ရှုရန်သာဖြစ်သည်။ ဇာတ်ဆောင်တို့၏ ပြောစကားများကို မေတ္တာစာရေးနည်းအတိုင်း ကာရန်နှင့်ရေးသည်။ ရွတ်ဆိုရမည့် ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ လွမ်းချင်း၊ ရတုများကို ကိုယ်တိုင်ရေးသည်။ ထူးခြားသည်မှာ ဇာတ်ထဲ၌ သီဆိုရန်ယိုးဒယား၊ ပတ်ပျိုးသီချင်းများကို ကိုယ်တိုင်ရေးသည်။ ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်သည် အပျိုဘဝကပင် မဟာဂီတသီချင်းများကို ရေးတတ်နေပေပြီ။ ရေးရာတွင် သူတစ်ပါးရေးသည့် သီချင်းတေးသွားကို စာသားသွင်း၍ ရေးခြင်းမဟုတ်၊ ကိုယ်ပိုင်သံစဉ်ဖြင့် တီထွင်ရေးခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ် အမျိုးသမီးစာဆိုထဲတွင် အနောက်နန်းမမြကလေး၏ ခြေရာကိုလိုက်၍ နင်းနိုင်သူမှာ လှိုင်ထိပ်ခေါင်တင်သာ ဖြစ်သည်။

mgyoe.com

**အချစ်ရေးကို ဖွဲ့ဆိုထား**

ဝိဇယကာရီဇာတ်လမ်းမှာ နန်းတော်လောက၌ ပေါ်ပြူလာဖြစ်သူ မင်းသား တစ်ပါး၏အချစ်ရေးကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ မြန်မာရှင်ဘုရင်တို့ မိဖုရားအများကြီး ယူသည့်စနစ်ကို ထောက်ခံမလိုလိုနှင့် ကန့်ကွက်ထားသည်။ အရေးအသားကို နမူနာ ပြရလျှင်

–မျှော်မရဲအောင်၊ ရွှေသည်းဆွတ်ကြွေ၊ ရဂုံဘွေတွင်၊ လေပြေလောင်းစ၊ တပေါင်းလကို၊ ကိုးနယ်ကလည်း၊ ရှစ်တိုင်ငယ်ရည်၊ မြူခြည်နှင့်နှင်း၊ တဂုဏ်ကျင်းလို့၊ မင်းမူသည့်ခါ၊ တောင်သေလာတွင်၊ ထိန်ဝါတောက် ညီး၊ ယာပြင်မီးနှင့်၊ မြိုင်ကြီးပျော်ရှင်၊ ကိုကရင်တို့၊ စူးထွင်စကား လုပ် ငန်းတာနှင့်၊ ဒေဝါပဒ္ဒုန်၊ တိမ်ဂဠုန်ဝယ်၊ အမွှန်သီကျူး၊ နှင်းဆော်မြူး လို့၊ နွေဦးငယ်ချီချီ၊ သည်ရာသီဝယ်၊ ရွှေဖီကုံကော်၊ စွယ်တော်စကား၊ မုလေးဖွားနှင့်၊ သနားစဖွယ်၊ တောစမွှါယ်တို့၊ သွယ်သွယ်ပျံ့ကြူ× × ×

သည်အရေးအသားမျိုးနှင့် သည်လောက်ရှည်လျားသော နန်းတွင်းဇာတ်တော်ကြီးကို ရေးနိုင်သည့် လှိုင်ထိပ်ခေါင်တင်အား ချီးကျူးသင့်ပါသည်။ ဦးကြင်ဥ၏ ပြဇာတ်၊ စလေ ဦးပုည၏ပြဇာတ်များမှာ တစ်ညအတွင်းကပြရန် ရေးခြင်းဖြစ်၍ ပေစာ တစ်အင်္ဂါ လောက်သာရှိသည်။ လှိုင်ထိပ်ခေါင်တင်၏ နန်းတွင်းဇာတ်ကြီးမှာ ပေစာအင်္ဂါပေါင်း ၅၀ ကျော် ၆၀ ရှိသဖြင့် အလွန်ရှည်လျားသည်။

ရှင်ဘုရင်၏သမီးတော်များကို လက်မထပ်မီတွင် 'ထိပ်ခေါင်တင်' ဟု ခေါ်ရ မည်။ လက်ထပ်ပြီးလျှင် 'ထိပ်ထား' ဟု ခေါ်ရမည်ဟု ရွှေနန်းသုံးဝေါဟာရ အဘိဓာန်၌ ဆိုထားသည်။ သို့ရာတွင် လှိုင်ထိပ်ခေါင်တင်ကို လက်ထပ်ပြီးနောက်တွင်လည်း လှိုင် ထိပ်ခေါင်တင်ဟုသာ ခေါ်ကြသည်။ ကလောင်အမည်ဟူ၍ သိမှတ်ထားကြဟန်တူ သည်။

လှိုင်ထိပ်ခေါင်တင် အသက် ၂၀ တွင် လက်ထပ်သောအခါ ကနောင်မင်းသား မှာ ၃၄ နှစ်ရှိပြီးဖြစ်၍ အိမ်တော်ပါကိုယ်လုပ်မောင်းမအများ ရှိနေပြီ။ သို့ရာတွင် ရာထူး အဆင့်အနေနှင့်မူ လှိုင်ထိပ်ခေါင်တင်သာလျှင် အမြင့်ဆုံးသော အိမ်ရှေ့မိဖုရားအရာကို ရရှိသည်။ လှိုင်ထိပ်ခေါင်တင်မှာ အပျိုစစ်စစ်ဖြစ်သော်လည်း ကနောင်မင်းသားမှာ လူပျို စစ်စစ်မဟုတ်။ ဤကိစ္စကို ရှေးက အရေးမထားကြ။ ယောကျ်ားကောင်းလျှင် မောင်းမ တစ်ထောင် ယူနိုင်သည်ဟု သဘောထားခဲ့ကြသည်။

ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်သည် သူ့မောင်တော်အပေါ်တွင် အစိမ်းချစ်၊ အရိုင်းချစ်၊ အရူးအမူးချစ်ခဲ့ရသူပီပီ သူ့မောင်တော်၏အချစ်ကို သူယုံကြည်ခဲ့သည်။

mgyoe.com

–အချစ်ကိုယုံ
ပုံပါငဲ့အလုံး
ရှောင်လွဲနေပျော်လို့
မကြည်သော်မျက်တော်ဖုံးတယ်
(ကိုယ်တော်ရေ)
ဘယ်တွက်ကြောင့်တုန်း။

မောင်တော်ရဲ့ အချစ်ကိုယုံ၍ ပုံအပ်ထားခဲ့ပါသည်။ ယခုတော့ မလာမသွားဘဲ ရှောင်လွဲ၍ နေရက်သည်မှာ ဘာကြောင့်ပါတုန်းဟု မေးသည်။ ကလေးအတွေး၊ ကလေးအရေးနှင့် ရေးထားသော စာကိုဖတ်ရသည်မှာ သနားစရာပင်ကောင်းနေပါသည်။

မောင်တော်အပေါ်မှာ သူဘယ်လောက်ချစ်သည်ဆိုသည်ကိုလည်း ဤသို့ ပြောထားပါသေးသည်။

အပျိုဘွယ် ရွယ်မစေ့ခင်က
ငယ်ဓလေ့ ဂေါရီ
ဘယ်အတွေ့ လောကီကို
ဓာမသိ ခင်က
စကားဝါ့ ရိုးနှစ်ပင်မှာ
မငုံခင်တုန်းက အစ
ပန်းဒွါရဆင့်စီငယ်
မပွင့်မီကာလ၊
ကျင့်ဝသီစာဂနှင့်
ခါပထမ အရွယ်
ငယ်သွားတွေ ကြွေမလဲခင်က
မေအမြဲချစ်ဖို့ကြံရွယ်

မောင်တော်အပေါ်မှာ ကလေးအရွယ်၊ ငယ်သွားတွေမလဲခင်ကတည်းက ချစ်ဖို့ကြံရွယ်နေတဲ့သူပါဟု ပြောထားသည်။ ရင်သားနှစ်စုံတို့ ဖူးငုံမထွက်မီ၊ တစ်ဆယ့်နှစ်ရာသီပန်းတို့ မပွင့်မီဟုလည်း ဆိုထားသည်။ ဤစကားတို့မှာ အတိသယဝုတ္တိအလင်္ကာအဖြစ် ပြောခြင်းဖြစ်သည်။ ချစ်ရေးချစ်ရာကိစ္စတို့တွင် သူ့ထက်ငါ လွန်လွန်ကဲကဲ ဥပမာဆောင်၍ပြောတတ်သည့် အတိသယဝုတ္တိအလင်္ကာဟု ပညာရှိတို့ဆိုကြပါသည်။

လှိုင်ထိပ်ခေါင်တင်အဖို့ မယ်တော်ဆုံးပြီးနောက် မိဖုရားကြီးတော်စုဖုရားကြီးနှင့် နေရသည့် ၈ နှစ်တာကာလမှာလည်း ကံဆိုးသည်ဟု မဆိုနိုင်။ စာပေဂီတနှင့်သာ

mgyoe.com

မွေ့လျော်၍နေခဲ့ရသည်။ ပုဂံမင်းလက်ထက်တွင် ခေတ်ဆိုးကာလဆိုးကြီးနှင့် ကြုံရသော်လည်း သူ့အား ရိုက်ခတ်ခြင်းမရှိ။ သူ့မှာ ကျောင်းသူအရွယ်။ ကျောင်းစာသင်တုန်း၊ ကလေးအရွယ်အဖြစ်သာ နေခဲ့ရသည်။

အသက် ၂၀ တွင် အိမ်ရှေ့မိဖုရားအဖြစ် အမြင့်ဆုံးရာထူးကို ရနေပါသော်လည်း မယ်တော် မမြကလေး၏ထုံး နှလုံးမူပြီးသကာလ မောင်တော်ကိုမျှော်ရသည့် အမျှော်စိုက်ပတ်ပျိုးသီချင်းများကို ဆက်ရေးနေတော့မည်လော–

–ညဥ့်သုံးယံခါ၊ လေပြေလာ၊ အေးရှေ့ရင်မှာ။ ။
လာနိုးမျှော်မိ၊ ဖြေမပျော်နိုင်ဘူး၊ ဘုန်းမယ့်ကိုယ်ထူး။ ။
မဖူးသာ၊ လွမ်းတာကပွား၊ ရှင်နတ်များ၊ အို .... အို၊ မ–
ဘဲကို၊ ဆိုငိုမှိုင်ရက်ကယ်ငေး။ ။ သေလုပါပြီ၊ ကြွေလုပါပြီ၊
အိုဘာပြုမလာသေး၊ ဘုန်းသူနဲ့ဝေး။ ။ လေးမယ်ငယ်ကံ၊
ရေးဝယ်မဟန်သလေး။ ။ ကြိုကာပန်းပါဘိ၊
လမ်းဘယ်မမြင်၊ ရွှေပင်လယ်ဆီးသည်သို့၊ နီးမယ်မထင်။ ။
သုံးရွှေကြော့ရှင်၊ ဘုန်းလာမမြင်သလေး။ ။
(သဖြန်ရွှေ)
နှမလေးမယ့်သခင်
တင်ရန်ကများ
လှိုင်းကြီးတဲ့ရေ
မြကြောအဏ္ဏဝေသို့
နှစ်စုံ ရွှေစကြာ ကွန့်တယ်
နန်းနေညွန့်ဖွား။ ။

ညဥ့်ကိုပထမယံ၊ ဒုတိယယံ၊ တတိယယံဟူ၍ ပိုင်းခြားထားသည်။ ပထမယံသည် စက်နာရီကိုးနာရီ (တစ်ဗဟိုရ်)။ ဒုတိယယံသည် ၁၂ နာရီ (နှစ်ဗဟိုရ်)။ တတိယယံသည် သုံးနာရီ (သုံးဗဟိုရ်) ဖြစ်သည်။ ညဥ့်သုံးယံခါဆိုသည်မှာ သုံးနာရီအချိန်ဖြစ်သည်။ ယခုထိ မောင်တော်မလာသေး။ မောင်တော်ကို မျှော်ရင်းမောနေရသည်။

မောင်တော်အား လျှောက်တင်ရန် စကားတွေ အများကြီးရှိပါသည်။ မဟာသမုဒ္ဒရာရှိ လှိုင်းကြီးများ မတည်မငြိမ် ရွေ့လျားခုန်ပေါက်နေသလို မောင်တော်၏ခြေအစုံသည် ရွှေစကြာဖြန့်ကားပြီး သွားချင်ရာ လျှောက်သွားနေသည်ဟု ပြောထားသည်။

mgyoe.com

mgyoe.com

ဣန္ဒာဝံသဇာတ်

သို့ရာတွင် လှိုင်ထိပ်ထားသည် မောင်တော်ကို ချစ်သည်။ မောင်တော်ကို အားကိုးသည်။ ငယ်ရွယ်သူပီပီ မောင်တော်အပေါ်မှာ နွဲ့ဆိုးဆိုးသည့်အခါလည်း ဆိုးသည်။ လက်ထပ်ပြီးစ အိမ်ရှေ့မိဖုရားကြီးမှ "ဣန္ဒာဝံသ" နန်းတွင်းဇာတ်တော်ကြီးကို ထပ်၍ရေးသည်။ ဤဇာတ်တော်ကြီးမှာလည်း မိဖုရားများများယူသော စနစ်ကို သရော်ထားသည်။

ဣန္ဒာဝံသနန်းတွင်း ဇာတ်တော်ကြီးကို စစ်မဖြစ်ခင်က ပုံနှိပ်ခဲ့ဖူးသော်လည်း ပြီးဆုံးခြင်းသို့ မရောက်။ လွတ်လပ်ရေးခေတ်ရောက်မှ ဟံသာဝတီပုံနှိပ်တိုက်က နှစ်တွဲခွဲ၍ ပုံနှိပ်ထုတ်ဝေထားသည်။ အစအဆုံးပါဝင်သည်။

ထူးခြားသည်မှာ လှိုင်ထိပ်ခေါင်တင်၌ ဟာသဉာဏ်ရှိခြင်းဖြစ်သည်။ သူ့ဇာတ်ကောင်ထဲတွင် ဝိဇ္ဇာမိုရ် ငမြတ်စိုဆိုသည့် လူရွှင်တော်တစ်ယောက်ကို ထည့်သွင်းထားသည်။ ငမြတ်စိုသည် ရယ်စရာ အရွှန်းအဖောက်ပြောတတ်သည်။ အပျိုတော်များမှာ ငမြတ်စိုနှင့်ပင် အပျင်းဖြေရသည်။ ရှေးခေတ်ရွှေနန်းတော်၏ အနောက်ဆောင်အတွင်းရေးများကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင်ရေးထားသည်။

ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ်များကို ရှေးက ပုရပိုက်မှာ ရေးကူး၍လည်းကောင်း၊ ပေစာမှာရေးကူး၍လည်းကောင်း နန်းတော်အိမ်တော်များမှာ ဖတ်ကြရသည်။ နမူနာအနည်းငယ် ဖော်ပြပါမည်။

ဣန္ဒာဝံသမင်းသားသည် နမတော်ကို အောက်မေ့ထင်လာမြင်လာသည်နှင့် ဖွဲ့နွဲ့ညည်းညူရမည်မှာ ....

> "ရွှေညဥ့်ခြင်ငယ်၊ အလုံမပြတ်၊ ပန်းသဥ်လယ်မှာ၊ စံပယ်ကြိုင်ပျံ့၊ ကိုယ်တော်နံ့သာ၊ မဆံ့နိုင်အောင်၊ ရွှေသည်းမှာလောင်ခဲ့ပြီ၊ နန်းဆောင်ရဝေ၊ မှန်ကွန်းဘွေမှာ၊ နတ်ဆွေကြော့တူ၊ ရန်တော်မူလို့၊ တစ်မူသက်သက်၊ စံတော်မူရက်လျှင်ဖြင့်၊ သက်ကယ်မကြာ၊ သေလိုက်ပါတော့မည်။ သိင်္ဂါလှော်စင်၊ သုံးရွှေ့ရင်ငယ်၊ ငိုချင်သာ များတော့သည် မိမိငဲ့" ဆို၍ သန်လျက်တော်ကို ရုတ်တရက်အိမ်ကချွတ်၍ ရင်ဝတော်ကိုထိုးစေ။
>
> အထိန်းတော် ဝိစိတြလည်း "အလို-ကိုယ်ကျိုးနည်း၍ ကုန်ပါပြီ" ဆို၍ သန်လျက်တော်ကို ဝင်လုစေ။
>
> အထိန်းတော်လေးဦးလည်း ဝင်၍ဆွဲကြစေ၊ ဣန္ဒာဝံသမင်းသားလည်း သတိလွတ်ကွာ၍ လူမှန်းမသိမေ့မြောနေစေ။
>
> အထိန်းတော်ငါးဦးလည်း 'ကယ်တော်မူပါဘုရား' အော်ပြီးလျှင် ဝိုင်း၍

mgyoe.com

ငိုကြစေ၊ မင်းသားလည်း သေဆုံးသကဲ့သို့ ဖြစ်နေစေ။

ဝဏ္ဏာပဒုံမှစ၍ မင်းသမီးများလည်း အရေးတကြီး မော်တော်စံရာသို့လာ၍ တစ်ခါဖြင့် အကျိုးနည်း၍ ကုန်ပါပြီ ဆိုပြီးလျှင် ဝိုင်း၍ငိုကြစေ။

လျှောင်းတော်ဦးကမှူးမတ်အပျိုတော်များလည်း ဝဏ္ဏာ ပဒုံမင်းသမီးမည်သူ၊ ပန်းကြာရစာရှိမင်းသမီးမည်သူ၊ ဝိတာရစာရှိမင်းသမီးမည်သူမှန်းမသိ၊ မိုးမမြင် လေမမြင် တိုက်ခိုက်၍ ဝင်ပြီးလျှင် 'သည်တစ်ခါအကျိုးနည်းကုန်ပါပြီ၊ ဘုရား ကျွန်တော်တို့မှာ ကိုးကွယ်ရာမဲ့ ကုန်ပါပြီ' ဆို၍ ရင်တီးလက်ခတ်လူးလဲ ငိုယို ကြစေ။

အထိန်းတော်ဝိစိတြလည်း မင်းသားကို ဖက်၍ အထိန်းတော်ဝိဂန္ဓငဲ့၊ ဘုန်းတော်ကြီးလှသောဘုရားကိုသွား၍ လျှောက်တင်ပါ။ ငါ့မှာ ရွှေကိုယ်တော်မြတ်ကို ပွေ့လျက်ဖြစ်၍ မင်းတို့သည်လိုကြည့်၍ မနေကြပါနှင့် မြန်မြန်သွားကြပါ" ဆိုစေ။

ဝိရဂ်လည်း 'မင်းနောင်ငဲ့။ မြန်မြန်သွားပါ။ သည်လိုသာဖြင့် အကျိုးနည်း ရန်ရှိတော့သည်' ဆိုစေ။

ဘယရန်နောင်လည်း 'အစ်ကိုပင်သွားပါမည်' ဆို၍ အပါးတော်က ထလာစေ။

ကွန္တာဘယလည်း 'မောင်မင်းတို့သခင်ကို ချစ်လျှင် အငိုတိတ်ကြပါ။ တန်ကြပါ' ဆိုစေ။

ဘယရန်နောင်လည်း နန်းတော်သို့ရောက်၍ မင်းကြီးရှေ့တော်သို့ဝင်ပြီးလျှင် 'ကယ်တော်မူပါဘုရား၊ သည်တစ်ခါ အကျိုးနည်း၍ ကုန်ပါပြီဘုရား" ဟု အောက်ကနေ၍ အော်စေ။

မင်းကြီးလည်းသလွန်တော်ပေါ်က လှမ်း၍ အရေးတကြီးနှင့် 'ဟဲ့ ဘယရန်နောင်၊ ဘယ်နှယ်အကြောင်းရှိသည်လဲ' မေးစေ။

ဘယရန်နောင်လည်း 'သားတော်မြော၍ နေပါသည်။ လူမှန်းမသိဖြစ်၍ နေပါသည်ဘုရား'

မင်းကြီးလည်း သည်အတိုင်းမှန်လျှင် 'အကျိုးနည်း၍ ကုန်တော့မည်။ ရထားတော် မြန်မြန်ယှဉ်စေ'

သမီးတော် ဘဂုတာရှိမင်းသမီးလည်း 'မောင်ကြီးဘုရား ဘယ့်နှယ်ဖြစ်ရသည် ဘုရား၊ သည်တစ်ခါအကျိုးနည်းချေတော့မည်။ သေချင်လှပါပြီ' ဆို၍ လူးလဲကာ ငိုစေ။

mgyoe.com

မင်းကြီးလည်း ကိစ္စမရှိပါဘူးသမီးတော်ငဲ့။ ခမည်းတော် နှလုံးပူလှသည်။ အိမ်တော်သို့သွားကြစို့ငဲ့၊ ဟဲ့ မှူးတော်မတ်တော်များ ခုထိ ရထားတော် မယှဉ်သေးဘူးလား' မေးစေ။

အတွင်းဝန်များကလည်း 'ရထားတော်ယှဉ်ပြီးပါကြောင်း' ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား လျှောက်စေ။

မင်းကြီးလည်း အသင်မိဖုရား၊ သမီးတော်ကို ခေါ်ခဲ့ပါ' ဆို၍ ရထားပေါ်သို့ တက်စေ။ မိဖုရားလည်း သမီးတော်ကိုလက်ဆွဲ၍ တက်ပြီးလျှင် ရထားတော်ကို အပြင်းနှင်စေ။

ဝိဇ္ဇာဓိုရ်ငမြတ်စိုလည်း ရထားတော်နောက်မှ ငိုလျက် ကျွမ်းထိုးလိုထိုး၊ အုန်းပင်စိုက်လိုစိုက်နှင့် ရထားတော်ကို မြန်မြန်ဆွဲကြပါ။ ရင်တီးလက်ခတ်နှင့် ဆို၍ လိုက်စေ။

ရထားတော်လည်း မင်္ဂလာအိမ်တော်သို့ ရောက်၍ မင်းကြီး၊ မိဖုရား၊ သမီးတော်တို့လည်း မင်းသားရှိရာသို့ အမြန်ဝင်ကြစေ။ ဘယစန္ဒာမင်းသားငယ်လည်း အမှီလိုက်လာစေ။

မင်းကြီးလည်း ရင်တီးလက်ခတ်နှင့် မောင်မောင်ငဲ့ခေါ်စေ။ ။ မိဖုရားလည်း ငို၍ သားတော်ကိုနမ်းပြီးလျှင် အထပ်ထပ်ခေါ်စေ။ နှမတော်ဘဂုတာရီမင်းသမီးလည်း 'မောင်ကြီးဘုရား၊ ဖျာ့နှမတော်ကိုခေါ်တော်မူပါဦး။ လူလုပ်၍ မနေချင်ပါပြီ။ သေပါတော့မည် ဘုရား' ဆို၍ မင်းသားကို ဖက်ပြီးငိုစေ။

နန်းတွင်း ဇာတ်တော်ကြီးနှစ်ခုစလုံးမှာပင် ဖတ်၍မငြီးအောင်ရှိပါသည်။ လှိုင်ထိပ်ခေါင်တင်သည် အလွန်စကားတတ်သည့် မိန်းကလေးဖြစ်သည်။ သူ့ခေတ် သူ့အခါက သူကျင်လည်ရသည့် နန်းတော်အသိုင်းအဝိုင်းအကြောင်းကို အကွက်စေ့စေ့ရေးနိုင်သည်။ ငယ်သေးသည့်အရွယ်၊ စိတ်ကူးယဉ်သည့်အရွယ်မှာ ဤစာမျိုးကိုရေးသည့်အတွက် အပြစ်တင်စရာမရှိပါ။ ရွှေတောင်နန္ဒသူ၏ ရတနာ့ကြေးမုံဝတ္ထုထက် အများကြီးတိုးတက်လာပါပြီ။ လူ့ဘဝနှင့် အတော်နီးစပ်လာပါပြီ။

အဆိုပါဇာတ်တော်ကြီးများကို ယခုခေတ်တွင် မဖတ်ကြတော့ပြီဖြစ်သော်လည်း အမြတ်ကျန်ခဲ့သည်မှာ ဇာတ်ထဲတွင်သုံးသည့် မဟာဂီတသီချင်းများဖြစ်သည်။

စစ်တွင်းခေတ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ထုတ်ဝေသည့် စာဆိုတော်နေ့စာစောင်တွင် ဆရာကြီး ဒီးဒုတ်ဦးဘချိုရေးသည့် 'ရေယမုန်ဋီကာ' ဆောင်းပါး ပါလာသည်။ ရေယမုန်အစချီ သားချော့သီချင်းပတ်ပျိုးကို လှိုင်ထိပ်ခေါင်တင်ရေးသည်။ လှိုင်ထိပ်ခေါင်တင်သည် အိမ်ရှေ့စံ ကနောင်မင်းသားကြီးနှင့် လက်ထပ်ပြီးနောက် သားတော်

mgyobe.com

ထန်းတစ်ပင်မင်းသားကလေးကို ရရှိသောအခါ ရေးခြင်းဖြစ်သည်ဟု ဆိုထားသည်မှာ မှားပါသည်။

လှိုင်ထိပ်ခေါင်တင်သည် ဝိဇယကာရီနန်းတွင်းဇာတ်တော်ကြီးကို အပျိုဘဝကပင် ရေးသားခဲ့သည်ဖြစ်ရာ ထိုဇာတ်ထဲတွင် နဂါးမ သားချော့သည့် အခန်းတွင် သီဆိုရန် ရေးသည့်သီချင်းဖြစ်သည်။ ထို့ကြောင့် သားသမီးရမှ မိခင်တစ်ယောက်၏ ခံစားချက်နှင့် ရေးခြင်းမဟုတ်။ အပျိုဘဝကပင် မိခင်စိတ်ကို ဖော်ဆောင်၍ ရေးခြင်းဖြစ်သောကြောင့် ပိုမိုချီးကျူးသင့်ပါသည်။

ရေယမုန်သည် သူတစ်ပါးရေးသည့် သီချင်းတေးသွားများကို ပေါင်းစပ်ယူ၍ ရေးခြင်းမဟုတ်။ ကိုယ်ပိုင်သံစဉ်နှင့် ရေးခြင်းဖြစ်သည်။ ကျေးလက်တောရွာသူ ဆင်းရဲသားတို့၏ သဘာဝအားဖြင့် ကလေးချော့ရာတွင် ဆိုလေ့ရှိထရှိသည့် သားချော့သီချင်းကလေးများကို ထီးသံနန်းသံပါလာအောင် လှလှပပရေးဖွဲ့နိုင်ခြင်းဆိုသည့် ထူးခြားချက်နှစ်ချက်ပါရှိပါသည်။

ရေယမုန် အမွှန်သီတာတိုင်းငယ်သို့လေ၊ ။
ငှက်လိမ္မာ၊ မကြာခေါင်စေခိုင်းမယ်ပါ့လေး။
တောင်ဝိုင်းစုံလွင့်၊ မြင့်တိမ်ယံဘွေ၊ ရေယာဉ်စီးပါတဲ့၊
မြစ်ကြီးငယ်သောင်ခြေ။ ။
ရွှေရွှေရွှေရောင်သား၊ ငွေငွေငွေရောင်သား။
မြရေယာဉ်မော်ပင်ကြား၊ မြူးစံတဲ့ငါး၊ လေးမယ်ခင်
နတ်သွင်ထား၊ ဘုန်းမယ်ရို့သား။ ။
နှုတ်ဖျားဝါဝါ၊ ပန်းလွှာငယ်ရွှေသွေး၊ ချီကာယူလို့ပေး။ ။
ကိုယ်မွေးတဲ့ သိင်္ဂါ၊ ဖြူစွာငွေသွေး၊ ကျောင်းဝင်ခဲ့လေး။ ရွှေဘုံသူကလေးငယ်တို့၊ ချိုအေးသံသာ၊ စုံဆယ်လီ၊ ရှိရှင်ညောင်းတယ်
လေး။ တောင်းယူခဲ့ပါ × × × × ×

ရွှေဗျိုင်းညို
ရေချိုကန်ရိုး၊ ထိုးတဲ့ငါးရှင်
ကျောင်းအောက်ကိုဝင်လေတဲ့မှ
မကြီးငယ်ရွှေစာသင်

လွဲချင်းဟုခေါ်သည့် ကလေးချော့သီချင်းကလေးကို ဖွယ်ဖွယ်ရာရာဖြစ်လာအောင် မြင့်တင်ဖွဲ့ဆိုထားသည့် စာပိုဒ်ဖြစ်ပါသည်။

ကိုယ်မွေးသိင်္ဂါ၊ ဖြူစွာငွေသွေးဆိုသည့် စကားအရ ဗျိုင်းကလေးမှာ သာမန်ဗျိုင်း

mgyo.com

mgyoe.com

မဟုတ်။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသည်။ ကျောတွင်လည်းကောင်း၊ ဦးခေါင်း၏ နောက်ရှိ လည်ဆံမွေးတွင်လည်းကောင်း ရွှေရောင်အမွေးရှိသည်ဟု ဆိုခြင်းကြောင့် ဝေသာလီဗျိုင်းမျိုးဖြစ်ကြောင်း သိရသည်။

ရွှေဗျိုင်းကလေးရယ် ထိပ်ခေါင်တင်၏ သားတော်ကလေးအတွက် ယမုန်နာမြစ်သို့သွား၍ ရွှေရောင်ရှိသော ငါး၊ ငွေရောင်ရှိသော ငါးကလေးတွေကို သွားယူပေးပါ။ နှုတ်သီးကလေးနှင့်ချီလာပြီး ကျောင်းအောက်သို့ ဝင်ခဲ့ပါ။ ရွှေဘုံနတ်နန်းသူကလေးတွေက ရှိခိုးဦးတင်ပြီး ရွှေဗျိုင်းကလေးထံမှ တောင်းယူကြပါလိမ့်မည်ဟု အဓိပ္ပာယ်ရအောင် စကားအလှကလေးများနှင့် ရေးသားစီကုံးထားသည်။

နွဲ့နွဲ့မာန်ကိုးငယ်နဲ့၊ အို ဆိုးလိုက်တာ၊ မြမျက်ရေ
ဂေါဇင်ညှာက၊ ငိုရှာလုနီး၊ မေ့–မောင်ကြီးရယ်တဲ့
စိန်ကြိုးသွယ်၊ ဟာတိတ်ပါ့ကွယ်။ ကြောင်ညိုဖား
ငယ်လေး၊ စားတတ်လှတယ် × × × ×
ကြောင်ဖားရဲ့မြီးတံတို
အဆီကိုစားပါလို့
အသားတွေမျို
ကြောင်အိုပေမေ့း
ကိုက်ပါလှဲ့လေ။

ဆိုသည့် ကလေးချော့လွဲချင်းကို သီဆို၍ ငိုနေသောကလေးကို ဖျော်ဖြေခြင်းဖြစ်သည်။

ကလေးငိုသည်ကို
နွဲ့နွဲ့မာန်ကိုးငယ်နဲ့၊ အို ဆိုးလိုက်တာ
မျက်ရည်ကျသည်ကို
မြရည်ရေဂေါဇင်ညှာက
ပုခက်လွှဲသည်ကို
မေ့မောင်ကြီးရယ်တဲ့စိန်ကြိုးသွယ်
ကြောင်ကြီးကိုက်မည်ကို
ကြောင်ညိုဖားငယ်လေး၊ စားတတ်လှ
တယ် ......

ဆိုသည့်အသုံးအနှုန်းများမှာ အရိုင်းကို အယဉ်ဖြစ်အောင် အလင်္ကာဖြင့် တန်ဆာဆင် ဖွဲ့ဆိုခြင်းဖြစ်သည်။ အရပ်သုံးစကားလုံးနှင့် ကဗျာသုံးစကားလုံး မတူပါ။

mgyoe.com

ကျေးလက် တောရွာဓလေ့အတိုင်း အရိုင်းသုံးသုံးနေသည့်စကားလုံးသည် ဂန္ထဝင်စကားလုံး၊ ကဗျာသုံးစကားလုံး မဟုတ်ပါ။ ဤသဘောကို လှိုင်ထိပ်ခေါင်တင်သည် ရေးပြနေခြင်းဖြစ်သည်။

ထိုးသုံးနန်းသုံးစကားလုံးဟုဆိုလျှင် အချို့က ပဒေသရာဇ်ဆန်သလား၊ ဘာလား ညာလားနှင့် ပြောကြဦးမည်။ မြန်မာစာပေတွင် စကားအရာ အင်္ဂါ ၁၀ တန်ကို ပြရာတွင်

**ပေါရိ**

**မြို့ကြီးသူ မြို့ကြီးသားတို့ အသုံးအနှုန်းကို**

**လိုက်၍ ယဉ်ကျေးစွာပြောဆိုခြင်း**

ဟု ပါရှိသည်။ စကားအရာတွင်လည်းကောင်း၊ စာပေအရာတွင်လည်းကောင်း အရိုင်းသုံးနှင့် အယဉ်သုံးရှိသည်။ ဤသို့ရှိမှလည်း အဆင့်မြင့်သောစကား၊ အဆင့်မြင့်သောစာပေ ဖြစ်ပေလိမ့်မည်။ အဆင့်မြင့်သော စာပေမရှိလျှင် အဆင့်မြင့်သောလူမျိုးလည်း မဖြစ်နိုင်။ အောက်ကျနောက်ကျသော လူမျိုးအဆင့်၌ သာရှိလိမ့်မည်။

**ရေပေါ်မှာ လွှမ်းပါတဲ့ ကန်စွန်းနွယ်။**

**ဒေါင်းဖန်ဝါရောင်စုံကွယ်တော့၊ ခိုင်ရွှေ**

**နွယ်သီး။ ဓမ္မူရည်ထီးမှာတော့၊ အငြိး**

**တော်ပြေ၊ ယိုလေးသဲသာ၊ စိန်ရိုးညှာလွှဲမယ်**

**လေး၊ နွဲ့ဟန်နဲ့သာ။**

**ဟီးလေးပေါက်ပင်**

**ကန်စွန်းပင်**

**နေဝင်ခါနီး**

**ကန်းစွန်းသီး**

ဆိုသည့် သားချော့သီချင်းကိုယူ၍ ဖွဲ့ထားသည်။ ဤတွင် –

**နေဝင်သည်ကို**

**ဒေါင်းဖန်ဝါရောင်စုံကွယ်တော့**

**ကန်စွန်းသီးကို**

**ခိုင်ရွှေနွယ်သီး**

**မင်းသားကလေးကို**

**ဓမ္မူရည်ထီး**

**အပျင်းပြေကို**

mgyoe.com

mgyoe.com

**အငြိးတော်ပြေ**
**ပုခတ်လွှဲသည်ကို**
**စိန်ရိုးညှာ လွှဲမယ်လေး။**

ဆိုသော စကားအသုံးအနှုန်းကလေးများကို သတိပြုပါ။ အရိုင်းသုံးစကားလုံးကို ဝါစာသီလိင္ဂဖြစ်အောင် ရေးသည်မှာ ဘာသာစကားတိုင်းတွင်ရှိသည်။

မဟာဂီတပညာရှင်တိုင်း ဤသီချင်းကလေးကို နှစ်နှစ်သက်သက် မြတ်မြတ်နိုးနိုးတီးကြဆိုကြသည်။ စည်းဝါး၊ သံကျ၊ ဟန်ထားအရာတွင် အပြစ်ပြောစရာမရှိ။ အလွန်ချောမောပြေပြစ်သည့် ပတ်ပျိုးသီချင်းဖြစ်ပါသည်။ လှိုင်ထိပ်ခေါင်တင်သည် အနုပညာတွင် ပါရမီရှိသူ၊ ထက်မြက်ထူးချွန်သူဖြစ်ကြောင်း သိသာနိုင်ပါပြီ။

အိမ်ရှေ့မင်းသားကြီးနှင့် လက်ထပ်ပြီးနောက် ၅ နှစ်အကြာတွင် အမရပူရမြို့တော်မှ ပြောင်းရွှေ့ရန်ကိစ္စ ပေါ်လာသည်။ မင်းတုန်းမင်းကြီးသည် နေရာဟောင်းတွင် မနေလို၊ ဘာသာရေးသမားပီပီ မန္တလေးတောင်တော်ရိပ်ကိုခိုမည်။ ရတနာပုံရွှေမြို့တော်ကြီးကို တည်ထောင်မည်။ ပဥ္စမသင်္ဂါယနာတင်မည်ဟု သန္နိဋ္ဌာန်ချထား၍ ပြောင်းရွှေ့ရေးအစီအစဉ်တွေကို ပြုလုပ်သည်။ အိမ်ရှေ့မင်းသားကြီးမှာလည်း ထိုကိစ္စတွေနှင့်မအားရ။

မင်းတုန်းမင်းကြီး နန်းတက်လာခြင်းမှာ ကောင်းသောအခါနှင့် ကြုံရခြင်းဖြစ်သည်။ ၁၂၁၅ ခုနှစ်တွင် အမြိတ္တဓာတ်သက်ကုန်၍ ၁၂၁၆ ခုနှစ်ကစ၍ ကောလီဓါတ်ဆန်းနေပေပြီ။ ကောလီဓါတ်ဆန်းလျှင် မြန်မာတို့ လက်ခမောင်းခတ်ရတော့မည်ဟု ပညာရှိတို့ဆိုကြသည်။

**အသက်ကယ်တဲ့ရှည်စေလို**
**မြနန္ဒာရေညှိုသန်းတယ်**
**မန်းတောင်ရိပ်ခို**

ဟူသော တဘောင်သီချင်းကလည်း ပေါ်နေပေပြီ။ မြို့တော်နန်းတော်ကို ပြောင်းရွှေ့တည်ထောင်ခြင်းဖြင့် မင်းတုန်းမင်းကြီးသည် မိမိ၏ ဘုန်းစွမ်းကံစွမ်းဉာဏ်စွမ်းကို ပြရာလည်း ရောက်သည်။ လှိုင်မင်းသမီးကလေးအဖို့ ငယ်စဉ်က ဘဝကံဆိုးခဲ့သော်လည်း ယခုကောင်းနေပါပြီ။ ကောလီဓာတ်ဆန်းနှင့် ကြုံနေရပါပြီ။

သို့ရာတွင် လှိုင်ထပ်ခေါင်တင်အဖို့ ဝေခွဲမရဖြစ်နေသည်။ မယ်တော်မပြကလေးခေါင်းချသွားရာဖြစ်သည့် အမရပူရနေပြည်တော်ကိုပင် တွယ်တာနေသည်မှာ သင့်ပါမည်လော။ နွေဦးကာလ၊ တပေါင်းလမှာပင် မိုးသားတိမ်လိပ်တွေ တရိပ်ရိပ်တက်လာနေပေပြီ။ လွမ်းသလို ဆွေးသလိုလို ရင်ဖိုမိသည်။

mgyoe.com

ဦဿုတ္တိမာ၊ သံဝါစည်တော်နှိုးလို့လေ၊ ။ ကျူးရင့်လွင်၊
ပဥ္စင်ရွှေတံပိုးနှင့်လေး။ မိုးဏ္ဍနတ်ဒေဝါမောင်၊
ဆွေးပူဖို့အောင် လေလေ့။ ရှစ်တိုင်းငယ်ဝေရီမှောင်။ ။
ရှာယောင်ယောင်ဟန်ပြဆန်း၊ သဲဘဝင် ကြွေလုပန်း။ ။
မိန်မိလ္လာသန်းပါလို့၊ ဖော်ရန်းနုရွှေ။ ။
နတ်ပန်းချီစုံ၊ ရုပ်ရှင်ပုံ ဆေးငယ်လေ၊ ရေးဟန်ကပွေ။ ။
သွန်းဆင့် ဆော်ခြေ၊ မြောက်လေပြန်ကာ သွင်းလို့လေ။ ။
ဖော်ဝေးသည့်နှယ်၊ လွမ်းဘွယ်ကြုံတော်ချင်းငယ်နှင့်လေး။ ။

– နှင်းသက်လို့မလှယ်
မြူခိုးစိစိနှင့်
မိန်ရာသီခါတော်ဦးမှာ
ထူးပေ့တကယ်

– မိုးညိုလေချူခလို့
အေးမြမြသည်းဝယ်
ဘယ့်နှယ်သိလေမှန်း

– ကိုယ်တော်ထဲငယ်မို့
ကြေကွဲအောင်မဖန်ပါနှင့်
အမ္ဗန္တာဒေဝရငယ်
လွမ်းစ တစ်ခန်း။ ။

ကနောင်မင်းသားကြီးမှာလည်း ပြောင်းရွှေ့ရေးကိစ္စတွေနှင့် မအားမလပ်ရ။ ခွင့်တော့လွတ်ပါသည်။ သို့ရာတွင် လှိုင်မင်းသမီးထံသို့ မရောက်လာသည်ကိုတော့ မကျေနပ်။ မိဖုရားမောင်းမ ကိုယ်လုပ်တော်တွေ အများရှိနေသည့် ထုံးစံကိုတော့ ပြောင်းလဲ၍မရသေး၊ သို့ရာတွင် ဘိသိက်ခံမိဖုရားဖြစ်ဖို့ဆိုတာ လူတိုင်းဖြစ်နိုင်တာမဟုတ်။ အခြေအနေ အဆင့်အတန်း အများကြီးကွာခြားတာကလား။ မိမိအနေနှင့် မောင်တော်ပင်ပန်းနွမ်းနယ်လာသည်ကို ယပ်လေးခတ်၍ အပန်းဖြေပေးချင်ပါဘိ။ စားကောင်းသောက်ဖွယ်ကလေးများနှင့် ယုယုယယ ကျွေးမွေးချင်ပါဘိ။

စိန်ခြူးကြာညောင်၊ လရောင် လင်းပါလို့၊
မှန်ရွှေဖြူပြတင်းရယ်က၊ မယ်ခုမျှော်။ ။
(သုံးချက်စည်တော်) ၂ ရိုက်ဆော်ညှင်းတယ်လေး၊

mgyoe.com

mgyoe.com

လင်းပြန်လုသော်–

သစင်သင်းပါတဲ့၊ ခင်ညှို့ပေါ်လာနိုးငယ်မယ်မျှော်လို့၊

တစ်ကိုယ်တော်ထူး၊ ထွေထွေရာ စိတ်ကူးပါလို့၊ ဖူးရွှေလက်တင်၊

(ဖြစ်ရှေးကုန်စင်)၂ ဘဝင်တုန်ဆွေးတယ်လေ၊ တွေးကြံလိုက်ရင်။ ။

ဘောလယ်သီချင်းကလေးတစ်ပုဒ်ကို စပ်ကြည့်နေမိသည်။ ရှေးက ဘောလယ်ကဗျာဟူ၍မရှိ။ မြဝတီဦးစတို့ ရေးသည့် ပတ်ပျိုးကြီးများတွင် ရံဖန်ရံခါမှ တည်သံပြောင်းပြီး ၅ ပေါက်သံထဲသို့ ချိုးကွေ့ဝင်သွားသည်ကို ဘောလယ်သံဟုဆိုကြသည်။

ယခုမူ ဘောလယ်သံကို မူတည်ပြီး အချီအချကာရန်ကလေးများနှင့် တွဲစပ်လိုက်သောအခါ ပထမအချိုးတွင် စာပိုဒ် ၈ ပိုဒ်ရှိသည်။ ဒုတိယအချိုးတွင် ၁၁ ပိုဒ်ရှိလာသည်။ နောက်အချိုးများသည် ဒုတိယအချိုးအတိုင်း ၁၀ ပိုဒ်ရှိရမည်။ တေးသွားမှာ အတူတူပင်ဖြစ်သည်။

သစ္စာတော်စူးပါစေ့၊ ဆိုဦးကပင်၊ ခင်လေးကို

မောင်ကြင်ရဲ့၊ သည်သက်တွင်ပဲ။ နောင်သွေ မလွဲ

ပါဘု၊ ယုံတော့မေ၊ (ဗြဒ္ဓဆောင်ဗွေ)၂ သည်ဟာ

တင့်တယ်လေး၊ စိုးညာမြင့်နေ။ ။

နတ်ဒေဝီဖျားသော်လဲ၊ တစ်ပါးကိုမသွေ၊ ရှစ်ဖြဟ္မာ

ခြွေပါလို့၊ အောင်ဖေယျာညွှန်း၊ မတ်ခြွေရွှေဝန်းငယ်နဲ့၊

ရေသွန်းတော်ခံ၊ (မဟေသီမှန်)၂ ဒေဝီထပ်တယ်လေး၊

ဦးဆယ်ထပ်ရုံ။ ။

သည်မယ်ထင်စားပါလို့၊ ကြင်အားတော်သန်၊

ခုများမှာ သူတစ်ညထဲနဲ့၊ မူတစ်ဟန်ခြား၊

ပြုတော်မူအားရန်ကော့၊ မျက်ထားတော်သုန်၊

(မချစ်ပြင်ပြင်)၂ အရင်သူစိမ်းတယ်လေး၊

မိန်းပိတ်လို့မှုန်။ ။

မယ်တော်မမြကလေးလည်း သည်လိုပင် ကဗျာအဖွဲ့အနွဲ့နှင့် စာတွေဖွဲ့ရင်းလွမ်းခဲ့ရပါကလား။ သို့ပေမဲ့ မယ်တော်ရဲ့မောင်တော်ဘုရားက စိတ္တဇရောဂါသည်ဆိုတော့ ခွင့်လွှတ်နိုင်ပါမည်။ ယခု မိမိ၏မောင်တော်ကတော့ စိတ်ရောလူရော ကြံ့ခိုင်သူပါ။ လူချင်းကွာပေမယ့် စနစ်ချင်းတူနေတော့ မိမိတို့ဘက်က သည်လိုပဲ ခံစားနေကြရတော့မှာပါ။ လှိုင်သည် ဟိုတွေးသည်တွေးနှင့် ကဗျာတေးတစ်ပုဒ်ကို အသစ်တီထွင်ရေးထုတ်လိုက်ပေပြီ။

mgyoe.com

အဆိုတော် ခင်အုံနှင့် ခင်ထားတို့ကို တေးသွားနှင့် သီချင်းစာသားသင်ပြပေးပြီး လွှင့်ထုတ်လိုက်ရာ နန်းတော်လောကတွင် အတော်ပင် တုန်လှုပ်သွားသည်။ မောင်တော် လည်း အလျင်အမြန်ပြေးလာ၍ ဘောလယ်ကို နားထောင်သည်။ ခင်အုံနှင့် ခင်ထားတို့က လည်း အားရပါးရခံစားချက်နှင့် သီဆိုပြလိုက်ရာ မောင်တော့်မျက်နှာ နေမထိထိုင်မထိ ဖြစ်သွားသည်။ ပြီးတော့ မောင်တော်က ဆိုသည်။

"နောင်တော်ဘုရားနဲ့ အစ်မတော်ဘုရားက
နှမတော်ရဲ့သီချင်းကို နားထောင်ချင်လို့တဲ့။
ညဥ့်ဦးယံပွဲတော်အပြီးမှာ သီဆိုပြရမယ်။
နှမလေးပါ... လိုက်ခဲ့နော်"

မိမိက ဘာမျှပြန်မပြောမိ။ အစ်မတော်ဘုရားမှာ အမိလို မွေးစားခဲ့သူမဟုတ်ပါ လား။

နန်းတော်အတွင်းအပြင်နှင့်တကွ မြို့တော်တစ်ဝန်းမှာပင် 'စိန်ခြူးကြာညောင်' သည် တညောင်ညောင်ဖြစ်နေခဲ့သည်။ မောင်တော်မှာလည်း ခုတလော မိမိထံမှာပင် မြဲနေတော့သည်။ 'သူ့အရင်စိမ်းတယ်' ဆိုသောစကားကို သူ မခံနိုင်။ အကြောင်းအမျိုးမျိုး ပြပြီး ကွယ်ကာသည်။

ဘောလယ်ကဗျာတွင် ကြီးကြီးကျယ်ကျယ်ဝေါဟာရ စကားလုံးတွေ မပါ။ နေ့စဥ်သုံး စကားလုံးကလေးတွေကိုသာ စီကုံးထားခြင်းဖြစ်သည်။

ဤသို့ဖြင့် မောင်တော်၊ နှမတော်တို့ ပြန်လည်သင့်မြတ် အဆင်ပြေသွားကြ သည်။

မန္တလေးနန်းတော်သို့ ပြောင်းကြပြီ။

နန်းတော်၏ မြောက်ဘက်တွင် အိမ်ရှေ့အိမ်တော်ကို ဆောက်သည်။ ခမ်းနား တည်ဝါပါဘိ။ အမရပူရနန်းတော်ထက်ပင် ကျယ်ဝန်းသပ်ရပ်ခဲ့ညားလှသည်။ မန္တလေး တောင်တော်ကြီး၏ အရိပ်ကို ခိုမှီးတည်ဆောက်ထားသဖြင့် အေးချမ်းသာယာမည့် အတိတ်နိမိတ်ပင်ဖြစ်ပေတော့သည်။

**ရွှလဲသာထွေ၊ တောင်ရေချပ်ပါလို့၊ မန်းရပ်သာစွ၊**
**စံဋ္ဌာနီ။ (ရာပြည်ပြည်)၂ စက်စုံဖွးတယ်လေး၊**
**ဦးလှုံလို့ချီ။ ။**
**သာပေါင်းခပါတဲ့၊ မြနန်းတည်၊ သုဒဿကယ်**
**ရွှေပြည်နဲ့ ပုံမဝေး။ ဂဝံကြွေးပါလို့ သိုက်သြဘာ၊**
**(နှစ်ပါးညီနောင်)၂ ဆက်ဆံတင့်တယ်လေး၊**

mgyoe.com

mgyoe.com

အေးရေနှင့် ကြာ–
ရှစ်နယ်တိုင်းက၊ ဝိုက်သိုင်းဖြာ၊ နတ်မှုုးဆွေဣန္ဒာက၊
ချိန်ခါမလွဲ၊ စိန်ခရာနွဲပါလို့၊ ဆွတ်ဖွဲ့သီ၊
(ရွှေကြက်နောင်ညီ)၂ မှောင်ရီယှက် ကူးတယ်လေး၊
မြူးသံရင့်ချီ–

နောင်တော်ဘုရားက စေခိုင်းသဖြင့် မန္တလေးရတနာပုံမြို့နန်းတော်ကို ဖွဲ့ဆိုသည့် ဘောလယ်ဖြစ်ပါသည်။ ဤသီချင်းကို သွားရောက်သီဆို နားတော်ဆက်သွင်းတုန်းက မောင်တော်ဘုရားကိုယ်တိုင် ဦးဆောင်ပြီး ရှေ့တော်သို့ သွားကြသည်။ နောင်တော်ဘုရားနှင့် အစ်မတော်ဘုရားတို့ကလည်း ပျော်ရွှင်မဆုံး တပြုံးပြုံး။

မင်းတုန်းမင်းမှာ ဘာသာရေးသမားဖြစ်၍ ကောဇာနှစ် ၁၂၁၈ ခုနှစ်တွင် သာသနာနှစ် ၂၄၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ပဉ္စမသင်္ဂါယနာတင်ရန် စိတ်စောနေသည်။ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်သည်။ မြန်မာနိုင်ငံ၏ ထက်ဝက်ကျော်မှာ အင်္ဂလိပ်ကိုလိုနီလက်အောက် ရောက်နေသည်ဖြစ်ရာ တစ်နေ့နေ့တွင် လုံးလုံးလျားလျား သိမ်းပိုက်ခြင်းခံရဖို့ နီးနေပေပြီ။

ဤအချိန်တွင် မင်းတုန်းမင်းကြီး၏ဝါဒမှာ နှစ်နိုင်ငံချစ်ကြည်ရေးဖြင့် ရွှေလမ်းငွေလမ်းခင်းရန်ဖြစ်သည်။ အိန္ဒိယဘုရင်ခံချုပ်ထံသို့လည်းကောင်း၊ ပြင်သစ်ဘုရင်ထံသို့လည်းကောင်း၊ အမေရိကန်သမ္မတ ဗူခနင်ထံသို့လည်းကောင်း စာပို့၍ နှစ်နိုင်ငံချစ်ကြည်စွာ ဆက်ဆံလိုကြောင်း အကြောင်းကြားသည်။

သို့ရာတွင် ထိုကိစ္စများ မအောင်မြင်။ ထိုကိစ္စကို အကြောင်းပြု၍ သူလျှိုတွေ လာရောက်ခြေရှုပ်နေကြခြင်းသာ အဖတ်တင်သည်။

## ကိုယ့်မှာအင်အားရှိရမည်

အိမ်ရှေ့စံ ကနောင်မင်းသားကြီးမှာ မင်းတုန်းမင်းနှင့် သဘောမတူ။ ခေတ်မီတိုးတက်သော လက်နက်နိုင်ငံ ထူထောင်ရမည်။ ထိုအခါမှ အင်္ဂလိပ်သိမ်းပိုက်ထားသော နယ်တွေကို ပြန်တောင်းယူရမည်။ ကိုယ့်မှာ ဘာမှမရှိလျှင် နိုင်ငံခြားသားက လေးစားမည်မဟုတ်။ အထင်သေးမည်။ ကိုယ့်မှာ အင်အားရှိရမည်ဟု ယူဆသည်။

ထို့ကြောင့် လူငယ်တွေကို နိုင်ငံခြားသို့စေလွှတ်၍ ပညာသင်ခိုင်းသည်။ ဖန်ချက်စက်ရုံ၊ ဒန်ချက်စက်ရုံ၊ သံချက်စက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ လက်နက်စက်ရုံ စသည့် စက်ရုံပေါင်း ၅၀ ကျော်ကို တည်ဆောက်သည်။ ပညာတော်သင် လူငယ်တွေကိုလွှတ်ရန် အစိုးရတွင် စရိတ်ငွေမရှိသဖြင့် ကနောင်မင်းသားကြီးက ၎င်း၏ငွေနှင့်

mgyoe.com

ပို့လွှတ်သည်။

လက်နက်စက်ရုံမှ ဗုံးကို စမ်းသပ်အောင်မြင်သောအခါ ကနောင်မင်းသားကြီး အဖို့ ဝမ်းသာရသော်လည်း မင်းတုန်းမင်းကြီးက ဝမ်းမသာ၊ သတ္တဝါတွေ သေကြရသည် ဟု ကန့်ကွက်သည်။ ဤတွင် ညီနောင်နှစ်ပါး မကြည်မသာဖြစ်ကြသည်။ လူချင်းချစ် သော်လည်း အယူအဆ ကွဲပြားကြသည်။

တစ်ခါက မောင်တော်ဘုရားသည် နားကိုက်သည်ဟုဆိုကာ နန်းတော်ကြီးသို့ မသွား၊ လွှတ်တော်သို့မတက်။ နောင်ဘုရားထံ မဝင်ဘဲနေရာ တစ်လလောက်ကြာသွား သည်။ မိမိအနေနှင့်လည်း ဘာမျှဝင်၍ ပြောပိုင်ခွင့်မရှိ။ စိတ်မကောင်းဖြစ်ရုံသာရှိသည်။ မောင်တော်၏ မျက်နှာမသာမယာဖြစ်နေသည်ကို ရိပ်မိ၍ တတ်နိုင်သမျှ ပြုစုယုယပေး နေရသည်ကိုပင် ကျေနပ်နေရသည်။

## အစ်မတော်ဘုရား လာကြည့်

တစ်နေ့ နံနက်ခင်းတွင် အစ်မတော်ဘုရားရောက်လာရာ မိမိအဖို့များစွာအား ရှိလာရသည်။ အစ်မတော်ဘုရားမှာ အမိကဲ့သို့ လေးစားနေရသူဖြစ်သဖြင့် ဆုံးမသွန်သင် နိုင်ခွင့်ရှိသည်။ အစ်မတော်က ညီပုနေမကောင်းဘူးဆို၍ လာကြည့်ကြောင်း၊ နောင်တော် ဘုရားမှာလည်း စိတ်မကောင်းဖြစ်နေကြောင်း၊ ညီပုအတွက် ဂြိုဟ်ပြေနံ့ပြေ ခမည်းပေး သည့်အနေဖြင့် လက်ဆောင်တော်များ ချီးမြှင့်လိုက်ကြောင်းပြောသည်။

ဤတွင် ညီတော်နောင်တော် ပြန်လည်သင့်မြတ်သွားကြပြန်သည်။ အုပ်ချုပ်ရေး ကိစ္စ၊ တရားရေးကိစ္စများကို ဘုရင့်ကိုယ်စား တာဝန်ယူဆောင်ရွက်နေပြီဖြစ်၍ ဝမ်းသာရ သည်။

တစ်ဖက်တွင် ဝမ်းသာရသလို၊ တစ်ဖက်တွင် ဝမ်းနည်းရပြန်သည်။ အလကား နေရင်း အတင်းအဖျင်းပြောပြီး မနာလိုဖြစ်နေကြသည့် ကိုယ်လုပ်မောင်းမများက မောင် တော်ကို ကတုန်းကတိုက်စကားတွေပြောကြသည်။ မောင်တော်၏ သမီးတော် စမ္ပါနဂိုရ် မင်းသမီးလေးက စံပယ်ဆီ တောင်းလာသဖြင့် ဖန်ဘူးနှင့်ထည့်၍ပေးလိုက်သည်။ ဘူးထဲ တွင် ဥစ္စံကျွတ်စ ပိုးဟပ်သေတစ်ကောင်ပါလာသည်ဟုဆိုကာ သမီးတော်ကလေးက မောင်တော်ကို ငိုယိုတိုင်တမ်းသည်။ ဤကိစ္စသည် လုံးဝမဖြစ်နိုင်။ မောင်တော်လိမ်းရန် ဆီကို အိမ်ရှေ့အိမ်တော်မှာ သန့်သန့်ရှင်းရှင်းလုပ်ထားရသည်။ ယခုကိစ္စမှာ မသမာသူ တို့ လုပ်ကြံဖန်တီးချက်သာဖြစ်သည်။

ယနေ့ နံနက်ပွဲတော်စာကို သုံးဆောင်ရန်လာသောအခါ မောင်တော်သည် မျက်နှာမကောင်း၊ စကားမပြော။ မိမိက ဘာမျှမသိသလို ဂရုတစိုက်ပွဲတော်လိုက်ပေးနေ

mgyee.com

mgyoe.com

ပါလျက် သုန်သုန်မှုန်မှုန်လုပ်နေသဖြင့် ဒေါပွကာ ပွဲတော်စာအပြီးတွင် မိမိက မျက်နှာစူ၊ ခြေဆောင့်၍ ထွက်သွားသည်ကို မောင်တော်သည် ဒေါသကြီးကာ ဓားဆွဲပြီး 'တယ် ငါ ပိုင်းလိုက်ပြန်ရော့မယ်' ဟု ကြိမ်းမောင်းသည်။

ဤတွင် လှိုင်မင်းသမီးလည်း အဆောင်တွင်းသို့ဝင်သွားကာ 'နာဂဆဒ္ဒန်'အစ ရှိ ဘောလယ်တစ်ပုဒ်ကို ရေးစပ်ပြီး အပျိုတော်ကြီးများကို ပေးထားခဲ့သည်။ ပြီးလျှင် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ကာ သားတော်ကလေးကိုလက်ဆွဲလျက် ရွှေနန်းတော် ကြီးသို့ ဝင်လေသည်။

တကယ်ပင်မုန်းတော့မလား၊ မောင်ဘုန်းကြွယ်၊
ရှောင်လွှဲသွေဖယ်လို့၊ မတာတွယ်ဘဲ၊ ရွှေရင်ထဲမှာလ၊
ငွေသည်းဆိုင်၊ ကျွမ်းလုကြွေယိုင်၊ အို–ဆယ်ပြန်
သက်ကိုလေး၊ နှင်းဆက်တော့နိုင်။
မြတ်စိန္တေဦးမှလ၊ ဆုထူးတော်ပိုင်၊ မယိမ်းယိုင်အောင်လို့၊
ကြံပါကတဲ၊ ဘုန်းမဖန်ဘဲငယ်နဲ့၊ ကံလဲမကူ၊
သင်းပျံ့ဘုံဘွေ၊ တစ်ကိုယ်ရေဆွေးတယ်လေး၊
တွေးကြံလို့ပူ။ ။

နောင်တော်ဘုရားနှင့် အစ်မတော်ဘုရားကလည်း အမျိုးမျိုးနားချပြောဆိုကြပါ သော်လည်း သည်တစ်ခါတွင် မောင်တော်အပေါ်၌ နာကြည်းမိသည်။ မဟုတ်မမှန်လုပ် ကြံပြောဆိုသည်ကို ယုံကြည်ရသလောဟုလည်း အထင်သေးမိသည်။ သည်တစ်ခါတော့ ပြတ်ပြီဟု သဘောထားလိုက်သည်။

သို့နှင့် အခါလည်နီးပါးကြာသွားသည်။ အိမ်ရှေ့အိမ်တော်သို့ ခြေဦးမျှမလှည့်။ အစ်မတော်ဘုရားထံတွင် မငြိုမငြင် နေနေရသည်။ အစ်မတော်ဘုရားကလည်း နောင် တော် ညီတော်တို့ ပြန်လည်သင့်မြတ်ပြီး ညီညီညွတ်ညွတ် အလုပ်လုပ်နေကြသည်ကို တွေ့ရ၍ ဝမ်းသာရကြောင်း မကြာပြောတတ်သည်။

တစ်နေ့ ညဦးယံပွဲတော် စားသုံးချိန်တွင် ဖျော်ဖြေရန် အပျိုတော်ခင်အုံနှင့် ခင်ထားတို့ ရောက်နေသည်။ မိမိအနေနှင့်မူ မသိလိုက်မသိဘာသာနေပြီး ပွဲတော်စာကို သာ လိုက်ပေးနေသည်။ သားတော်ကလေးကမူ သူတို့ထံ ရောက်နေကာ သားတော် ကလေးကို ဖက်ယမ်းနမ်းရှုပ်ပြုလုပ်နေကြသည်။

သတ်တော်မူရက်တာဖြင့်၊ အသက်ကိုပင်၊ ကျေနပ်အောင်စီရင်၍ ပြုချင် တော်တိုင်း၊ ခုခင်နော် မဆိုင်းပါနဲ့၊ ပိုင်းဖို့ရယ်၊ မြရိုး သီလဝင်၊ သံစက် သွားကိုလေး၊ ထားအပ်ပါ့မယ်။

**ငါမာန်တက်သူမို့၊ ရက်စက်လေတယ်၊ သက်သက်ကယ်သွေဖယ်လို့ မေ တကယ်စိမ်း၊ သေလွယ်မှ ငြိမ်းမယ်ထင့်၊ နွဲ့ယိမ်းနွဲ့ယိုင်၊ မြစိမ်းလှဲ့ ခိုင်၊ သနွေနှစ်ကယ်လေး၊ စိမ်းရှာဖြစ်နိုင်။**

အပျိုတော်ခင်ထား၏ အသံကို နားဆင်ရသည်။ အို မောင်တော့်ဆီက အစီအမံ ပါကလား။ ရွှေနန်းရှင်ဘုရားနှင့် အစ်မတော်ဘုရားကလည်း အကြောင်းကြောင်းကို ထောက်ပြီး ပြန်လည်သင့်မြတ်စေချင်သည်။ ညီတော်လည်း သူ့အမှားကိုသူသိပြီး စိတ် ထိခိုက်နေသည်ဟု ဆိုသည်။

နောက်နေ့နံနက်တွင် ရွှေနတ်နန်းရှင်ဘုရားနှင့် အစ်မတော်ဘုရားကိုယ်တိုင် အိမ်ရှေ့အိမ်တော်သို့ လိုက်ပို့ပြီး အိမ်ရှေ့အိမ်တော်မှာပင် ပွဲတော်စာသုံးဆောင်သွား သည်။ မောင်တော်ဘုရားလည်း သားတော်ကလေးကို ယုယပိုက်ထွေး၊ နွေးထွေးမေတ္တာ၊ တုံ့လှယ်ကာနေသည်ကို တွေ့ရသဖြင့် ကျေနပ်မိသည်။

မိဖုရားအများကြီးယူသည့် မကောင်းသောစနစ်ကြောင့် မင်းတုန်းမင်းကြီးမှာ သားတော်တွေကို မနိုင်။ သားတော်တွေကလည်း ရှင်ဘုရင်နေရာကိုသာ ဝင်လုချင်ကြ သည်။ တိုင်းပြည် ဘာဖြစ်နေမှန်းမသိ။ နယ်ချဲ့လက်အောက် ကျွန်သဘောက်ဖြစ်မည်ကို မတွေး။ အထူးသဖြင့် စိတ်ကြမ်းလူကြမ်းသမား မြင်ကွန်းမင်းသားကို သတိထားပါဟု မောင်တော်အား သတိပေးရသည်။ မောင်တော်ကမူ သူ့သမက်တော် မြင်ကွန်းမင်းသား ကို အထင်မကြီးလှ။ မိမိအနေနှင့်သာ ရင်တမမဖြစ်နေရသည်။

တစ်နေ့တွင် မောင်တော်သည် နန်းမြေဘုံသာလွှတ်အနီး တဲကြီးတွင် အရေး ကြီးသော အစည်းအဝေးရှိသည်ဆိုကာ အဝတ်အစားလဲနေသည်။ မှန်ထဲကြည့်၍ မောင်း တော်ကို ပြင်နေသည်။ မထင်မှတ်သောစကားကို ပြောလိုက်သည်။

"နှမကလေးရေ 'သားကြီးမယားကြီးပစ်ပယ်၊
သွားလေရာဘေးဒဏ်ထိပါလိမ့်၊
မျိုးသာကီနွယ်' ဆိုတဲ့မောင်တို့ ငယ်ငယ်က
ရဖူးတဲ့ သီချင်းကလေးကို သတိရနေသကွဲ့"

ဟု ဆိုသည်။ မောင်တော် ဘယ်လိုစကားမျိုး ပြောပါလိမ့်၊ နိမိတ်မကောင်းတဲ့ စကားပါလား၊ ဝမ်းထဲမှာသာ ခံစားမိသည်။ နှုတ်ကမူ မပြောလိုက်မိ။ သည်နေ့စိတ် မကောင်း၊ မောင်တော်အတွက် ဆုတောင်းမေတ္တာပို့မိသည်။

မင်းတုန်းမင်းကြီးက ယနေ့ ၁၂၂၈ ခု၊ ဝါဆိုလဆုတ် ၇ ရက်၊ အဖိတ်နေ့ဖြစ် သဖြင့် ကုသိုလ်တော်ဘုရားအနီး ဥပုသ်တော်ဆောင်သို့ ဝင်မည်။ ထို့ကြောင့် အိမ်ရှေ့မင်း ကိုယ်တိုင် ကျုံးတော်အထိလိုက်ပို့သည်။ ပြီးလျှင် အိမ်ရှေ့မင်းသည် နန်းမြေဘုံသာလွှတ်

mgyee.com

တော်အနီး တဲကြီးတွင် ဝန်ကြီးဝန်ထောက်များ၊ စော်ဘွားမြို့စားများနှင့် အခွန်တော်ကိစ္စ၊ နယ်မြေကိစ္စများကို ဆွေးနွေးနေခိုက်–

"ကယ်တော်မူပါဘုရား...."

ဟု မြင်းခုံတိုင်မင်းသားက အော်၍ပြေးလာပြီး မြင်ကွန်းမင်းသားက နောက်က လိုက်လာသည့် မြင်ကွင်းကို မြင်ရသည်။ အိမ်ရှေ့ဘုရားသည် တကယ်ပင် ရန်ဖြစ်လာကြသည်ထင်၍ လက်နက်မပါဘဲ ထွက်လာသည်တွင် နောက်တော်ပါ ဦးကရင်က "ရန်သူတော်ပါဘုရား" ဟု ဟစ်အော်မှ လက်သုံးတော်ဓားကိုယူရန် တဲကြီး၏ ဝင်းပဒုံးပတ်ကို ကွေ့၍ကျော်လိုက်စဉ် မြင်ကွန်းမင်းသားမှီလာ၍ ရှေးဦးစွာ ခြေသလုံးကို လှမ်း၍ ဓားနှင့်တွက်သည်။ အိမ်ရှေ့ဘုရား လဲကျသွားစဉ် ဦးခေါင်းကိုဖြတ်သည်။

ပရိသတ်အားလုံးတို့လည်း ရုတ်ရုတ်သဲသဲဖြစ်ကာ အော်ကြဟစ်ကြ ပြေးကြလွှားကြနှင့် ဆူညံသွားသည်။ ခုခံသူက ခုခံရင်း အသက်ကုန်ကြသည်။

မြင်ကွန်းတို့လူစုလည်း ပွဲတော်ဆောင်တွင် ရောက်ရှိနေသည့် ခမည်းတော်ဘုရားအား လုပ်ကြံရန်သွားကြရာ မင်းတုန်းမင်းကြီးကို သားတော် မက္ခရာမင်းသားကြီး ထမ်းချီ၍ အနောက်တံခါးသို့ ထွက်သည်တွင် ရေမြောင်းအနီး၌ တာဝန်ချထားခြင်းခံရသူ မြင်ကွန်းမင်းသား၏လူ ငဖြူသီးနှင့် တွေ့သဖြင့် မက္ခရာမင်းသားကြီးက ငဖြူသီး၏လက်မှ ဓားကိုသိမ်းယူ၍–

"ဟဲ့ ငဖြူသီး ခမည်းတော်ကို ထမ်းပို့စမ်း"

ဟု ဆိုသည် ငဖြူသီးလည်း မင်းတုန်းမင်းကြီးကို ထမ်း၍ပို့သည်တွင် လူတစ်ယောက်မြင်းစီးလာသည်ကို တွေ့လျှင် ထိုမြင်းပေါ်သို့ ခမည်းတော်ကိုတင်ကာ ရွှေနန်းတော်ကြီးသို့ ဘေးကင်းစွာ ရောက်လေသည်။

## ရှုံးနိမ့်၍ ထွက်ပြေး

အိမ်ရှေ့မင်း၏ တပ်တော်ကလူများလည်း မြင်ကွန်းစား၏လူများကို ဝင်ရောက်တိုက်ခိုက်ရာ ရှုံးနိမ့်၍ ထွက်ပြေးသွားကြသည်။ မြင်ကွန်းစားနှင့် မြင်းခုံတိုင်စားတို့လည်း ဂေါဝိန်သင်္ဘောဆိပ်သို့ ဆင်းပြေးကာ ရေနန်းစကြာသင်္ဘောကြီး၏ ကပ္ပိတန်ခရာသီကို ဓားကွပ်ပြီးလျှင် အောက်ရပ်အောက်ပြည်သို့ မောင်းထွက်သွားကြသည်။

သူပုန်တို့ ဓားချက်ဖြင့် အသက်ကုန်ရသူများမှာ (၁) မြတောင်မင်းကြီး၊ (၂) မလွန်မင်းသား (၃) ပြင်စည်မင်းသား (၄) စကုမင်းသား (၅) သူရဲဝန်ကြီး (၆) တောင်ထားဝယ်မိုလ်တို့ ဖြစ်ကြသည်။ ဒဏ်ရာရသူများမှာ (၁) လောင်းရှည်မင်းကြီး (၂) မြေဒူးမြို့စား (၃) လယ်ဝန် (၄) သံတော်ဆင့် (၅) နာခံပျော့ကြီးမှူး (၆) ရေနဲခေါ် သန္တိတို့

mgyube.com

ဖြစ်ကြသည်။

အိမ်ရှေ့မင်းသားကြီး၏အလောင်းတော်ကို စံနန်းတော်ဆောင်မနေရာ၌ ဂူသွင်းသဂြိုဟ်သည်။ အခြားသူများ၏ အလောင်းများကိုလည်း ၎င်းနေရာ၌ပင် ဂူသွင်းသဂြိုဟ်သည်။

အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထားသည် မောင်တော်၏ အလောင်းတော်ကို ဂူမသွင်းမီ ထွက်လာ၍ ပူဇော်ကန်တော့သည်တွင် ရင်တွင်း၌ လှိုက်၍လှိုက်၍လာသော အပူကို တရားနှင့်ဖြေ၍ အပျိုတော်ခင်ဆိုင်အား 'ဟဲ့ ဆိုင်ကြီး မှတ်လိုက်စမ်း' ဟုဆိုကာ လက်တန်းကဗျာတစ်ပုဒ်ကို စပ်ဆိုလိုက်သည်။

– အပုပ်ချိန်ကိုယ်တော်ကျပြီမို့
ရုပ်အိမ်မှာ ညိုကာကြွရှာလို့
ငိုသော်မှမယ်မငို –
– မကြွံတတ်ပြီဟု
ဇရပ်မှာ ညှော်သည်ဆုံးသည့်နှယ်
ဘုန်းပြုသကို
– ထီးဖြူတော်ရှစ်ချက်ကျင်းပါလို့
ကျောက်နီတင်ရွှေသန်လျင်းငယ်နှင့်
အမယ်မင်း သခင့်ကိုယ်
ရွှေဖိုနင်တင်ချင်သား
– မပေါင်းပိုင်
အကြောင်းနော်ကြမ္မာယိုင်တော့
နှစ်လောင်းပြိုင်သေခါလိုက်ချင်လှ
သောင်းတိုက်ညာဘွား။ ။

ဤသို့ဖြင့် လှိုင်ထိပ်ခေါင်တင် အသက် ၃၃ နှစ်တွင် မုဆိုးမ ဖြစ်ရသည်။ မောင်တော် ဆုံးပြီးကတည်းက ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း မပြု၊ နားပန်တော်မှ အစ လက်ဝတ်လက်စားအားလုံးကို ပယ်လိုက်သည်။ လှလှပပ ဝတ်စားဆင်ယင်ခြင်းကိုပင် မပြုတော့။ ကဗျာသီချင်းရေးစပ်ခြင်းကိုလည်း စွန့်ပယ်လိုက်သည်။ တရားစာပေများကိုသာ ဖတ်ရှုခြင်း၊ မဟာသတိပဋ္ဌာန်တရားတော်ကို နေ့စဉ် ရွတ်ဖတ်ပွားများခြင်းဖြင့်သာ အချိန်ကုန်စေသည်။

မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ကလည်း ဂရုတစိုက် ရှိကြပါ၏။ သို့ရာတွင် သက္ကရာဇ် ၁၂၃၇ ခု၊ သက်တော် ၄၂ နှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရှာသည်။

mgyi.com

mgyoe.com

သားတော် ထန်းတစ်ပင်မင်းသားနှင့် ငယ်ငယ်ကပင် ကွယ်လွန်သွားရှာသော သားတော် ငယ်တစ်ပါး ဖွားမြင်ခဲ့သည်။ ထန်းတစ်ပင်မင်းသားကလေးမှာ ၁၂၄၀ ပြည့် သီပေါမင်း နန်းတက်စနစ်တွင် မင်းသားလေးဆယ်ကျော်ကို ကွပ်မျက်ရာတွင် ပါသွားလေသည်။

## စာရေးသူ၏အမြင်

ကုန်းဘောင်ခေတ် ဂီတစာဆိုများအကြောင်း ရေးရာတွင် ဂီတစာပေသက်သက် ကိုသာကြည့်၍ ရေးခြင်းသည် သဘာဝမကျ။ လူနှင့်ခေတ်သမိုင်းသည် ခွဲခြား၍မရ။ လူသည် သူ၏ခေတ်သမိုင်းတွင် ပါဝင်နေရမည်။ ရှောင်နေ၍မရ။ ခေတ်သမိုင်း၏ ရိုက်ခတ်မှုသည် လူတွင် လာ၍ ထင်ဟပ်မြဲဖြစ်သည်။

ထို့ကြောင့် မပြောလျှင် မဖြစ်သည့်ခေတ်သမိုင်းကို ထည့်ရေးရပါသည်။ သို့မှ လည်း ရသစာပေမြောက်မည်။ ဤတွင် အချက် ၂ ချက်ကို ပြောပါမည်။

## ပထမအချက်

ပထမအချက်မှာ ကုန်းဘောင်ခေတ် အမျိုးသမီးစာဆိုများသည် လင်မျှော်တေး ကဗျာများကိုသာ ရေးကြသည်ဆိုသည့်အချက်ဖြစ်သည်။ ဤစကားသည် ဒုတိယကမ္ဘာ စစ်ကြီးပြီးသည့် သည်ဘက်ခေတ်ရောက်မှ ပြောကြသောစကားဖြစ်သည်။ လက်ဝဲစိတ် ဓာတ်ထက်သန်နေသည့် သူတို့၏ စကားဖြစ်သည်။

နန်းမတော်မယ်နုလက်ထက်ကစ၍ စုဖုရားလတ်လက်ထက်အထိ အနောက်ပွဲ တက်ညီလာခံတွင် မိဖုရားခေါင်ကြီးက ပထမဆုံးမေးသည့်မေးခွန်းမှာ –

"မယားတို့သည် လင်ကို ရိုသေကြပါ၏လော"

"ရိုသေကြပါ၏ဘုရား"

ဟူ၍ ဖြစ်သည်။ မယားတို့သည် လင်ကိုရိုသေရမည်။ မရိုသေလျှင် မင်္ဂလာပျက် သည်။ မင်္ဂလာပျက်သော အိမ်ထောင်သည် မကြီးပွား။ ထို့ကြောင့် လင်ယောကျ်ားကို အိမ်ဦးနတ်အဖြစ် ရိုသေရမည်ဟု ရှေးက အယူအစွဲရှိသည်။ မိဖုရားအများယူသည့်စနစ် မှာ မြန်မာနိုင်ငံတွင်သာမဟုတ် အရှေ့ကမ္ဘာ၊ အနောက်ကမ္ဘာ နိုင်ငံတိုင်းမှာရှိသည်။ ထို့ကြောင့် မိဖုရားများမှာ လင်မျှော်သည့်အလုပ်ကို ပြုလုပ်ခဲ့ရသည်မှာ သူ့ခေတ် သူ့အခါ တွင် အပြစ်တင်ရန်မရှိပါ။ မကောင်းသည့် ခေတ်စနစ်ကြီးကို တော်လှန်ရမည်ဆိုသည့် စိတ်ကူးလည်း မရှိကြသေး။

mgyoe.com

## ဒုတိယအချက်

ဒုတိယအချက်မှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် အရှေ့အာရှတိုက်တွင် ရှေးဦးဆုံး မျက်စိပွင့်သူဖြစ်၍ အနောက်နိုင်ငံသို့ ပညာတော်သင်များလွှတ်ကာ စက်ရုံပေါင်း ၅၀ ကျော် တည်ဆောက်ခဲ့သည်။ မိမိတွင် အင်အားရှိမှ သူတစ်ပါး လေးစားမည်။ နယ်ချဲ့လက်ထဲရောက်နေသည့် နယ်မြေများကို ပြန်တောင်းယူရမည်ဆိုသည့် မှန်ကန်သောအမြင်ကို မြင်သည်။

သို့ရာတွင် ငမိုက်သားနှစ်ဦးက အရမ်းကာရော ထ၍ လုပ်လိုက်သဖြင့် ကနောင်မင်းသားကြီး ကျဆုံးသွားရသည်မှာ ကြီးစွာသော ဆုံးရှုံးခြင်းဖြစ်သည်။

မိုးဂျာနယ်၊ အောက်တိုဘာ–နိုဝင်ဘာ၊ ၁၉၉၆။

mgyoe.com

mgyoe.com

## ဂီတစာဆို အချုပ်တန်း ဆရာဖေ

ဆရာလှသမိန်ရေးသည့် စာပြုစာဆိုပုဂ္ဂိုလ်ကျော်များစာအုပ်နှင့် ဗိုလ်ကြီးဘသောင်း (မောင်သုတ) ရေးသည့်စာဆိုတော်များ အတ္ထုပ္ပတ္တိစာအုပ်တို့၌ အချုပ်တန်းဆရာဖေ၏ အကြောင်းကို ဖတ်ရှုနိုင်ပါသည်။

ထို့ပြင် သုတေသီတစ်ဦးရေးသည့် အချုပ်တန်း ဆရာဖေအတ္ထုပ္ပတ္တိလုံးချင်းစာအုပ်နှင့် ဆရာကြီး ဦးချမ်းမြ (မြကေတု) ရေးသည့် အချုပ်တန်းဆရာဖေစာအုပ်ကိုလည်း ပြည်သူ့စာစဉ်အဖြစ် စာပေဗိမာန်က ထုတ်ဝေထားပါသည်။

ထို့ကြောင့် သိပြီးသားအကြောင်းတွေကို အကျယ်မပြောလိုတော့ပါ။ လိုအပ်သလောက်ကိုသာ ပြောပြီး မသိသေးသည့် ကိစ္စများကို ပြောပါမည်။ စလေဦးပုညသည် ရွှေဘိုမင်း၊ ပုဂံမင်းနှင့် မင်းတုန်းမင်းလက်ထက်တွင် အကျော်အမော်စာဆိုကြီးတစ်ဦး ဖြစ်နေပေပြီ။ မန္တလေးနန်းတော်မြို့တော်ကို တည်ထောင်သည့် ၁၂၂၀ ခုနှစ်တွင် စလေဦးပုည အသက် ၄၅ နှစ်ရှိပေပြီ။ အချုပ်တန်းဆရာဖေမှာ ၂၀ နှစ်သာရှိသေးသည်။ အချုပ်တန်းဆရာဖေသည်ထို အချိန်မှ နန်းတော်အသိုင်းအဝိုင်းနှင့် နီးစပ်ရသည်။

ဆရာဖေ၏အဘ ဦးရောက်မှာ ပုဂံမင်းလက်ထက်၌ အသုံးစာရေးဖြစ်သည်။ အသုံးစာရေးဆိုသည်မှာ မင်းပွဲစိုးပွဲများတွင် (ကန်ထရိုက်) တာဝန်ယူ၍ လုပ်ဆောင်ပေးရသူ ဖြစ်သည်။ ဘိသိက်ပွဲ၊ မင်္ဂလာပွဲ၊ အလှူပွဲ၊ တစ်ဆယ့်နှစ်ရာသီပွဲ စသည်ဖြင့် ပွဲများအဆက်မပြတ်ရှိသည်။

ထို့ကြောင့် ဦးရောက်သည် ရွှေနန်းတော်အသိုင်းအဝိုင်းနှင့် ရင်းနှီးသည်။ သဘင်သည်အသိုင်းအဝိုင်းနှင့်လည်း ရင်းနှီးသည်။ အချုပ်အလုပ်ပညာသည်များနှင့်လည်း ရင်းနှီးသည်။ ဆရာဖေ၏မိခင်မှာ သဘင်သည်မင်းသမီးဖြစ်သဖြင့် ဆရာဖေ့ ဖခင်နှင့်

mgyoe.com

အကြောင်းပါပြီးနောက် သဘင်အလုပ်ကိုဆက်၍ မလုပ်တော့သော်လည်း သဘင်ပညာ ရှင်တို့နှင့် အဆက်မပြတ်။

တစ်ဦးတည်းသောသား မောင်ဖေကို မိဘက လွန်စွာ ချစ်ကြသည်။ စာတတ် ပေတတ်ဖြစ်အောင် ကျောင်းထားပေးသည်။ ဂီတသဘင်ပညာဘက်မှာလည်း တတ် မြောက် အောင်သင်ကြားပေးသည်။ ထို့ကြောင့် ဆရာဖေသည် ကဗျာလင်္ကာ အစီအကုံး အနှုန်းအဖွဲ့မှာလည်း တော်လာသည်။ တူရိယာဂီတပညာ၊ သဘင်ပညာတွင်လည်း ဇာတ်စာ ဇာတ်စကား ဇာတ်သီချင်းများ ရေးနိုင်သည်။

သို့ရာတွင် အပြင်မှာ တော်နေတတ်နေ၍ အရာမရောက်လှ။ နန်းတော်တွင်း သို့ရောက်မှ အရာရောက်မည်။ ကြီးပွားထွန်းကားမည်ဟု ဖခင် ဦးရောက်က ယုံကြည် သည်။ သို့ရာတွင် မင်းတုန်းမင်းနန်းတက်ပြီးနောက် ဦးရောက်မှာ အသုံးစာရေးအရာမှ ကျခဲ့သည်။ မန္တလေးမြို့ကြီး တည်ထောင်ပြီးသောအခါ အမရပူရမှ ပြောင်းရွှေ့လာခဲ့၍ ရတနာပုံမြို့တော်ကြီး၏ တောင်ဘက် ကျုံးထိပ်ရှိ စိတြမဟီရပ်၊ အချုပ်တန်းရပ်ခေါ် မြင်းကုန်းနီးရပ်မှာ ၁၂၂၂ ခု နှစ်ကစ၍ နေထိုင်ကြသည်။

မြင်း၏ အဆင်တန်ဆာများပါမက အခြားသော စုန စုကြမ်းနှင့် ပတ်သက် သည့် ကုန်ကြမ်းများကို ရှာဖွေပေးသွင်းရခြင်း တာဝန်ခံချုပ်လုပ်ပေးခြင်းစသည့် အလုပ် များနှင့် မအားလပ်အောင်ရှိသည်။ သားမောင်ဖေမှာလည်း စာရေးတတ်သူ၊ ဂီတသဘင် တတ်ကျွမ်းသူဖြစ်လာသဖြင့် အဆက်အသွယ်ကောင်းကောင်းရှာ၍ နန်းတော်တွင်းသို့ သွင်းမည်ဟု စိတ်ကူးနေခိုက်၊ ကံအားလျော်စွာ သဘင်ဘက်ကို ဝါသနာထုံသည့် မက္ခရာ မင်းသားကြီးနှင့် တွေ့ရသဖြင့် အပ်နှံလိုက်ရာ ၁၂၂၅ ခုလောက်တွင် မက္ခရာမင်းသားကြီး လက်သုံးတော်အဖြစ် ရွှေနန်းတော်တွင်းသို့ ရောက်သွားသည်။

ရုပ်သေးမင်းသား ဦးသာဗျောဆိုသော စာများကို စလေဦးပုညက ရေးသည်။ ရုပ်သေးမင်းသမီး ဦးသာဖဲဆိုရန် စာများကို ဆရာဖေက ရေးရသည်။ အချုပ်တန်းရပ်မှာ နေသောကြောင့် အချုပ်တန်းဆရာဖေဟု နာမည်ကျော်လာသည်။

ဤတွင် ဦးပုညနှင့် ဆရာဖေတို့ စာချင်းပြိုင်လာသည်။ သို့ရာတွင် ပရိသတ်က စာကောင်းလျှင် စလေရေးသည်ဟု ပြောနေသဖြင့် ဆရာဖေ မခံနိုင်၊ သို့နှင့် စာချင်းပြိုင် ရာမှ လူချင်းပြိုင်လာသည်။ အစောင်းအချိတ်များ ရေးလာသည်။

– **စလေဉာဏ်တောပါးစပ်က၊ ပြောစမှတ်နန်းမူ၊ လောကဓါတ် ဘလန်း ဆူပြီ၊ မန်းပြည်သူအများ။ နဘေက ခြေမပါတယ်၊ စလေစာ ကြိုက်ကြ သလား။**

– **ဆန်းအနုယဉ်ရာထွင်သည်၊ လင်္ကာယဉ် စာသွား၊ ပညာရှင်ခမျာများ**

mgyoe.com

တော့၊ မညာအား နိပ်နယ်၊ စာကောင်းလျှင် မအေပေးတွေက၊ စလေရေး ဆိုကြပြန်တယ်။

– တို့များတော့ မှန်တကယ်၊ ဉာဏ်မငယ် ကံစောင်းမို့၊ ပြန်ပြောင်းလို့မပြောချင်၊ ဟောခုမျက်မြင်၊ တောပါးစပ်ရိုင်းမယဉ်ကို၊ မနိုင်းချင်းပြီဘူးကွဲ့လေး။ ။

ဤတိုက်ပွဲတွင် ဆရာဖေနိုင်၍ ဦးပုညရှုံးသည်။ အဘယ့်ကြောင့်နည်း။ ဆရာဖေသည် စာကိုသာ ဝေဖန်သည်။ လူကို မဝေဖန်၊ လူကို ဆဲရေးတိုင်းထွာခြင်းမပြု။ ဦးပုညကမူ အထက်စီးလေနှင့် ဆရာဖေကို အယုတ္တအနတ္တ၊ မှိုချိုးမျှစ်ချိုး ဆဲရေးတိုင်းထွာသည့် စကားလုံးများနှင့် ဆော်လေတော့သည်။ "သူတစ်ပါးအား မစင်ဖြင့် ပစ်ပေါက်သူသည် သူ၏လက်၌ ရှေးဦးစွာ မစင်ဖြင့် လူးရလေသည်ဟု ဆိုသည့်စကား" အတိုင်း သူတစ်ပါး အားအမနာပ ပြောဆိုရေးသားလျှင် မိမိမှာ အရှုံးကိုသာ တွေ့ရမည်။ ဆရာဖေမှာ ဦးပုည၏ သားအရွယ်လောက်သာ ရှိသည်ကိုလည်း သတိထားရမည်။

ဤစာပေတိုက်ပွဲတွင် မက္ကရာမင်းသား၊ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား၊ သုံးဆယ်မင်းသားတို့က ဆရာဖေဘက်က သြဘာပေးကြသည်။ သဘင်ပညာရှင်ကြီးများကလည်း ဆရာဖေဘက်က သြဘာပေးကြသည်။ မင်းသားဦးသာဗျောကပင်လျှင် စလေဦးပုည၏စာကို မဆိုတော့ဟု ပြောလာသည်။

အရေးအကြီးဆုံးမှာ မင်းတုန်းမင်းကြီး၏အမြင်ဖြစ်သည်။ မင်းတုန်းမင်းကြီးက ဆရာဖေ၏စာကို သဲသဲကွဲကွဲမြင်လာသည်။ ဆရာဖေကို ပို၍ခင်လာသည်။ မင်းတုန်းမင်းကြီးနှင့် စကြာဒေဝီမိဖုရားခေါင်ကြီးတို့သည် မင်းတကာတို့ ခံဝံ့ခဲ့သော သီရိပဝေသနရာဇဘိသိက်ကို ခံတော်မူရာ ဆရာဖေက အရှင်နှစ်ပါးတို့၏ သိက္ခာဂုဏ်ကို ဤသို့ချီးကျူးဖွဲ့ဆိုခဲ့သည်။

– နန်းဘုံဆန်းစုံ ပန်းခုံမြင့်၊ စန်းယုန်ငွေပွင့် မခြားအသွင်၊ မြန်းလျှံဘွေဆင့် ပတ္တမြားပလ္လင်ဝယ်၊ နှစ်ပါးအရှင်စုံပြိုင်ထွန်း၊ ဝေရောစနရဝေသောမ၊ ပရမေစောလှ နတ်နှစ်ဆူမှာ၊ မြတ်ပါရဂူဆုကြီး ရှယ်လို့ညွန်း။

– မဟီမြေတန့်ဝတီနေရဗန့်၊ မဒ္ဒီဝေသန့် ခုငြမ်းဆင်သည်၊ ဥဒါန်းရာဇဝင် နောင်မော်ကွန်း၊ ဠာနီရာသီပါရမီမွန်းလို့၊ သဒ္ဒါစည်ရှမ်း အောင်မောင်းသံ၊ နတ်ဒေဝတာဗြဟ္မာအံ့၊ မဟာနဘံ့ ကောင်းချီးသာဓုခံ။

– ကြဋ္ဌာန်ဆင့်ဆင့် အလျှမ်းစွင့်စွင့်၊ အဆန်းတင့်တင့် နန်းမြင့်ဌာန်မှာ၊ စန်းပွင့်ရှင်သန် ခိုလှုံခ,လို့၊ ဗိုလ်ပုံသကလစွေတိုးဝေဖြိုးစွာ။ ရွှေမိုးငွေမိုးရွာ၊ လောကီအာသဘ စောမိနာယက၊ဗောဓိလျာဘုရား အလျှ

mgyoe.com

**သဒ္ဒါသည်၊ ဇမ္ဗူပထဗျာမြေလုံးတုန်ရလေ၊ ရွှေနန်းဆောင်မြင့် ငွေစန်းရောင်ပွင့်၊ နေဆန်းပြောင်မင့် သိကြာ့ဆွေမှာ၊ ဖြဟ္မာကျက်သရေ တက်ဖြိုးဝေလှသလေး။ ။**

ဤစာကိုကြားရကတည်းက မင်းတုန်းမင်းကြီးက ဆရာဖေ၏ အရည်အချင်းကို ကောင်းကောင်းသိသွားသည်။ ဦးပုညနှင့်ကွာသော အချက် (၂) ချက်ရှိပါသည်။

ပထမအချက်မှာ စလေဦးပုညသည် ဘုန်းကြီးကျောင်းမှာ နေနေသော်လည်း လောကုတ္တရာ (ပိဋကတ်) စာပေကို ဟုတ်တိပတ်တိမသင်၊ ဗေဒင်ယောင်ယောင်၊ ဆေးဝါးယောင်ယောင်၊ အင်္ဂရတ်ယောင်ယောင်နှင့် စာပြောင်ရေးဖို့ကိုသာ လုံ့လထုတ်နေသည်။ ထို့ကြောင့် စလေဦးပုညသည် အရပ်သူအရပ်သား ဖတ်၍ကောင်းသော စာမျိုးကိုသာ အရေးကောင်း၍ နိဗ္ဗာန်ရောက်ကြောင်းတရား၊ လောကုတ္တရာကိုးပါးနှင့် စပ်လျဉ်း၍ ဟုတ်တိပတ်တိ နားမလည်၊ အမှားအယွင်းများကိုသာ ရေးထားသည်ဟု ကျက်သရေဆောင် ရွှေစလွယ်ရ သထုံအရေးပိုင် ဦးကျော်ထွန်းက ပြစ်တင်ဝေဖန်ထားဖူးသည်။ ထို့ကြောင့် ဦးပုညသည် လောကုတ္တရာစာပေတွင်လည်း မယ်မယ်ရရ မတတ်ကျွမ်းကြောင်း သိရသည်။ ဤတွင် ဆရာဖေက ဦးပုညထက် သာသည်။

ဒုတိယအချက်မှာ ဦးပုညသည် ဂီတပညာကို လက်တွေ့မတတ်။ ထို့ကြောင့် သူ့ကဗျာများသည် တစ်ခါတစ်ရံတွင် သဒ္ဒလင်္ကာရ မဖြစ်။ ကာရန်တွေ ထောက်နေတတ်သည်။ ဤတွင်လည်း ဂီတပညာကို လက်တွေ့တီးတတ်ဆိုတတ်သူ ဆရာဖေက သာနေပြန်ပါသည်။ သာကြောင်းကို သူ့ကဗျာများက ပြနေသည်။

ဆရာဖေသည် ဦးပုည၏စာကို "နဘေက ခြေမပါ" ဟု ဝေဖန်သည်။ နဘေထပ်ကာရန်ကို ယူရာတွင် အခြေမခိုင်၊ နဘေလွတ်နေသည်ဟု ဆိုသည်။ ဟုတ်လည်းဟုတ်ပါသည်။ မှန်သောအချက်ကို ထောက်ပြသဖြင့် ဦးပုည မခံနိုင်ဖြစ်ကာ ပြင်းထန်သော စကားလုံးတွေနှင့် ဆရာဖေကို ပြန်ဆဲတော့သည်။

သို့ရာတွင် ဆရာဖေသည် အမှိုကောင်းကို ရနေပေပြီ။ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသားတို့မှာ မင်းတုန်းမင်းကြီးတို့၏ အားကိုးရသည့် သားကြီးတွေဖြစ်သည်။ ဦးပုည အပြောအဆိုမှားသဖြင့် တပယ်မင်းသားကလည်း ဦးပုညကို ဆန့်ကျင်၍ ဆရာဖေနှင့် ရင်းနှီးသွားပြန်သည်။ ဤသည်တို့မှာ ဦးပုညအတွက် အရှုံးဖြစ်၍ ဆရာဖေအတွက် အမြတ်ဖြစ်လာသည်။

နောက်တိုးလာသည့် အမြတ်တစ်ခုမှာ စလင်းစုဖုရားက ခေါ်၍ အသုံးပြုသည့် ကိစ္စဖြစ်သည်။

**သမီးမှာ – စလင်း**

mgyoe.com

mgyobe.com

သားမှာ – ကျပင်း

ဟု ပြောစမှတ်ရှိသည်။ စလင်းစုဖုရားသည် မင်းတုန်းမင်းကြီး၏ အချစ်ဆုံး သမီးတော်ဖြစ်၍ မင်းတုန်းမင်းကြီး၏ မယ်တော်ဝင်စားသည်ဟု ယုံကြည်ခံရသူဖြစ်သော ကြောင့် တစ်ပင်တိုင်မင်းသမီးအဖြစ် ချီးမြှင့်ထားရှိသူလည်းဖြစ်သည်။

စလင်းစုဖုရားနှင့် ရင်းနှီးရသည်မှာ မလွယ်ပါ။ စလင်းစုဖုရားသည် စာအလွန် တတ်သူဖြစ်၍ လောကုတ္တရာရေးနှင့်ပတ်သက်၍ ၎င်း၏ဆရာ၊ တတိယမောင်းထောင် ဆရာတော် အရှင်ပညာသာမိအား မေးလျှောက်ထားသည့်အချက်များကို စုပေါင်း၍ **"တစ်ပင်တိုင်သမီးတော် လျှောက်ထုံး"** ဟူ၍ စာတစ်စောင်ပေတစ်ဖွဲ့ ရှိနေသည်။

စလင်းစုဖုရားသည် ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏာသုတ်၊ မဟာသမယ သုတ်၊ မဟာသတိပဋ္ဌာန်တရားတော်နှင့် မဟာပဋ္ဌာန်းဒေသနာတော်များကို ဥပုသ်နေ့ တိုင်း မင်းတုန်းမင်းကြီးနှင့် စကြာဒေဝီမိဖုရားခေါင်ကြီးတို့အား ရွတ်ဆိုပေးရမြဲဖြစ်ရာ မင်းတုန်းမင်းကြီးကိုယ်တိုင်က ကဏ္ဍာသုခဖြစ်လှပေသည်ဟု ချီးမွမ်းကြောင်း သိရသည်။ စလင်းစုဖုရားကိုယ်တိုင်ကလည်း ကဗျာလင်္ကာများကို ရေးတတ်သည်။ ဆရာဖေကို မည်သည့်နေရာ၌ သုံးသည်ဟူ၍ မသိရ။ စလင်းစုဖုရားနှင့် ရင်းနှီးကြောင်းကိုသာ သိရ သည်။ စလင်းနှင့်ရင်းနှီးသောကြောင့် မင်းတုန်းမင်းကြီးနှင့် စကြာဒေဝီမိဖုရားခေါင် ကြီးနှင့်လည်း ရင်းနှီးရပြန်သည်။

ဆရာဖေက သူ့သခင်မ, စလင်းစုဖုရား၏ဂုဏ်ရည်ကို ဤသို့ ချီးကျူးဖွဲ့ဆို ထားသည်။

– ကျက်သရေရှိန်ကြွေ့၊ ဣန္ဒြေ့ရှင်မှာ၊ တိမ်မငွေ့သခ်ါလို၊ မင်္ဂလာ ခေါင်ညွန့်၊ လှသူများ မထိကေမှာ၊ တိဘိသေ ဖျန်းလို့ရောင်ကွန့်။

– ယဉ်သမျှ တော့နပန်မှာ၊ ကန်တော့ခံ အငွန့်၊ ကြော့သဟန် အလွန် မို့၊ မဝံ့ကြနတ်လူ၊ သူ့ရုပ်ပုံ ဖြဟ္မာသက်လာလို့၊ ကမ္ဘာပျက် ရေးတော့မ တူ၊ စာအထွက်တော်လေးဆူငယ်၊ ဩော်–ရှေးလူယုံတမ်းမို့၊ ဘုံခန်း ထွက်မာတိကာ၊ ကုံးတော့သေချာ၊ မဟာကပ် အလုံးကြာအောင်နှုန်းစ ရာ ရှိဘူးပလေး။

ဆရာဖေ၏ စာမှာ မည်မျှအကွက်စိပ်သည်၊ မည်မျှနှသည်ကို သိနိုင်ပါသည်။ ဤသို့ဖြင့် နန်းတော်သူ နန်းတော်သားတို့ အသည်းစွဲစာဆိုဖြစ်လာရသည်။

## မြင်ကွန်းအရေးတော်

၁၂၂၈ ခုနှစ်တွင် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသား ညီနောင်တို့ ထကြွ

mgyobe.com

သောင်းကျန်းမှုဖြစ်ခဲ့ရာ အိမ်ရှေ့စံကနောင်မင်းသားကြီး ကျဆုံးရသည်။ သားတော် မက္ခရာမင်းသားကြီးက ခမည်းတော် မင်းတုန်းမင်းကြီးကိုထမ်း၍ ရွှေနန်းတော် အရောက် ပို့ရာတွင် ဆရာဖေသည် ဓားထမ်းကာ နောက်တော်ပါးမှ ထက်ချပ်ပါခဲ့သည်။

ထို့နောက် မက္ခရာမင်းသားကြီး ခေါင်းဆောင်သောတပ်နှင့်အတူ သူပုန်သကန် တို့ကို လိုက်၍တိုက်ခဲ့ရာ ကျောက်ဆည်နယ် ပလိပ်ရွာအထိ ပါဝင်ခဲ့သည်။ တစ်ဖန် အိမ်ရှေ့ဘုရား၏သားတော် ပန်းတိမ်းမင်းသားတို့ လူစုက ရွှေဘိုသို့ထွက်၍ ပုန်ကန် သည့်ကိစ္စကိုလည်း ညောင်ရမ်းမင်းသားကြီးခေါင်းဆောင်သော တပ်နှင့်အတူ လိုက်၍ တိုက်ခိုက်နှိမ်နင်းရပြန်သည်။

သို့ကြောင့် လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသူ ဆရာဖေကို မင်းတုန်းမင်းကြီး ကိုယ်တိုင်က ခင်မင်လာသည်။ အိမ်ရှေ့မင်းမရှိတော့သဖြင့် သမီးတော် စလင်းစုဖုရား က သမီးတော်စင်တစ်ခု ထူထောင်ခွင့်လျှောက်ထားရာ **"တစ်ပင်တိုင်သမီးတော်၏ စင်"** ဟု ရုပ်သေးစင်အဖွဲ့တစ်ခု တိုးလာခဲ့သည်။ ဆရာဖေသည် သမီးတော်စင်ကို ကြီးကြပ်ကွပ်ကဲပေးရသည့်အပြင် ယင်းတော်မလေးဇာတ်အဖွဲ့ကိုလည်း အုပ်ချုပ်သူ ဇာတ်ဆရာအဖြစ် ဆောင်ရွက်ရန် မင်းတုန်းမင်းကြီးက တာဝန်ပေးသဖြင့် တာဝန်ယူ ရပြန်သည်။

၁၂၃၃ ခုနှစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကို ထီးတော်တင်ရန်ကိစ္စနှင့် ယင်းတော်မလေးဇာတ်ကို အုပ်ချုပ်၍ သွားရောက်ရန် မင်းတုန်းမင်းကြီးကိုယ်တိုင်က ခိုင်းစေသဖြင့် ရန်ကုန်သို့ဆင်းခဲ့ရသည်။ ရန်ကုန်တွင် နေသည့်အခိုက် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မေရိုသည် ရန်ကုန်သို့ရောက်ရှိလာရာ မြန်မာ့ဈေးဖျက် အလိုတော်ရိများက ဘုရင်ခံ ချုပ်ကို ရွှေထီးနှစ်လက်မိုး၍ ကြိုဆိုဧည့်ခံကြသည်။ ၁၂၂၉ ခုနှစ်က ရန်ကုန်အရေးပိုင် ကာနယ်ဖိုက်ချ်သည် ရတနာပုံရွှေမြို့တော်သို့ ရောက်လာခဲ့စဉ်က ရွှေထီးနှစ်လက် ဆောင်းခွင့် တောင်းခံသည်ကို မင်းတုန်းမင်းကြီးက လိုက်လျောခွင့်ပြုခဲ့သည့်သာဓက ရှိခဲ့သဖြင့် ယခုလည်း ဘုရင်ခံချုပ်ကို ရွှေထီးနှစ်လက်မိုး၍ ကြိုဆိုခြင်းဖြစ်သည်။

မြန်မာတို့ မျက်စိတွင်မူ အမြင်မတော်။ မျက်နှာဖြူနှင့်ရွှေထီး၊ ဘာဆိုင် သနည်းဟု ဆိုကြသည်။ ဘုရင်ခံချုပ်သည် ရန်ကုန်မှအပြန် ကပ္ပလီကျွန်းစုသို့ဝင်၍ အကျဉ်းထောင်ကို စစ်ဆေးသည်တွင် စိတ်ရောဂါဖြစ်နေသည့် အကျဉ်းသား ဂေါ်ရခါး တစ်ဦးက ဓါးနှင့် (၂) ချက်ထိုးသောကြောင့် အနိစ္စရောက်ရသည်။

ဤသတင်းကို ဆရာဖေတို့ကြားသိသောအခါ ဝမ်းသာကြသည်။ တေးထပ်တစ် ပုဒ်ရေး၍ ဂုဏ်ပြုလိုက်သည်။

mgyoe.com

mgyoe.com

ထီးဖြူရံ ပြာသဒ်နှင့်၊ မအပ်တဲ့ မရာ၊ လတ်ဆိုတဲ့မိစ္ဆာ၊ ပိတ်ရှာပြီ
မိဝိ၊ ဘုန်းမတန့် ဘုန်းတန့်ကြတယ်၊ ဆုံးရှုပ်နာမ် လားရဝိစိ၊ မင်းတု
တု ခွေးသေသေတယ်၊ သွေးထွေထွေယိုဘိ၊ လတ်ရန်ကို ဆဒ္ဒန်ဖိ၊နတ်
ဖန်သည့် ဘုန်းတော်၊ ကျွမ်းစကဲ့ပုတလွှား၊ ရွှေခါးသွား သတ်ရလိမ့်
နော်၊ လှေကားဆက်တက် အပေါ်မှာ၊ ထီးဖြူတော် နှစ်လက်ကြောင့်၊
သင်းအသက် ထွက်လွယ်စေ၊ ခါးနှစ်ချက်မွေ၊ လေးလက်ဖြင့် လေးလက်
မွေမယ်၊ ဘေးသက်သေလက်ငင်းကွဲ့လေး။ ။

ဤတေးထပ်သီချင်းကို ဇာတ်အဖွဲ့ဝင်တွေက ဆိုကြ တီးကြသည်။ ဤအကြောင်းကို အင်္ဂလိပ်အရေးပိုင်က မင်းတုန်းမင်းကြီးထံ တိုင်ကြားသည်။ နှစ်နိုင်ငံချစ်ကြည်ရေးပျက်ပြားအောင် ပြုလုပ်ရာရောက်ပါသည်ဟု ဆိုသည်။ ထို့ကြောင့် လွှတ်တော်ဝန်ကြီးအဖွဲ့ကိုယ်စား ပခန်းမင်းသားကြီး ဦးရန်ဝေးက အင်္ဂလိပ်အရေးပိုင်ထံ ပြန်သောစာတွင် –

– အိန္ဒိယဘုရင်ခံချုပ် အနိစ္စဖြစ်ခြင်းနှင့်ပတ်သက်၍ အကျိုးယုတ် အရှက်ရ သီချင်းစပ်ဆိုသူ ငဖေအားလည်း ထောင်သွင်းအကျဉ်းချထားပြီဖြစ်ကြောင်း၊ ဇာတ်ရုပ်စုံ ဗုံ အဆို အတီး အက မရှိစေရအောင်တင်းကျပ်စွာ ဆင့်ဆိုထားရှိကြောင်း သိသာစေပါသည် ဟု ပါရှိသည်။

ဤတွင် အချုပ်တန်း ဆရာဖေမှာ ဖွားဖက်တော်တန်း၌ အချုပ်အနှောင်ခံနေရလေတော့သည်။ မင်းတုန်းမင်းကြီးသည် နှစ်နိုင်ငံချစ်ကြည်ရေးကို ငဲ့ကွက်ရသဖြင့် ဆရာဖေကို ဟန်ပြအဖြစ်သာ ချုပ်ထားစေခြင်းဖြစ်သည်။ ဤတွင် ဆရာဖေကလည်း အောက်ပါတေးထပ်ကို ရေးစပ်၍ ရွှေတိုက်ဝန်မင်းမှတစ်ဆင့် မင်းတုန်းမင်းကြီးထံ ပေးပို့သည်။

သမုတိအတွက် ငဝက်က ဒဏ်ခံ၊ အထက်က အတန်တန်ကို၊ ရွှေနန်းစံ
မသိ။ ရှစ်ခုနှစ် တောင်မျက်နှာတွင်၊ မဏ္ဍရာ မင်းနှင့်ပါရှိ၊ ပလိပ်ကြောင်း
အောင်ပန်းချွေ၊ မောင်ထမ်းချေ စေဘိ၊ ညောင်ရမ်းဆွေရဝိက၊ ပကတိ
သက်သေ၊ ရန်သူတော် ရွှေဘိုဘွား၊ ဖေကိုယ်စားတိုက်ခဲ့ရသလေ၊ သုံး
ခုနှစ်ကုလားပြည်မှာ၊ ဃေားကြေဇာတ်စီးလို့၊ ဇာတ်ကြီးနှင့် သင်းတို့နိုင်ငံ
ဆင်းခဲ့ရပြန်၊ ယခုမှ ကောင်းမွေလံတယ်၊ ဆိုးမွေခံ ထိပ်တုံးနှင့်လေး။ ။

မင်းတုန်းမင်းကြီးကလည်း ကြာကြာမထား။ ဆရာဖေကို လွှတ်စေဟု အမိန့်ပေးလိုက်သည်။ ဆရာဖေသည် ရွှေတိုက်ဝန်မင်းထံသွား၍ ကျေးဇူးတင်ကြောင်း ပြောမည်ဟုဆိုကာ အတွင်းတော်သို့ဝင်သည်။ ဝင်ခွင့်မရ။ ဝင်ခွင့်လျှောက်လွှာတင်၍ ခွင့်ပြုချက်ရမှ ဝင်ရမည်ဟု ငေါက်ငမ်းလွှတ်သဖြင့် ပြန်ခဲ့ရသည်။ ဤအကြောင်းကို တေးထပ်

mgyoe.com

တစ်ပုဒ်ရေး၍ ဗြဲတိုက်စာရေးဦးထွန်းဝမှတစ်ဆင့် ရွှေတိုက်ဝန်မင်းထံပို့သည်။ မင်းတုန်းမင်းကြီးက ဆရာဖေကို လေသာဆောင်မှာ ခစားပါစေဟုဆိုသဖြင့် ဆရာဖေ၏ဆန္ဒပြည့်သွားသည်။ လေသာဆောင်၌ မင်းတုန်းမင်းကြီးသည် အပန်းဖြေနားနေခိုက် အေးအေးဆေးဆေး တွေ့ဆုံဆွေးနွေးစကားပြောခွင့်ရသည်။

ဆရာဖေသည် အားတက်ရွှင်လန်းသွားသည်။ မိမိ၏အရှင်သခင်ဖြစ်သူ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသားနှင့် စလင်းစုဖုရားတို့ ကောင်းစားမည်ဆိုပါက ဆရာဖေအဖို့ ရတနာပုံဆိုက်သည့် ကိန်းရောက်ရှိတော့မည်။

ဆရာဖေထင်သလိုကား ဖြစ်မလာ။ အခြေအနေ ပြောင်းလဲသွားသည်။ မင်းတုန်းမင်းကြီး မကျန်းမာသဖြင့် မည်သူမျှ တွေ့ခွင့်မရ။ အလယ်နန်းမိဖုရားကြီး ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့သာ ကျိုက်နယ်တိုင်ပင်၍နေကြောင်း သတင်းကြားရသည်။ မကြာမီ သားတော် သီပေါမင်းသားကို အိမ်ရှေ့ခန့်ထားသည့် အမိန့်ထွက်လာသည်။ အားလုံး အံ့သြကုန်ကြသည်။ မင်းသားကြီးများကို ဖမ်းချုပ်ထားသည်ဟု ကြားရသည်။

တစ်ဆယ့်နှစ်ရက်အကြာတွင် မင်းတုန်းမင်းကြီး နတ်ပြည်စံ၍ သားတော်သီပေါမင်းသား နန်းတက်ကြောင်း ကြေညာသည်။ တစ်ပင်တိုင်သမီးတော် စလင်းစုဖုရားသည် ခမည်းတော်၏အလောင်းကို ဂူသွင်းသင်္ဂြိုဟ်ပြီးသည်နှင့် ဆံတော်ကိုပယ်ကာ သီလရှင်ဝတ်သွားကြောင်း သတင်းကြားရသည်။ သူမ၏ကောင်းမှုဖြစ်သည့် မြောက်စလင်းကျောင်းတိုက်မှာ ရှိနေကြောင်း သိရသည်။ ဆရာဖေ သွားတွေ့မည်ကြံသော်လည်း မအားလပ်သေး။ သီပေါမင်း နန်းသိမ်းသီချင်းရေးပေးရန် ကိစ္စရှိနေသေးသဖြင့် ထိုကိစ္စအတွက် လုံးပန်းနေရပြန်သည်။

မင်းတုန်းမင်းကြီး နတ်ပြည်စံပြီး၍ ၁၉ ရက်အကြာ ၁၂၄၀ ပြည့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ ၎င်း သီပေါမင်းသည် ဆင်ဖြူမရှင်မိဖုရားကြီး၏ သမီးတော်မိုင်းနောင်စုဖုရားကြီး၊ မြတောင်စုဖုရားလတ်တို့ကို လက်ဆွဲလျက် နန်းသိမ်းပွဲ ရာဇဘိသိက်ကို ခံယူတော်မူသည်။ ဤတွင် အချုပ်တန်းဆရာဖေ၏ "နန်းသိမ်းယိုးဒယား" သီချင်းသံသည် အာကာနဘ်တွင် ဝဲပျံလွင့်မြူး၍ နေလေသည်။

ရေမီးထိန်လျက်၊ စိန်စကြာဟုန်၊ သုံးဘုံတိုက်လုံး၊ ပိုက်ကြုံး
ရိုက်ချုန်းသံစုံ၊ အို ◌ သဓအောင်စည်တီးပါလို့၊ ပြည်ကြီးရတနာပုံ၊ ဝေနေ
လန်းအောင်၊ ရွှေနန်းတက်သည့် ဂုဏ် ....

(ရေလုံးဖြေ့ချုန်းအောင် ဖိမ့်ဖိမ့်တုန်)၂ တယ်လေလေ၊ တုန်တယ်
လေလေ၊ ဘုန်းဇေ ◌ ဇာကျော်သောင်း၊ သမ္ဘာတော်ရင့်ညောင်း၊ နတ်ဗြဟ္မာ
အပေါင်း၊ ပျပ် ◌ ◌ ာဆုတောင်းပါလို့၊ ပြုကြောင်းမှတ်အင်၊ အိုမြတ်

mgyee.com

mgyoe.com

အရှင်နှစ်ပါးကို၊ စုလျားလေလာလို့ဆင် ....

ဘယ်ရာဝင် ဘယ်ကျမ်းမှာမှ၊ နွယ်လာအစဉ်ငယ် ကျမ်းရှာမရ၊ ရာဇသခင်၊ လောင်းလေ့လောင်းလေမြတ်ရှင်၊ မဟာဝင်ကမ္ဘာတွင်အောင်၊ နာဂတ်နောင်ခါ၊ ပြောင်ရာဝင်တင်မဲ့ဘုန်း၊ နှုတ်ထွက်ကြူ ဗုဒ္ဓကူလောင်းတော်မြတ်နွှန်း.....

ဆရာဖေသည် အလိုက်စာဆိုမဟုတ်။ အထွင်စာဆိုဖြစ်သည်။ စောစောပိုင်းကသာ သီချင်းတွေရေးခဲ့သည်မသိ။ အမှတ်အသားနည်းပါးကြသဖြင့် မေ့လျော့ပျောက်ပျက်ကုန်ခဲ့ဟန်တူသည်။ ယခုရေးသည့် နန်းသိမ်းယိုးဒယားသီချင်း၏ တေးသွားမှာ မြူးမြူးကြွကြွရှိလှသည်။ ယခင်က မရှိသေးသည့် တေးသွားဖြစ်၍ ပရိသတ်၏ နားတွင် စွဲသွားသည်။

ဆရာဖေမှာမူ ဤသီချင်းရေးမိသည်ကိုပင် မှားလေပြီဟုတွေးကာ နန်းတော်အသိုင်းအဝိုင်းနှင့် ဝေးအောင် ရှောင်နေသည်။ မိမိ၏သခင် ညောင်ရမ်း၊ ညောင်အုပ်မင်းသားနှစ်ပါးမှာ အင်္ဂလိပ်သံရုံးသို့ ဝင်ရောက်ခိုလှုံကာ အိန္ဒိယသို့ရောက်သွားသည်ဟု သိရသည်။ သီပေါမင်း၏ လက်သုံးတော်ကြီး ရနောင်မောင်မောင်တုတ်တို့ လူစုက ဖမ်းဆီးထားသော မင်းသားလေးဆယ်ကျော်ကို တိတ်တဆိတ် ကွပ်မျက်ပစ်လိုက်ကြောင်း စိတ်ပျက်ဖွယ်သတင်းဆိုးကြီးကို ကြားနေရသည်။

ရှင်ဘုရင်နှင့် လွှတ်တော်ဝန်ကြီးအဖွဲ့ကိုကျော်၍ သြဇာအာဏာရှိလာသူမှာ မိဖုရားခေါင်ကြီး စုဖုရားလတ်ဖြစ်သည်။ စုဖုရားလတ်က စလင်းမင်းသမီးစုဖုရား၏လူအချုပ်တန်းဆရာဖေနှင့် မောင်းထောင်ဦးကျော်လှတို့ကို အယုံအကြည်မထား။ မချီးမြှောက်။ ဦးကျော်လှမှာ သူ့ဇာတိ မောင်းထောင်ရွာသို့ ပြန်သွားပြီး ဆရာဖေမှာ မိသားစုနှင့် နေနေရသော်လည်း မပျော်ရွှင်။ အန္တရာယ်က ရှိနေသည်။

မိမိ၏တပည့်ဖြစ်သော မောင်သာအောင်၊ မောင်ဉာဏ်နှင့် မောင်ခြိုတို့မှာ အဆက်မပြတ် မကြာမကြာလာ၍ အခြေအနေကို ပြောပြဆွေးနွေးကြသည်။ ဝေါကြီးမှူးရာထူးကို ရနေသည့် ဦးခြိုက ဆရာဖေ၏ နန်းသိမ်းယိုးဒယားသီချင်းအလိုက်ကိုယူ၍ နောက်ပိုင်းတွင် အနည်းငယ်တိုးချဲ့ဆွဲဆန့်ကာ မိုးဘွဲ့သီချင်းတစ်ပုဒ်ကို ရေးလိုက်သည်။

– လျှပ်ပန်းခွေနွဲ့၊ လေသွဲ့ယူငင်၊ မြူမှင်ရစ်ဖုံး၊ ထစ်ချုန်းစစ်ရှုံးသူ့ရာ၊ အိုလေ အမျက်ဟောင်းကြောင့်၊ ချက်ကောင်းကိုသာ၊ ဘဝဂ်စောင်းအောင်၊ ဝက်ခေါင်းတော်ဖြစ်တဲ့အခါ၊

တက်ဇော၊ လက်ရောပါ ဉာဏ်နှင့်သာ၊ ရုက်နှော၊ သက္ကောလေမြတ်ရာဇာငယ်လေလေ့၊ မေယိန်ဒေဝိန်၊ သခွတ်ဖူးချိန်မို့၊ ဇွတ်မြူးကာ

mgyoe.com

တိုက်တဲ့တိန် ....

– နေလာသိန်နတ်နန်းကြာကြွ၊ ရွှေအာလိန်တပ်လမ်း ထာဝရ၊ မာန သံတိုင်၊ ဒေါလေသပြိုင်၊ မောလေဟနှင့်ဆိုင်၊ ဝေယန်ပိုင်၊ ရွှေမဏ္ဍိုင် ရှင်၊ ပိုင်စဉ်ဆိုင်စဉ်နိုင်ချင်တော်မူ၊ ကျော်သဲဇမ္ဗူ၊ တော်လဲလို့ ကျွက် ကျွက်ဆူ .....

– ရန်ပုံခွင်းငယ်လေလေး၊ မာန်ဟုန်သွင်းတယ်လေး၊ ဝရဇိန်ခွင်း ပစ်တုန်း၊ မုရိုးရွှေစည်၊ ဘေဟိသံနှင့် ချုန်း၊ ဣန္ဒာရှင်နတ်မင်းဘုန်း၊ ရပ်ရှစ်နယ်လုံး၊ လျှပ်စစ်နွယ်ဖုံး၊ ဘယ်မုန်းနိုင်ပေါင်၊ တမင်ဆိုးလို့ မှင် ခိုးတွေမှောင်၊ မြင်မရဲပေါင်၊ ဘဝင်သည်းမှာထိတ်လို့နှောင် .....

မိုးနတ်မောင်၊ ခိုးလျှပ်ရောင်၊ ကိုးရပ်ဘောင်ငယ် လေလှစ်တင်း ချိန်မို့၊ ပြင်းရှိန်အာဏာ၊ စစ်သည်ဗိုလ်ပေါင်း ခိုညောင်းညီလာ၊ ကင်း နိုင်ဘုဘုရား၊ မြတ်ကောဝိလာ၊ နန်းကသည်ခါ၊ လှမ်းကြွချီကာ၊ နတ်ဒေ ဝါ၊ မြတ်ရောဝဏ်မင်း၊ ဒေါသမူဟောသူ မာန်ဖြင့်တင်း ....

ဦးခြိမ့်၏ သီချင်းကို ပရိသတ်က အလွန်ကြိုက်ကြသည်။

သခွတ်ပွင့်ချိန်၊ အသူရိန်၊ ဝတိံသာသို့ဆင်း ဆိုသည့် စကားအတိုင်း မိုးဦး ကာလ သခွတ်ပန်းတွေပွင့်လျှင် ငါတို့နေရာ တာဝတိံသာ မဟုတ်ပါတကားဟု ဆိုကာ အသူရာနတ်မင်းသည် တာဝတိံသာနတ်ပြည်သို့တက်၍ သိကြားမင်းနှင့် စစ်ထိုးကြသည့် အကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

သီပေါမင်း၏ သားတော် သမီးတော်ကလေးများကို မြပုခတ်တင်မင်္ဂလာတွင် သီကျူးရန်အတွက် ဝက်မစွတ်ဝန်ထောက်မင်းကြီး မင်းထင်မဟာစည်သူကလည်း နန်း သိမ်းယိုးဒယားအလိုက်ကိုပင် ယူ၍ စက်တော်ချင်း ယိုးဒယားကို ရေးပြန်သည်။

စိန်ယောဉ်နန့်၊ သေဉ်ပျံ့ဘွေလယ်၊ နေနွယ်မြတ်ရင်း၊ နတ်ဆင်း နွဲ့သွယ်၊ လျံဝေစံရွှေနန်းမှာ၊ ရွှေသန်းရံခြယ်၊ ပုံနေယုန် ငွေဝန်းကဲ့သို့၊ ထွန်းလေလေ ထွန်းတင့်တယ်။

သမီးတော်သားတော်ကလေးများကို ဖွဲ့ဆိုသီကျူးသည့် ချေင်းကျူးခြင်းများမှာ အများပြည်သူနှင့် မသက်ဆိုင်သဖြင့် လူအများတို့ မသုံးကြ။ နန်းသိမ်းယိုးဒယားအလိုက် တေးသွားတစ်ခုအဖြစ် မှတ်ထားရရုံသာတင်ပြခြင်း ဖြစ်ပါသည်။

သို့ရာတွင် မြန်မာတို့ အခြေအနေမဟန်မှန်းသိနေသည့် အင်္ဂလိပ်အစိုးရက ဥပါယ်တံမျဉ်ဖြင့် ဝင်ရောက်ကာ နန်းတော်ကို သိမ်း၍ သီပေါဘုရင်အရှင်နှစ်ပါးကို ဖမ်းဆီးခေါ်ဆောင်သွားကာ အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့နယ်၊ ရတနာဂီရိ၌ အကျယ်ချုပ်

mgyee.com

mgyoe.com
ချထားလိုက်သည်။ ဤတွင် အချုပ်တန်းဆရာဖေက အင်္ဂလိပ်အစိုးရ လိမ်သည်ဟု ကဗျာရေးသည်။

လက်နက်တော်ထိန်ညီ၊ ဠက္ခရှိ စစ်သည်၊ အလိမ်မိညစ်သည်ကို၊ သစ္စာ တည်ထင်လို့။ မင်းမှူးမတ်ကြသည်ကိုမှာ ရန္တပို ထုံးနှင့်ပုံသို့။ ။

ပထမအင်္ဂလိပ်မြန်မာ စစ်ပွဲအပြီး၊ ပြည်မြို့အထက် ရန္တပိုရွာမှာ စာချုပ်ချုပ်ခဲ့သည့်နည်းအတိုင်း စစ်ပြေငြိမ်းစာချုပ်ကို ချုပ်မည်။ စည်းမျဉ်းခံဘုရင်အုပ်ချုပ်ရေးပုံစံကို ပြောင်းလဲမည်ဟု ကင်းဝန်မင်းကြီးက ယုံကြည်နေသည်။

သို့ရာတွင် အင်္ဂလိပ်အစိုးရသည် မြန်မာအစိုးရကိုလည်း မကြိုက်၊ သီပေါမင်းကိုလည်း မကြိုက်၊ မင်းသားလေးဆယ်ကျော်ကို ကွပ်မျက်ပစ်သည့်အတွက် အင်္ဂလိပ်သံရုံးကို ပြန်လည်ရုပ်သိမ်းသွားသည်ဆိုကတည်းက ကင်းဝန်မင်းကြီးတို့ သဘောပေါက်ဖို့ကောင်းသည်။ ညောင်ရမ်းမင်းသားကြီး ကွယ်လွန်သည်ကို ဖုံးထားပြီး ညောင်ရမ်းမင်းသားနှင့် တူသူတစ်ဦးအား မင်းသားအဝတ်အစားကို ဝတ်စေ၍ သင်္ဘောပေါ်၌ တင်ဆောင်လာသည်မှာ ဗိုလ်ချုပ်ပရင်ဒါဝတ်အနေနှင့် ပရိယာယ်သာဖြစ်သည်။ လွယ်လွယ်ကူကူနှင့် သိမ်းယူနိုင်အောင်သာမက ဥပါယ်တံမျဉ် ဉာဏ်ဆင်ခြင်းဖြစ်သည်။ ဤကိစ္စကို ယုံကြည်သူများမှာ အတွေးအခေါ်လွန်စွာ နောက်ကျနေသူများသာဖြစ်သည်။

သွားပြီ၊ ငါတို့တိုင်းပြည်တော့ သွားပြီ။ ဆရာဖေအဖို့ ရင်ကျိုးရပြီ။ မြန်မာနိုင်ငံကို သိမ်းပြီး တစ်နှစ်အကြာ မဟာဝန့်ရှင်တော်မင်းကြီး ဆာချားလ်ဘားနဒ်က လွှတ်တော်မှ နေ၍ ကြေညာချက်ထုတ်သည်။ ကင်းဝန်မင်းကြီးနှင့် မြို့တော်ဝန်ဦးပေစိတို့အား အိန္ဒိယ မဟာရဋ္ဌသဟာယဘွဲ့ကို ချီးမြှင့်၍ တစ်လလျှင် ရိက္ခာတော်ငါးရာကျပ်ပေးအပ်ထားကြောင်း၊ အချို့ ကြံ့ခိုင်သော မြန်မာများကို ပုလိပ်သား (ရဲအမှုထမ်း) အဖြစ်ခန့်အပ်ပေးထားပြီဖြစ်ကြောင်း၊ ပညာတတ်သော မြန်မာလူငယ်များကိုလည်း သင့်တော်ရာ ရုံးဝန်ထမ်းများခန့်ထားမည် ဖြစ်ကြောင်း။ မြန်မာတို့အနေနှင့် ဗြိတိသျှအစိုးရတို့ အုပ်ချုပ်ရေးတွင် ပါဝင်ကူညီစေလိုကြောင်း ထည့်သွင်းပြောကြားသွားသည်။

ဈေးဖျက်မြန်မာတွေ မျက်နှာဖြူများကို သခင်ကြီး၊ သခင်ကလေးနှင့် ခေါ်ကာ သစ်နားခွေးရောက် ခစားနေကြသည်။ ပုလိပ်အမှုထမ်း ဆာဂျင်ကိုပင် ပြားပြားဝပ် ဒူးထောက်ကာ အရိုအသေပြုနေကြသည်။ ဆရာဖေသည် ကြည့်၍မရတော့ပြီ။ ကိုယ့်အမျိုးကိုပင်ပြန်၍ ဆဲချင်လာတော့သည်။

မြန်မာတွေ စည်းကမ်းဖောက်လို့၊ ထီးနန်း ပျောက်ဖြစ်ပြီ၊ မှိုးငြမ်းထောက် အသစ်ကိုမှီတယ်၊ ညစ်ပလီ အမျိုး၊ မိပစ်လို့ ဘရှောင်သွေတယ်၊ ခွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး၊ မြန်မာချင်း ကြွားကြချင်း၊

mgyoe.com

ဓါးပြအသွင် လူဆိုး၊ ကုလားမြင် သူ့အမေရိုးတော့မလို၊ ခုမြေလျှိုးပုန်းရှောင်၊ မိုက်မနော် ပြုမဟေးတို့က၊ သူ့ပထွေးတော့ ခွေးသို့မဟောင်၊ ပြောရောဟဲ့ ရာဇဝင်ပြောင်အောင်၊ စာသင်တောင် ဦးချလို့၊ ပလူးရပြေး ကြို့ကာ၊ ခွေးသို့ ပမာ၊ တွေးမိတိုင်း အရိုးနာသည် အမျိုးသာဆဲချင်တော့လေး။ ။

ပါတော်မူပြီး လေးနှစ်အကြာ ၁၂၅၁ ခုနှစ်တွင် ဆရာဖေသည် မြိတိုက်စာရေးကြီး ဦးထွန်းဝေနှင့်အတူ ရှမ်းပြည်ဘက်သို့ ထွက်ခွာခဲ့သည်။ မိတ်ဆွေဟောင်းဖြစ်သူ သုံးဆယ်စော်ဘွားကြီးက လက်ခံကြိုဆိုကာ အိမ်တစ်အိမ်ပေးထား၍ ချမ်းသာစွာ နေစေသည်။ ၁၂၅၆ ခုနှစ်တွင် ဆရာဖေသည် ရှမ်းပြည်မှာပင် အဖျားရောဂါနှင့် အနိစ္စရောက်သည်။

ဆရာဖေ၏ နန်းသိမ်းယိုးဒယားနှင့် ဦးခြိ၏ မိုးဘွဲ့ယိုးဒယားသီချင်းကား သူတိုင်းကြိုက်သည့် နှင်းဆီခိုင်ပမာ သီဆိုနေကြသည်။ ဗြိတိသျှခေတ်ဦးတွင် မင်းသားဘိုးစိန်၊ အောင်ဗလတို့ ဆရာဖြစ်သူ လှည်းတန်းဦးလူကလေးက သီချင်းတစ်ပုဒ် ထပ်ရေးသည်။ မော်တော်ကားတွေ မပေါ်ခင်က ရပ်ကြီးသူရပ်ကြီးသားတို့မှာ လှည်းယဉ်ကလေးတွေကို နွားလိုက်နွားပြေးတပ်၍ မောင်းကာသွားလာကြသည်။ နွားကိုထိပ်အုပ်ခြုံကုံးများဆွဲဆင်ကာ လှလှပပပြုပြင်ထားကြသည်။ လှည်းပေါ်၌ လုံမပျိုတို့မှာ ထိုင်မသိမ်းအင်္ကျီ၊ ပိုးပဝါဆင်မြန်းလျက် လှလှပပဝတ်ကာ စီးကြသည်။ ဤရှေးခေတ်က ပုံစံကို ပေါ်လွင်အောင် ဦးလူကလေးက သီချင်းဖွဲ့ဆိုလိုက်သည်။

ရပ်ကြီးသူတို့ ဟန်မူပိုပို (နေညီညချမ်း၊ ဆင်မြန်းဆင်မြန်းဆာပါ)[၂] အိုလေကွမ်း တုံဗိန်းငယ်နဲ့၊ နွတ်စိမ်းပဝါ၊ လှည်းယဉ်လေလေ လှုပ်တယ်မေရယ်၊ သုတ်သုတ်ကလေး နှင်လို့သာ .....

– ဝင်ရိုးဆင်မျိုးစုံဂုံနှင့် ကြာ၊ တင်တံပိုး၊ ယဉ်ကြိုးလေ သိန်းတန်စွာ ငယ်လေလေ့၊ နှင်တံဖြာ၊ ပဝါပဝါဖဲကိုလေး၊ အသာဆွဲလို့ မေ့ကိုကာ ...

– ဆင်အပ်တန်ဆာသည် နွားမှာလ၊ ကျင်ခတ်ပဝါ အထည်ထားပါလို့၊ အသော့လျင်မြန်၊ နွားကြော့ယဉ်ဟန်၊ နှင်တံကိုင်လို့မောင်း၊ ပိုးပဝါ၊ ဆာပါတောင်း ပုံနှောင်းမှာ၊ ကောင်းရာကိုပင်၊ အရောင်လျှမ်းတယ်၊ ဆောင်ပန်းပေါ်သို့တင် ...

နေဝင်နီးလေလေခဲ့ရင်၊ စီးလေလေမဲ့ပြင်၊ ဟီးဟီးနဲ့နှင်၊ နတ်သွင်လေလေ့လုံခင်၊ တွေးလေလေ့ဆင်ခြင်၊ ဝေးဝေးကမြင်၊ ပြလမ်းပေါ်တွင်၊ ပျော်ရွှင်သူတို့ပဲ၊ ဘိမ်းသံကမစဲ၊ ပဝါမျိုးစုံစုံ၊ နေရဂုံသို့ပဲ၊ ရွှေ

mgyoe.com

မှန်စဖွဲ့ ...

– (လှည်းပေါ်မှာ) ၄ (သော်တာကိုက်ဆန်း၊ တိုက်ပန်းကိုယ်စိ)၂ အိုလေအပြာစိမ်းငယ်နဲ့၊ နန်းသိမ်းထဘီ၊ စိန်လယ်စိန်လယ်ကပ်ကယ်၊ ချိန်ဖြတ်ဖွယ်ဆယ်ရတီ...

– (မင်းဒေဝီ၊ ဆင်သီဂီ)၂ နပိုင်းမှာ ရှူတိုင်းပလီ၊ ဘဝဟောင်းက၊ အကြောင်းတူညီ၊ မဒ္ဒီမဒ္ဒီခင်လေး၊ ယဉ်ကျေးပေသည်။ ပန်းချီပန်းချီမှင်ဆေး၊ တင်ရေးမမှီ၊ ထုံးဆံမြိတ်ပြီ၊ ရင်တော်ချီချီ၊ ကိုးနဝရက်စိန်စီ၊ မိုးနတ်ဘရဏီ၊ ဝင်းထိန်ညီ၊ သီဂီပျိုစုပေါင်း၊ ပြောမကုန်၊ ဓောဟုန်ကြွေလုညှောင်း၊ ဝိသကြုံကြိုးစုံကိုင်လို့ မောင်း၊ ကြိုးစုံကိုင်လို့မောင်း ...

ဆရာဖေ၏ သီချင်းတေးသွားအလိုက်တစ်ခုတည်းကိုပင် စာသားပြောင်း၍ လေးပုဒ်စပ်ဆိုထားရာမှာ ၃ ပုဒ်သည် အလွန်လူကြိုက်များ၍ ခေတ်စားခဲ့သော သီချင်းများ ဖြစ်ပါသည်။ သို့ရာတွင် ဆရာဖေသည် ဂီတကို အရေးနည်းခဲ့သည်။ ဂီတတွင် ပါရမီရှိသူကား အမှန်ဖြစ်ပါသည်။

မိုးဂျာနယ်၊ ဇန်နဝါရီ–ဖေဖော်ဝါရီ၊ ၁၉၉၇။

mgyoe.com

mgyoe.com

# ဂီတစာဆို ဝက်မစွတ် ဝန်ထောက်မင်း

အမရပူရမြို့တော်၌ ကုန်းဘောင်မင်းခေါ် ရွှေဘိုမင်း စိုးစံတော်မူသောအခါ အကြီးတော် ဦးမှုနှင့် ဇနီးဒေါ်ဗိုင်းတို့တွင် သားသမီးလေးယောက် ထွန်းကားသည်။ သားကြီး မောင်ဘား ကို ၁၁၉၉ ခုနှစ်တွင် ဖွားၡ် သားလတ် မောင်လတ်ကို ၁၂၀၇ ခုနှစ်တွင် ဖွားသည်။ ထို့နောက် သမီးခင်မိမိနှင့် သားထွေးမောင်ရှင်ကလေးတို့ကို ဖွားမြင်သည်။

သားကြီးမောင်ဘားမှာ နောင်တွင် တောင်ငူကိုးခရိုင်ဝန်ဖြစ်၍ ကဗျာစာပေများ ကို ရေးသားသည်။ သားလတ် မောင်လတ်မှာ နောင်တွင် ဝက်မစွတ်ဝန်ထောက်မင်းကြီး မင်းထင်မဟာစည်သူဟူ၍ ဖြစ်လာသည်။

## နှစ်သက်ချီးကျူး

အကြီးတော် ဦးမှုသည် သားကြီးမောင်ဘားနှင့် သားလတ် မောင်လတ်တို့အား အမရပူရမြို့တော် မိုးထိကျောင်းတိုက် ဆရာတော်ကြီး ဦးသုတထံ အပ်နှံ၍ ပရိယတ္တိစာ ပေများကို သင်ယူစေသည်။ ညီအစ်ကိုနှစ်ယောက်စလုံးပင် ဉာဏ်ကောင်း၍ ထက်မြက် ကြသည်။

မောင်လတ် အသက် ၁၀ နှစ်ရှိသောအခါ ကဗျာလင်္ကာ စကားပြေတို့ကို ဠာန် ကရိဏ်းကျကျ ရွတ်ဖတ်နိုင်သဖြင့် ဆရာတော်က ဥပုသ်သည်များအား စာဖတ်ပြခိုင်းစေ သည်။ တစ်နေ့တွင် မိုးထိတိုက်၊ ကျောက်မြောင်းကျောင်း၊ ဥပုသ်စရပ်တွင် ဥပုသ်သည် များကို စာဖတ်ပြနေစဉ် ရွှေပြည်ရန်အောင်မြင်းဝန်မင်းကြီး မဟာမင်းခေါင်နော်ရထာ သည် ဘုရားဖူးလာရင်း ဝင်ရောက်နားထောင်ပြီးနောက် နှစ်သက်ချီးကျူးတော်မူ၍ မောင် လတ်အား သားအဖြစ် မွေးစားပါရစေဟု မိဘများထံ ခွင့်တောင်းသည်။

mgyoe.com